ရန်ကုန်တက္ကသိုလ်
မဟာဝိဇ္ဇာ(မနုဿဗေဒ)ဘွဲ့အတွက်
တင်သွင်းသောကျမ်း

# ရှမ်းပြည်နယ်တောင်ပိုင်း၊တောင်ကြီးမြို့နယ် ကျောက်တလုံးတိုက်နယ်ကျေးရွာရှိ ပအိုဝ်းတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံ

ကျမ်းတင်သွင်းသူ– မအေးအေးအောင်
ဿ–၃
(၁၉၉၆–၉၈)
မနုဿဗေဒ

# ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်
# ကျောက်တလုံးဒေသရှိ
# ပအိုဝ်းတိုင်းရင်းသားတို့၏လူမှုရေးဖွဲ့စည်းပုံ


ကျမ်းတင်သွင်းသူ

မအေးအေးအောင်

ဃ – ၃

(၁၉၉၆–၉၈)

မနုဿဗေဒဌာန

ရန်ကုန်တက္ကသိုလ်

# မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ကျေးဇူးတင်လွှာ | | | |
| နိဒါန်း | | | ၁ |
| အခန်း | ၁။ | ကျောက်တလုံးဒေသ၏သမိုင်းကြောင်းနှင့်ပထဝီဝင် | ၃ |
| | | (က) ကျောက်တလုံးဒေသ၏သမိုင်းကြောင်း | ၃ |
| | | (၁) ကျောက်တလုံးဒေသသို့ပအိုဝ်းတိုင်းရင်းသားများ ရောက်ရှိလာပုံ | ၃ |
| | | (၂) ပအိုဝ်းတိုင်းရင်းသားတို့၏ဒဏ္ဍာရီ | ၈ |
| | | (ခ) ပထဝီဝင်အနေအထား | ၁၁ |
| | | (၁) တည်နေရာနှင့်အကျယ်အဝန်း | ၁၁ |
| | | (၂) မြေမျက်နှာသွင်ပြင်နှင့်သဘာဝပေါက်ပင် | ၁၂ |
| | | (၃) ရာသီဉတု | ၁၃ |
| | | (၄) လမ်းပန်းဆက်သွယ်ရေး | ၁၄ |
| | | (၅) အိမ်ခြေ၊ လူဦးရေနှင့် အိမ်ပုံစံ | ၁၅ |
| အခန်း | ၂။ | ဘာသာစကား၊ ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာနှင့် ဝတ်စားဆင်ယင်ပုံ | ၂၀ |
| | | (က) ဘာသာစကား | ၂၀ |
| | | (ခ) ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာနှင့်ဝတ်စားဆင်ယင်ပုံ | ၂၃ |
| | | (၁) ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာများ | ၂၃ |
| | | (၂) ဝတ်စားဆင်ယင်ပုံ | ၂၄ |
| | | (ဂ) အစားအစာ | ၃၁ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|


| | | | |
|---|---|---|---|
| အခန်း | ၃။ | လူမှုရေးဖွဲ့စည်းပုံ | ၃၄ |
| | | (က) မိသားစုဖွဲ့စည်းပုံ | ၃၅ |
| | | (၁) ဆွေမျိုးတော်စပ်ပုံ | ၃၇ |
| | | (၂) ဆွေမျိုးအခေါ်အဝေါ်များ | ၃၉ |
| | | (၃) အရိုက်အရာဆက်ခံခြင်းနှင့်အမွေဆက်ခံခြင်း | ၄၆ |
| | | (ခ) အပျိုလူပျိုဘဝ | ၄၈ |
| | | (၁) လူပျိုလှည့်ပုံ | ၄၉ |
| | | (၂) လက်ဆောင်ပစ္စည်းပေးခြင်း | ၅၄ |
| | | (၃) အိမ်ထောင်ဖက်ရွေးချယ်ပုံ | ၅၆ |
| | | (၄) လက်ထပ်ထိမ်းမြားမှုစနစ်များ | ၅၈ |
| | | (၅) စေ့စပ်ကြောင်းလမ်းခြင်း | ၆၁ |
| | | (၆) လက်ထပ်တိမ်းမြားခြင်း | ၆၃ |
| | | (၇) ခိုးယူပေါင်းသင်းခြင်း | ၇၀ |
| | | (ဂ) အိမ်ထောင်သည်ဘဝ | ၇၁ |
| | | (၁) ကိုယ်ဝန်ဆောင်ခြင်း | ၇၁ |
| | | (၂) ကလေးမီးဖွားခြင်း | ၇၃ |
| | | (၃) ကင်ပွန်းတပ်ပွဲ | ၇၈ |
| | | (ဃ) ကလေးငယ်ဘဝ | ၈၂ |
| | | (၁) ကလေးပြုစုစောင့်ရှောက်ပုံ | ၈၄ |
| | | (င) ကွာရှင်းပြတ်စဲခြင်း | ၈၆ |
| | | (စ) နာမကျန်းဖြစ်ခြင်းနှင့်သေဆုံးခြင်း | ၉၀ |
| | | (၁) အသုဘအခမ်းအနား | ၉၂ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | (၂) အစိမ်းသေခြင်း | ၉၇ |
| | | (၃) ရက်လည်ခြင်း | ၉၈ |
| အခန်း | ၄။ | စီးပွားရေး | ၁၀၁ |
| | | (က) စိုက်ပျိုးရေး | ၁၀၁ |
| | | (ခ) မွေးမြူရေး | ၁၀၈ |
| | | (ဂ) အမဲလိုက်ခြင်း၊ ငါးရှာခြင်း | ၁၀၈ |
| | | (ဃ) လက်မှုလုပ်ငန်း(သီးသန့်ထူးချွန်လုပ်ငန်း) | ၁၁၀ |
| | | (င) ရောင်းဝယ်ဖောက်ကားပုံ | ၁၁၄ |
| | | (စ) လုပ်အားဖွဲ့စည်းပုံ | ၁၁၆ |
| အခန်း | ၅။ | ဘာသာရေး | ၁၁၉ |
| | | (က) ကိုးကွယ်ယုံကြည်မှု | ၁၁၉ |
| | | (၁) အခြားကိုးကွယ်ယုံကြည်မှုများ | ၁၂၁ |
| | | (၂) မော်အတတ်ပညာ | ၁၂၂ |
| | | (၃) အတိတ်နိမိတ်ကောက်ခြင်း | ၁၂၅ |
| | | (ခ) ရိုးရာပွဲတော်များ | ၁၂၈ |
| | | (၁) ရှင်ပြုပွဲ | ၁၃၂ |
| | | (၂) မီးကျည်ပွဲ (ဒုံးပွဲ) | ၁၃၉ |
| | | (ဂ) စာပေ၊ တေးဂီတနှင့် အကအခုန် | ၁၄၃ |
| | | (၁) စာပေ | ၁၄၃ |
| | | (၂) တေးဂီတနှင့်အကအခုန် | ၁၄၆ |
| | | (ဃ) ပညာရေး | ၁၄၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| အခန်း | ၆။ | အုပ်ချုပ်ရေး | ၁၅၁ |
| | | (က) အုပ်ချုပ်ပုံစနစ်များ | ၁၅၁ |
| | | (ခ) တရားစီရင်ရေး | ၁၅၄ |
| နိဂုံး | | | ၁၅၈ |
| ကျမ်းကိုးစာရင်း | | | |
| တွေ့ဆုံဖြေကြားပေးသူများစာရင်း | | | |

# ကျေးဇူးတင်လွှာ

ဤကျမ်းဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော ကျေးဇူးရှင်မိဘနှစ်ပါးအားလည်းကောင်း၊ ဤကျမ်းကြီးကြပ်သူ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာန ပါမောက္ခဆရာမကြီး ဒေါ်တင်ရီအားလည်းကောင်း၊ ပြင်ပစာစစ်ဆရာမကြီး ဒေါ်အေးမြင့် (အငြိမ်းစား)နှင့် တွဲဖက်ကြီးကြပ်သူ ဆရာမကြီး ဒေါ်နွဲ့နွဲ့၊ မနုဿဗေဒဌာနမှူး (အငြိမ်းစား)နှင့် ဆရာမကြီးဒေါ်ကြင်ကြင် မနုဿဗေဒဌာနမှူး (အငြိမ်းစား)တို့အားလည်းကောင်း၊ ဤကျမ်းကို ကူညီအကြံဉာဏ်ပေးသော ဆရာမကြီး ဒေါ်စိန်စိန် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူး (အငြိမ်းစား)၊ ဆရာမကြီးဒေါ်သန်းနု (အငြိမ်းစား)နှင့် မနုဿဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဆရာကြီးဦးကျော်ဟန် အားလည်းကောင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း ဤကျမ်းဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ဤကျမ်းဖြစ်မြောက်ရန် အဖက်ဖက်မှ ဝိုင်းဝန်းကူညီကြသော -

- ဦးအောင်ခမ်းထီအားလည်းကောင်း၊
- ဦးမင်းနိုင် (ညွှန်ကြားရေးမှူး၊ အငြိမ်းစား) ယဉ်ကျေးမှုဝန်ကြီးဌာနအားလည်းကောင်း၊
- ဦးခွန်ဝိဇ္ဇာ၊ ဦးအောင်ခင် ၊ ဦးခွန်ထွန်းလွင်နှင့် ဦးခွန်ရာမ (ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ) အားလည်းကောင်း၊
- ဦးခွန်စိန်ဝင်း (မောင်ခွန်နွယ်၊ အင်းလေး)၊ ဦးသိန်း (ကျောက်တလုံး)နှင့် ဦးညွန့်မောင် (ကျောက်တလုံး) တို့အားလည်းကောင်း၊
- ဦးသောင်းစိန်နှင့် ဦးစိန်လှဝင်း (မြို့နယ်မြေစာရင်း) အားလည်းကောင်း၊
- အ. ထ. က ကျောက်တလုံးမှ ကျောင်းအုပ်ဆရာမကြီးနှင့် တကွ ဆရာ၊ ဆရာမများအား လည်းကောင်း၊
- ဦးခွန်ရာဇာ (ရန်ကုန်တက္ကသိုလ်၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ) အားလည်းကောင်း၊
- ဗိုလ်မှူးစိုင်းမြတ်သာနှင့် ဦးမျိုးမြင့် (န-တ-လ ရုံး) အားလည်းကောင်း၊
- တောင်ကြီးယဉ်ကျေးမှုရုံးမှ ဝန်ထမ်းများ၊ ဦးသန်းဝေမိသားစုနှင့် နန်းခင်မြကြည်မိသားစုတို့အပြင် ဝိုင်းဝန်းကူညီဖြေကြားပေးကြသော ရွာသူရွာသားများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂါရဝပြုအပ်ပါသည်။

**မအေးအေးအောင်**

**ဿ–၃**

**၁၉၉၆–၉၈**

# နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းအသီးသီးတို့တွင် တိုင်းရင်းသားလူမျိုးစုများသည် မျိုးနွယ်အလိုက် အစုအဖွဲ့ ဖွဲ့စည်းပြီး နေထိုင်လျှက်ရှိကြပါသည်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရန်မှာ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ ရှိရေးပင် ဖြစ်ပါသည်။ ထိုသို့ တိုင်းရင်းသားများ စည်းလုံးညီညွတ်နေရန်မှာလည်း တိုင်းရင်းသားများ အချင်းချင်း တစ်ဦး၏ လူမှုရေးဓလေ့၊ ထုံးစံများ၊ ယဉ်ကျေးမှုနှင့် ဆောင်ရန် ရှောင်ရန်များကို အခြားတစ်ဦးက သိရှိပြီး ပေါင်းသင်းဆက်ဆံသွားခြင်းအားဖြင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ရရှိမည် ဖြစ်ပါသည်။

ယခင်က ဗြိတိသျှနယ်ချဲ့တို့သည် ကျူးကျော်စစ်သုံးကြိမ်ဖြင့် မြန်မာနိုင်ငံအား သိမ်းပိုက်ခဲ့သည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား သိမ်းပိုက်ကျွန်ပြုရုံမက တိုင်းရင်းသား အချင်းချင်း သွေးကွဲအောင် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။ ပြည်မနှင့် တောင်တန်းဟူ၍ ခွဲခြား အုပ်ချုပ်ခဲ့သောကြောင့် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားအချင်းချင်း သွေးကွဲခဲ့ရသည်။ လွတ်လပ်ရေး ရပြီးသည့် နောက်ပိုင်းတွင်လည်း ပြည်တွင်းဆူပူသောင်းကျန်းမှုများနှင့် ကြုံတွေ့ခဲ့ရသဖြင့် တိုင်းရင်းသား တို့၏ စည်းလုံးညီညွတ်မှု ပျက်စီးခဲ့ရသည်။ တကွဲတပြားစီ ဖြစ်ခဲ့ရသည်။ ထို့အပြင် ရှမ်းပြည်နယ် တောင်ပေါ်ဒေသတွင် စော်ဘွားအုပ်ချုပ်ရေးစနစ်ဖြင့် တိုင်းရင်းသားတို့ကို အုပ်ချုပ်ခဲ့သဖြင့် အုပ်ချုပ်သူ စော်ဘွား နှင့် အုပ်ချုပ်ခံလူတန်းစားအတွင်း စည်းလုံးမှုအား လျော့နည်းခဲ့သည်။ ၁၉၅၉-ခု ဧပြီလ(၂၇) ရက်နေ့တွင် စော်ဘွားများ အာဏာစွန့်လွှတ်ရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသဖြင့် ရှမ်းပြည်နယ်တွင် စော်ဘွားအုပ်ချုပ်ရေးစနစ် ပျောက်ပျက်ကာ ပဒေသရာဇ်စနစ်သည် ချုပ်ငြိမ်း သွားခဲ့သည်။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စွမ်းဆောင်မှုများ ကြောင့် တောတွင်းလက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများသည် လက်နက်နှင့် ငြိမ်းချမ်းရေးကို လဲလှယ်ကာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာနေကြပြီဖြစ်သည်။ရှမ်းပြည်နယ်မှ တောတွင်း လက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ပြီး ပြည်သူနှင့်အတူ လက်တွဲကာ နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နေကြပြီ ဖြစ်ပါသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတည်တံ့ခိုင်မြဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသား လူမျိုးစုတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာ နေထိုင်မှု စရိုက် လက္ခဏာနှင့် ယဉ်ကျေးမှုများကို မှန်မှန်

ကန်ကန်တန်ဖိုးထား၍ လေ့လာမှတ်တမ်းတင်နိုင်ရန် လိုအပ်ပါသည်။ တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံယဉ်ကျေးမှုစရိုက်တို့ကို မှန်ကန်စွာ လေ့လာမှတ်တမ်းတင်ရန်မှာ မနုဿဗေဒနည်းပညာများနှင့်သာ လေ့လာမှတ်တမ်းတင်နိုင်မည် ဖြစ်ပါသည်။သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည့် ပအိုဝ်းတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို မနုဿဗေဒ ရှုထောင့်အမြင်မှ ရေးသားပြုစု တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

# အခန်း ၁။

## ကျောက်တလုံးဒေသ၏သမိုင်းကြောင်းနှင့်ပထဝီဝင်

(က) ကျောက်တလုံးဒေသ၏သမိုင်းကြောင်း

(၁) ကျောက်တလုံးဒေသသို့ပအိုဝ်းတိုင်းရင်းသားများရောက်ရှိလာပုံ

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံးသည် မွန်ဂိုမျိုးနွယ်မှ ပေါက်ဖွားဆင်းသက်လာကြသူများ ဖြစ်ကြသည်။ မွန်ဂိုလူမျိုးတို့သည် အာရှတိုက် အလယ်ပိုင်း မွန်ဂိုကုန်းမြေမြင့်မှ မြောက်မှတောင်သို့ တဖြည်းဖြည်းနေရာယူကာ မြန်မာနိုင်ငံအတွင်း ဝင်ရောက်နေထိုင်လာကြသည်။ မွန်ဂိုလူမျိုးများသည် မြန်မာနိုင်ငံအတွင်းသို့ အုပ်စုကြီး(၃)စုခွဲကာ ဝင်ရောက်နေထိုင်ကြကြောင်း သိရှိရပါသည်။ ထိုအုပ်စုကြီး (၃)စုမှာ (၁)မွန်ခမာအုပ်စု။ (၂)တိဗက်မြန်မာ အုပ်စု။ (၃) ထိုင်းတရုတ်အုပ်စု ဟူ၍ဖြစ်ပါသည်။[၁]

ထိုအုပ်စုကြီး (၃)စုအနက်မှ တိဗက်၊ မြန်မာလူမျိုးစုကြီးသည် ပအိုဝ်းတိုင်းရင်းသားများ၏ အခြေခံအုပ်စုကြီးပင်ဖြစ်၏။ အကြောင်းမှာ ယင်းအုပ်စုကြီးမှ ခွဲထွက်သောအုပ်စုလေးသုံးစုထဲမှ မြန်မာနှင့်ရှေးမြန်မာအနွယ်အုပ်စုသည် ပအိုဝ်းတိုင်းရင်းသားတို့ ထပ်မံခွဲထွက်ခဲ့သော အုပ်စုဖြစ်၏။ ထိုမြန်မာနှင့်ရှေးမြန်မာအနွယ်အုပ်စုမှ တောင်ဘက်လွင်ပြင်ဒေသများဆီသို့ ပြောင်းရွှေ့လာသော မြန်မာအုပ်စုမှ တဆင့် အရှေ့ဘက်သို့ခွဲထွက်၍ ယခု ရှမ်းပြည်နယ်တွင် နေထိုင်ကြသော အင်းသားနှင့် တောင်သူခေါ် ပအိုဝ်းလူမျိုးတို့ ဖြစ်လာသည်ဟု ဆိုသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် အထက်ဖော်ပြပါအတိုင်း မြန်မာပြည်တွင်း ဝင်ရောက်ကာ ရှမ်းပြည်တောင်ပိုင်းတွင် လူများစု

---

၁။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသားယဉ်ကျေးမှု ရိုးရာ ဓလေ့ ထုံးစံများ ရှမ်း စာမျက်နှာ (၃၀)

အဖြစ်နေထိုင်လာသည်ဟုလည်း ဆိုပေသည်။[၁] ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့သည် တိဗက်မြန်မာလူမျိုးစုတွင် ပါဝင်ကြောင်းသိရပါသည်။

ထို့အပြင် ကရင်လူမျိုးတို့အား မွန်ဂိုလူမျိုးများမှ ဆင်းသက်လာကြပြီး တိဗက်တရုတ် ဘာသာစကားအနွယ်ကြီးတွင်ပါဝင်သော တိဗက်မြန်မာဘာသာစကားအစုဝင်ဖြစ်ကြောင်း လက်ခံ အတည်ပြုခဲ့ကြပြီး ဖြစ်ပေသည်။[၂]

ကရင်လူမျိုးများသည် တိဗက်မြန်မာအနွယ်ဝင်များဖြစ်ကြောင်း အထောက်အထား များကို တွေ့ရှိလာပြီး ဖြစ်ပေသည်[၃] ဟုရေးသားထားသောကြောင့် ကရင်လူမျိုးများသည် တိဗက်မြန်မာ အနွယ်ဝင်များ ဖြစ်ကြ၏။

တိုင်းရင်းသားကရင်လူမျိုးများအနက် ရှိ (ပိုး)ကရင်မျိုးခွဲတွင် ပါဝင်သော ပအိုဝ်း (တောင်သူ)ဟု [၄]ဟုရေးသားထားရာ ပအိုဝ်းတိုင်းရင်းသားသည် ကရင်မျိုးနွယ်ထဲတွင် ပါဝင်၍

---

၁။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ (ပါတီစည်းရုံးရေးဗဟိုကော်မတီဌာနချုပ်) — တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ၏အမြင်နှင့်ခံယူချက် ၁၉၆၄ ဒီဇင်ဘာလ စာမျက်နှာ (၃၅)

၂။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ (ပါတီစည်းရုံးရေးဗဟိုကော်မတီဌာနချုပ်) — တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ ကရင် စာမျက်နှာ (၁၈)

၃။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ — ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသား ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ ကရင် စာမျက်နှာ (၅၈)

၄။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ — ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသား ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ ကရင် စာမျက်နှာ (၂၂)

ကရင်တိုင်းရင်းသားကဲ့သို့ တိဗက်မြန်မာအနွယ်ဝင်ဟူ၍ ယူဆရပါသည်။ တဖန် ရှို(ပိုး)ကရင်မျိုးကွဲတွင် (၁) ရှို(ပိုး) မွန်ကရင်။ (၂) ပအိုဝ်း (တောင်သူ) နှင့် မိုပွာအုပ်စုများ ပါဝင်ကြသည်။ပအိုဝ်းခေါ် တောင်သူကရင်အမျိုးသားများမှာ မြန်မာနိုင်ငံတွင် တောင်နှင့်မြောက်ဖြန့်၍ သထုံခရိုင်၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ဘားအံခရိုင်၊ ရှမ်းပြည်တောင်ပိုင်း၊ ကလော တောင်ကြီး၊ လွိုင်လင် မော်တော်ကားလမ်း တလျှောက်နှင့် ရှမ်းပြည်မြောက်ပိုင်း နမ္မတူတို့တွင် နေထိုင်ကြသည်[၁] ဟု ရေးသားထားရာ ပအိုဝ်း (တောင်သူ) သည် ကရင်မျိုးနွယ်တွင် ပါဝင်၍ ကရင်တိုင်းရင်းသားများကဲ့သို့ တိဗက်မြန်မာအနွယ်ဝင်ဟူ၍ ယူဆရပါသည်။

ရှမ်းပြည်တောင်ပိုင်းတွင် လူဦးရေအနေဖြင့် လူဦးရေဒုတိယအများဆုံးမှာ ပအိုဝ်းတိုင်းရင်းသားများဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားများကို အခြားတိုင်းရင်းသားများဖြစ်သော ရှမ်း၊ ဓနု၊ အင်းသားစသည်တို့က "တောင်ဆူ"ဟူ၍လည်းကောင်း၊ ပအိုဝ်းဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။ မြန်မာတို့ကမူ ယင်းတို့အား "တောင်သူ'ဟုခေါ်ကြသည်။ သို့သော် ပအိုဝ်းတိုင်းရင်းသားတို့က တောင်သူဟုခေါ်ခြင်းထက် "ပအိုဝ်း"ဟုခေါ်ဝေါ်ခြင်းကို ပိုမိုနှစ်သက်ကြပေသည်။[၂]

အမေရိကန်ပညာရှင်တစ်ဦးဖြစ်သော Willian Dunn Hackett ကျမ်းစာအုပ်၌[၃] ပအိုဝ်းတိုင်းရင်းသား များသည် မြန်မာပြည်တွင်းသို့ စတင်ဝင်ရောက်၍ ရှမ်းပြည်တောင်ပိုင်းသို့ တဖြည်းဖြည်း ပြောင်းရွှေ့နေထိုင်ကြောင်းဖော်ပြထားသည်။ ထိုပညာရှင်၏ဖော်ပြချက်အရ ပအိုဝ်းတိုင်းရင်းသားတို့သည်

---

| | | |
|---|---|---|
| ၁။ | မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ | ပြည်ထောင်စုမြန်မာနိုင်ငံတိုင်းရင်းသား<br>ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ<br>ကရင် စာမျက်နှာ (၃၆) |
| ၂။ | အေးမြင့် (မ) | တောင်ကြီးခရိုင်မှ ပအိုဝ်းအမျိုးသမီးတို့၏<br>ဘဝအခြေမှန်စာတမ်း စာမျက်နှာ(ယ) |
| ၃။ | Willian Dunn Hackett | The Pao people of the Shan State<br>September 1953 စာမျက်နှာ (၂၇)၊ (၂၈)၊ (၂၉) |

ကရင်တိုင်းရင်းသားတို့နှင့် ဆက်စပ်မှုရှိသည်။ အဘယ်ကြောင့်ဆိုသော် ပအိုဝ်းများပြောဆိုသော စကားသည် ကရင်တို့ပြောဆိုသည့်စကားနှင့် တူညီသောကြောင့်ဖြစ်သည်ဟု ဆိုပါသည်။

ထို့အပြင် ပအိုဝ်းတိုင်းရင်းသားတို့သည် ကရင်တိုင်းရင်းသားများနှင့်အတူ ရှေးအခါက အာရှတိုက်အလယ်ပိုင်းရှိ မြင့်မားသော ကုန်းမြေမြင့်များမှ တဖြည်းဖြည်းတောင်ဘက်ဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြရင်း ယခုနေထိုင်လျှက်ရှိသော ဒေသများသို့ ရောက်ရှိနေထိုင်ကြဟန် ရှိကြောင်းလည်း ရေးသားထားသည်။ ထိုမှတဆင့် ပအိုဝ်းတိုင်းရင်းသားများသည် မြန်မာပြည်တောင်ပိုင်း သို့ ပြောင်းရွှေ့နေထိုင်ရင်း သထုံဒေသတွင် အခြေချခဲ့ကြသည်။ သာသနာသက္ကရာဇ် ၁၆၀၁ခုနှစ်၊ ကောဇာသက္ကရာဇ် (၄၁၉)ခုတွင် သထုံပြည်ကို အနော်ရထာမင်းက တိုက်ခိုက်သိမ်းပိုက်သည့် အချိန်မှစ၍ ပအိုဝ်းတိုင်းရင်းသားတို့သည် ရှမ်းပြည်နယ်တောင်ပိုင်းဒေသများသို့ တဖန်ပြန်လည်ရောက်ရှိသွားကြပြီး ယင်းရှမ်းပြည်နယ်ဒေသတွင်ပင် ယနေ့အထိ နေထိုင်လာခဲ့ကြောင်း သိရှိရပါသည်။

တဖန် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ အဆိုအရ ပျူလူမျိုးမှ ပအိုဝ်းတိုင်းရင်းသားအဖြစ် ပြောင်းလဲလာသည်ဟု ဆိုကြသည်။ မြန်မာပြည်တွင် ရှေးအကျဆုံးနေထိုင်သူ ယဉ်ကျေးမှုတိုးတက်ထွန်းကားသူများ သည် ပျူ ကမ်းယံ သက်များဖြစ်ကြသည်။ ခရစ်နှစ် (၈၀၀)နောက်ပိုင်းတွင် ရှေးတရုတ်သမိုင်းနှင့် မှတ်တမ်းများတွင် ပျူဟူသောဝေါဟာရကို ပီယာအိုဟူ၍လည်းကောင်း၊ ဖျအိုဟူ၍လည်းကောင်း၊ ပီအောဟူ၍လည်းကောင်း၊ အသံထွက်စာလုံးသင်္ကေတဖြင့် ရေးမှတ်ကြသည်ဟု ရေးသားထားသည်။

ပျူဘာသာစကား ဝေါဟာရများနှင့် ပအိုဝ်းဘာသာစကား ဝေါဟာရများ များစွာ တူညီနေကြောင်း၊ ကျောက်စာများတွင် ရေးထိုးထားသော ပျူစာ၏ အသံအနိမ့်အမြင့်သည် ပအိုဝ်းစာ အသံအနိမ့်အမြင့်နှင့် များစွာတူညီကြောင်း၊ ကိုးကွယ်မှု၊ ဆင်ယင်ထုံးဖွဲ့မှု၊ ဓလေ့ထုံးစံ၊ အနုပညာ ဆိုင်ရာ ယဉ်ကျေးမှုများစွာ တူညီမှုများကြောင်း၊ သရေခေတ္တရာခေတ်ကောင်းစဉ် ဗုဒ္ဓဘာသာကို ကိုးကွယ်မှု ရှိခဲ့သဖြင့် ပအိုဝ်းများ ယနေ့တိုင် ဗုဒ္ဓဘာသာကို နက်ရှိုင်းစွာ အရိုးစွဲ ကိုးကွယ်ယုံကြည်လျှက် ရှိကြောင်း စသည်တို့ကြောင့် ပျူလူမျိုးသည် ပီယာအိုမှ ပျူ၊ ပျူမှ ပအူ၊ ပအူမှ ပအိုဝ်းဟု အခေါ်အဝေါ် အဆင့်ဆင့် ပြောင်းလဲလာသည်ဟု ဆိုကြသည်။ ရှေးဟောင်းလူမျိုးများ ဖြစ်ကြသည့် ပျူ ကမ်းယံ၊ သက်လူမျိုးများသည် နောင်တွင် ကမ်းယံသည် ကရင်နှင့်ကယားဖြစ်လာသည်။ သက်သည် ချင်းလူမျိုး ဖြစ်လာသည်။ ပျူသည်

ဝီလီအဆိုအရ ပအိုဝ်းဖြစ်လာသည်ဟု သိရသည်။[၁]

ရှေးခေတ် လူကြီးများ၏အဆိုအရ ပအိုဝ်းသည် ပီယာအိုမှ ပအူး၊ ပအူးမှ ပအိုဝ်း ဖြစ်လာသည်ဟု ဆိုသည်။ ပအူသည် 'ပေါအူ'ပင်ဖြစ်၍ ဦးစွာပထမ ရောက်ရှိပေါ်ပေါက်လာသော လူမျိုးဟု အဓိပ္ပါယ်ရသည်ဟု ဆိုကြပါသည်။

သထုံဒေသသည် ပအိုဝ်းတိုင်းရင်းသားတို့ အဓိကအခြေချ နေထိုင်ခဲ့သော နေရာ ဖြစ်သည်။ သုဝဏ္ဏဘုမ္မိတိုင်း အပါအဝင် သထုံပြည်တွင် ရှေးမင်းဆက်ပေါင်း(၁၅၀)အထိ အုပ်ချုပ်ခဲ့သည်။ ထိုမင်းဆက်ပေါင်း(၁၅၀)အနက် (၁၄၇)ဆက်ကား ပအိုဝ်းမင်းဆက်ဖြစ်ပြီး သုံးဆက်သာလျှင် မွန်မင်းများ ဖြစ်သည်။[၂] စာပေပရပိုက်များအရ ပအိုဝ်းများနေထိုင်ခဲ့သော သထုံပြည်ကို အုပ်စိုးသော မနုဟာ မင်းလက်ထက်၌ ဗုဒ္ဓသာသနာအရောင် အတော်ပင် ထွန်းပြောင်လာချိန်ဖြစ်သည်။ ထိုမနုဟာမင်းသည် ပအိုဝ်းမင်းဆက် ဖြစ်သည်ဟု ဆိုသည်။ ယင်းအချိန်တွင် သထုံပြည်တွင် ဗုဒ္ဓ၏ ပရိယတ္တိ၊ ပိဋကတ် သုံးပုံရှိကြောင်း၊ ရှင်အရဟံမှ တဆင့် ပုဂံပြည့်ရှင် အနော်ရထာကြားသိတော်မူသဖြင့် ပုဂံပြည်တွင်လည်း သာသနာအစစ်အမှန် ရောင်ဝါထွန်းစေလိုသောကြောင့် လူလွှတ်၍ ပိဋကတ် သုံးပုံကိုပင့်ဆောင်စေရာ မနုဟာမင်းက ငြင်းဆန်သဖြင့် သထုံပြည်သို့ စစ်ချီတိုက်ခိုက်တော်မူသည်။


သထုံကို အနော်ရထာတိုက်ခိုက်အောင်မြင်၍ မနုဟာမင်းကို ဖမ်းဆီး ခေါ်ဆောင် သွားပြီး သည်နောက်တွင် သထုံတွင် အုပ်ချုပ်သူ ကင်းမဲ့လျှက်ရှိ၏။ ထို့ကြောင့် သထုံပြည်တွင် နေထိုင်လျှက်ရှိသော ပအိုဝ်းတိုင်းရင်းသားတို့သည် အုပ်စုကိုးစုခွဲ၍ သထုံပြည်မှ စွန့်ခွါ ထွက်လာကြသည်။

ထိုသို့ အုပ်စုကိုးစုမှ အချို့သည် ရှမ်းကုန်းပြင်မြင့်နေရာအနှံ့အပြားတွင် အခြေစိုက် နေထိုင်လာကြသည်။ ဆီဆိုင်မြို့ကို သထုံလေးဟု အမည်တပ်ကာ မြို့တည်ခဲ့သည်။ ဤသို့ဖြင့် ပအိုဝ်း တိုင်းရင်းသားတို့သည် ရှမ်းပြည်နယ်တွင် ရောက်ရှိနေထိုင်ကြရာမှ ကျောက်တလုံးဒေသသို့လည်း ပအိုဝ်းများရောက်ရှိလာသည်ဟု ယူဆရသည်။


---

၁။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် — ပအိုဝ်းအမျိုးသား၏ဂုဏ်အင်္ဂါရပ် ၁၉၉၂-ခု၊ စက်တင်ဘာလ၊ စာမျက်နှာ(၈)

၂။ ကုလား၊ ဦး — မဟာရာဇဝင်ကြီး (ပထမအုပ်)။ စာမျက်နှာ (၁၈)



ကျောက်တလုံးတိုက်နယ်ကျေးရွာတည်ရှိပုံ



ကျောက်တလုံးကျောက်တုံးတည်ရှိပုံ

ကျောက်တလုံးဒေသ၏ အရှေ့ဘက်စူးစူးတွင် အလွန်ကြီးမားသော ကျောက်တုံးကြီး တစ်ခုရှိသည်။ ထိုကျောက်တုံးကို ဒေသခံပအိုဝ်းတိုင်းရင်းသားတို့က အဖိုကျောက်တုံးနှင့် အမကျောက်တုံး ပူးနေသည်ဟု ယုံကြည်ကြသည်။ ကျောက်တုံး၏ တောင်ဘက်အကြီးကျောက်တုံးကို အဖိုကျောက်တုံး၊ မြောက်ဘက်အငယ်ကျောက်တုံးကို အမကျောက်တုံးဟု ယုံကြည်ကြသည်။ ထိုကျောက်တုံးကြောင့် ကျောက်တလုံးဒေသဟု အမည်တွင်လာခဲ့သည်။ ကျောက်တလုံးသည် ရှေးခေတ် မြန်မာဘုရင်များ လက်ထက်ကပင် ရှမ်းစော်ဘွားများနှင့် မြန်မာဘုရင်များ ဆက်သွယ်ရေးတွင် အဓိကကျသော လမ်းပန်းဆက်သွယ်ရေး နေရာကောင်း ဖြစ်ခဲ့သည်။ ပအိုဝ်းဒေသဖြစ်ခဲ့သော်လည်း မြန်မာမင်းညီ မင်းသားများ ဖြတ်သန်းသွားလာ သည့်အတွက် မြန်မာအမည် မှည့်ခေါ်ခဲ့ခြင်း ဖြစ်သည်။ ဂျပန်ခေတ် စစ်မြေပုံထဲတွင် လွိုင်ပွတ်၊ ပင်လောင်း၊ မောက်မယ်၊ ကျောက်တလုံးဟု ပါရှိခြင်းအားဖြင့် ကျောက်တလုံး ဒေသသည် ရှေးယခင် ကထဲကပင် တည်ရှိနေကြောင်း ထင်ရှားပါသည်။

ကျောက်တလုံးဒေသရွာ တည်ထောင်သော သမိုင်းကို တိကျစွာမသိရသော်လည်း ကျော်ခေါင်၊ ကျောင်းအူ၊ ကျောင်းလှ၊ ဗိုးပန်ဒဆိုသော ပုဂ္ဂိုလ်(၄)ယောက်မှ ကျောက်တလုံးဒေသတဝိုက်ကို ရွာတည်ကြောင်း သိရသည်။ ကျော်ခေါင်သည် ဖာမွန်း၊ ကျောင်းအူ(ကျော်ဦး)သည် ဟမ်းဆီး၊ ကျောင်းလှ(ကျော်လှ)သည် နောင်ခဲ၊ ဗိုလ်ပန်း(ဗိုးပန်ဒ)သည် ကျောက်ထလုံးကို ရွာတည် ကြောင်းသိ ရသည်။ ကျောက်တလုံးအနီးတွင် ဗိုးပန်းဒုံလီ(ဗိုလ်ပန်း၏ရွာဟောင်း) ရှိကြောင်း သိရပါသည်။

## (၂) ပအိုဝ်းတိုင်းရင်းသားတို့၏ဒဏ္ဍာရီ

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီစည်းရုံးရေးဗဟိုကော်မတီဌာနချုပ်မှ ထုတ်ဝေ သည့် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံ(ရှမ်း)စာအုပ်အရ ပအိုဝ်း တိုင်းရင်းသားတို့ ဆင်းသက်လာသောဒဏ္ဍာရီရှိသည်ဟု ဆိုထားသည်။

မြတ်စွာဘုရား မပွင့်မီက ယခု သထုံမြို့ မြသပိတ်တောင်ခြေတွင် ရဟန္တာတို့ သီတင်း သုံးလျှက် ရှိကြသည်။ ထိုဒေသအနီးတွင် ရေအိုင်ရှိရာ နဂါးတို့စံပျော်သည်။ တစ်နေ့တွင် နဂါးမင်း၏ သမီးတော်က တောင်ခြေရှိ ရဟန္တာတို့ကို ဖူးမျှော်လိုပါသည်။ လူ့ပြည်သို့ သွားခွင့်ပြုပါရန် ခမည်းတော် နဂါးမင်းကြီးထံ ပန်ကြားလေသည်။ အစတွင် ခွင့်မပြုသော်လည်း အတန်တန်ပူဆာသဖြင့် ခွင့်ပြုလိုက်လေ သည်။ နဂါးမင်းသမီးသည် လူယောင်ဆောင်၍ ရဟန္တာတို့အား ဖူးမျှော်ပြီး နဂါးပြည်သို့ ပြန်မည့်

ဆဲဆဲ ဝိဇ္ဇာပျိုတစ်ဦးနှင့် တွေ့မိ၍ ဝိဇ္ဇာပျိုနှင့် ချစ်ကြိုးသွယ်မိရာ ဥကြီးနှစ်လုံးကို ရခဲ့သည်။ ထိုဥကြီးနှစ်လုံးကို ရသေ့တစ်ပါးထံသို့ အပ်နှံပြီး နဂါးမင်းသမီးသည် နဂါးပြည်သို့ ပြန်လေသည်။ ရသေ့ကြီးကြည့်ရှုစောင့်ရှောက်ထားသော ဥကြီးနှစ်လုံးမှ လူသားယောကျာ်းလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ဖွားမြင်လာသည်။ ရသေ့ကြီးက ကျွေးမွေး ပြုစုခဲ့ရာ ကြီးပြင်းလာသောအခါ သုဝဏ္ဏဘူမိတွင် အုပ်စိုးသော မင်းဆက်ဖြစ်လာသည်။ ထိုမင်းဆက်တိုကမှ ပအိုဝ်းလူမျိုး ဖြစ်ပေါ်လာခဲ့သည်ဟု ဆိုထားသည်။

"ကွဲအက်ခြင်း"ကို ပအိုဝ်းဘာသာဖြင့် "ပါး" ဟုခေါ်၍ "ခွာပစ်ခြင်း" ကို "အိုင်း" ဟုခေါ်သည်။ ဥတို့မှ ကွဲအက်ပြီး ခွာထုတ်ယူရသော ဇနီးမောင်နှံမှ ပေါက်ဖွားလာသော လူမျိုးဖြစ်၍ 'ပါးအိုင်း' မှတဆင့် ပအိုဝ်းဖြစ်လာသည်ဟုလည်း သိရသည်။[၁]

ပအိုဝ်းသမိုင်းသုတေသီများ၏အဆိုအရ နဂါးဥသည် (၃)လုံးဖြစ်သည်ဟု သိရသည်။ ထိုဥ(၃)ခုအနက် ပထမဆုံးဥကို အဖြူရောင်ရှိသော သစ်ရွက်သစ်ခက်များဖြင့် အသိုက်လုပ်၍ ဥ(၁)ကိုလည်းကောင်း၊ ဒုတိယဥကို ရိုးရိုးကျောက်ဆောင်ပေါ်တင်ထား၍လည်းကောင်း၊ တတိယဥကို အနီရောင်ရှိသော သစ်ရွက်သစ်ခက်များဖြင့် အသိုက်လုပ်ကာ ဥကို ထည့်ထားသည်။ အဖြူရောင်သစ်ရွက်သစ်ခက်များဖြင့် အုပ်ထားသည့် ဥနှင့် အနီရောင်သစ်ရွက်သစ်ခက်များဖြင့် အုပ်ထားသော ဥ(၂)လုံးသည် သင့်တင့်လျောက်ပတ်သော ရာသီဥတုနှင့် သစ်ရွက်သစ်ခက်တို့၏ အနွေးဓာတ်တို့ကြောင့် ပေါက်ကွဲလာပြီး လူသားနှစ်ဦးကို မွေးဖွားပေးခဲ့သော်လည်း အလတ်ဥမှာ ပေါက်ကွဲထွက်လာခြင်း မရှိသည့်အတွက် ယင်းဥအလတ်ကို ခွာယူပြီး မွေးဖွားပေးခဲ့ရသည်။ ထိုလူသားသည် ပအိုဝ်းတိုင်းရင်းသား ဖြစ်သည်ဟု သိရသည်။ ပအိုဝ်းဟူသည့် အဓိပ္ပါယ်မှာ ခွာထုတ်ယူခြင်းဟု အဓိပ္ပါယ် ရပါသည်။ ပထမဆုံးဥမှ ပေါက်ဖွားလာသည့် လူကို စောက်ဗွာဟု ခေါ်သည်။ ကရင်၊ ပအိုဝ်းဘာသာစကားအရ စောက်ဗွာသည် အဖြူရောင် အထုတ်၊ အသိုက်၊ အစည်းဖြစ်သည်။ တတိယပေါက်ဖွားလာသည့်လူကို စောက်တချား(အနီရောင်သိုက်မြုံမှ ဖွေးဖွားလာသောလူမျိုး) ဟုခေါ်ကြသည်။

---

၁။ အေးမြင့်၊ မ၊ တောင်ကြီးခရိုင်မှပအိုဝ်းအမျိုးသမီးတို့၏ဘဝအခြေမှန်စာတမ်း၊ စာမျက်နှာ (၈)။

ပအိုဝ်းတို့သည် ကရင်ကို စောက်ဖွာဟု ခေါ်သည်။ ကရင်နီကို စောက်တနျားဟု ခေါ်ပြီး ကရင်နီမှ ပအိုဝ်းကို ဖဦးဟု ခေါ်သည်။ ဖဦးဟူသော အဓိပ္ပါယ်မှာ အစ်ကိုဟူ၍ ဖြစ်သည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့သည် ကရင်၊ ကရင်နီတို့နှင့် ညီအစ်ကိုများသာ ဖြစ်သည်ဟု ဆိုကြသည်။

ဤသို့ပါးစပ်ရာဇဝင်၊ ပုံပြင်၊ ဒဏ္ဍာရီများအရ ပအိုဝ်းတိုင်းရင်းသားတို့သည် အမိနဂါးနှင့် အဖ ဝိဇ္ဇာဇော်ဂျီတို့မှ မွေးဖွားလာသည်ကို အစွဲပြု၍ ပအိုဝ်းအမျိုးသမီးတို့သည် နဂါးမသဏ္ဌာန် ခေါင်းပေါ်တွင် အမောက်ပုံစံဆံထုံး အချွန်သော်လည်းကောင်း၊ ခပ်လုံးလုံးသော်လည်းကောင်း၊ ထုံးတတ်ကြသည်။

သို့သော် ပအိုဝ်းတိုင်းရင်းသား ခေတ်ပညာတတ်များက အမိနဂါးနှင့် အဖဝိဇ္ဇာဇော်ဂျီမှ ပေါက်ဖွားလာသည်ဟု မယူဆပေ။ ဝိဇ္ဇာဇော်ဂျီသည် အသိတရား အတတ်ပညာရှိသောသူ ဖြစ်သည်။ နဂါးသည် ဘုန်းတံခိုးကြွယ်ဝသူ ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ဘာသာရေးကို အလွန်ကိုင်း ရှိုင်းပြီး ၊ မိဘနှစ်ပါးကို အလွန်ရိုသေသူများ ဖြစ်ကြသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့သည် ဖခင်သည်ဝိဇ္ဇာကဲ့သို့ အသိတရားရှိသူ၊ အတတ်ပညာရှိသူ၊ မိခင်သည် နဂါးကဲ့သို့ ဘုန်းတံခိုးရှိသူများ ဖြစ်သည်ဟု တင်စားခြင်းသာ ဖြစ်သည်။ မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးကို တင်စားခြင်းသာ ဖြစ်သည်ဟူ၍ လည်းဆိုကြသည်။

# (ခ) ပထဝီဝင်အနေအထား

## (၁) တည်နေရာနှင့်အကျယ်အဝန်း

တောင်ကြီးမြို့နယ် ကျောက်တလုံးတိုက်နယ်ကျေးရွာသည် မြောက်လတ္တီတွဒ်၂၀˚၇' နှင့် ၂၀˚၅'ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆˚၅၀' နှင့် ၉၇˚၁၁'ကြားတွင်တည်ရှိသည်။ တောင်ကြီးမြို့မှတောင်ဘက်(၃၃)မိုင် ဝေးကွာပါသည်။ ကျောက်တလုံးဒေသသည် တောင်ကြီးမြို့နယ်ထဲတွင် ပါဝင်၍ တောင်ကြီး၏ ကျေးရွာအုပ်စု (၅၄)ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။အရှေ့ဘက်တွင် ညောင်ရွှေမြို့နယ်ရှိပြီး ကျောက်တလုံးနှင့် အင်းလေးဒေသသည် ဆက်စပ်လျှက်ရှိသည်။ အနောက်ဘက်တွင် ဆီဆိုင်မြို့နယ်ရှိသည်။ ပအိုဝ်းတိုင်းရင်းသား တစ်မျိုးတည်းသာ နေထိုင်ပြီး ပအိုဝ်းတိုင်းရင်းသားတို့၏အဓိကနေထိုင်ရာဒေသဖြစ်သောကြောင့် ပအိုဝ်းတိုင်းရင်းသားတို့ ၏လူမှုရေးဖွဲ့စည်းပုံကို လေ့လာရန် ဤဒေသကို ရွေးချယ်ခြင်းဖြစ်ပါသည်။

ကျောက်တလုံးတိုက်နယ်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၁၈)ရွာရှိသည်။

| | | | | | |
|---|---|---|---|---|---|
| ၁။ | ကောင်ဝိန် | ၇။ | ထီရီး | ၁၃။ | ထမ်ခမ်း |
| ၂။ | လိင်တန္ဒား | ၈။ | ထီပုံး | ၁၄။ | နမ့်ပါတက် |
| ၃။ | ထီလုံ | ၉။ | နောင်ဟိုင်းကြီး | ၁၅။ | ထီခွ |
| ၄။ | နောင်လုံ | ၁၀။ | နောင်ဟိုင်းငယ် | ၁၆။ | ထီခေါင်း |
| ၅။ | တပူယွေး | ၁၁။ | ပင်တွန် | ၁၇။ | ထီတိုင် |
| ၆။ | ဒုံအုံ(ဝါးတော) | ၁၂။ | ဖက်ပွဲ | ၁၈။ | မဲတိုင် |

တို့ဖြစ်ပြီး ဧရိယာအကျယ်အဝန်းမှာ (၄၄၈၆၀)ဧက ဖြစ်သည်၊ စတုရန်းမိုင်အနေဖြင့် (၇၀. ၀၉) စတုရန်းမိုင် ရှိသည်။

ထိုကျေးရွာများအနက်

၁။ ကောင်ဝိန်

၂။ လိင်တနျား

၃။ ထီလုံ

၄။ နောင်လုံ

၅။ တပူယွေး

၆။ ဒုံအုံ(ဝါးတော)အစရှိသော ကျေးရွာများကို အဓိကထား၍ ပအိုဝ်းတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို ကွင်းဆင်းလေ့လာခဲ့ပါသည်။ ထိုရွာ(၆)ရွာ၏ အကျယ်အဝန်းသည် တောင်မြောက် အကွာအဝေး (၁)မိုင်ခန့်ရှိပြီး အရှေ့အနောက် အကွာအဝေးသည် မိုင်ဝက်ခန့်ရှိသည်။ဧရိယာစုစုပေါင်း အကျယ်အဝန်းသည် (၄)စတုရန်းမိုင်ခန့်ရှိသည်။

## (၂) မြေမျက်နှာသွင်ပြင်နှင့်သဘာဝပေါက်ပင်

ကျောက်တလုံးတိုက်နယ်ကျေးရွာအုပ်စုသည် တောင်ကြောကြီးတခုပေါ်တွင် တည်ရှိသည်။ ပင်လယ်အထက်အမြင့်ပေ(၄၅၀၂)ရှိသော ကုန်းမြင့်ဒေသဖြစ်သည်။ ချောင်းမြောင်း ပေါများပြီး မြေသြဇာကောင်းမွန်သည်။ တောင်ကြောပေါ်တွင် တည်ရှိသော်လည်း ကျောက်တလုံး ဒေသသည် မဲနယ်တောင်ဒေသကဲ့သို့ တောင်ထိပ် တောင်ကုန်းများ ကွက်ကြားဖြစ်မနေဘဲ မြေညီလွင်ပြင် ဖြစ်သည်။

အေး၍ခြောက်သွေ့သည့်အပြင် ပေ(၄၀၀၀)ကျော်အထက်တွင် တည်ရှိသောကြောင့် သဘာဝပေါက်ပင်အနေဖြင့် ထင်းရှူးတောများကို တွေ့ရသည်။ မြက်ခင်းပြင်များ ဝက်သစ်ချတောများ စွယ်တော်၊ ချယ်ရီ၊ စိန်ပန်းပြာနှင့် ပင်စိမ်းသီးပင်များကို တွေ့ရသည်။ ကျောက်တလုံးဒေသ၏ သဘာဝသစ်ပင်များကို လေ့လာလျှင် သမန္တေးပိုင်း တောင်ပေါ်သစ်တောမျိုးကို တွေ့ရသည်။ ယခုအခါတွင် သဘာဝပေါက်ပင်မှာ တောင်ယာများကြောင့် အတော်ပင်ပြုန်းတီးနေပြီဖြစ်သည်။ထိုသို့သစ်တောများ ပြုန်းတီးမှုကို ပြုပြင်ရန် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကော်မတီတို့ ပူးပေါင်းကာ စီးပွားဖြစ် ထင်းရှူး စိုက်ခင်းကို စီမံကိန်းချ၍ ဆောင်ရွက်ခဲ့သည်။ တောင်ကြီးမြို့နယ် ဟမ်းဆီးကျေးရွာတွင် ထင်းရှူးပျိုးခင်းများကို မြေ(၁၀)ဧက စိုက်ပျိုးထားသည်။ တောင်ကြီး ကျောက်တလုံး ကားလမ်းဘေး ဝဲယာတလျှောက်ရှိ ကျေးရွာများ တွင်လည်း ပျိုးပင်ပေါင်း (၁၀၁၅၀)ပင် စိုက်ပျိုးနိုင်ခဲ့သည်။

သစ်ပင်ကြီးများ၏ သစ်ကိုင်း သစ်ခွများတွင် လှပဆန်းကျယ်သော သစ်ခွပန်းအမျိုးမျိုး

ဖယောင်းပန်းအမျိုးမျိုးနှင့် အခြားပန်းပင်အမျိုးမျိုးကိုလည်း တွေ့ရသည်။ ပူပြင်းလှသော နွေရာသီမှလွဲ၍ ကျန်အချိန်များသည် ကျောက်တလုံးဒေသတခုလုံး စိမ်းလန်းစိုပြေ သာယာစွာရှိပါသည်။ ကျောက်တလုံး ဒေသတွင် သီးသန့်မဟုတ်သော သစ်တောကြိုးဝိုင်းဧရိယာသည် စတုရန်းမိုင်ပေါင်း (၁၂၇၁၇)မိုင် ရှိသည်။

## (၃) ရာသီဥတု

ကျောက်တလုံးတိုက်နယ်ကျေးရွာအုပ်စုသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ '၄၅၀၂'ပေ ရှိသော ကုန်းမြင့်ဒေသဖြစ်သဖြင့် အေးပြီး ခြောက်သွေ့သည် ထင်းရှူးတောများရှိသည်။ ကျောက်တလုံး ဒေသသည် တောင်ကြောပေါ်တွင် တည်ရှိ၍ သမသောရာသီဥတုမျိုး ရှိသည်။ ဇန္နဝါရီလ၊ ဖေဖေါ်ဝါရီလနှင့် မတ်လတို့တွင် မိုးရွာသွန်းမှု အလွန်နည်းပြီး မိုးရာသီဖြစ်သည့် ဇူလိုင်လနှင့် ဩဂုတ်လ တို့တွင် ရွာသွန်းမှု အလွန်များပါသည်။

၁၉၉၇ခု မိုးလေဝသဌာန စာရင်းအရ ဇန္နဝါရီ ဖေဖေါ်ဝါရီလတို့တွင် မိုးရေချိန် (၀)လက်မ ဖြစ်၍ ဇူလိုင်လတွင် (၂၇၈)လက်မ ဩဂုတ်လတွင် (၁၈၉)လက်မ စက်တင်ဘာလတွင် (၁၉၅)လက်မ ရှိသည်။ တစ်နှစ်လုံး ပျမ်းမျှမိုးရေချိန်သည် (၆၀)လက်မနှင့် (၈၀)လက်မ ပတ်ဝန်းကျင်တွင် ရှိပါသည်။ ကျောက်တလုံးဒေသသည် ရှမ်းပြည်နယ်ထဲတွင် ပါဝင်ပြီး တောင်ပေါ်ဒေသ ဖြစ်သောကြောင့် အပူချိန်နည်းပါသည်။ တစ်နှစ်လုံး ပျမ်းမျှအပူချိန်မှာ မျှတပါသည်။ ၁၉၉၇ မိုးလေဝသစာရင်းအရ နွေရာသီဖြစ်သောမတ်လတွင် (၂၀. ၇)စင်တီဂရိတ်။ ဧပြီလတွင် (၂၀. ၂)စင်တီဂရိတ် ဖြစ်ပြီး မေလသည် အပူဆုံးဖြစ်၍ (၂၂. ၈)စင်တီဂရိတ်ရှိပါသည်။ ဆောင်းဥတု နိုဝင်ဘာလ ဒီဇင်ဘာလနှင့် ဇန္နဝါရီလများတွင် အပူချိန်လျော့ပြီး ဆောင်းဥတုတွင် ပျမ်းမျှအပူချိန်သည် (၁၆. ၃)စင်တီဂရိတ် ရှိသည်။ တစ်နှစ်လုံး ပျမ်းမျှအပူချိန်သည် (၁၉. ၉)စင်တီဂရိတ်ရှိပါသည်။

စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြသော ကျေးရွာများဖြစ်ကြသဖြင့် မိုးရွာသီတွင် မိုးရေချိန်များခြင်းသည် ပအိုဝ်းတိုင်းရင်းသားတို့၏ စီးပွားရေးကို အထောက်အကူပြုသည်။ တစ်နှစ်ပတ်လုံး အပူချိန်မျှတသည်။ နွေဥတုသည် နေထိုင်ရန် အကောင်းဆုံးအချိန်ဖြစ်ပြီးဆောင်းဥတု တွင် အအေးလွန်ကဲသည်။

## (၄) လမ်းပန်းဆက်သွယ်ရေး

ကျောက်တလုံးဒေသသည် တောင်ကြီးမြို့နှင့် (၃၃)မိုင်သာ ကွာဝေးသော်လည်း ရှေးယခင်က အသွားအလာ အဆက်အသွယ် မရှိခဲ့သဖြင့် လမ်းမပေါက်ခဲ့ပေ။ တောလမ်းသာ ရှိခဲ့သည်။ ရှေးယခင်က ကျောက်တလုံးမှ တောင်ကြီးသို့လာလျှင် လမ်းတွင် (၂)ညအိပ်ခန့်ကြာကြောင်း ရှေးလူကြီးများက ပြောကြသည်။တစ်ချို့က အင်းလေးဒေသသို့အရင်သွားပြီး အင်းလေးမှတဆင့် ညောင်ရွှေ၊ ညောင်ရွှေမှတဆင့် တောင်ကြီး သို့ လာရသည်ဟု သိရသည်။

ယခုအခါတွင် ကျောက်တလုံးနှင့် တောင်ကြီးသည် ကားလမ်း(ကတ္တရာလမ်း) ခင်းပြီး ဖြစ်၍ (၃၃)မိုင်သာ ကွာဝေးတော့သည်။ နေ့ချင်းပြန် အသွားအပြန် ပြုလုပ်နိုင်ပြီဖြစ်သည်။ ကျောက်တလုံးနှင့် တောင်ကြီးကားလိုင်းတွင် ကား(၂)စီးရှိ၍ နေ့စဉ်ကား(၁)စီး ထွက်ပေးသည်။ တောင်ကြီးနှင့်ကျောက်တလုံးသည် (၂)နာရီ မိနစ်(၃၀)ခန့်သာ အချိန်ကြာပါသည်။ ခရီးသည် တစ်ယောက်လျှင် ကားခ (၁၅၀)ကျပ်မှ (၂၅၀)ကျပ် အထိ ပေးရသည်။ လိုင်းကားသည် နံနက်(၈း၀၀)နာရီတွင် ကျောက်တလုံးမှ ထွက်သည်။ နေ့လည်(၂း၀၀)နာရီတွင် တောင်ကြီးမှ ကျောက်တလုံးသို့ ပြန်ထွက်သည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသောကြောင့် ကျောက်တလုံးဒေသသည် ပိုမို ဖွံ့ဖြိုးတိုးကက်လာသည်။ ၁၉၉၄-၉၅ခု ဘဏ္ဍာရေးနှစ်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ကျပ်ငွေ(၇၀)သိန်း ချမှတ်ပေးခဲ့သည်။ အမှတ်(၉၀၃) စစ်မြေပြင်တပ်ရင်းမှ ကြီးကြပ်၍ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်နှင့် ပူးပေါင်းကာ ကျောက်တလုံးနှင့် ပင်တွန်လမ်းအရှည်(၇မိုင်၃ဖာလုံ)ကို ဖောက်လုပ်လျှက်ရှိသည်။ လမ်း၏ (၅၀)ရာခိုင်နှုန်းကျော် ပြီးစီးပြီးဖြစ်သည်။ ထို့အပြင် ၁၉၉၄-၉၅ ဘဏ္ဍာရေးနှစ်အတွက် ကျပ်(၅၀)သိန်း၊ ၁၉၉၅-၉၆ ဘဏ္ဍာရေးနှစ်အတွက် (၂၀၄)သိန်း၊ ၁၉၉၆-၉၇နှစ်အတွက် ကြိုတင်ငွေကျပ် (၁၀)သိန်းတို့ဖြင့် ကျောက်တလုံးနှင့် နောင်တရားလမ်း (၃၆မိုင်၄ဖာလုံ)ကို ဖောက်လုပ်ရာ လမ်း၏ (၆၀)ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရပါသည်။

ဖာမွန်း၊ ဘန်းယဉ်မီးရထားလမ်းကို မြန်မာ့မီးရထားဝန်ကြီးဌာနက ၄-၆-၉၆နေ့တွင် ဖွင့်လှစ်ခဲ့သည်။

ထိုရထားလမ်းခရီးဖြင့် တောင်ကြီးမှ နောင်ကားအထိသွားပြီး နောင်ကားမှ ကျောက်တ

လုံးသို့ ကားလမ်းဖြင့် သွားနိုင်သည်။ ဟမ်းဆီးနှင့် ကျောက်တလုံးသည် (၁၂)မိုင်သာ ကွာဝေးသည်။ ကျောက်တလုံးမှ ဟမ်းဆီးသို့ ကားလမ်းဖြင့် သွားပြီး ဟမ်းဆီးမှ တဆင့် ဆိုက်ခေါင် ဆီဆိုင် သို့လည်းကောင်း၊ ပုန်းအင်းဒေသ နောင်မွန်သို့လည်းကောင်း၊ ပုံးပြွမ်းနမ်းခုတ်သို့လည်းကောင်း၊ ထီးရီးကားလမ်း လှည်းလမ်းမှတဆင့် အင်းအထူးဒေသသို့ သွားနိုင်သည်။ တောင်ကြီးမှ ကျောက်တလုံး သည် ခရီးအနေဖြင့် သိပ်မဝေးကွာလှသော်လည်း လမ်းပန်းအဆက်အသွယ် မချောမွတ်သေးသဖြင့် အချိန်ကြန့်ကြာနေသေးသည်။ သို့သော် ပြုပြင်တိုးတက်မှုများ တဖြည်းဖြည်းလုပ်လာရာ နောင်အခါတွင် ကျောက်တလုံးဒေသသည် အဖက်ဖက်မှ တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် တစ်ရွာနှင့်တစ်ရွာ သွားလာရာတွင် ရွာချင်း အလှမ်း ဝေးသည့်အပြင် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သေးသောကြောင့် နွားလှည်း မြင်းလှည်းတို့ကို အသုံးပြုနေရသေးသည်။ ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင်လည်း နွားလှည်း မြင်းလှည်းတို့ကို အသုံးပြုနေရသေးသည်။ ကျောက်တလုံးဒေသတွင် လမ်းပန်းဆက်သွယ်ရေးနှင့် ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် နွားလှည်း မြင်းလှည်းအပြင် ထော်လာဂျီကိုလည်း အသုံးပြုကြသည်။

## (၅) အိမ်ခြေ၊လူဦးရေနှင့်အိမ်ပုံစံ

ကျောက်တလုံးဒေသရှိ ကျေးရွာများတွင် ပအိုဝ်းတိုင်းရင်းသားများသာ အများဆုံး နေထိုင်၍ မြန်မာနှင့်အင်းသားတိုင်းရင်းသားတို့ကိုလည်းအနည်းငယ်တွေ့ရသည်။ ကျောက်တလုံး တိုက်နယ် ကျေးရွာတစ်ခုလုံးအနေဖြင့် ၁၉၉၃ခု လူဦးရေစာရင်းအရ အိမ်ခြေ(၁၄၀၀)ရှိသည့်အနက် (၁၃၀၀)မှာ ပအိုဝ်းတိုင်းရင်းသားများဖြစ်၍ လီဆူးတိုင်းရင်းသား အနည်းငယ်ကိုလည်း တွေ့ရသည်။ နယ်လှည့်ဖွံ့ဖြိုးရေး အခြေစိုက်စခန်း၏ ကွင်းဆင်းစစ်ဆေးမှု အစီရင်ခံစာအရ ၁၉၉၇ခုနှစ် ဇန္နဝါရီလတွင် ကျောက်တလုံးကျေးရွာအုပ်စုတွင် အိမ်ခြေ(၁၀၀၀)ခန့်ရှိပြီး နေထိုင်သူအားလုံးသည် ပအိုဝ်း တိုင်းရင်းသားများ ဖြစ်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများ ဖြစ်ကြသည်။ အင်းသားတိုင်းရင်းသားနှင့် မြန်မာတိုင်းရင်းသားတို့ကား ဈေးနေ့တွင် ဈေးလာရောင်းသူများ အစိုးရဝန်ထမ်းအဖြစ် လာရောက် နေထိုင်သူများကို တွေ့ရသည်။

လူဦးရေအနေဖြင့် ၁၉၉၃ခု လူဦးရေစာရင်းအရ ကျောက်တလုံးတိုက်နယ်ကျေးရွာတွင် ယောကျ်ား(၄၁၇၅)ယောက်၊ မိန်းမ(၄၂၂၇)ယောက်ရှိပြီး စုစုပေါင်းလူဦးရေ(၈၄၀၂)ယောက် ရှိသည်။

၁၉၉၇ခုနှစ် စာရင်းအရ ယောကျ်ား(၃၁၁၉)ယောက်ရှိပြီးမိန်းမဦးရေ(၃၆၆၅)ယောက်ရှိရာ စုစုပေါင်း လူဦးရေ (၆၇၈၄)ယောက်ရှိသည်ကို သိရသည်။

အဓိကထား လေ့လာခဲ့သော ကျေးရွာ(၆)ရွာ၏ လူဦးရေနှင့် အိမ်ခြေစာရင်းမှာ ၁၉၉၇ခုနှစ် စာရင်းအရ

| ကျေးရွာအမည် | အိမ်ခြေအရေအတွက် | အမျိုးသားဦးရေ | အမျိုးသမီးဦးရေ | စုစုပေါင်းလူဦးရေ |
|---|---|---|---|---|
| ဒုံအုံ(ဝါးတော) | ၁၅၀ | ၄၅၀ ယောက် | ၅၄၀ ယောက် | ၉၉၀ ယောက် |
| ကောင်ဝိန် | ၄၉ | ၁၁၂ ။ | ၁၅၀ ။ | ၂၆၂ ။ |
| လိင်တနျား | ၃၇ | ၉၈ ။ | ၁၆၀ ။ | ၂၅၈ ။ |
| ထီလုံ | ၄၈ | ၁၆၀ ။ | ၁၀၂ ။ | ၂၆၂ ။ |
| နောင်လုံ | ၆၀ | ၂၄၀ ။ | ၁၃၂ ။ | ၃၇၂ ။ |
| တပူယွေး | ၁၅ | ၄၀ ။ | ၅၀ ။ | ၉၀ ။ |

ပအိုဝ်းတိုင်းရင်းသားတို့သည် အိမ်ဆောက်ရာ၌ သဘာဝအလျောက် ပေါက်ရောက်သော ပစ္စည်းများဖြစ်သည့်သစ်များ ဝါးများကို အသုံးပြုကြသည်။ သက်ကယ်ကိုလည်း အသုံးပြုကြသည်။ အများဆုံး အသုံးပြုသော သစ်များမှာ ထင်းရှူး၊ ချယ်ရီ၊ ပိတောက်၊ သစ်ယာ၊ အင်၊ အင်ကြင်း၊ ပျဉ်းကတိုးနှင့် ကျွန်းတို့ဖြစ်သည်။ အများအားဖြင့် သစ်များကို သစ်တောကြိုးဝိုင်းမှ ခုတ်ယူခြင်း မျိုး မဟုတ်ဘဲ သစ်တောကြိုးဝိုင်း မဟုတ်သော သဘာဝအလေ့ကျပေါက်သော သစ်တောများမှ သစ်များကို ကိုယ်တိုင် ခုတ်ထစ် ခွဲစိတ် အသုံးပြုကြသည်။ မြို့နေ ပအိုဝ်းအချို့တို့သာလျှင် သစ်ကို ဝယ်ယူ၍ အိမ်ဆောက်လုပ်ကြသည်။

အချို့ပအိုဝ်းတိုင်းရင်းသားတို့သည် အိမ်ဆောက်ရန်၊ အိမ်ကာရန် ပျဉ်များကို ခွဲစိပ်ရာတွင် ပုဆိန်ကို အသုံးပြုကြသည်။ လက်ဖြင့်သာ ခွဲစိပ်ရသဖြင့် မတွင်ကျယ်ပေ။ သစ်သားကို ပုဆိန်ဖြင့် ခွဲရာတွင် ညီညီညာညာကွဲစေရန် ဂါထာဖြင့် မန်းမှုတ်ထားသောရေကို လောင်းပေးရသည်။ ဤသို့ဂါထာဖြင့် မန်းမှုတ်ထားသောရေဖြင့် လောင်းပါက သစ်သားကို မိမိတို့လိုချင်သကဲ့သို့ ညီညီညာညာ ကွဲစေသည်ဟု ယူဆကြသည်။


ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် တပေါင်းလ၊ ကဆုန်လနှင့် ပြာသိုလတွင် အိမ်ဆောက်ကြသည်က များသည်။ ဗေဒင်ဆရာက လကောင်း၊ လမြတ်၊ ရက်ကောင်း၊ ရက်မြတ် ရွေးပေးကြရသည်။ ဗေဒင်ဆရာကို အိမ်ဆောက်သူက စေတနာရှိသလောက် ပစ္စည်း ငွေကြေးတို့ကို လင်ပန်း (သို့မဟုတ်) ပန်းကန်ထဲထည့်ပြီး ကန်တော့ရသည်။

ပန္နက်ချသောအခါ ငှက်ပျောသီးစိမ်းတစ်ဖီး၊ အုန်းသီးစိမ်းတစ်လုံး၊ ပိတ်ဖြူ ပိတ်နီနှင့် ဆန်တစ်ပြည်၊ ပရိတ်ပန်း၊ ပိုက်ဆံတို့ ထည့်ထားသော ကန်တော့ပွဲကို လက်သမားအား အပ်ရသည်။ လက်သမားက ပန္နက်ချပေးရသည်။ အိမ်သည် တောင်တန်းရှိလျှင် တောင်နှင့်အိမ်ကို အပြိုင် ဆောက်ကြသည်။တစ်အိမ်၏အိမ်ခေါင်နှင့် တခြားတစ်အိမ်၏အိမ်ခေါင်တို့ ထိပ်တိုက်မဖြစ်စေဘဲ ပြိုင်နေ သည်က များ၏။


အိမ်တိုင်ကို အင်၊ အင်ကြင်း၊ ပျဉ်းကတိုးတို့ အများဆုံး သုံးကြသည်။ ဆောက်မည့် အိမ်၏ အရှေ့မြောက်ဘက်မှ ထိပ်ဆုံးတိုင်ကို ဦးစွာထူရ၏။ တိုင်ထူသောအခါ သပြေပန်း၊ မြေဇာနှင့် ပိတ်နီ၊ ပိတ်ဖြူ အုန်းသီးတို့နှင့် ကန်တော့ပွဲပေးရ၏။

လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)ကျော် စော်ဘွားခေတ်ကာလက ပအိုဝ်းတိုင်းရင်းသား တို့၏ အိမ်သည် အဖီမချဘဲ ခေါင်စုသော မြောက်စုအိမ်မျိုးသာ ဆောက်ကြသည်။ အိမ်ဘေးအကာနှင့် အမိုးအကာသည် တစ်ဆက်တည်းဖြစ်ပြီး မြေကြီးထိလုမတတ် ဖြစ်နေ၏။ ဝင်ပေါက်အဖြစ် တံခါးမကြီး တစ်ပေါက်သာ ရှိ၏။ ခေါင်စောက်အိမ်မျိုးဖြစ်ကာ ခါးတိုပြီး ပြူတင်းပေါက်မရှိပေ။ ပြူတင်းပေါက် မရှိခြင်းမှာ ပအိုဝ်းတိုင်းရင်းသား တို့ နေထိုင်ရာဒေသသည် အလွန်အေးသောကြောင့် အိမ်တွင်း၌ နွေးထွေးစေရန် ရည်ရွယ်သည့်အပြင် ယင်းအိမ်ကို အမှောင်ချထားခြင်းဖြင့် အပြင်ကလူသည် အတွင်းသို့ မမြင်နိုင်ဘဲ အိမ်တွင်းမှ လူကသာလျှင် အပြင်ကို မြင်နိုင်စေရန်အတွက်ဖြစ်သည်။

ရှေးက ပအိုဝ်းတိုင်းရင်းသားတို့၏ အိမ်သည် သုံးပင် လေးပင်အမျိုးအစားဖြစ်ကာ မီးဖိုခန်းအပါအဝင် အိပ်ခန်း(၁)ခန်းနှင့် ဧည့်ခန်း(၁)ခန်း စုစုပေါင်း (၂)ခန်းသာ ပါသည်။ ယခုအခါ ငါးပင်အိမ်များအထိ ဆောက်ကြပြီး အိပ်ခန်း၊ ဧည့်ခန်းနှင့် မီးဖိုခန်းဟူ (၃)ခန်းခွဲထားကြသည်။ ဒေါက်ဆင့်ကို မြင့်မြင့်ဆောက်ကာ ကျွဲ နွား များမွေးထားခြင်း၊ ကြက်သွန်ဖြူဖြန့်ထားခြင်း၊ စပါး၊ ငရုပ်သီး စသဖြင့် ပစ္စည်းများကို ထားကြသည်။ ဘုရားစင်ကို မည်သည့်အရပ် မည်သည့်နေရာမဆို ထားခွင့်ရှိသော် လည်း ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် အရှေ့ဘက်တွင် ဘုရားစင်ထားသည်က



ရှေး — အိမ်ပုံစံ



ယခုခေတ်အိမ်ပုံစံ

များ၏။ ဘာသာရေးကိုင်းရှိုင်းသော တိုင်းရင်းသားများ ဖြစ်သည့်အလျောက် အိမ်တိုင်းတွင် နံရံပေါ်တွင် ဘုရားစင်ကို ကပ်လျှက်ဆောက်ပြီး ခမ်းနားသပ်ရပ်စွာဖြင့် ပြင်ဆင်ထားသည်ကို တွေ့ရ၏။

မီးဖိုကို အိမ်ပေါ်တင်ထားခြင်းဖြင့် မီးဖိုမှ မီးခိုး၊ မီးတောက်များသည် ကြပ်ခိုးဖြစ်ကာ ကြပ်ခိုးသည် ဝါးနှင့် သက်ကယ်တို့ကို တစ်နေ့တစ်ခြား စွဲကပ်စေပါသည်။ ကြပ်ခိုးသည် သက်ကယ်ကို မိုးရေဒဏ် ခံနိုင်စေခြင်းနှင့် ဝါးကို ပိုးထိုးခြင်းတို့မှ ကာကွယ်ပေးသဖြင့် ဝါးနှင့် သက်ကယ်သည် တာရှည်စွာ ခံသည်ဟု ယူဆကြသည်။ မီးဖိုပေါ်တွင် မျက်နှာကျက်မှ ချထားသော ကြပ်ခိုးစင် ရှိပြီး ငရုပ်သီး၊ ပဲပုပ်၊ ဆားတို့ကို တင်ထားကြသည်။တောင် ယာအလုပ်ခွင်မှ ပြန်လာသော ပအိုဝ်းတိုင်းရင်းသား မိသားစုတို့သည် မီးဖိုဘေးတွင် ဝိုင်းဖွဲ့ကာ မီးလှုံရင်း အနားယူတတ်ကြသည်။ အိမ်သို့လာလည်သော ဧည့်သည်များသည်လည်း မီးဖိုဘေးတွင် အတူထိုင်ကာ မီးလှုံကြသည်မှာ ပအိုဝ်းတို့၏ ရိုးရာဧည့်ခံနည်းပင် ဖြစ်သည်။ အိမ်ကို တောင်နှင့်မြောက် ဆောက်လျှင် မီးဖို၏ မြောက်ဘက်တွင် အိမ်ရှင် အဖေနှင့်အမေ၊ အနောက်ဘက်တွင် သားသမီးများ ကျန်အရှေ့ဘက်နှင့် တောင်ဘက်တွင်ဧည့်သည်များ ထိုင်ကြသည်။ ထိုသို့ အယူရှိကြသော်လည်း ယခုအခါတွင် နေရာအတည်တကျထိုင်ခြင်းမရှိတော့ပေ၊ နေရာမှား၍ ထိုင်ခြင်းအတွက် လျော်ကြေး[၁] ပေးရခြင်းလည်းမရှိတော့ပေ။

ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့အိမ်၏ ခေါင်ရင်းတွင် တဲလာဆောက်ကြသည်ကို မကြိုက်ကြပေ။ အိမ်၏အနောက်တွင်သာ တဲဆောက်ကြသည်။ လှေကားထစ်ကို စုံဂဏန်း၊ မဂဏန်း သတ်မှတ်ထားခြင်း မရှိသော်လည်း ကျောက်တလုံးဒေသတွင်မူ မ ဂဏန်းသာ အများဆုံး လုပ်ကြသည်။ အိမ်၏ဒိုင်းကိုမူ ၇စုံ၊ ၉စုံ၊ ၁၁စုံ အစရှိသဖြင့် မ ဂဏန်းကိုသာ လုပ်ကြ၏။ သက်ကယ်မိုးရာတွင်လည်း အမိုးတန်းကို မ ဂဏန်းသာ လုပ်ကြ၏၊ အိမ်နံရံကာရာတွင် ဘေးပတ်ပတ်လည်ကာရ၏။ အရှေ့တောင်၊ အနောက်မြောက်ဟူ၍ ပတ်လည်ကာရ၏။ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်ဟူ၍ မျဉ်းပြိုင်မကာ ရပေ။ မျဉ်းပြိုင်ကာပါက အခေါင်းပုံစံနှင့် တူသည့်အတွက် မလုပ်ကောင်းဟု ပအိုဝ်းတိုင်းရင်းသားတို့သည် ရှေးကပင်အယူရှိခဲ့သည်။

---

၁။ Payment of a Fine

အိမ်၏ဘေးနှစ်ဖက်တွင် ထုခေါ် အဖီထုတ်ထားကြသည်။ ထိုအဖီတွင် သနပ်ဖက်လှော်ရန် သနပ်ဖက်ဖိုတဲများထားလေ့ရှိသည်။ အိမ်ပတ်ဝန်းကျင် ခြံထဲတွင် အိမ်သုံး ဟင်းသီးဟင်းရွက်နှင့် အသီးအပင်များစိုက်ပျိုးကြသည်။ ကိုယ့်အိမ်နှင့်ကိုယ့်ခြံဝင်းရှိကြပြီး အိမ်ခြေမစိတ်ပေ။

ယခုအခါတွင် ကျောက်တလုံးဒေသသည် စီးပွားရေး တိုးတက်လာသည့်အပြင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ စံပြတိုက်နယ် ကျေးရွာဖြစ်ခြင်းတို့ကြောင့် ခေတ်မီတိုးတက်လာကြရာ တိုက်ခံသွပ်မိုးအိမ်များကို တွေ့ရ၏။ နှစ်ဆောင်ပြိုင်အိမ်များကို ဆောက်လာကာ အခန်းတိုင်းတွင် လေဝင်လေထွက်ကောင်းစေရန် ပြူတင်းပေါက်များ ဖောက်လာကြသည်ကို တွေ့ရ၏။

# အခန်း ၂။

## ဘာသာစကား၊ ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာနှင့် ဝတ်စားဆင်ယင်ပုံ

### (က) ဘာသာစကား

လူသားတို့သည် ရှေးကျသောဘဝမှ[၁] ယဉ်ကျေးသောလူ့ဘဝသို့ ရောက်ရှိလာရသည့် အကြောင်းရင်းများတွင် လူတို့၏အသံကို အသုံးပြု၍ ဘာသာစကားဖြစ်ပေါ်လာခြင်းသည် အရေးကြီးသော အကြောင်းတစ်ချက်ဖြစ်သည်။ လူ့အဖွဲ့အစည်းသည် အသက်ဝင်လှုပ်ရှားပြီး ရှင်သန်ကြီးထွားတိုးတက်လာရခြင်းမှာ ဘာသာစကားပေါ်ပေါက်လာသောကြောင့် ဖြစ်သည်။ ဘာသာစကားဖြင့် လူသားတို့သည် သားစဉ်မြေးဆက်အထိ အလိမ္မာတရားကို လက်ဆင့်ကမ်း၍ သယ်ဆောင်လာခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦးသော်လည်းကောင်း၊ တစ်ဦးနှင့်အများသော်လည်းကောင်း လူလူချင်းဆက်သွယ်ရာတွင် ဘာသာစကားကဲ့သို့ ထက်မြက်ထိရောက်သော ကရိယာ မရှိသေးဟု ပညာရှင်တို့က ဆိုကြသည်။

လူမျိုးတစ်မျိုး၏ ဂုဏ်အင်္ဂါ၊ လက္ခဏာရပ်တို့တွင် သီးခြားဘာသာစကားရှိခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ပအိုဝ်းဘာသာစကားသည် ရှေးပအိုဝ်းအမျိုးသားဘိုးဘွား မိဘများထံမှ လက်ဆင့်ကမ်းခဲ့ခြင်းဖြစ်သည်။ ထိုဘာသာစကားထဲတွင် ယဉ်ကျေးမှုများ၊ ယုံကြည်ကိုးကွယ်မှုများနှင့် အသိအလိမ္မာ တရားများပါရှိသည်။

ဘာသာဗေဒ ဆန်းစစ်ချက်အရ ပျူဘာသာစကားသည် အဆုံးသတ်ဗျည်းမဲ့၍ သံနေသံထား(၈)ခုခန့်ရှိသော တိဗက်မြန်မာဘာသာမျိုး ဖြစ်သည်။[၂] ယနေ့ မျက်မှောက်ခေတ်တွင် ပအိုဝ်းတိုင်းရင်းသားတို့ ပြောဆိုသုံးစွဲသော ပအိုဝ်းဘာသာစကားတွင်လည်း သံနေသံထား(၈)ခု ရှိသည်။ ထို့ကြောင့် ပအိုဝ်းဘာသာစကားကို ရှေးဟောင်း ပျူသာသာစကားနှင့် ဆက်စပ်ဖော်ပြ၍ ရနိုင်သည်ဟု ပအိုဝ်းသာသာစကားနှင့် စာပေသုတေသီများက ယုံကြည်ယူဆကြသည်။

---

၁ Primitive Life

၂ ဖေမောင်တင် ၊ ဦး။ ဘာသာလောကကျမ်း

ပအိုဝ်းသာသာစကား၏ ဇယားပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

မွန်ဂိုးလီးယန်းဘာသာမိသားစု

တိဗက်တရုတ်မျိုးရိုး　　　　သြစတြစ်မျိုးရိုး

မန်မျိုးခွဲ၊ ကရင်မျိုးခွဲ၊ ရှမ်းတရုတ်မျိုးခွဲ၊ တိဗက်မြန်မာမျိုးခွဲ

(၁) စဂေါ

(၂) ပကူး

(၃) ဝဲဝေါ

(၄) ပိုး

(၅) ကရင်ဖြူ

(၆) ဘွဲ့

(၇) မိုနဲဘွား

(၈) ပိုးပွားဒေသန္တရများ

(၉) ပရက်

(၁၀) ကယားဒေသန္တရများ

(၁၁) ပဲဒေါင်

(၁၂) ယင်းဘော်ကဲခို

(၁၃) တောင်သူ(ပအိုဝ်း)ဒေသန္တရများနှင့်

(၁၄) ဇယိဒေသန္တရ များပါဝင်သည်။

ပအိုဝ်းဘာသာစကားသည် မွန်ဂိုးလီးယန်းဘာသာမိသားစုမှ တိဗက်တရုတ်မျိုးရိုးတွင်းရှိ ကရင်မျိုးကွဲတွင်ပါဝင်ကြောင်း သိရသည်။[၁] တိဗက် တရုတ်မျိုးရိုးတွင်းရှိ တိဗက်မြန်မာအနွယ်နှင့် ထိုင်းတရုတ်အနွယ်ဟူ၍ရှိရာ ပအိုဝ်းဘာသာစကားသည် တိဗက်မြန်မာအနွယ်တွင် ပါဝင်ကြောင်း သိရသည်။[၂]

---

၁ ဖေမောင်တင်၊ ဦး ဘာသာလောကကျမ်း စာမျက်နှာ(၁၃)

၂ ဘရှင်၊ ဗိုလ်မှူး မြန်မာအစုဝင်ဘာသာစကားများဇယား

ဘာသာစကားသံများကို လေ့လာကြည့်ပါက အခြေခံအားဖြင့် သရသံနှင့် ဗျည်းသံဟူ၍ အသံနှစ်မျိုးနှစ်စား တွေ့ရသည်။ ပအိုဝ်းဘာသာစကားတွင် အသုံးပြုသော သရသံတို့မှာ (၁၂)လုံးရှိသည်။ ယင်းတို့မှာ အ၊ အာ၊ အိ၊ အီ၊ အု၊ အူ၊ အေ၊ အယ်(အဲ)၊ အော်၊ အို(အယ်)၊ အုံ၊ အဝ်(အောဝ်)တို့ဖြစ်သည်။

ဘာသာဗေဒပညာရပ်ကို

(၁) ဝေါဟာရအားဖြင့်သော်လည်းကောင်း၊ သဒ္ဒါနည်းအားဖြင့်သော်လည်းကောင်း၊ မျိုးရိုးဇာတိအားဖြင့်သော်လည်းကောင်း ဆက်စပ်တူညီသော ဘာသာစကားကို နှိုင်းယှဉ်လေ့လာသော ဇာတိဗေဒနည်း။

(၂) ဘာသာစကားအသီးသီး၏ စကားလုံးဖွဲ့စည်းပုံ၊ စကားစုဖွဲ့စည်းပုံနှင့် ဝါကျတည်ဆောက်ပုံတို့ကို အမှီပြု၍ လေ့လာသော ဗဒ္ဓနဗေဒနည်း ဟူ၍ နှစ်နည်းဖြင့်လေ့လာနိုင်သည်။

ဘာသာစကားကို စကားလုံးဖွဲ့စည်းပုံနှင့် ဝါကျတည်ဆောက်ပုံကို အမှီပြု၍ ဗဒ္ဓနဗေဒနည်းဖြင့် (၄)မျိုးခွဲခြားထားသည်။

(၁) ဧကဝဏ္ဏတသီးပုဂ္ဂလနေရာရွေး ဘာသာစကား

(၂) ကိုယ်တွင်းပြည့်ဘာသာစကား

(၃) ပူးတွဲဘာသာစကား

(၄) ရုပ်ပြောင်းဝိဘတ်သွယ်ဘာသာစကားဟူ၍ ဖြစ်သည်။[၁]

ဘာသာစကားမျိုးတွင် စကားတစ်လုံးလျှင် အသံတစ်ချက်ထွက်ပြီး အဓိပ္ပါယ်ရှိသော ဘာသာစကားသည် ဧကဝဏ္ဏဘာသာစကားမျိုး ဖြစ်သည်။ အသွင်မပြောင်းဘဲ တသီးပုဂ္ဂလ တည်ရှိနေနိုင်သောကြောင့် တသီးပုဂ္ဂလဘာသာစကား ဖြစ်သည်။ စကားလုံး ဖွဲ့ပုံဖွဲ့နည်းနှင့် ဝါကျတည်ဆောက်ပုံ ဗန္ဓနဗေဒနည်းအရ ပအိုဝ်းဘာသာစကားတွင် စကားတစ်လုံးလျှင် အသံတစ်ချက်ထွက်ပြီး အဓိပ္ပါယ်ရှိခြင်း၊ အသွင်မပြောင်းလဲဘဲ တသီးပုဂ္ဂလ တည်ရှိနေနိုင်ခြင်းနှင့် အသွင်မပြောင်းလဲဘဲ တည်နေရာကိုလိုက်၍ ဝါကျ၏ အဓိပ္ပါယ်ကို နားလည်နိုင်ခြင်းဟူသော လက္ခဏာ များရှိသောကြောင့် ပအိုဝ်းဘာသာစကားသည် ဧကဝဏ္ဏတသီးပုဂ္ဂလ နေရာရွေးဘာသာစကား ဖြစ်ကြောင်းသိရသည်။

---

၁ ဖေမောင်တင်၊ ဦး ဘာသာလောကကျမ်း

ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့၏ ဘာသာစကားသည် ကရင်ဘာသာစကားနှင့် နီးစပ်သည်ကို တွေ့ရသည်။ ပျူဘာသာစကားနှင့် ဆက်စပ်သည်ကိုလည်း တွေ့ရသည်။ ပအိုဝ်းဘာသာစကားတွင် ပါဠိဘာသာစကားများ၊ ပေါရာဏစကားများအပြင် မြန်မာစကားနှင့်ဆင်တူအသံကွဲသောစကားလုံးများ များစွာပါဝင်သည် ကိုတွေ့ရသည်။ ပအိုဝ်းဘာသာစကားတွင် စကားပြောရာတွင်ဖြစ်စေ၊ စာဖတ်ရာတွင်ဖြစ်စေ။ ရ ကို ( R )သံပါအောင်၊ သ ကို ( S )သံပါအောင် ပြောကြ ဖတ်ကြသည်။ တစ်ခုသော သရကို အခြေခံ၍ အသတ်ဗျည်း(က်၊ င်၊ တ်၊ န်၊ ပ်၊ မ်)တို့နှင့် စာလုံးပေါင်းသည့်အခါ ပအိုဝ်းဘာသာစကားတွင် အသတ်ဗျည်း၏ မတြာဝက်အသံ ပီပီသသ ရှိသည်။ အသတ်ဗျည်း၏ မတြာဝက်အသံထွက် လွဲမှားရုံနှင့်ပင် အဓိပ္ပါယ်နားလည်မှု မှားနိုင်သည်။

## (ခ) ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာနှင့် ဝတ်စားဆင်ယင်ပုံ

### (၁) ရုပ်ပိုင်းဆိုင်ရာသွင်ပြင်လက္ခဏာ

ပအိုဝ်းတိုင်းရင်းသားတို့သည် အများအားဖြင့် ရုပ်ပိုင်းအသွင်အပြင် တစ်ဦးနှင့်တစ်ဦး တူညီကြသည်ကို တွေ့ရသည်။ အမျိုးသားအမျိုးသမီးတို့၏ မျက်နှာပုံပန်းသည် အများအားဖြင့်ဝိုင်းပြီး မေးရိုးကားသောကြောင့် လေးထောင့်ခပ်ကျကျ ပုံစံဖြစ်သွားသည်။ မျက်စေ့အနေအထားမှာ မကျဉ်းမကျယ် အနေတော်ဖြစ်ပြီး မျက်စေ့ပြူးသူ နည်းသည်။ မျက်ရစ်ပေါ်လွင်ပြီး မျက်စေ့အရောင်မှာ အညိုရောင်နှင့် အမဲရောင် ဖြစ်သည်။ နှာတံပေါ်သူများပြီး နှာခေါင်းပြားသူနည်းကာ နှာခေါင်းအနည်းငယ်ကြီးကြ၏။ အများအားဖြင့် နှုတ်ခမ်းမထူမပါးဖြစ်ပြီး တချို့က နှုတ်ခမ်းအနည်းငယ်ထူကြသည်။ အသားအရောင်မှာ အသားဝါ၊ အသားလတ်နှင့် အသားညိုသူများ ဖြစ်ကြသည်။ ဆံပင်အရောင်မှာ မဲနက်ပြီး ဖြောင့်တန်းသန်မာ ကြသည်။ ဆံပင်ကောင်းကြသည်။ ဆံပင်ကောက်သူအနည်းငယ်သာရှိသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် စိုက်ပျိုးရေးလုပ်ငန်း လုပ်သူများ ဖြစ်သည့်အလျောက် နေ့စဉ်ကာယလုပ်အားကို အသုံးပြုရသည့်အတွက် ကိုယ်ခန္ဓာ ထွားကျိုင်းကြသည်။ ပိန်ပါးသေးသွယ်သူ အနည်းငယ်သာ တွေ့ရသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ကျန်းမာသန်စွမ်းကြသည်။ အမျိုးသမီးများမှာ အရပ်၄ပေ၁၀လက်မမှ ၅ပေ၂လက်မ၊ ၅ပေ၃လက်မအထိ ရှိကြပြီး အမျိုးသားများမှာ ပျမ်းမျှအားဖြင့် အရပ်၅ပေမှ ၅ပေ၆လက်မအထိရှိတတ်ကြသည်။

## (၂) ဝတ်စားဆင်ယင်ပုံ

ပအိုဝ်းတိုင်းရင်းသားတို့၏ အမျိုးသားဝတ်စုံမှာ အနက်ရောင်ဖြစ်သည်။ အနက်ရောင်ကို ဝတ်ဆင်ကြခြင်းမှာ အပူကို စုပ်ယူနိုင်ခြင်း၊ ပေရေစွန်းထင်းမှု သက်သာခြင်း၊ အေးမြသော ရာသီဥတု ဒဏ်ကို ခံနိုင်ခြင်း တို့ကြောင့် ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် များသောအားဖြင့် မြင့်မားသော တောင်ထိပ်များတွင် နေထိုင်ကြသဖြင့် အအေးလွန်ကဲသော ရာသီဥတု၏ဒဏ်ကိုခံရသည်။ အနက်ရောင်ကို ဝတ်ဆင်ထားခြင်းဖြင့် အပူစုပ်ပြီး ရာသီဥတုဒဏ်ခံနိုင်သည်။ ပအိုဝ်းတိုင်းရင်းသား တို့သည် များသောအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသူများ ဖြစ်သဖြင့် အနက်ရောင်သည် ရွှံ့များ မြေများ ပေကျံမှုများကို အခြားအရောင်များထက် သက်သာစေသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့၏ အမျိုးသားဝတ်စုံသည် အနက်ရောင် ဖြစ်သည်။

### အင်္ကျီ

ရှေးပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့၏ ဝတ်စုံကို ကိုယ်တိုင်ရက်လုပ် ဆေးဆိုး ကြသည်။ သို့သော် ယခုအခါ ရှေးကကဲ့သို့ ပင်ပန်းစွာ ဆေးဆိုးမယူရတော့ဘဲ အနက်ရောင် အထည်များ ကို အလွယ်တကူ ဝယ်ယူနိုင်ပြီ ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ပွဲနေပွဲထိုင် ဝတ်စုံများကိုလည်း အနက်ရောင်ဖြင့်သာ ချုပ်လုပ်ဝတ်ဆင်ကြသည်။ ပွဲနေပွဲထိုင်ဝတ်စုံကို အဖိုးထိုက် တန်သော အမျိုးအစား များ အထူးသဖြင့် သက္ကလပ်အနက်ကို ဝတ်ဆင်ကြသည်။ ရှေးက ပအိုဝ်းတိုင်း ရင်းသားတို့သည် အနက်ရောင် ပိုး ဖဲများကို ဝတ်ဆင်ခဲ့ကြသည်။ အမျိုးသားဝတ်စုံမှာ ကလေးအရွယ်တွင် ရှပ်အင်္ကျီ အဖြူဖြစ်စေ၊ ရှပ်အင်္ကျီအကွက်ဆင်တို့ကို ဖြစ်စေ ဘောင်းဘီရှည်ပွအနက်ဖြင့် တွဲ၍ ဝတ်ဆင် ကြသည်။ ကလေးများအား အများအားဖြင့် ငွေဒင်္ဂါးများကို ဖောက်၍ ကြိုးဖြင့်သီကာ လည်ပင်းတွင် ဆွဲပေးကြသည်။ ဘိနပ်ကို အမြစီးလေ့မရှိဘဲ အပြင်သွားလာသည့်အခါသာ ဘိနပ်စီးကြသည်။ ကလေးများ၏ ဆံပင်ကို ကတုံးဆံတောက်ပုံစံ ညှပ်ပေးကြသည်။ ရှေးက ပအိုဝ်းအမျိုးသားတို့သည် ဆံပင်ရှည်ပြီး သျှောင်တုံး ထုံးကြသည်။ ယခုအခါ ပအိုဝ်းအမျိုးသားတို့သည် ခေတ်အလိုက် ဆံပင်ပုံစံများ ထားကြသည်။

ပအိုဝ်းအမျိုးသားဝတ်စုံမှာ ဘောင်းဘီပွ၊ အပေါ်အင်္ကျီ(တိုက်ပုံအင်္ကျီကဲ့သို့) (ပအိုဝ်းဘာသာ စကားအရ ချိန်တန်) နှင့် အတွင်းရှပ်အင်္ကျီတို့ ဖြစ်သည်။ ဘောင်းဘီသည် ရှေးယခင်က

အလွန်ပွသော ဘောင်းဘီဖြစ်သော်လည်း ယခုအခါ ပအိုဝ်းအမျိုးသားတို့၏ ဘောင်းဘီသည် ခပ်ကျဉ်းကျဉ်း ဝတ်ဆင်ကြသည်။ အတွင်းရှပ်အင်္ကျီကို အဖြူရောင်အများဆုံးဝတ်ဆင်ပြီး တခြားအရောင်ကိုလည်း ဝတ်ဆင်ကြသည်။ ရှေးပအိုဝ်းအမျိုးသားတို့သည် ရှပ်အင်္ကျီဖြူလက်ရှည်များကို ကြယ်သီးအစား အဝတ်ကြိုးများဖြင့် ဝတ်ဆင်ကြသည်။ယခုအခါ ကြယ်သီးတပ် ရှပ်အင်္ကျီအပေါ်အပြင်မှ ရင်စေ့အင်္ကျီ၊ လက်ရှည်အနက်(ချိန်တန်)ကို ဝတ်ကြသည်။ ခါးတွင် ခါးပတ်ပတ်ကြသည်။ အချို့ ပအိုဝ်းတိုင်းရင်းသား အမျိုးသားများသည် ကွမ်းအစ်ထည့်ထားသောပလိုင်းပြားကို လွယ်ကြသည်။ လွယ်အိတ်ကိုလည်း အများဆုံးလွယ်ကြသည်။ ယနေ့ပအိုဝ်းအမျိုးသားဝတ်စုံတန်ဖိုးသည် အကောင်းဆုံးဖြစ်သော သက္ကလပ်ဝတ်စုံသည် ၁၀၀၀၀ိ/-(တစ်သောင်းကျပ်)ဖြစ်ပြီး ခေါင်းပေါင်းပုဝါပါက ၁၀၅၀ိ/ (တစ်သောင်းငါးရာကျပ်)ဖြစ်သည်။ နေ့စဉ်ဝတ် တက်ထရက်ဝတ်စုံသည် ၁၂၀ိ/(တစ်ထောင့်နှစ်ရာကျပ်) ဖြစ်ပြီး ခေါင်းပေါင်းပုဝါပါက ၁၇၀ိ/(တစ်ထောင့်ခုနှစ်ရာကျပ်)တန်ဖိုးရှိသည်။ ပအိုဝ်းအမျိုးသားရော အမျိုးသမီးပါ ခေါင်းပေါင်းပေါင်းကြသည်။ ရှေးယခင်က ပအိုဝ်းအမျိုးသားတို့သည် အလျား၁၀တောင် ၁၂တောင် အနံ၂တောင် ၃တောင်ခန့်ရှိသော ချည်ထည်သဘက်ကို အိမ်တွင် ရက်လုပ်ကြသည်။ ပွဲလမ်းသဘင်တွင် ဖဲခေါင်းပေါင်း၊ ပိုးခေါင်းပေါင်း(သို့မဟုတ်) နာနတ်ချည်ဖြင့်ရက်သော ခေါင်းပေါင်းကို ပေါင်းကြသည်။ ယခုအခါတွင် ခေါင်းပေါင်းအဖြစ် အနီအဝါအဆင်ကွက်ကြားပါသော ဖူးစောင်(မျက်နှာသုတ်စောင်အကြီးစား)ဖြင့် ခေါင်းပေါင်းကြသည်။ ခေါင်းပေါင်းစကို အောက်စိုက်ပေါင်းကြသည်။

ရှေးပအိုဝ်းတိုင်းရင်းသား အမျိုးသမီးတို့သည် ငယ်ရွယ်စဉ် ကလေးဘဝအရွယ်တွင် ချည်သင်တိုင်းရှည်အနက်ကို ဝတ်ဆင်ပေးကြသည်။ ရှေးယခင်က ပအိုဝ်းအမျိုးသမီးကလေးများသည် ချည်သင်တိုင်းအနက်(ဆင်မူး)ကို ကလေးမိခင်နှင့် အဘွားအိုတို့၏ လက်ပေါက်လောက်မကျယ်အောင် ချုပ်ပြီး အောက်ခံရှင်မီး၊ ဘော်လီစသည်တို့ မခံဘဲ ဝတ်ကြသည်။ယခုအခါ အမျိုးသမီးများသည် အောက်ခံဘော်လီဝတ်ပြီး သင်တိုင်းဝတ်ကာ အပေါ်မှ ရင်စေ့အင်္ကျီထူ လက်ရှည်အနက်(ဆိုင်ခို)ကို ဝတ်ဆင်ကြသည်။ အသက်ကြီးပိုင်း အမျိုးသမီးအချို့သည် အပေါ်အင်္ကျီမဝတ်ကြဘဲ သင်တိုင်းဝတ်ပြီး လက်မောင်းပိုင်းကို လက်ပတ်(စူ့ပွမ်)ကို အနက်ရောင် အဝတ်စဖြင့် ပတ်ကြသည်။ အများအားဖြင့် ယခုအချိန်တွင် ပအိုဝ်းအမျိုးသမီးတို့သည်(စူ့ပွမ်)လက်ပတ် မပတ်ကြတော့သည်က များသည်။


သင်တိုင်းမှာ ဒူးအထက်နားလောက်သာ ဖုံးသဖြင့် သင်တိုင်းအောက်မှ အနံ

နှစ်တောင်ရှိပြီး အလျား(၃)တောင်ထွာ၊ (၄)တောင်မိုက်လျော့၊ (၄)တောင်ရှိသော ထမိန်တို(ဖနီး)ကို ဝတ်ကြသည်။ ထမိန်အရောင်မှာလည်း အနက်ဖြစ်သည်။ ထမိန်တိုသည် ခြေသလုံးအလယ်လောက်သာ ဖုံးစေသောကြောင့် ခြေသလုံးသားကို ဖုံးစေရန် အဝတ်ခြေပတ်(ခါးပွမ်၊ ခမ်းပလောင်)ကို ပတ်ကြသည်။ ခြေပတ်သည် အနံ(၁၀)လက်မ၊ အလျား(၁ပေ၆လက်မ) (သို့မဟုတ်) (၂)ပေခန့်ရှိသည်။ ရှေးပအိုဝ်း အမျိုးသမီးများသည် ခြေပတ်ထားသည်ကို ပြုတ်မကျစေရန် စစ္စေးသုတ်ထားသော ခြေချည်ကွင်းများ (ခေါင်းဖျာ) ကြေးနီဖြင့်ပြုလုပ်ထားသောခြေကျင်းများ(တောင်ခမ်း) ကြွယ်ဝချမ်းသာသူများက ငွေသားခြေပတ်၊ ရွှေသားခြေပတ်များ ပတ်ကြသည်။

ရှေးပအိုဝ်းအမျိုးသမီးတို့သည် ခြေသလုံးအထက် ဒူးဆစ်နောက်နားတွင် ‘တောင်ခံ’ ခေါ် ဘော်ခြေကျင်းများကို ဝတ်ဆင်ကြသည်။ တောင်ခံမှာ တစ်လက်မခန့်ရှိသော ငွေ(သို့မဟုတ်) ဘော်ဖြင့်ပြုလုပ်ထားသော အကွင်းဖြစ်၍ တစ်ကွင်းလျှင် ငါးမတ်သားမှ (၂)ကျပ်သားခန့်ရှိသည်။ ထိုငွေကွင်းများကို ကြိုးဖြင့်သီကာ ခြေတစ်ဘက်လျှင် တစ်ကွင်းမှ နှစ်ကွင်းအထိ ဝတ်ဆင်ကြသည်။ သို့ရာတွင် ထိုဓလေ့သည် ကွယ်ပျောက်လုနီးပါး ဖြစ်သည်။ ၁၉၆၀-ခုပတ်ဝန်းကျင်တွင် ခေတ်ပညာတတ် ပအိုဝ်းတိုင်းရင်းသား များနှင့် ပအိုဝ်းတိုင်းရင်းသား လူကြီးမိဘများက ညှိနှိုင်းဆွေးနွေးကာ ရွှေသားခြေပတ်၊ ငွေသားခြေပတ်တို့သည် အကုန်အကျများသည့်အပြင် သွားလာရခက်ခဲသည်။ လုံချည်အတွင်းမှလည်းဖြစ်၍ ဝတ်စားဆင်ယင်ထားမှုကို မပေါ်လွှင်စေဘဲ အပိုသဘောမျိုး ဖြစ်နေ သောကြောင့် ထိုဓလေ့ကို မဝတ်လျှင်လည်းရသည်ဟု သတ်မှတ်ခဲ့ကြရာမှ ထိုဓလေ့ကွယ်ပျောက် သွားခဲ့သည်ဟု ကျောက်တလုံးဒေသမှ ဦးညွန့်မောင်၏ပြောပြချက်အရ သိရှိရသည်။ယခုအခါ ပအိုဝ်းအမျိုးသမီးတို့သည် ခြေပတ်ကို ဗိုလ်ပွားကြိုးခေါ် ချည်ကြိုးဖြင့်သာ ရစ်ပတ်ချည်ကြတော့သည်။

ပအိုဝ်းအမျိုးသမီးတို့သည် ဝတ်စုံကို နေ့စဉ်ဝတ်ဆင်ရာတွင် ချည်ထည်ကို အသုံးပြုပြီး ပွဲလမ်းသဘင်သွားရာတွင် သက္ကလပ်၊ ပတ္တူ၊ ကတ္တီပါတို့ ချုပ်လုပ်ပြီး ယခုအခါ ပေါ်ပလင်နက်၊ ပတ္တူနက်တို့ဖြင့် အများဆုံးချုပ်ကြသည်။ ဝတ်စုံကို အချိန်အခါအလိုက် အကုန်အကျခံ ဝတ်ကြသည်။ ပအိုဝ်းအမျိုးသမီးတို့၏ အပေါ်အင်္ကျီကို အနားပတ်လည်တွင် ငွေချည်ပန်းခက်များ ထိုး၍လည်းကောင်း၊ အပေါ်အင်္ကျီ၏ အကြောချုပ်ရိုး အနားချုပ်ရိုးတို့ကို ချည်အနက်အစား ပိုးချည်အပြာရင့်ရောင်ဖြင့် ပိုမိုလှပအောင် ချုပ်ကြသည်။ အပေါ်အင်္ကျီကော်လာနှင့် အိတ်ကပ်အနားကို သက္ကလပ်နက်ပြာလှလှဖြင့် သေသပ်စွာကွပ်၍ ချုပ်ထားကြသည်။

ပအိုဝ်းအမျိုးသား၊ အမျိုးသမီးတို့၏ဝတ်စားဆင်ယင်ပုံ








ပအိုဝ်းအမျိုးသမီးအိမ်ထောင်သည်နှင့် အပျိုတို့၏ဝတ်စုံသည် ခြားနားချက်မရှိသော်လည်း အိမ်ထောင်သည် အမျိုးသမီးတို့သည် အပေါ်အင်္ကျီကို လှပအောင်မချုပ်ဝတ်တော့ပေ။ ချည်ရောင်စုံဖြင့် မွမ်းမံခြင်းမရှိတော့ဘဲ ရိုးရိုးအပေါ်အင်္ကျီအနက်ကိုသာ ဝတ်ဆင်ကြသည်။ ပအိုဝ်းအမျိုးသမီး၏ ယနေ့ဝတ်စုံတန်ဖိုးမှာ နေ့စဉ်ဝတ်တက်ထရက် အမျိုးအစားဆိုလျှင် ၁၅၀ဝိ/ (တစ်ထောင့်ငါးရာကျပ်)၊ ပဝါပါက ၂၀၀၀ိ/(နှစ်ထောင်ကျပ်)၊ ပတ္တူ(အလတ်စားလျှင်) ၂၅၀၀ိ/(နှစ်ထောင့်ငါးရာကျပ်)ဖြစ်ပြီး ပဝါပါက ၃၀၀၀ိ/(သုံးထောင်ကျပ်)၊ ပွဲသွားဝတ်စုံဖြစ်သည့် သက္ကလပ်အမျိုးအစားဆိုလျှင် ၁၁၀၀၀ိ/(တစ်သောင်းတစ်ထောင်ကျပ်)ဖြစ်ပြီး ပဝါပါက ၁၁၅၀၀ိ/(တစ်သောင်းတစ်ထောင့်ငါးရာကျပ်) တန်ဘိုးရှိသည်။


ပအိုဝ်းအမျိုးသမီးတို့သည် ရှေးယခင်က ငယ်စဉ်ဘဝတွင် ဆံပင်အရှည် ထားကြသည်။ ယခုအခါတွင် ကလေးအရွယ်၌ ဆံပင်ညှပ်ပေးပြီး အပျိုအရွယ်တွင် ဆံပင်အရှည်ထားကြသည်။ အမျိုးသမီးများသည်ဆံပင်ကိုဦးခေါင်းအလယ်တည့်တည့်တွင် အနည်းငယ်စောင်း၍ ထုံးကြသည်။ပြီးလျှင် ဆံထုံးပေါ်တွင် ခေါင်းပေါင်းပေါင်းကြသည်။

ရှေးယခင်က ပအိုဝ်းအမျိုးသမီးတို့၏ ခေါင်းပေါင်းသည် နေ့စဉ် ချည်ကြမ်းထည်ကို အသုံးပြုကြပြီး ပွဲလမ်းသဘင်သွားသည့်အခါတွင် ပိုး ဖဲအထည်များကို သုံးကြသည်။ ခေါင်းပေါင်း၏ အရှည်သည် (၅)တောင်၊ (၇)တောင်ရှိပြီး အနံသည် (၂)တောင်ခန့်ရှိသည်။ ယခု နောက်ပိုင်းတွင် ခေါင်းပေါင်းကို မျက်နှာသုတ်ပုဝါ(ဖော့ဝါးရိုး)ဖြင့် ပေါင်းကြသည်။ ခေါင်းပေါင်းအဖြစ် အသုံးပြုသော စွမ်ခေါ် ဖလန်ထည်ကို အပျိုများက အနီအဝါရောသော ရောင်စုံသဘက်ကို ပေါင်းကြ၍ အိမ်ထောင်သည် အမျိုးသမီးများက တောက်ပသောအရောင်ကို သိပ်မသုံးကြဘဲ အညိုရောင်၊ အဝါရင့်ရောင်စသော အရောင်မျိုးကို သုံးကြသည်။

ပအိုဝ်းအမျိုးသားနှင့် အမျိုးသမီးတို့မှာ ရှေးယခင်ကထဲကပင် လက်စွပ်ဝတ်သည်ကို နှစ်သက်ကြသည်။ ကျောက်နီ၊ ပတ္တမြားကို နှစ်ခြိုက်ကြပြီး တစ်ကွင်း၊ နှစ်ကွင်းမှ သုံးကွင်းအထိ ဝတ်ဆင်ကြသည်။ ရှေးက ပအိုဝ်းအမျိုးသမီးတို့သည် အလေးချိန်(၂)ကျပ်သားရှိသော ငွေဆံထိုးကို ထိုးကြသည်။ ယခုအခါ ရွှေဆံထိုး(တူးဆဲခံ)ကို ထိုးကြသည်။ ဆံထိုးပုံစံ(၂)မျိုးရှိသည်။ ငှက်ပျောဖူးပုံသဏ္ဍာန်ရှိသော ဆံထိုးရှည်နှင့် ကွမ်းသီးပုံရှိသော ဆံထိုးတိုတို့ ဖြစ်သည်။ ငှက်ပျောဖူးပုံ(သို့မဟုတ်) စေတီပုံဆံထိုးမှာ နဂါးမ၏ အမောက်သဖွယ် ရည်ရွယ်ပြီး အလေးချိန်ရွှေ(၃)ကျပ်သားမှ (၃ကျပ်ခွဲ)သားအထိ ရှိသည်။



ပအိုဝ်းအမျိုးသမီးတို့အသုံးပြုသောဆံထိုးများ



ပအိုဝ်းအမျိုးသမီးတို့အသုံးပြုသော
လက်ဝတ်ရတနာများ

ကွမ်းသီးပုံဆံထိုးသည် နဂါးမ၏ မျက်လုံးအဖြစ် ရည်ရွယ်ပြီး အလေးချိန်မှာ ရွှေ(၅မူး)သားခန့်ရှိသည်။

ဆံထိုးများကို ရွှေအနီရောင်တင်ထားကာ မြွေကြေးခွံများကဲ့သို့ အထပ်ထပ် အချွန်းအကွက်များပြုလုပ်ထားသည်။ ပအိုဝ်းတိုင်းရင်းသားတို့၏ မိခင်သည် နဂါးမကဲ့သို့ ဘုန်းတန်ခိုးရှိသည်ဟု ယူဆကာ မိခင်ကို ဦးထိပ်ထားသည့်အနေဖြင့် နဂါး၏အကြေးခွံကဲ့သို့ ပြုလုပ်ကာ အရိုအသေပေးသည့်သဘောဖြင့် ခေါင်းပေါ်တွင် ထာဝစဉ် ဆင်မြန်းထားကြောင်း ပြောဆိုကြသည်။ ရွှေဆံထိုးအသေးစား (ထူးဆဲ့ဖဲပ်) များအပြင် ရွှေလုံးစီ ဆံထိုးအရှည်များကိုလည်း ပြုလုပ်ဝတ်ဆင်ကြသည်။

ပအိုဝ်းအမျိုးသမီးတို့သည်ရွှေပြားလိပ်(ရွှေဖက်လိပ်)နားတောင်း၊ ရွှေနားတောင်းကို ပန်ဆင်ကြသည်။ ရွှေပြားလိပ်(ရွှေဖက်လိပ်) နားတောင်း(ပေလာထူ)ကို ပုရပိုက်ရွှေဖြင့် ပြုလုပ်ကာ ရွှေချိန်(၄)ကျပ်သား(၅)ကျပ်သားအထိ ပြုလုပ်ကြသည်။ အချို့တတ်နိုင်သူများက နားတောင်းတစ်ဖက်ထဲ (၆)ကျပ်သားလုပ်ကြသည်။ ရွှေပြားလိပ်နားတောင်း၏ ရွှေအပြားမှာ အလျား(၁)ပေခန့်ရှိပြီး အနံ(၁)လက်မခန့်ရှိသည်။ ယခုအခါ အချို့ပအိုဝ်းအမျိုးသမီးများသည် ရွှေပြားလိပ်သဏ္ဍာန် နားတောင်းအပွလုပ်လာကြသည်။ ငယ်သောပအိုဝ်းအမျိုးသမီးများသည် ရွှေနားသံသီး(နစိမ်းခမ်)ကို ဝတ်ဆင်ကြသည်။ နားသံသီးတစ်စုံလျှင် ရွှေ(၂ကျပ်ခွဲ)သားမှ (၃)ကျပ်သားအထိ ရှိကြသည်။

ယခင်က ပအိုဝ်းအမျိုးသမီးတို့သည်ငွေလက်ကောက် အလုံး သို့မဟုတ် အပြားများကို ဝတ်ဆင်ကာ ယခုအခါ ရွှေလက်ကောက်များကို ဝတ်ဆင်ကြသည်။ ရွှေပြားလက်ကောက်ကို စူးစဲဦးပျာဟု ခေါ်ကြသည်။ယခင်က ပအိုဝ်းအမျိုးသမီးတို့သည် ငွေဆွဲကြိုး ရွှေဆွဲကြိုးတွင် ဒေါင်းရုပ် ဖော်ထားသော (ဒေါင်းကွက် ကဲ့သို့ပြုလုပ်ထားသော)၊ လော်ကက်များကိုလည်းကောင်း၊ ခြင်္သေ့ရုပ်ပြုလုပ်ထားသော ပေါ်(ဇွော်)ခေါ် လော်ကတ်မျိုး များကိုလည်းကောင်း ဝတ်ဆင်ကြသည်။ ယခုအခါ ခေတ်ပေါ် ကျောက်စီတန်းကြိုးအမျိုးမျိုး၊ လော်ကတ်အမျိုးမျိုး ဆွဲကြသည်။

ပအိုဝ်းအမျိုးသမီးတို့သည် မျက်နှာကို သနပ်ခါး နံ့သာစုံ ပေါင်ဒါစသဖြင့် တစုံတရာ လိမ်းချယ်သထားခြင်း မရှိပေ။ သဘာဝအလှကို မက်မောကာ ခြယ်သမှု အလှအပ သိပ်မရှိကြပေ။ ပင်ကိုယ်သဘာဝအတိုင်း နေထိုင်ကြသည်။ ပွဲလမ်းသဘင်သွားသောအခါမှ နှုတ်ခမ်းနီဆိုးဆေးနှင့် စနိုးမိတ်ကပ်များကို သုံးကြသည်။ အချို့ ပအိုဝ်းအမျိုးသမီးများသည် နှုတ်ခမ်းဆိုးဆေးဖြင့် ပါးနီဆိုးကြသည်။ ပျိုရွယ်သော ပအိုဝ်းအမျိုးသမီးများသည် အလှပြင်ဆင်မှု နည်းပါးသည့်အပြင် အလုပ်ကြမ်းလုပ်ကာ ပင်ပန်းသော်လည်း သဘာဝအခြေအနေကြောင့် အသားအရေ အရောင်အသွေး ညက်ညော ချောမွတ်


ကြသည်။ နုပျိုသည့်အပြင် အမြဲအလုပ်လုပ်ကြသောကြောင့် သွေး၊ လေ ညီညွတ်ကာ ကျန်းမာဝဖြိုး သန်မာကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ကလေးအရွယ်တွင် ယောက်ျားလေးရော မိန်းက လေးပါ ဘိနပ်အမြဲတမ်း စီးလေ့မရှိဘဲ အပြင်သွားမှ ဘိနပ်စီးကြသည်။ အများအားဖြင့် ညှပ်ဖိနပ်(ခါင်းဖါး) ကို စီးကြသည်။ အမျိုးသားများသည် ယခုခေတ်တွင် သားရေရှုးဖိနပ်များကိုလည်း စီးကြသည်။ မိုးရာသီတွင် အိမ်တွင်နေစဉ်လည်းကောင်း၊ ခြံသို့ သွားရာတွင်လည်းကောင်း၊ 'ခံဖာကရောက်' ခေါ် သစ်သားခုံဖိနပ် တမျိုးကိုစီးကြသည်။ ချယ်ရီသားကို ထုထွင်းကာ အမြင့်(၃)လက်မရှိပြီး သဲကြိုးကို မော်တော်ကားတာယာ (သို့မဟုတ်) သားရေဖြင့် ပြုလုပ်ကြသည်။ပအိုဝ်း အမျိုးသား အမျိုးသမီးတို့သည် မိမိတို့စီးသော ဖိနပ်များအောက်တွင် သံဘုလုံးငယ်များကို ရိုက်ထားတတ်ကြသည်။ ဤသို့ ရိုက်ထားခြင်းဖြင့် ဖိနပ်အောက်ခံသည် အလွယ်တကူ မကုန်နိုင် သည့်အပြင် ရွှံ့နွံထူထပ်သော တောင်ပေါ်ဒေသများတွင် မချော်လဲအောင် ကုပ်တွယ်နိုင်သောကြောင့် ဖြစ်သည်။


ပအိုဝ်းအမျိုးသားတို့သည် အများအားဖြင့် ဝါးခမောက်ကိုသာ ဆောင်းကြသည်။ အချို့အမျိုးသားတို့သည် ပွဲလမ်းသဘင်သို့ သွားကြသောအခါ ဘော်(သို့မဟုတ်) ငွေဖြင့်ပြုလုပ်ထားသော တစ်ပေခန့်ရှိသည့် ငွေဓားလွယ်ကို ခါးပတ်တွင် ထိုးထားကြသည်။ ငွေဓားလွယ်၏ အရိုးကို ဆင်စွယ်ဖြင့် ပြုလုပ်ထားသည်။ ထိုငွေဓားလွယ်ကို တိုက်ပုံအင်္ကျီ၏ အပြင်ဘက်တွင် ထုတ်ထားကြသည်။ အချို့မှာ ငွေဓားလွယ်ကို ကျစ်ထားသော ပိုးကြိုးဖြင့် ချည်နှောင်ကာ ပခုံးတွင် သိုင်း၍ လွယ်ထားကြသည်။

ပအိုဝ်းအမျိုးသားများသည် တောင်ယာသွားသောအခါတွင်လည်းကောင်း၊ခရီး သွားသောအခါတွင်လည်းကောင်း၊ တောင်းပြားခေါ် ပလိုင်းပြားကို စလွယ်သိုင်း၍ လွယ်ကြသည်။ အမျိုးသမီးများကမူ ဖော့ခေါ် ပလိုင်းအလုံးများကို ခေါင်းတွင်ချိတ်၍လည်းကောင်း၊ စလွယ်သိုင်း၍ လည်းကောင်း လွယ်ကြသည်။


ယခုအခါ ပအိုဝ်းအမျိုးသား၊ အမျိုးသမီးအချို့တို့သည် ပအိုဝ်းတိုင်းရင်းသားဝတ်စုံကို မဝတ်ကြတော့ဘဲ မြန်မာအမျိုးသား အမျိုးသမီးဝတ်စုံ ဝတ်ကြသည်ကများသည်။ သို့ရာတွင် နေရာ ဒေသနှင့် ရာသီဥတု အခြေအနေကိုလိုက်၍ ဝတ်စုံပြောင်းကြသော်လည်း မိမိတို့၏ တိုင်းရင်းသားဝတ်စုံ အနက်ရောင်ကို နှစ်သက်ကြပြီး ဈေးကြီးပေး၍ ဝတ်ဆင်ကြသည်။ မည်မျှဆင်းရဲစေကာမူ ပွဲနေပွဲထိုင် ဝတ်စုံကို တစ်စုံရှိအောင်တော့ ဝယ်ထားကြသည်။



"ပအိုဝ်းအမျိုးသားတို့၏ငွေဓားလွယ်"



ဖော့ခေါ်ပလိုင်းအလုံး



တောင်းပြာခေါ်ပလိုင်း

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့၏ တိုင်းရင်းသားကို အလွန်ချစ်မြတ်နိုးကြကာ ရိုးရာဝတ်စုံကို မပြတ်ဝတ်ဆင်ကြသည်။ မြန်မာတနိုင်ငံလုံးရှိပအိုဝ်းတိုင်းရင်းသားများအနက် ကျောက်တလုံးဒေသတခုတည်းသာ ကလေးအရွယ် ကျောင်းသားဘဝကပင် အမျိုးသားဝတ်စုံကို ဝတ်ဆင်ကြသည်။ကျောင်းဝတ်စုံအဖြစ် ပအိုဝ်းအမျိုးသားဝတ်စုံကို ဝတ်ကာကျောင်းတက်ကြသည်မှာ မြန်မာတစ်နိုင်ငံလုံးတွင် ကျောက်တလုံးဒေသတစ်ခုတည်းတွင်သာ တွေ့နိုင်ပါသည်။

(ဂ) **အစားအစာ**

ပအိုဝ်းတိုင်းရင်းသားတို့သည် ဒေသထွက် လယ်ယာဆန်၊ တောင်ယာဆန်နှင့် မြေပြန့်ဆန်များကို အဓိကထား စားကြသည်။ တစ်နေ့လျှင် ထမင်း(၃)ကြိမ် စားကြသည်။ မနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်၊ ညနေတောင်ယာပြန်ချိန်တွင် ချက်ပြုတ်ကာ မိုးချုပ်တွင် တစ်ကြိမ်စားကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့၏ ဟင်းလျာတွင် မပါမဖြစ် အသုံးများသော အဓိကဟင်းလျာမှာ ပဲပုပ်ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ဟင်းချက်ရာတွင် ဆားကိုလည်းကောင်း၊ ငါးပိအစား ပဲပုပ်ကို လည်းကောင်း အသုံးပြုကြသည်။ ဟင်းတွင် ငရုတ်သီးများများထည့်တတ်ကြသည်။

အသားငါးကို အထူးရှောင်ကျဉ်လေ့မရှိသော်လည်း အစားနည်းကြသည်။ ကိုယ်တိုင် သတ်ဖြတ်ရောင်းချမှုလည်း နည်းပါးသည်။ ဟင်းသီးဟင်းရွက်သာ အစားများသည်။ အသားငါးရှားပါး သည့်အပြင် ဗုဒ္ဓဘာသာကို အလွန်ကိုင်းရှိုင်းသော လူမျိုးဖြစ်သည့် အတွက် အသားငါးစားမိလျှင် အပြစ်ရှိသည်ဟု ယူဆကြသည့်အတွက် ဟင်းသီးဟင်းရွက်သာ အစားများကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့ စားသော ဟင်းသီးဟင်းရွက်မှာ မုန်ညင်း၊ ဖရုံသီး၊ ဖရုံရွက်၊ အာလူး၊ မြေပဲအမျိုးမျိုးနှင့် အခြားရာသီအလိုက်ထွက်သော သီးနှံများ စားကြသည်။ ဟင်းချက်ရာတွင် ဆီအသုံးနည်းသည်။ ငရုတ်သီးကိုသာ များများစားသည်။ ကျောက်တလုံး ဒေသရှိ ပအိုဝ်းတို့သည် ကုလားပဲကို ကြိတ်ပြီးအရည်ကျိုကာ အအေးခံထားသော တိုဖူးကိုလည်း စားကြသည်။ တိုဖူးသုပ်(ဒန်ထားပိ)နှင့် မုန့်ဖြူ(မုန့်လေပွေ-သဉ်းဟွာ) တို့ကိုရော၍ စားကြသည်။ ကျောက်တလုံး ဈေးနေ့တွင်မုန့်ဖြူ(သခိုးဟွာ)ကိုမုန့်တောင်းအကြီးကြီးဖြင့် လာရောင်းကြသူအများအပြား တွေ့ရသည်။ ကျောက်တလုံးဒေသရှိပအိုဝ်းတိုင်းရင်းသားတို့သည် ထမင်းကို နနွင်း၊ ဆီချက်၊ ခရမ်းချဉ်သီးတို့နှင့် နယ်ထားသော ထမင်းနယ်ကိုလည်း ကြိုက်နှစ်သက်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ပွဲလမ်းသဘင်များပြုလုပ်ရာတွင် မျှစ်ချဉ်နှင့် ဝက်သားကို ချက်ကျွေးလေ့ရှိသော်လည်း ယခုအခါ ထိုသို့ကျွေးမွေးမှုမျိုး နည်းပါးလာသည်ကို တွေ့ရပါသည်။ ယခုအခါ ငါးခြောက်နှင့်တို့ဟူး၊ ငါးခြောက်နှင့်မျှစ်ချဉ်၊ တို့ဟူးနှင့်မျှစ်ချဉ်ဟင်း၊ ဆေးခါးဟင်းရည်၊ ငရုတ်သီး တောင့်ကြော်တို့ ကျွေးကြပါသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ဆေးလိပ်နှင့်ကွမ်းကို လူကြီးလူငယ်မရွေး၊ စားသောက်ကြ သည်။ ပအိုဝ်းတိုင်းရင်းသားတိုင်းသည် သွားလေရာတွင် ကွမ်းအစ်ကို လွယ်အိတ်တွင် ထည့်ကာ

ယူသွားပြီး ကွမ်းအမြဲငုံထားသော ဓလေ့ရှိသည်။ ဆေးလိပ်ကို လူကြီးလူငယ်မရွေး သောက်ကြသည်။ ပအိုဝ်းအိမ်တိုင်းတွင် ရေနွေးကြမ်းအိုးသည် မရှိမဖြစ် လိုအပ်သောအရာဖြစ်၍ လက်ဖက်ရည်ကြမ်း ခါးခါးကို တနေ့လုံးသောက်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် အရက်ခေါင်ရည်ကို သောက်ကြသော်လည်း သောက်ပြီး မူး၍ ရမ်းကားခြင်းမျိုးမရှိဘဲ ရာသီဥတု၏ အအေးဒဏ်ကို ခံနိုင်ရန်အတွက်သာ သောက်ကြ သည်။ ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် ပင်ကိုယ်အသိစိတ်ဓာတ်နှင့် အုပ်ချုပ်သူ လူကြီးတို့၏ အစီအမံကွပ်ကဲမှု တားမြစ်မှုတို့ကို နာခံကာ အရက်ရောင်းချသူများ၊ သောက်သုံးသူများ မတွေ့ရပေ။

ပအိုဝ်း တိုင်းရင်းသားတို့၏ ခေါင်ရည်ပြုလုပ်ပုံမှာ ဆန်ကိုပြာပြီး ထမင်းအဖြစ် ခပ်မာမာချက်ရသည်။ ထမင်းနပ်ပါက အအေးခံပြီး ဖွယ်အောင်လုပ်ရသည်။ ထို့နောက် ပအိုဝ်းဒေသ အခေါ် တမီးဖြင့် သမအောင်ရောမွှေပြီး စဉ့်အိုးထဲတွင် ထည့်သိပ်ရသည်။ လေလုံအောင် ဖွဲ့ကြမ်းဖြင့် စဉ့်အိုးကို ဖုံးအုပ် ထားရသည်။ ရက်တစ်ပတ်ကြာသောအခါ ပွက်နေသော ရေနွေးကို စဉ့်အိုးထဲလောင်း ထည့်ရသည်။ နာရီဝက်ကြာသောအခါ ခေါင်ရည်ရရှိပြီဖြစ်သည်။အိုးထဲမှ ခေါင်ရည်ကို ငှဲ့၍သော်လည်း ကောင်း၊ ပိုက်သေးသေးဖြင့် စုပ်၍သော်လည်းကောင်း သောက်ကြသည်။ ထိုခေါင်ရည်ကို ဦးရေ ဟုခေါ် သည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ဝိုင်းဖွဲ့၍ ခေါင်ရည်သောက်ရာတွင် တစ်ဦးကိုတစ်ဦးကျော် မသောက်ရ၊ ကျော်သောက်က မူးတတ်သည်ဟု ယုံကြည်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် တစီးထီကို ခေါင်ရည်ထက်ပိုသောက်ကြသည်။ တစီးထီမှာ ဆေးရည်(သို့မဟုတ်) ဆေးတော်ဝါးဟု အဓိပ္ပါယ်ရသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် တစီးထီ သောက်ခြင်း ဖြင့် ဆီးနှင့်ဝမ်းမှန်ကာ အကြောအခြင်ပြေကာ အသက်ရှည်စေသည့် ဆေးတစ်ပါး ဟု ယူဆကြသည်။

လက်ပံပင်အမြစ်၊ ညောင်မြစ်၊ ကြံမဲပင်အမြစ်(သို့မဟုတ်) အရိုး၊ ထင်းရှူးနှစ် (သို့မဟုတ်) အမြစ်၊ ဇာတိပ္ပိုလ်သီး၊ ဇာတိပ္ပိုလ်ပွင့်၊လေးညှင်း၊ ကုက္ကရာ၊ လိပ်ကျောက်ဆူး၊ ကြွေ၊ ပန္န၊ ပမွှ၊ သမန်းမြက်ပင်အမြစ်၊ ဂမုန်းတို့ကို တစ်ကျပ်စီစုရသည်။ ဥပါသကာကို နှစ်ကျပ်သားခန့်ထည့်ရသည်။ ထိုဆေးမြစ်များကို မကြမ်း၊ မနု၊ အနေတော် လှီးဖြတ်ရသည်။ ထိုလှီးဖြတ်ထားသော ဆေးမြစ်များကို ဖျင်ကြမ်းဖြင့် ထုပ်၍ စဉ့်အိုးထဲတွင် ထန်းလျက်များများထည့်ကာ စိမ်ရသည်။ ရက်ကြာကြာစိမ်လေလေ ပိုကောင်းလေလေဖြစ်သည်။ ရက်ကြာကြာမစိမ်ပါက ချိုသောအရသာရှိပြီး ရက်ကြာကြာစိမ်ထားပါက

ချဉ်စုတ်စုတ်အရသာရှိသည်။တစီးထီသည် ဆီး၍ခင်စေသည်။ ဆားနှင့်ရောသောက်ပါက ဝမ်းသက်စေသည်။ များများသောက်ပါက ယစ်လာသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ထိုဆေးရည်ကို ယာခင်းမှ ပင်ပင်ပန်းပန်း ပြန်လာချိန်တွင်လည်းကောင်း၊ ထမင်းမစားခင်တွင်လည်းကောင်း၊ အမျိုးသားရော အမျိုးသမီးများပါ ဆေးအဖြစ်သောက်သုံးကြသည်။

# အခန်း ၃။

## လူမှုရေးဖွဲ့စည်းပုံ

လူမှုရေးပညာအဘိဓာန်[၁] ၌လူ့အဖွဲ့အစည်းတစ်ခုတွင် အသက်[၃]၊ လိင်[၂]၊ ဆွေမျိုးတော်စပ်ခြင်း[၄]၊ အလုပ်အကိုင်[၅]၊ နေထိုင်ရာအရပ်[၆]၊ ပိုင်ဆိုင်သည့်ပစ္စည်း[၇]၊ အခွင့်အရေး အခွင့်အာဏာ[၈] နှင့် အဆင့်အတန်း[၉] တို့အပေါ်တွင် မူတည်၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းငယ်များရှိသည်။ ထိုအဖွဲ့အစည်းငယ်များ စုပေါင်းဖွဲ့စည်းထားပုံကို လူမှုရေးဖွဲ့စည်းပုံဟု ခေါ်နိုင်ပါသည်ဟု ဖော်ပြထားသည်။

မနုဿဗေဒပညာရှင်"A. R. Radcliffe Brown" က လူမှုရေးဖွဲ့စည်းပုံသည် 'လူတို့၏ပြုမူ ကျင့်ကြံခြင်းတို့ကို စနစ်တကျစီစဉ်ထားခြင်း ဖြစ်သည်။' ဟုဆိုသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းတစ်ခုတွင် ပါဝင်သော အဖွဲ့ဝင်တို့၏ ဓလေ့ထုံးစံများ၊ လိင်အစုများ၊ အသက်လိုက်၊ အဆင့်အတန်းအလိုက် ခွဲခြားသောအစုများ၊ မိသားစုဆွေမျိုးစုများ အစရှိသော အသင်းအဖွဲ့များနှင့် ထိုအဖွဲ့ဝင်အချင်းချင်း ဆက်သွယ်ပုံ၊ ပေါင်းသင်းဆက်ဆံပုံ၊ လိုက်နာကျင့်သုံးကြသည့် စည်းမျဉ်းများ၊ ဆောင်ရွက်ရသည့်တာဝန်ဝတ္တရားများ၊ ခံစားရသည့်အကျိုးကျေးဇူးများ၊ အုပ်ချုပ်ပုံတို့၏တာဝန်များနှင့် အကျိုးခံစားခွင့်များ အစရှိသည်တို့ပါဝင်ပါသည်။ ယင်းအဖွဲ့အစည်းက ကျင့်သုံးနေသော ဓလေ့ထုံးစံယဉ်ကျေးမှုများကို နောင်လာနောင်သားတို့အား လက်ဆင့်ကမ်းအမွေပေးခြင်းဖြင့် လူ့အဖွဲ့အစည်းကို တည်တံ့ခိုင်မြဲစေသည်။ လူ့အဖွဲ့အစည်းတစ်ခုကို လေ့လာရာတွင် အခြေခံဖြစ်သော မိသားစုအဖွဲ့အစည်းကို ဦးစားပေးလေ့လာ ရမည် ဖြစ်သည်။

---

| | | | |
|---|---|---|---|
| ၁။ | Dictionary of Socialogy | ၆။ | Locality |
| ၂။ | Sex | ၇။ | Property and Ownership |
| ၃။ | Age | ၈။ | Rights and Privileges |
| ၄။ | Kinship | ၉။ | Status |
| ၅။ | Occupation | | |

(က) မိသားစုဖွဲ့စည်းပုံ

မနုဿဗေဒပညာရှင် ဂျီပီမာဒေါက်၏ အဆိုအရ လက်ထပ်ပြီးသော ဇနီးမောင်နှံနှစ်ဦးတို့တွင် သားသမီးမရသေးလျှင် ထိုဇနီးမောင်နှံမှာ မိသားစုဟု မခေါ်ဆိုနိုင်ပေ။ အိမ်ထောင်စုဟုသာ ဆိုနိုင်သည်။ မိသားစုဆိုသည်မှာ ခင်ပွန်း၊ ဇနီးနှင့် ထိုဇနီးမောင်နှံတို့မှ မွေးဖွားလာသော သားသမီးများ (သို့မဟုတ်) မွေးစားသားသမီးများပါဝင်သော လူမှုရေးအစုငယ် တစ်ခုဖြစ်သည်။ မိခင်ကတစ်ဘက်၊ ဖခင်ကတစ်ဘက်၊ သားသမီးများကတစ်ဖက်၊သုံးဘက် ဆက်စပ်မှုရှိနေသည့် တြိဂံပုံသဏ္ဍာန် ဖြစ်သည်။

လူ့အဖွဲ့အစည်းသည် စီးပွားရေးစနစ်၊ အုပ်ချုပ်ရေးစနစ်နှင့် ဘာသာရေးစသည်တို့ဖြင့် မည်မျှပင် တိုးတက်နေသည်ဖြစ်စေ အခြေခံတူညီချက် တစ်ချက်ရှိစမြဲပင် ဖြစ်သည်။အစဥ်ဖြစ်ပေါ်နေသော အခြေခံအချက်မှာအခြေခံမိသားစုဖြစ်သည့် မိခင်၊ ဖခင်နှင့် သားသမီးဟူ၍ ဖွဲ့စည်းခြင်းပင်ဖြစ်သည်။

ကမ္ဘာပေါ်ရှိမိသားစုများကို မနုဿဗေဒပညာရှင်များ လေ့လာသောအခါ

- အခြေခံမိသားစု (သို့မဟုတ်) ရိုးရိုးမိသားစု[၁]
- အိမ်ထောင်တွဲမိသားစု[၂]
- တိုးချဲ့မိသားစု[၃]
- ထပ်တိုးမိသားစု[၄] ဟူ၍ တွေ့ရသည်။

ကျောက်တလုံးတိုက်နယ်ကျေးရွာရှိ ပအိုဝ်းတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို လေ့လာကြည့်သော် အခြေခံမိသားစု ပုံစံကို တွေ့ရသည်။ ထို့အပြင် မိခင် ဖခင်နှင့်အတူ လက်ထပ်ပြီးသော သားမိသားစု၊ လက်ထပ်ပြီးသောသမီးမိသားစု၊ လက်မထပ်ရသေးသော သားသမီးများ၊ မြေးများ၊ အဘိုးအဘွားများ စသဖြင့် စုပေါင်းနေထိုင်ကြသော တိုးချဲ့မိသားစုပုံစံကိုလည်း တွေ့ရသည်။

---

၁။ Basic Family

၂။ Joint Family

၃။ Extended Family

၄။ Compound Family

ဤသို့မိသားစုများတိုးချဲ့နေထိုင်ရာတွင်စီးပွားရေးကို မိဘနှစ်ပါးကသာလျှင် ချုပ်ကိုင်ထားသည်။ အိမ်ထောင်ဦးစီးမှာ ဖခင်ဖြစ်သော်လည်း မိခင်သည် အိမ်တွင်းမှုတွင် ဩဇာ ညောင်းသည်။ လူမှုရေး၊ စီးပွားရေးများတွင် ယောကျ်ားနှင့်မိန်းမသည် တန်းတူ အဆင့်အတန်း ရှိကြသည်။

ဖခင်မှာမိသားစုကိစ္စများကို ဦးစီးခေါင်းဆောင်အနေဖြင့် အမြဲဆောင်ရွက်ရ သောကြောင့် အိမ်ထောင်ဦးစီးအဖြစ် အများက အသိအမှတ်ပြုကြသည်။ မိခင်သည် အိမ်ထောင်ဦးစီး အဖြစ် သတ်မှတ်ခြင်း မခံရသော်လည်း မိမိ၏ခင်ပွန်းအတွက်လည်းကောင်း၊ သားသမီး အတွက်လည်း ကောင်း၊အစစအရာရာ အမှုကိစ္စမှန်သမျှကို ဆောင်ရွက်လုပ်ကိုင်ပေးရသူဖြစ်၍ တစ်ဘက်တွင် အရေးပါသူလည်း ဖြစ်ပေသည်။ မိခင်၏ ပြောဆို သွန်သင် ညွှန်ကြားအကြံပေးချက်များကို သားသမီးများ သာမက ဖခင်ဖြစ်သူကပါ လိုက်နာကျင့်သုံးကြသည်က များပေသည်။

ဤသို့ တစ်အိမ်တည်းအတူတူနေထိုင်ပြီး အိုးခွဲချက်ပြုတ်ခြင်းမရှိဘဲတစ်အိုးတည်း အတူစားသဖြင့် စီးပွားရေးလည်း စုပေါင်းပိုင်ဆိုင်ကြသည်။ ပုဂ္ဂလိကပိုင်ဟူ၍ မရှိပေ။ တစ်အိမ်တည်း အတူနေထိုင်ကြသော်လည်း သီးခြားအိုးခွဲပြီး တစ်အိုးစီချက်စားပါက ထိုမိသားစုအတွက် စီးပွားရေးလည်း ခွဲပေးရသည်။

ဖခင်မရှိတော့သည့် မိသားစုတွင် မိခင်သည် မိသားစုကို အိမ်ထောင်ဦးစီးအနေနှင့် ဆက်လက်ထိန်းသိမ်းရသည်။ မိဘနှစ်ပါးလုံး မရှိတော့ပါက သားသမီးထဲမှ အကြီးဆုံးသမီးဖြစ်စေ၊ အကြီးဆုံးသားဖြစ်စေ အိမ်ထောင်ကို ဆက်လက်ထိန်းသိမ်းရ၏။ သမီးအကြီးဆုံး ဖြစ်နေလျှင် အိမ်မှုကိစ္စဟူသမျှကို ဆောင်ရွက်ရင်း ပြင်ပစီးပွားရေးကိုလည်း ဦးစီးစီမံ ဆောင်ရွက်ရသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် အိမ်ထောင်စုတွင်ရှိသော သက်ကြီးဝါကြီးများအား ရိုသေကိုင်းရှိုင်းကြသည်။ သက်ကြီးဝါကြီးတို့မှာ ဗဟုသုတကြွယ်ဝသူများဟု သဘောထားပြီး ကျန်အိမ်သားတို့ကလေးစားကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် မိဘနှစ်ပါးမှ ပေါက်ဖွားဆင်းသက်လာသော မောင်နှမ အရင်းအခြာနှင့် ဝမ်းကွဲဆွေမျိုးများ အားလုံးကို ဆွေမျိုးဟု သတ်မှတ်သည်။ ထို့အပြင် အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးတို့ လက်ထပ်ထိမ်းမြားခြင်းဖြင့် နှစ်ဘက်ရှိဆွေမျိုးသားချင်းများသည် သွေးသား မတော်စပ်သော်လည်း ဆွေမျိုးများဟု အသိအမှတ်ပြုပြီး လက်ထပ်ထိမ်းမြားခြင်းဖြင့် တော်စပ်လာသော ဆွေမျိုးများအဖြစ် ခင်မင်ရင်းနှီးစွာ ဆက်ဆံကြသည်။ မိခင်ဘက်မှအမျိုး၊ ဖခင်ဘက်မှအမျိုးဟု သီးခြားခွဲခြားခြင်း မရှိသဖြင့် ဆွေမျိုးတော်စပ်ပုံသည် နှစ်ဘက်လိုက်တော်စပ်ပုံစနစ်[၁] ကို ကျင့်သုံးကြ

---

၁။ Bilineal Kinship System

သည်ကို လေ့လာသိရှိရပေသည်။ ယင်းကို တစ္ဆိုးတခို(တကျိုတခိုး)ဟု ပအိုဝ်းဘာသာဖြင့် ခေါ်ဆိုကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် အိမ်ထောင်ကျပြီးစတွင် မိန်းကလေး၏ မိဘအိမ်တွင်ဖြစ်စေ၊ ယောကျ်ားလေး၏ မိဘအိမ်တွင်ဖြစ်စေ၊ အဆင်ပြေ သင့်တော်သည့်အိမ်တွင် နေထိုင်ကြသည်။ မိဘအိမ်တွင် နေထိုင်ပြီး ခြံများ၊ ယာများ၊ နွားများ ၊ အိမ်များစသဖြင့် စုဆောင်းမိသောအခါမှသာ အိုးသစ်၊ အိမ်သစ်ထူထောင် ကြသည်။ ယခုအခါတွင် စီးပွားရေးချောင်လည်သူ များလာသည်ကတစ်ကြောင်း၊ ခေတ်မှီတိုးတက် လာသည်ကတစ်ကြောင်းတို့ကြောင့် အိမ်ထောင်ကျပြီးသည်နှင့် အိမ်ခွဲနေထိုင် လာကြသည်ကို တွေ့ရသည်။

ထိုသို့အိမ်ခွဲပေးရာတွင် သား၊ သမီး၊ အကြီး၊အငယ်မရွေးပေ။ သားသမီးအကြီးဦးစွာအိမ်ခွဲပြီး သား သမီးအငယ်များက မိဘအိမ်တွင် ကျန်ခဲ့သလို သားသမီးအငယ်များက အိမ်အရင်ခွဲပြီး သားသမီးအကြီးက မိဘအိမ်တွင် ကျန်ခဲ့သည်မျိုးလည်း ရှိသည်။ သို့သော် များသောအားဖြင့် သားသမီးအားလုံး အိမ်ထောင်ကျကာ အိမ်ခွဲထွက်ကြပြီး သားအငယ်ဆုံး (သို့မဟုတ်) သမီးအငယ်ဆုံး အိမ်ထောင်စုသည် မိဘအိမ်တွင် မိဘနှင့်အတူ နေကြသည်ကို လေ့လာသိရှိရပါသည်။

## (၁) ဆွေမျိုးတော်စပ်ပုံ

ပအိုဝ်းတိုင်းရင်းသားတို့တွင် အခြားတိုင်းရင်းသားများ (ဥပမာ-ကချင်တိုင်းရင်းသား)ကဲ့သို့ မိသားစုဆွေမျိုးစု[၁] အမည်သတ်မှတ်ခေါ်ဆိုခြင်း မရှိပေ။ပအိုဝ်းတိုင်းရင်းသားတို့၏ ဆွေမျိုးတော်စပ်ပုံ စနစ်တွင် သွေးသားအားဖြင့် ဆွေမျိုးတော်စပ်ခြင်း[၂]၊ လက်ထပ်မှုဖြင့် ဆွေမျိုးတော်စပ်ခြင်း[၃] နှင့် မွေးစားခြင်းဖြင့် ဆွေမျိုးတော်စပ်ခြင်း[၄] ဆိုင်ရာ ဓလေ့ထုံးစံများကို တွေ့ရသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ သွေးသားအားဖြင့် ဆွေမျိုးတော်စပ်ရာတွင် အဖ၏ အမျိုးအနွယ်ဘက်သို့သာ ဆင်းသက်ခြင်း[၅] နှင့် အမိ၏အမျိုးအနွယ်ဘက်သို့သာ ဆင်းသက်ခြင်း[၆]

---

၁။ STR NAME

၂။ Kinship by blood

၃။ Kinship by marriage

၄။ Kinship by adoption

၅။ Patrilineal descent

၆။ Matrilineal descent

မျိုး မတွေ့ရဘဲ အဖေ၏အမျိုးနှင့် အမေ၏အမျိုးအားလုံးတို့ကို ဆွေမျိုးများအဖြစ် အသိအမှတ်ပြုပြီး တန်းတူဆက်ဆံကြသည်။ သို့ရာတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် အများအားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ ဂါရဝတရားထားကာ ရိုသေ ကိုင်းရှိုင်းသော တိုင်းရင်းသား ဖြစ်သည်။ ထို့ကြောင့် အထူးသဖြင့် အသက်ကြီး ဝါကြီးများကို ရိုသေကိုင်းရှိုင်းကြသည်။ သက်ကြီး ဝါကြီးတို့သည် ဗဟုသုတကြွယ်ဝသူများ ဖြစ်သည်ဟု ခံယူကာ ဆွေမျိုးစု အားလုံးက ညွှန်ကြားဆုံးမ စကားကို နာခံလေးစားကြသည်။ သွေးစပ်ဆွေမျိုး[၁] ထဲတွင်လည်းကောင်း၊ လက်ထပ်မှုဖြင့် ဆွေမျိုးတော်စပ်ခြင်းဖြင့်လည်းကောင်း ဆွေမျိုးအားလုံးထဲတွင် သက်ကြီးဝါကြီးသည် သြဇာအရှိဆုံး ဖြစ်သည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ သွေးသားစပ်ခြင်းဖြင့် ဆွေမျိုးတော်စပ်ပုံကို အဆန်(၃)ဆက်၊ အစုန်(၄)ဆက်အထိရှိသည်ကို တွေ့ရသည်။

<u>အဆန်(၃)ဆက်မှာ</u> (၁) အဖေ (ဖါ)၊ အမေ (မို့း)

(၂) အဖိုး (ဖဖရား)၊ အဖွား (မို့းဖရား)

(၃) ဘေး (ဖာပြီးဖာဖရား၊ ဘေး (မို့းဖြီး မို့းဖြား) ဟုသတ်မှတ်ပြီး

<u>အစုန်(၄)ဆက်မှာ</u> (၁) သား (ပိုခို)၊ သမီး (ပိုမူး)

(၂) မြေးယောက်ျား (လီခို)၊ မြေး (လီမူး)

(၃) မြစ်ယောက်ျား (လာင့်ခို)၊ မြစ်မိန်းကလေး (လာင့်မူး)

(၄) တီယောက်ျား (လျဉ်ခို)၊ တီမိန်းကလေး (လျဉ်မူး)

တို့ ဖြစ်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ လက်ထပ်မှုဖြင့် ဆွေမျိုးတော်စပ်ရာတွင် ပအိုဝ်းအမျိုးသားနှင့် အမျိုးသမီးတို့ကို လက်ထပ်ထိမ်းမြားပေးခြင်းဖြင့် နှစ်ဘက်ရှိ ဆွေမျိုးသားချင်းများသည် သွေးသား မတော်စပ်သော်လည်း ဆွေမျိုးများပမာ အသိအမှတ်ပြုကြပြီး ဆွေမျိုးစာရင်းတွင် ထည့်သွင်းကြသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး လက်ဆက်ခြင်းဖြင့် ဆွေမျိုးတော်စပ်လာနိုင်သည်။ ထို့ကြောင့် ပအိုဝ်းလူမျိုး တို့၏ ဆွေမျိုးတော်စပ်ပုံတွင် မိဘနှစ်ပါးစလုံးဘက်မှ သွေးသားတော်စပ်သော ဆွေမျိုးသားချင်းအားလုံး ပါဝင်သည့်အပြင် လက်ထပ်ထိမ်းမြားခြင်းဖြင့် တော်စပ်လာသော ဆွေမျိုးများပါ ဆွေမျိုးစု အတွင်းသို့ ထည့်သွင်းကြသည်။

---

၁။ Consanguinity

မွေးစားခြင်းဖြင့် ဆွေမျိုးတော်စပ်ရာတွင် သမီးမိန်းကလေးရော သားယောကျ်ားလေးပါ မွေးစားကြသည်။ ယင်းသို့မွေးစားရာတွင် ဆွေမျိုးများ၏ကလေးကို ပြန်လည်မွေးစားခြင်း ရှိသလို တစိမ်း၏ကလေးကို ပြန်မွေးစားခြင်းလည်း ရှိ၏။ များသောအားဖြင့် အသက်(၅)နှစ်အထက် ကလေးများကို မွေးစားသည်ကများသည်။ ရက်ကောင်း ရက်မြတ်ရွေးပြီး အလှူဒါနပြုကာ ကလေးကို မွေးစားနိုင်သည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် စိတ်ထားဖြူစင်ကြပြီး ဝန်တိုမှု ကင်းမဲ့ကြသည်။ မိမိမွေးစားထားသော ကလေးကို မိဘအရင်းနှင့် တွေ့နိုင်သည်။ မိဘအရင်းက ချမ်းသာလာလျှင်လည်း အမွေပေးပိုင်ခွင့် ရှိသည်။ မွေးစားမိဘသည် မွေးစားထားသော ကလေးအား သူတို့၏ သားသမီးအရင်းသဖွယ် သဘောထားကြသည်။ သားသမီးအရင်းနှင့် မောင်နှမအရင်းကဲ့သို့ ယူဆရာ လက်ထပ်ခြင်းလည်း မပြုရပေ၊ မွေးစားထားသော သားသမီးသည် သားသမီးအရင်းကဲ့သို့ တန်းတူအခွင့်အရေး ရရှိကာ အမွေခွဲဝေရာတွင်လည်း တန်းတူညီတူညီမျှ ခွဲဝေပေးကြသည်။

## (၂) ဆွေမျိုးအခေါ်အဝေါ်များ

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့၏ ဆွေမျိုးအခေါ်အဝေါ်များကို လေ့လာကြည့်သောအခါ ပအိုဝ်းတိုင်းရင်းသားတို့သည် ဖခင်(အဖေ)ကို 'ဖါ'ဟူ၍လည်းကောင်း၊ မိခင်အမေကို မိုး(မွိုး)ဟူ၍ လည်းကောင်း ခေါ်ဆိုကြကြောင်း၊ ဖခင်၏အစ်ကိုကို 'ဖာတန်ဘကြီး'ဟူ၍လည်းကောင်း၊ မိခင်၏အစ်ကို (ဘကြီး)ကို 'ဖူ'ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ မိခင်၏အစ်မ (ကြီးဒေါ်)ကို 'မိုးတန်'ဟူ၍ လည်းကောင်း၊ ဖခင်၏အစ်မ (ကြီးဒေါ်)ကို 'ဖိ' ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။

ဤသို့အခေါ်အဝေါ် မတူရခြင်းမှာ လိုင်ကွဲမောင်နှမများမွေးသော ဝမ်းကွဲမောင်နှမများလက်ထပ်ခြင်း[၁] ဓလေ့ ရှိသောကြောင့် မိခင်၏ မောင်နှင့်အစ်ကိုကို ယောက္ခမများ ဟုခေါ်ကြပြီး ဖခင်၏ အစ်မနှင့်ညီမတို့ကိုလည်း ယောက္ခမများ ဟုခေါ်ကြခြင်း ဖြစ်သည်။လိုင်ကွဲမောင်နှမများမှ မွေးသော သားများကို မာ့(သားမက်)မှ သမီးများကို ပနမ် (ချွေးမ)ဟုခေါ်၍ အခြားလိုင်တူ ညီအစ်ကိုမှ မွေးသော တူမများနှင့် လိုင်တူညီအစ်မမှ မွေးသောတူမများ၊ နှမ၏ သမီးတူမများအား ဖူးမူး (တူမ)ဟု ခေါ်ကြသည်။ တူများကို ဖူးခို (တူ) ဟု ခေါ်ကြသည်။

---

၁။ Cross Cousins Marriage

မနုဿဗေဒပညာရပ်တွင် ဆွေမျိုးအခေါ်အဝေါ်နှင့် ပတ်သက်၍ တိကျအခေါ်အဝေါ်[၁]နှင့် တင်စားအခေါ်အဝေါ်[၂] ဟူ၍ ခွဲခြားထားသည်။ တင်စားအခေါ်အဝေါ်တွင်လည်း ဟာဝေယံ[၃] အမျိုးအစားနှင့် ဆီနီကာ[၄] အမျိုးအစားဟူ၍ ခွဲခြားထားပြန်သည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် သက်ကြီး ဝါကြီးကို လေးစားကြသဖြင့် သက်ကြီးဝါကြီးတို့၏ ဆုံးမသြဝါဒကို နာခံတတ်ကြ၏။ ထို့ကြောင့် မိခင်အရွယ်ရှိသော အမျိုးသမီးများကို သွေးသားတော်စပ်သည် ဖြစ်စေ၊ မတော်စပ်သည်ဖြစ်စေ အမေကဲ့သို့ ရိုသေတန်ဖိုးထားကာ မိုး (မွိုး) အမေဟုခေါ်တတ်ကြသည်။ ဖခင်အရွယ်အမျိုးသားကိုလည်း ဖာ(အဖေ)ဟု ခေါ်ကြသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့သည် တင်စားအခေါ်အဝေါ်ဖြင့် ခေါ်ဆိုကြောင်း တွေ့ရသည်။

---

၁။ Descriptive Term

၂။ Classificatory Term

၃။ Hawaiian

၄။ Seneca

## ဆွေမျိုးအခေါ်အဝေါ်များ

| မြန်မာ | သွေးသားတော်စပ်ပုံ | အသံထွက် | ပအိုဝ်း |
|---|---|---|---|
| အဖေ | ဖခင် | ဖာ | ဖာ |
| အမေ | မိခင် | မိုး | မွိုး |
| အဖိုး | အဖေ၊ အမေ၏ဖခင် | ဖာဖရား | ဖာ ဖြား |
| အဖွား | အဖေ၊ အမေ၏မိခင် | မိုး ဖရား | မွိုးဖြား |
| ဘေး(ကျား) | အဖိုး အဖွား၏ဖခင် | ဖာဖရား | ဖာဖြား |
| ဘေး(မ) | အဖိုး အဖွား၏မိခင် | မိုးဖရား | မွိုးဖရား |
| ဘီ(ကျား) | ဘေး၏ဖခင် | ဖာဖရား | ဖာဖရား |
| ဘီ(မ) | ဘေး၏မိခင် | မိုးဖြား | မွိုးဖြား |
| မောင်နှမ | မွေးချင်း | ဖူးဝေး | ဖူးဝေး |
| ညီအစ်ကို | အမျိုးသားမွေးချင်း | ဖူးဝေးအခို | ဖူးဝေးအခို |
| အစ်ကိုအကြီးဆုံး | အမျိုးသားမွေးချင်း | ဝေးခိုတန်စွပ် | ဝေးခိုတန်စွပ် |
| ညီအစ်မ | အမျိုးသမီးမွေးချင်း | ဖူးဝေးအမူ | ဖူးဝေးအမု |
| အစ်မအကြီးဆုံး | အမျိုးသမီးမွေးချင်း | ဝေးမူးတန်စွပ် | ဝေးမူးတန်စွပ် |
| အစ်မ/ညီမ | အစ်မ၊ ညီမ(မိမိအောက်) | ဝေးမူး | ဝေးမူး |
| ညီမ | ညီမ၊ (ညီမနှစ်ယောက် အနက်အငယ်ညီမ) | ဖူးမူ | ဖူးမူ |
| အစ်ကို | အစ်ကို | ဝေးခို | ဝေးခို |
| ညီ | ညီ | ဖူးခို | ဖူးခို |
| သား | သား | ပိုခို | ပိုခို |
| သမီး | သမီး | ပိုမူး | ပိုမူး |
| မြေး (ယောကျ်ား) | သားသမီးတို့၏သားများ | လီခို | လီခို |

| မြန်မာ | သွေးသားတော်စပ်ပုံ | အသံထွက် | ပအိုဝ်း |
|---|---|---|---|
| မြေး (မိန်းမ) | သားသမီးတို့၏သမီးများ | လီမူ | လီမူ |
| မြစ် (ယောက်ျား) | မြေး၏သားများ | လာင်းခို | လာင် |
| မြစ် (မိန်းမ) | မြေး၏သမီးများ | လာင်းမူး | လာင်မူး |
| တီ (ယောက်ျား). | မြစ်၏သားများ | လင်(န်)ခို | လန်ခို |
| တီ (မိန်းမ) | မြစ်၏သမီးများ | လင်(န်)မူး | လန်မူး |
| တွတ် (ယောက်ျား) | တီ၏သားများ | လိုင်ခို | လန်ခို(လာန့်ခို) |
| .တွတ် (မိန်းမ) | တီ၏သမီးများ | လိုင်မူး | လဲန်မူး |
| အဖိုးလေး | အဖိုး၏ညီ၊ အဖွား၏မောင်၊ ဖွားလေး၏ခင်ပွန်း | ဖာနန် | ဖာနန် |
| အဖွားလေး | အဖိုး၏နှမ၊ အဖွား၏ညီမ၊ ဖိုးလေး၏ဇနီး | မိုးနန် | မွိုးနန် |
| ဘကြီး | အဖေ့အစ်ကို၊ အမေ့အစ်မ၏ခင်ပွန်း | ဖာတန် | ဖာတန် |
| ဘကြီး | အမေ့အစ်ကို | ဖူ | ဖူ |
| ဘကြီး | အဖေ့အစ်မ၏ခင်ပွန်း | ဖူ | ဖူ |

| မြန်မာ | သွေးသားတော်စပ်ပုံ | အသံထွက် | ပအိုဝ်း |
|---|---|---|---|
| ဦးလေး | အဖေ့ညီ | ဖာနန် | ဖာနန် |
| ဦးလေး | အမေ့ညီမယောက်ျား | ဖာနန် | ဖာနန် |
| ဦးလေး | အဖေ့မောင်၊အမေ့ညီမ ယောက်ျား | ဖူ | ဖူ |
| ကြီးဒေါ် | အဖေ့အစ်မ | ဖီ | ဖီ |
| ကြီးဒေါ် | အမေ့အစ်ကိုအစ်မ | ဖီ | ဖီ |
| ကြီးဒေါ် | အမေ့အစ်မ၊ အဖေ့အစ်ကို ဇနီး | မိုးတန် | မိုးတန် |
| အဒေါ် | အဖေ့ညီမ | ဖီ | ဖီ |
| အဒေါ် | အမေ့မောင်မိန်းမ | မို့းနန် | မို့းနန် |
| အဒေါ် | အမေ့ညီမ၊ အဖေ့ညီမိန်းမ | မိုးနန် | မိုးနန် |
| တူ | ညီအစ်ကို၊ညီအစ်မ၊ဝမ်းကွဲ ညီအစ်ကိုဝမ်းကွဲ၊ ညီအစ်မတို့ မှမွေးသောသား၊ တူမ၏ခင်ပွန်း | ပိုခို | ပိုခို |
| တူမ | ညီအစ်ကို၊ညီအစ်မ၊ဝမ်းကွဲ ညီအစ်ကိုဝမ်းကွဲ၊ ညီအစ်မတို့ မှမွေးသောသမီး၊တူ၏ဇနီး | ပိုမူ | ပိုမူ |
| တူ(သို့မဟုတ်) | မောင်နှမတို့၏သား | မာ့(မက်) | မာ့(မက်) |
| သားမက် | ဝမ်းကွဲမောင်နှမတို့၏သား | | |
| တူမ(သို့မဟုတ်) | မောင်နှမတို့၏သမီး | ပနမ် | ပနမ် |
| ချွေးမ | ဝမ်းကွဲမောင်နှမတို့၏သမီး | | (ပုနမ်) |

ပအိုဝ်းအမျိုးသမီးနှင့် အမျိုးသားတို့ လက်ထပ်ထိမ်းမြားခြင်းဖြင့် နှစ်ဖက်သော ဆွေမျိုးသားချင်းများသည် တစ်ဦးနှင့် တစ်ဦးအဆက်အစပ်ရှိလာကြပြီး ဆွေမျိုးစာရင်းဝင်များအဖြစ် အသိအမှတ်ပြုလာကြသည်။ ဤသို့လက်ထပ်ခြင်းဖြင့် နှစ်ဖက်အမျိုးများ တော်စပ်လာသည့် ဆွေမျိုးအခေါ်အဝေါ်များရှိသည်။


<u>ထိမ်းမြားခြင်းဖြင့်တော်စပ်သူဆွေမျိုးအခေါ်အဝေါ်များ</u>

| မြန်မာ | သွေးသားတော်စပ်ပုံ | အသံထွက် | ပအိုဝ်း |
|---|---|---|---|
| လင် | ခင်ပွန်း၊ ယောက်ျား | ဝါး | ဝါး |
| မယား | မိန်းမ၊ ဇနီးသည် | မာ | မာ |
| ယောက္ခမ<br>(ယောက်ျား) | ခင်ပွန်း(သို့မဟုတ်)<br>ဇနီး၏ဖခင် | ဖူ | ဖူ |
| ယောက္ခမ<br>(မိန်းမ) | ခင်ပွန်း(သို့မဟုတ်)<br>ဇနီး၏မိခင် | ဖီ | ဖီ |
| သားမက် | သမီး၏ယောက်ျား(ခင်ပွန်း) | မှ့(မက်) | မှ့(မက်) |
| ချွေးမ | သား၏ဇနီး | ပနမ် | ပနမ် |
| ခဲအို | ခင်ပွန်း၏အစ်ကို (သို့မဟုတ်)<br>အစ်မ၏ယောက်ျား | ဖာတန် | ဖာတန် |
| မတ် | ခင်ပွန်း၏ညီ (သို့မဟုတ်)<br>ညီမ၏ခင်ပွန်း | ဖာနန် | ဖာနန် |
| မရီး | ဇနီး၏အစ်မ (သို့မဟုတ်)<br>အစ်ကို၏ဇနီး | မိုးတန် | မွိုးတန် |
| ခယ်မ | ဇနီး၏ညီမ (သို့မဟုတ်)<br>ညီ၏ဇနီး | မိုးနန် | မွိုးနန် |

| မြန်မာ | သွေးသားတော်စပ်ပုံ | အသံထွက် | ပအိုဝ်း |
|---|---|---|---|
| ယောက်ဖ | ဇနီး၏အစ်ကို (သို့မဟုတ်) မောင်နှင့် အစ်မနှင့် နှမ တို့၏ခင်ပွန်း | တမတ် | တမတ် |
| ယောင်းမ | ခင်ပွန်း၏အစ်မနှင့်နှမ (သို့မဟုတ်) အစ်ကို နှင့်မောင်တို့၏ဇနီး | တနိန် (နိန်းတဖူးနိန်) | (နိန်းတဖူးနိန်) |
| ဖထွေးပထွေး | မိခင်၏နောက်ခင်ပွန်း | ဖာပေး | ဖာပေ |
| မိထွေး | ဖခင်၏နောက်ဇနီး | မိုးပေး | မွိုးပေး |

မြန်မာများအနေဖြင့် ညီအစ်ကိုများ၏ ဇနီးတို့ကို 'လင်ညီအစ်မ'ဟူ၍ ခေါ်ကြသည်။ ထိုလင်ညီအစ်မကို ပအိုဝ်းတို့က 'မိုးတန် မိုးနန်'ဟု ခေါ်ကြသည်။ အစ်ကိုအကြီး၏ဇနီးကို 'မိုးတန်' ဟူ၍ လည်းကောင်း၊ ညီအငယ်ဇနီးကို 'မိုးနန်'ဟူ၍လည်းကောင်း ခေါ်ကြ၏။ ထိုနည်းတူ ညီအစ်မများ၏ ခင်ပွန်းတို့ကို မြန်မာတို့က မယားညီအစ်ကိုဟု ခေါ်ကြရာ ပအိုဝ်းတို့က ဖာနာင် ဖာတန် (ဖာနန်၊ ဖာတန်)ဟု ခေါ်ကြသည်။ မယားညီအစ်ကိုတွင် ညီမ၏ခင်ပွန်းက အစ်မ၏ခင်ပွန်းအား 'ဘကြီး' (သို့မဟုတ်) 'ဖာတန်' ဟူ၍လည်းကောင်း၊ အစ်မ၏ခင်ပွန်းက ညီမ၏ခင်ပွန်းကို ဦးလေး 'ဖာနန်'ဟု ခေါ်ကြသည်။ သမီးယောင်းမအချင်းချင်းကို 'နိန်' ဟု ခေါ်ကြပြီး တခြားသူများက ထိုသမီးယောင်းမအား 'တဖူးနိန်' ဟု ခေါ်ကြသည်။

အမျိုးသမီးတစ်ဦးနှင့်အမျိုးသားတစ်ဦး လက်ထပ်ခြင်းဖြင့်ခင်ပွန်း၏မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများနှင့် ဆက်စပ်ပြီး ခေါ်ဝေါ်သော ဆွေမျိုးအခေါ်အဝေါ်ဇယား



(၃) **အရိုက်အရာဆက်ခံခြင်းနှင့်အမွေဆက်ခံခြင်း**

ပအိုဝ်းတိုင်းရင်းသားတို့၏ မိသားစုတွင် မိဘနှစ်ပါးစလုံး ကွယ်လွန်သွားခဲ့ပြီးနောက် အိမ်ထောင်မပြုရသေးသော သားပျို သမီးပျိုများသာ ကျန်ရစ်ခဲ့လျှင် သမီးကအကြီးဆုံးဖြစ်လျှင် အစ်မအကြီးအမိအရာဆိုသကဲ့သို့ အစ်မကြီးက အိမ်ထောင်၏ မိဘအရိုက်အရာကို ဆက်လက်အုပ်ထိန်း စောင့်ရှောက်ရ၏။ အကယ်၍ သားကအကြီးဆုံးဖြစ်နေလျှင် သားကြီးအဖအရာအနေနှင့် ကျန်ရစ်သော မောင်နှမကို ဆက်လက်အုပ်ထိန်း စောင့်ရှောက်ရ၏။ မိဘများ သေဆုံးပြီး ကျန်ရစ်ခဲ့သော အမွေပစ္စည်း များကို ချက်ခြင်းခွဲဝေသော အလေ့အထမရှိဘဲ ထိုပစ္စည်းများကို အမွေဆိုင်အဖြစ် အစ်မကြီး(သို့မဟုတ်) အစ်ကိုကြီးက ထိန်းသိမ်းကာ မောင်နှမအားလုံး သင့်တော်သလို အသီးသီး အိမ်ထောင်ပြု၍ အိမ်ခွဲမှသာ အညီအမျှ ခွဲဝေယူကြ၏။

အများအားဖြင့် အမွေခွဲရာတွင် ကျား မ ကြီးငယ် မခွဲခြားဘဲ သားရော သမီးပါ အကြီး အငယ်မရွေး အညီအမျှ အကျိုးခံစားခွင့် ရှိသည်။ မိဘအမွေကို ခွဲဝေရာတွင် မည်၍မည်မျှအတိအကျ ဝေပုံကျ စနစ်ဖြင့် ခွဲဝေပေးခြင်းမျိုး မရှိသော်လည်း သမီးများက မွေးချင်းအစ်ကို၊ မောင်တို့နှင့် အညီအမျှ ရကြသည်။ အများအားဖြင့် လက်ဝတ်တန်ဆာ ရွှေထည် ငွေထည် ပစ္စည်းများကို ရရှိကြသည်။

မည်သည့်သား သမီးကိုမဆို မိဘအမွေခံစားခွင့်ရှိသည် ဆိုသော်လည်း တစ်အိမ်တည်း အတူနေသူနှင့် အိမ်ခွဲနေသူတို့၏ ခံစားခွင့်ခြင်း မတူပေ။ အတူနေသူများကို ပြုစုသူအဖြစ် ပိုမိုခံစား ခွင့်ရှိသည်။ မိဘဖြစ်သူသည် မိမိတို့အသက်ရှင်စဉ်ကပင် သားများ သမီးများကို အိမ်ထောင်ချပေးပြီး အိမ်ခွဲနေသည်နှင့် သားသမီးတို့၏ ဘဝထူထောင်နိုင်ရေးအတွက် တတ်နိုင်သ၍ ဥစ္စာပစ္စည်း ငွေကြေး မြေယာတို့ကို အသီးသီးခွဲဝေပေးကြသည်။ မိဘတို့နှင့်အတူ ဆက်လက်နေထိုင်ပြီး လုပ်ကိုင် ကျွေးမွေးသော သားအကြီး(သို့မဟုတ်) သားငယ်ဖြစ်စေ၊ သမီးကြီး(သို့မဟုတ်) သမီးငယ်ဖြစ်စေ မိဘတို့၏လက်ကျန်ပစ္စည်းဟူသမျှ ရပိုင်ခွင့် ရှိသည်။ များသောအားဖြင့် သားထွေး၊ သမီးထွေးများသည် နောက်ဆုံးမှ အိမ်ထောင်ပြုလေ့ရှိပြီး အသက်အရွယ်ကြီးသော မိဘများနှင့် အိုးအိမ်မခွဲ အတူနေ၍ လုပ်ကိုင်စားသောက်နေထိုင်သဖြင့် မိဘတို့၏ အမွေလက်ကျန်များကို ခံစားခွင့်ရကြသည်။ အိမ်နှင့်နီးသောခြံ၊ လယ်ယာများကိုလည်း အထွေးဆုံး အငယ်ဆုံး တို့က ရရှိကြသည်။ ဤသို့ခွဲဝေခြင်းမှာ အထွေးဆုံးကို ညှာတာထောက်ထား သည့်အပြင် မိအို ဖအိုများအား ရှာဖွေကျွေးမွေး ပြုစု စောင့်ရှောက်သော သားသမီးတို့ကို ပိုမိုအခွင့်အရေး ပေးထားခြင်း ဖြစ်သည်။

ဥစ္စာပစ္စည်းကို အမည်တပ်၍ ပေးခဲ့လျှင် နာမည်ရှင်က ရ၏။ အမည်မတပ်ခဲ့လျှင် ယင်းပစ္စည်းကို မသေဆုံးခင် ပြုစုစောင့်ရှောက်သည့် အသက်ကုန်ဆုံးသည့်အချိန်တွင် အနီးတွင် ရှိနေသည့် အမွေဆက်ခံသူပုဂ္ဂိုလ်တစ်ဦးဦးက ရရှိသည်။ သားသမီးအရင်းမရှိပါက မွေးစားသားသမီး များရှိပါက မွေးစား သားသမီးများကရရှိသည်။ သားသမီးအရင်းရှိသည့်အပြင် မွေးစားသားသမီးရှိပါက မွေးစားသားသမီး သည် သားသမီးအရင်းများကဲ့သို့ပင် အမွေကို တန်းတူညီတူ အကျိုးခံစားခွင့် ရှိသည်။

အကယ်၍ သားသမီးများ အရင်သေဆုံး၍ မြေးများသာကျန်ခဲ့လျှင် အဖိုးအဖွား၏ အမွေကို မြေးဖြစ်သူတို့က ခွဲဝေယူခွင့်ရှိသည်။ မြေးအစားမြစ်များသာ ကျန်ရှိလျှင်လည်း ဘိုးဘွားတို့၏ အမွေပစ္စည်းများကို မြစ်များက ညီမျှစွာ ခွဲဝေခံစားရပေမည်။

ပအိုဝ်းအဖွဲ့အစည်းတွင် အကယ်၍ သေဆုံးသောဇနီးမောင်နှံတို့၌ သား သမီး မြေး မြစ်စသဖြင့် အမွေဆက်ခံရန် တစ်စုံတစ်ယောက်မျှ မရှိပါလျှင် သေဆုံးသူတို့၏ နှစ်ဘက်သော မိဘများ အကျိုးခံစားခွင့် ရှိ၏။ အမျိုးသမီး၏ မိဘများရှိလျှင် အမျိုးသမီး၏ မိဘများ ရယူခွင့်ရှိပြီး အမျိုးသား၏ မိဘများရှိလျှင် အမျိုးသား၏ မိဘများ ရယူခွင့် ရှိသည်။ နှစ်ဦးနှစ်ဖက်စလုံးမှ မိဘများရှိနေလျှင် နှစ်ဖက် စလုံး ခံစားခွင့် ရှိသည်။ အထူးသဖြင့် သေဆုံးသော သားသမီးတို့နှင့် အတူနေထိုင်သော မိဘများ ပိုမိုခံစားခွင့်ရှိ၏။ မိခင်နှင့် ဖခင်တို့သည်လည်းယင်းအမွေကို ဆက်ခံရာတွင် အညီအမျှခံစားခွင့် ရှိ၏။ အကယ်၍ သေဆုံးသူ၏ မိဘများအစား အဖိုး(သို့မဟုတ်) အဖွား(သို့မဟုတ်) အဖိုးရော အဖွားရော နှစ်ဦးစလုံးဖြစ်စေရှိနေလျှင်လည်း အမွေကို ထိုကျန်နေသော အဖိုးအဖွားများတို့ ခံစားခွင့် ရှိ၏။ သေဆုံးသူတို့၏ အဖိုး အဖွား အမိ အဖ သား သမီးတို့ တစုံတယောက်မှ အမွေဆက်ခံရန်မကျန်လျှင် မကျန်းမာစဉ် လာရောက်အတူနေ၍ ပြုစုသော ညီအစ်ကို မောင်နှမဖြစ်သူသည် သေဆုံးသူ၏ အမွေပစ္စည်းများကို ခံစားခွင့် ရသည်။ နှမဖြစ်စေ၊ အစ်မဖြစ်စေ၊ ညီဖြစ်စေ၊ အစ်ကိုဖြစ်စေ၊ ပြုစုစောင့်ရှောက်သူသည် အမွေခံစားခွင့်ရ၏။ အစ်ကို အစ်မ ညီ ညီမ နှမဟူ၍ သီးခြားသတ်မှတ် ခွဲဝေပေးခြင်းမျိုး မရှိပေ။ ညီအစ်ကို မောင်နှမများမရှိလျှင် ခင်မင်ရင်းနှီးသူ တစ်ဦးဦးက မမာမကျန်းဖြစ်နေစဉ် လာရောက်ပြုစုပါက ထိုပြုစုစောင့်ရှောက်သော မိတ်ဆွေကိုပင် သေသူ၏ အမွေပစ္စည်းများ ပေးလေ့ရှိကြသည်။ တခါတရံ သေသူ၏ အမွေပစ္စည်းများကို ထိုသို့လာရောက် ပြုစုသော မိတ်ဆွေကတစ်ဝက်၊ ရပ်ရွာအတွက် လှူဒါန်းငွေကတစ်ဝက်ဖြင့် ခွဲဝေသည်ကိုလည်း တွေ့ရသည်။

ပအိုဝ်းအဖွဲ့အစည်းတွင် အမွေနှင့် ပတ်သက်သော အမှုအခင်းမျိုး ရှိသော်လည်း အလွန်နည်းပါး၏။ ထိုသို့အမှုအခင်းများ ဖြစ်ပေါ်လာလျှင် ရပ်ရွာသူကြီးနှင့် ရွာသူကြီး(ဖြားဒုံ) တို့၏ ရှေ့မှောက်တွင် ဖြေရှင်းရ၏။ ရပ်ရွာလူကြီးနှင့် ရွာသူကြီး(ဖြားဒုံ)တို့က အညီအမျှ ခွဲဝေဆုံးဖြတ်ပေးကြသည်။ ခြံမြေများကို အမွေခွဲရာတွင် ကိုယ်ပိုင်ယာမြေ မရှိသူ၊ နည်းပါးသူများကို ဦးစားပေးရွေးချယ်ကာ တန်ဘိုးအညီအမျှ ခွဲဝေပေးကြသည်။ ထိုရွာသူကြီးနှင့် ရပ်ရွာလူကြီးများ၏ ဖြေရှင်းပေးချက်ကို နှစ်ဦးနှစ်ဘက်စလုံးမှ ကျေနပ်စွာ လက်ခံ၍ ကြေအေးလေ့ရှိကြသည်။ ထို့ကြောင့် ယင်းအမှုအခင်းနှင့် ပတ်သက်၍ ရုံးတင် အမှုဖွင့်ခြင်း မရှိသလောက်ပင် ရှားပါးသည်။

## (ခ) အပျိုလူပျိုဘဝ

ပအိုဝ်းတိုင်းရင်းသားတို့သည် ယောကျ်ားလေးကို အသက်(၁၆)နှစ်အရွယ်မှစပြီး လူပျိုအဖြစ်သတ်မှတ်ကာ လူပျိုလှည့်နိုင်သည်ဟု ယူဆကြသည်။ မိန်းကလေးများအနေဖြင့် အသက်(၁၅)နှစ်တွင် အပျိုအဖြစ် သတ်မှတ်လေ့ရှိကြသည်။ အပျိုနှင့်လူပျိုတို့သည် တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံခွင့်ရှိ၍ ဆက်ဆံသည့်အခါတွင် ဣန္ဒြေရှိစွာပင် ဆက်ဆံကြ၏။ လူကြီးမိဘများကလည်း စည်းကမ်းမဲ့ဆက်ဆံမှုကို အားမပေးပေ။ သီးသန့်ခွဲခြား၍ နေထိုင်သွားလာ ဆက်ဆံကြသော်လည်း ပွဲလမ်းသဘင် အလှူအတန်းနှင့် ဈေးနေ့တို့တွင် မိန်းမပျိုများသည် ယောကျ်ားပျိုတို့နှင့် နှုတ်ဆက်ခွင့် စကားပြောဆိုခွင့်ရှိကြသည်။ ထိုအချိန်အခါများတွင် တစိမ်းအမျိုးသားဖြစ်စေကာမူ မိမိအားနှုတ်ဆက်ပြီး စကားပြောလာလျှင် လက်ခံပြောဆိုကြသည်။ ထိုသို့ဆက်ဆံခြင်းမှာ ထုံးတမ်းစဉ်လာဓလေ့ဖြစ်၍ လူကြီးမိဘများက ကန့်ကွက်ခြင်း မရှိကြပေ။ ပတ်ဝန်းကျင်ကလည်း လက်ခံကြသည်။

ပအိုဝ်းတိုင်းရင်းသားများသည် ရိုးသားပြီး အရှက်အကြောက်ကြီးကာ စည်းကမ်းရှိသေလိုက်နာသူများ ဖြစ်သည်။ အမျိုးသားများထက် အမျိုးသမီးများက ပို၍ အရှက်အကြောက် ကြီးကြသည်။ ပအိုဝ်းအပျိုစင်တို့သည် အပေါင်းအသင်း မိတ်ဆွေအဖြစ် အမျိုးသားထက် အမျိုးသမီးများကို ဦးစားပေး၍ ပေါင်းသင်းလေ့ ရှိသည်။ လူကြီးမိဘများက အမျိုးသားများနှင့် မပေါင်းသင်းရဟု ပြင်းပြင်းထန်ထန်ကြပ်မတ်ခြင်း မရှိသော်လည်း ရှေးအစဉ်အလာအတိုင်း အများနည်းတူ ဆင်ခြင်ကြကာ မိန်းမအချင်းချင်း ပေါင်းသင်းကြသည်။ လူမှုရေးဆိုင်ရာ ရပ်ရွာသန့်ရှင်းရေး၊ လူမှုရေးနှင့် ဘာသာရေး

ပွဲလမ်းအလှူများတွင် အမျိုးသမီးများ စုပေါင်းကူညီရာတွင် အပျိုခေါင်း မူးနမ်းတန်(မူးနံတန်) က ဦးဆောင်ရသည်။ အပျိုခေါင်းသည် ရုပ်ရည်နှင့် အသက်အရွယ်ကို အဓိကမထားဘဲ အပျိုထဲက ပိုမိုရဲရင့် သွက်လက်ပြီး ဆက်ဆံရေးတွင် ကျွမ်းကျင် ပြေပြစ်သူကို ရွေးချယ်ရသည်။ အပျိုခေါင်းသည် ရပ်ရွာရေးနှင့် ပတ်သက်သော အမှုကိစ္စတစ်ခုခု ပေါ်ပေါက်လျှင် ရွာထဲရှိ အပျိုဘော်များကို လိုက်လံ ဆော်ဩပြီး စည်းရုံးပေးရသည်။ အပျိုခေါင်းသည် မိမိ၏ စေတနာအလျှောက် စေတနာ့ဝန်ထမ်း သဘောမျိုး ဆောင်ရွက်သဖြင့် အထူးအခွင့်အရေး မခံစားရပေ။ အချို့ရွာများတွင် အပျိုခေါင်းအဖြစ် အိမ်ထောင်ရှင်မ များပင် ဆောင်ရွက်ကြသည်။

ပအိုဝ်းလူငယ်အပျိုနှင့် လူပျိုတို့သည် နှစ်ဦးချင်း ယှဉ်တွဲပြီး လွတ်လပ်စွာသွားလာခွင့် ရှိသော်လည်း မသွားကြပေ။ ထိုသို့သွားလာသူများကို ရပ်ရွာလူထုက ကဲရဲ့တတ်သဖြင့် လူအများ၏ ကဲ့ရဲ့ခြင်းခံရမည်ကို ရှက်ကြောက်သဖြင့် ဆင်ခြင်ကြသည်။ အပျိုနှင့် လူပျိုတို့သည် တစ်ဦးအိမ်သို့ တစ်ဦး အကြောင်းမဲ့ အချိန်မရွေး သွားရောက်လည်ပတ်လေ့ မရှိပေ။ အကြောင်းကိစ္စတစ်စုံတစ်ခု ပေါ်ပေါက်မှ ဖြစ်စေ၊ လူပျိုလှည့်သောအခါမှ ဖြစ်စေသွားလာတတ်ကြသည်။ လူပျိုက အပျိုအိမ်သို့ ရံဖန်ရံခါ လည်ပတ်သော်လည်း အပျိုအနေဖြင့် လူပျိုအိမ်သို့ လည်ပတ်လေ့ မရှိပေ။ ထို့ကြောင့် ပအိုဝ်းလူမျိုးတို့၏ အပျိုလူပျိုဘဝတွင် ပအိုဝ်းယောကျ်ားကလေးတို့ထက် မိန်းကလေးများက အစစအရာရာတွင် ပိုမို ထိန်းသိမ်းစောင့်စည်းရကြောင်း သိသာသည်။ အကြောင်းကိစ္စမရှိဘဲ လူပျိုက အပျိုရှိသော အိမ်သို့ မကြာခဏ အချိန်မရွေး သွားလာမှုများလျှင် ပတ်ဝန်းကျင်ရှိလူများက ကဲ့ရဲ့ ပြစ်တင်ကြသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသား အပျို လူပျို ဆက်ဆံရေးတွင် ပတ်ဝန်းကျင်ကို ဂရုစိုက်ကြသည်။ အရှက်အကြောက်ကြီးစွာ ဣန္ဒြေရှိစွာ နေထိုင်ကြကြောင်း တွေ့ရသည်။

## (၁) လူပျိုလှည့်ပုံ

ပအိုဝ်းတိုင်းရင်းသားတို့သည် အပျို လူပျို တစ်ဦးနှင့်တစ်ဦး အရှက်အကြောက်ကြီးစွာ သီးသန့်နေထိုင်ကြသော်လည်း မိမိ၏ အိမ်ထောင်ဘက်ကို လူပျိုလှည့်ခြင်းဖြင့် ရွေးချယ်ကြသည်ကို လူကြီးများက ခွင့်ပြုကြသည်။ လူပျိုလှည့်သည်ကို 'လည်မှုန်'ဟု ခေါ်သည်။ လူပျိုလှည့်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ မိမိလက်ထပ်ရန် ရည်စူးသော အမျိုးသမီးအား မိမိ၏မင်္ဂလာကြေး (လက်ဆောင်)ကို လက်ခံရန် (သို့မဟုတ်) မိမိစိတ်ဝင်စားသည့် အမျိုးသမီးကို လက်ထပ်ထိမ်းမြားရန် ကမ်းလှမ်းခြင်း၊

တနည်းအားဖြင့် လူငယ်တို့သဘာဝ ပိုးပမ်းခြင်း တစ်ရပ်လည်း ဖြစ်သည်။

ပအိုဝ်းတိုင်းရင်းသား လူပျိုတို့၏ လူပျိုလှည့်ခြင်းသည် ဒေသကိုလိုက်၍ ကွဲပြားသည်။ အဓိကအားဖြင့်

- အိမ်တွင်းမီးဖိုအနီး ဝိုင်းဖွဲ့လူပျိုလှည့်ခြင်း။
- အမျိုးသမီး၏ အိပ်ခန်းခေါင်းရင်းတွင် အပေါက်ငယ်ဖောက်ထား၍ လူပျိုလှည့်ခြင်းနှင့်
- ပွဲလမ်းသဘင် ဘာသာရေးအခမ်းအနားတို့တွင် အပျိုလူပျို တွေ့ဆုံပြီး ရွေးချယ်သော လူပျိုလှည့်ခြင်းဟူ၍ တွေ့ရ၏။

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့တွင် အိမ်တွင်းမီးဖိုအနီး ဝိုင်းဖွဲ့လူပျိုလှည့်ခြင်းနှင့် ပွဲလမ်းသဘင် ဘာသာရေးအခမ်းအနားတို့တွင် အပျို လူပျိုတို့တွေ့ဆုံပြီး လူပျိုလှည့်ခြင်းတို့ကို တွေ့ရသည်။ ပအိုဝ်းလူငယ်များ လူပျိုလှည့်ရာတွင် တစ်ဦးတစ်ယောက်တည်း လှည့်လေ့မရှိဘဲ အပေါင်းအသင်းဖြင့် လူပျိုလှည့်ကြ၏။ မိမိစိတ်ဝင်စားသော မည်သည့်ရွာမှ အမျိုးသမီး မဆို ပိုးပမ်းခွင့်ရှိသည်။ သွားရောက်လည်ပတ် စကားပြောခွင့် ရှိသည်။ အမျိုးသမီးများအနေဖြင့်လည်း လူပျိုလာလှည့်သော ပအိုဝ်းလူပျိုများကို လက်ခံစကားပြောရသည်။ အကယ်၍ လက်ခံစကားပြောဆိုခြင်း မပြုခဲ့သော် မိန်းကလေးသည် မာနကြီးသည်၊ ရိုင်းပျသည်ဟု ယူဆကြရာ မိန်းကလေး၏မိဘများ မျက်နှာပျက်ရလေသည်။

လူပျိုလှည့်ချိန်ကို ကန့်သတ်ထားခြင်း မရှိသော်လည်း များသောအားဖြင့် အလုပ်ခွင်မှ ပြန်ရောက်၍ ညစာစားသောက်ပြီးချိန်တွင် အိမ်မှ စတင်ထွက်ကြသည်။ လူပျိုလှည့်ရာတွင် လူပျိုမိတ်ဆွေ၊ သူငယ်ချင်းအချင်းချင်း၊ စိတ်တူကိုယ်တူဖြစ်ပါက (၄)မိုင် (၅)မိုင်ကွာဝေးသော ရွာများသို့ပင် သွားရောက်၍ လူပျိုလှည့်ကြသည်ကို တွေ့ရသည်။ လူပျိုလှည့်ချိန်ကို ကန့်သတ်ထားခြင်း မရှိသည့်အတွက် မီးတုတ်များ၊ ဓာတ်မီးများဖြင့်လည်း ညမိုးချုပ်သည်အထိ သွားတတ်သည်။ ပအိုဝ်းလူငယ်များသည် မိမိပိုးပမ်းလိုသော အမျိုးသမီးသည် တခြားရွာသူဖြစ်ပါက ထိုရွာရှိ ကာလသားခေါင်းဆောင်(ခိုဗင်တန်)အားဖြစ်စေ၊ အခြားကာလသားတစ်ဦးဦးကိုဖြစ်စေ ကြိုတင်အသိပေးရသည်။ထိုသို့အသိပေးထားမှ မိမိတို့လူစု ပိုးပမ်းရန် သွားရောက်ချိန်တွင် ရွာခံကာလသားများက ဦးဆောင်လိုက်ပါကာ အမျိုးသမီးအိမ်သို့ ပို့ဆောင် ပေးကြသည်။ ရွာခံကာလသားခေါင်းဆောင်ကဖြစ်စေ၊ ကာလသားများကဖြစ်စေ အမျိုးသမီးအိမ်ကို ပို့ဆောင်ပေးရန် ငြင်းပါယ်ပါက လူမှုရေးအရ ရှုံ့ချခြင်း ခံရသည်။ ထို့အတူပင် လူပျိုယောကျ်ားလေး

သည်လည်း ရွာခံကာလသား ခေါင်းဆောင်ကို အသိမပေးဘဲ အမျိုးသမီးအိမ်သို့ မတက်ရပေ။ ကာလသားတစ်ဦးတည်း သွားရောက်ပါလျှင်လည်း အမျိုးသမီးက အကြောင်းမသိသော တရွာသားကို အရမ်းလက်မခံရသဖြင့် လက်ခံစကား မပြောကြပေ၊ စကားပြောခွင့်လည်း မရှိပေ။ ရွာခံကာလသား ခေါင်းဆောင်ကဖြစ်စေ၊ ရွာခံ အခြားကာလသား တစ်ဦးဦးကဖြစ်စေ တစိမ်းရွာသားလူပျိုကို လိုက်ပို့ပြီး အမျိုးသမီးနှင့် မိတ်ဆက်ပေးရသည်။ ရွာခံကာလသား မဟုတ်သော တခြားရွာမှ ကာလသားများကို ကာလသားခေါင်းဆောင်က ဦးဆောင်လိုက်ပို့ရာတွင် အကယ်၍ အမျိုးသမီးသည် အိပ်နေလျှင် ကာလသားခေါင်းဆောင်က နှိုးပေးရသည်။ ထို့နောက် မီးဖိုတွင် မီးထည့်၍ ပါလာသော လူပျိုလှည့်လိုသော လူပျိုအား အမျိုးသမီးနှင့် မိတ်ဆက်ကာ နေရာထိုင်ခင်း စီစဉ်ပေးပြီးနောက် ပြန်သွားကြသည်။ ရွာခံကာလသားခေါင်းဆောင်နှင့် ကာလသားများ ပြန်သွားပြီးနောက် အမျိုးသမီးသည် အခြားရွာသား ဧည့်သည်လူပျိုကို လ္ဘက်ရည်ကြမ်း၊ အမြည်းတို့ဖြင့် ဧည့်ခံရသည်။သိက္ခမ်းခင်မင်သောအခါ နောက်ပိုင်းမှ ယောကျ်ားလေးလူပျိုသည် ရွာခံကာလသားမပါဘဲ အမျိုးသမီးအိမ်သွားရောက် လူပျိုလှည့်ခွင့် ရှိသည်။ စည်းကမ်းသတ်မှတ်ချက်နှင့် မညီဘဲ လာရောက်သော ကာလသားများနှင့် လက်ခံစကားပြောဆိုသည့် အမျိုးသမီးအား ရွာသားများက ဝိုင်းပယ်တတ်ကြသည်။

အကယ်၍ အမျိုးသမီးသည် တစ်ရွာတည်းသား ဖြစ်ပါကလူပျိုသည် ကာလသားခေါင်းဆောင်ကို အသိပေးရန် မလိုဘဲ မိမိသူငယ်ချင်းများနှင့် အမျိုးသမီးအိမ်သို့ သွားနိုင်သည်။ တစ်ဦးအကြောင်း တစ်ဦးသိပြီးဖြစ်နေကြ၍ မိမိတို့ သဘောအတိုင်း သွားလာခွင့်ရှိသည်။အမျိုးသမီးသည် မိမိရွာသား လူပျိုဆိုလျှင်လည်း မီးဖိုဘေးတွင် ဧည့်ခံရသည်။

အမျိုးသမီးသည် လူပျိုလှည့်သော လုလင်ပျိုကို မုန်းတီးစေကာမူ လက်ခံစကား ပြောရသည်။ အမျိုးသမီးများ၏ မိဘမောင်ဘွားများသည် လာရောက်ပိုးပမ်းသော လူပျိုများကို ငြင်းပယ်တားမြစ်ခြင်း မရှိပေ။ မိမိတို့ သဘောမတူသည့်တိုင်အောင် လူမှုရေးအရ လက်ခံပြီး လွတ်လပ်စွာ ပြောဆိုနိုင်ရန် တနည်းမဟုတ်တနည်း အကြောင်းရှာ၍ ရှောင်ဖယ်ပေးကြသည်။ မိန်းကလေးအနေဖြင့် မိမိမနှစ်သက်လျှင် လိမ်မာပါးနပ်စွာ ရှောင်ရှားရသည်။ လူပျိုလှည့်လာသူ လုလင်ပျိုများအနက် မိမိ ရည်ညွှန်းလိုသူ တစ်ဦးနှင့်သာစကားပြောဆိုခြင်း မပြုဘဲ အညီအမျှ စကားပြောရသည်။ လုလင်များကလည်း မိန်းကလေးစိတ်ဝင်စားသူကို အကဲခတ်ကြရသည်။ အမျိုးသမီးစကားပြောများသည် မည်သူ့ကို ရည်ညွှန်းကြောင်း၊ မည်သူ့ကိုသာ စိတ်ဝင်စားကြောင်း သတိပြုမိသောအခါတွင် ဘေးရှိအဖော်များက

အလိုက်သိစွာ လဲလျောင်း၍ ဂရုမထားဟန် ပြကြရသည်။

အမျိုးသမီးအိမ်တွင် ရပ်ဝေးမှ လူပျိုလှည့်သူချင်း တွေ့ဆုံနေပါက လူပျိုများသည် အလှည့်ကျ စကားပြော လူပျိုလှည့်ခွင့်ရှိသည်။ သို့သော် အမျိုးသမီးသည် မိမိနှစ်သက်သော လူပျိုအား ဦးစားပေး၍ စကားပြောခွင့် ရှိသည်။ ထိုသို့ အမျိုးသမီးသည် နှစ်သက်သော လူပျိုအား ပိုဦးစားပေး၍ စကားပြောနေစဉ် ရွေးချယ်မခံရသော လူပျိုများသည် မနာလိုစိတ်ဖြင့် အနှောင့်အယှက်ပေးခြင်း မပြုကြဘဲ အေးအေးဆေးဆေး မြန်မြန်ပြန်ကြသည်။ မိမိသွားရောက်လူပျိုလှည့်သော အမျိုးသမီးအိမ်တွင် ရွာခံကာလသားများ လူပျိုလှည့်နေသည်နှင့် ကြုံကြိုက်လျှင် ရွာခံကာလသားများက ရပ်ဝေးမှ လူပျိုလှည့်လာသောသူများကို ဦးစားပေးရသည်။ အကယ်၍ ရွာခံလုလင်ပျိုများက ဦးစားမပေးလျှင် မိမိတို့ ထိုရပ်ဝေးလုလင်ပျိုတို့၏ ရွာသို့ သွားရောက်လူပျိုလှည့်ပါက ထိုရွာခံ လုလင်ပျိုများနှင့် လူပျိုလှည့်ကြုံသောအခါ မိမိတို့အား ဦးစားမပေးပေ၊ ရှောင်ပေးခြင်းလည်း မရှိပေ။

လူပျိုကာလသားသည် မိမိချစ်ခင်စုံမက်သည့် အကြောင်းကို (ပေါင်တွဲ) ခေါ် လင်္ကာကာရံ များဖြင့် စိတ်ဝင်စားဖွယ် ဖွဲ့နွဲ့ပြောဆိုကြသည်။ မိမိအပြောကောင်းမှသာ အမျိုးသမီးသည် စိတ်ဝင်စား၍ အချိန်ကြာကြာ စကားပြောနိုင်သည့်အပြင် မိမိဘက်သို့ ပါလာနိုင်မည် ဖြစ်သည်။ ယခုအခါတွင် တိုတိုနှင့် လိုရင်းကို ရောက်စေရန်အတွက် ရိုးရိုးစကားပြေဖြင့်ပင် လိုရင်းကို တိုက်ရိုက်ပြောဆိုခြင်းမျိုး ဖြစ်လာကြသည်။ စစခြင်း တိုက်ရိုက်သဘောအတိုင်း ချစ်ကြိုက်သဖြင့် လက်ထပ်လိုကြောင်း ပြောမိပါက ရိုင်းစိုင်းသည်ဟု သတ်မှတ်ကြသည်။ စတွေ့တွေ့ခြင်း သွယ်ဝိုက်၍ ပြောကြပြီး ရင်းနှီးလာသောအခါမှ တိုက်ရိုက်ချစ်စကားပြောကြ၏။ တစ်ဦးနှင့်တစ်ဦး မေတ္တာရှိမရှိ၊ အိမ်ထောင်ဘက်အဖြစ် လက်ခံနိုင် မခံနိုင်နှင့် သိသင့်သိထိုက်သော အကြောင်းအရာများကို အခြေပြုကာ အချေအတင် ပြောဆိုကြသည်။ဤသို့ တစ်ဦးနှင့်တစ်ဦး ချစ်တင်းနှောရာတွင် အချိန်အကန့်အသတ်မရှိပေ။ မိမိတို့ ဆန္ဒရှိသမျှ ပြောဆိုနိုင်သည်။ အပျိုလူပျိုများ၏ အာဝဇ္ဇန်းကောင်း၊ မကောင်းအပေါ် အခြေခံပြီး လူပျိုအပျိုလှည့်ချိန် ကြာတတ်ကြသည်။ ဤသို့ ပြောဆိုရာတွင် တခါတရံ သန်းခေါင်ကျော်ပြီး နံနက်လင်း ကြက်တွန်ချိန်ထိ ကြာတတ်သည်။

ပွဲလမ်းသဘင်နှင့် ဘာသာရေးအခမ်းအနားများတွင်လည်း လူပျိုလှည့်ခြင်းတို့ ရှိကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် စုပေါင်းရှင်ပြုသည့် ရှင်လောင်းပွဲကို ကျင်းပကြရာ (၇)ရက်(၇)လီ ကြာတတ်ကြသည်။ ထိုရှင်လောင်းပွဲတွင် မဏ္ဍပ်ကြီးများထိုးကာ ပအိုဝ်းမိန်းကလေးအပျိုများက

ညည့်သည်များကို ညည့်ခံကျွေးမွေးကြသည်။ မိန်းကလေးအပျိုများကို ရွာနားနီးစပ်(၄)ရွာအထိ ဖိတ်ပြီး မိန်းကလေးများသည် အလှည့်ဖြင့်အိပ်၊ အလှည့်ဖြင့်စားကာ (၂၄)နာရီပတ်လုံး ညည့်ခံကြရသည်။ ထိုသို့ ပွဲတော်ကျင်းပစဉ်ရက်များအတွင်း ပအိုဝ်းလုလင်ပျိုများသည် မဏ္ဍပ်တစ်ခုပြီးတစ်ခု သွားရောက်ကာ ညည့်ခံအမျိုးသမီးပျိုများကို အကဲခတ်ကြသည်။ ထို့နောက် နှစ်သက်ရာ မဏ္ဍပ်တွင် နေ့စဉ်ရက်ဆက် သွားရောက်လူပျိုလှည့်ကြသည်။ ဤတွင် ညည့်ခံအမျိုးသမီးများကလည်း ညည့်ဝတ်ကျေပွန်စွာ လက်ခံ စကားပြောရသည်။ ဤသို့ဖြင့် အမျိုးသမီးအပျိုများနှင့် လူပျိုများ အချင်းချင်း ဝိုင်းဖွဲ့ကာ စကားပြောရင်း လူပျိုလှည့်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ဘာသာရေးအလွန်ကိုင်းရှိုင်းသည့်အလျောက် ဝါတွင်း(၃)လတွင် ဥပုသ်နေ့တိုင်း သက်ကြီးရွယ်အိုတို့သည် ဘုန်းကြီးကျောင်းတွင် ဥပုသ်စောင့်ရင်း အိပ်ကြသည်။ လူငယ်များက ထိုဥပုသ်သည် လူကြီးများကို ဥပုသ်အထွက် မနက်ထမင်းကျွေးကြသည်။ ဘုန်းကြီးများကိုလည်းဥပုသ်ထွက်ဆွမ်းကပ်ကြသည်။ လူပျိုအပျိုတို့သည် ထိုဥပုသ်ထွက်ဆွမ်းထမင်းတို့ကို ဥပုသ်နေ့၊ လပြည့်၊ လကွယ်အခါရက်များ၏ တစ်ညလုံးပင် ဆွမ်းစုချက်ကြရသည်။ ထိုသို့ချက်နေရင်း အမျိုးသားနှင့်အမျိုးသမီးတစ်ဖက်နှင့်တစ်ဖက် စကားနိုင်လုကြ ကာရံဖွဲ့ဆိုကြနှင့် လူပျိုလှည့်ကြသည်။

ထို့ပြင် လုပ်ငန်းခွင်များသို့ သွားရောက်၍ လူပျိုလှည့်သော ဓလေ့လည်း ရှိကြသည်။ ယာခင်းထဲတွင် လုလင်ပျိုက တေးသီချင်းများ အော်ဟစ်သီဆိုပြီး 'ဖို'သံပေးရသည်။ အမျိုးသမီးကလည်း ပြန်လည်သီဆို၍ 'မ'သံပေးသည်ဆိုလျှင် ပထမအဆင့် အောင်မြင်ကာ အမျိုးသားက ပါလာသော မုန့် ကလေးဖြင့် အချက်ပြရသည်။ အမျိုးသမီးကလည်း မိမိမုန့်ဖြင့် ပြန်လည်အချက်ပြလျှင် လူပျိုလှည့် ခွင့်ရပြီဖြစ်၍ အမျိုးသမီးထံ သွားရောက်လည်ခွင့်ရပြီ ဖြစ်သည်။ သို့ရာတွင် များသောအားဖြင့် ပအိုဝ်းတိုင်းရင်းသားတို့သည် နေ့အခါတွင် ခြံထဲ၊ ယာထဲတွင် တစ်နေ့လုံး တစ်နေ့လုံး အလုပ်လုပ်ရ သဖြင့် ထိုအချိန် လူပျိုလှည့်ခြင်းနည်းသည်။ နေ့အခါ လူပျိုလှည့်ခြင်းသည် အလုပ်ပျက်သောကြောင့် ညအခါမှ လူပျိုလှည့်ကြသည်။

ပအိုဝ်းလူငယ်များသည် လူကြီးများက လူပျိုလှည့်ခွင့်လွတ်လပ်စွာ ပြောဆိုခွင့်ပေး သော်လည်း မည်သည့်အခါမှ ကျူးလွန်မှုများ မရှိပေ။ ပအိုဝ်းလူငယ်များသည် အမျိုးသားရော အမျိုးသမီးပါ လူမှုရေးစည်းကမ်းကို လိုက်နာကြသည်။ အကယ်၍ မိန်းကလေးတစ်ဦး ကိုယ်ဝန်ရှိခဲ့သော် သူမထံအရောက်များသော လူပျိုအလှည့်များသော ယောကျ်ားကလေးအား တရားခံဟုမှတ်ယူ ကြသည်။

ထိုသူအား ရွာသူကြီးနှင့် ကာလသားခေါင်းဆောင်တို့က ခေါ်ယူစစ်ဆေးကြသည်။ အပြစ်ထင်ရှားသော် ရပ်ရွာစော်ကားသူအဖြစ် ရွာတထောင့်လျှင် ကျပ်မည်မျှဟု သတ်မှတ်ကာ ရွာလေးထောင့်အတွက် သတ်မှတ်ထားသော ကျပ်ငွေ၏ (၄)ဆ ဒဏ်ကြေးပေးဆောင်ရသည်။အလုပ်ကြမ်းဖြင့် ဒဏ်ကြေးပေး ဆောင်ရသည်ကို လည်း တွေ့ရ၏။ ထို့ပြင် လူမှုရေးစည်းဖောက် သူများအဖြစ် တစ်ရွာလုံးက အမျိုးသား ရော အမျိုးသမီးကိုပါ ဆက်ဆံမှု နည်းပါးလာတတ်သည်။ ထိုအမျိုးသားနှင့် အမျိုးသမီးသည် အများနှင့်ဆိုင်သော လုပ်ငန်းတွင် ဝင်ရောက်လုပ်ဆောင်ခွင့် မရရှိကြတော့ပေ။ မိမိတို့အမှားကို သဘောပေါက်ကာ ရွာသူကြီးနှင့် ကာလသားခေါင်းဆောင်၊ လူပျိုခေါင်းဆောင်တို့ကို ကန်တော့ပွဲဖြင့် တောင်းပန်ကန်တော့ကာ ဒဏ်ကြေးပေးဆောင်ရသည်။ နမိတ်ကောင်းအောင် ရွာသူကြီးနှင့် ကာလသားခေါင်းဆောင်၊ အပျိုခေါင်းဆောင်တို့၏ ရှေ့တွင် ယောက်ျားကလေးရော မိန်းကလေးပါ တရော်ကင်ပွန်းဖြင့် မျက်နှာသစ်ရသည်။ သို့မှသာ ရပ်ရွာရေးတွင် ပြန်လည်ဝင်ရောက်ခွင့်ရှိပြီး ဒဏ်ငွေကိုလည်း ရပ်ရွာရန်ပုံငွေထား၍ သုံးစွဲသည်။ သို့ရာတွင် ပအိုဝ်းလူငယ်များ၏ ဆက်ဆံရေးတွင် ဤသို့ ကျူးလွန်မှု ပြဿနာများမှာ မရှိသလောက် ရှားပါးသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် အသက်ထက် အရှက်ကို ပိုမိုအရေးထားသူများ ဖြစ်ကြသဖြင့် ထိုသို့သော ကျူးလွန်မှုများ ပေါ်ပေါက်မည်ကို စိုးရွံ့တတ်ကြသည်။ မိမိတို့၏ အပျိုဂုဏ်၊ လူပျိုဂုဏ်ကို စောင့်ထိန်း ကြသည့် ပအိုဝ်းလူငယ်များသည် ချီးကျူးဘွယ် ကောင်းပါသည်။

## (၂) လက်ဆောင်ပစ္စည်းပေးခြင်း

အမျိုးသမီးသည် အမျိုးသား၏အချစ်ကို လက်ခံပြီဆိုလျှင် အမျိုးသားသည်မင်္ဂလာကြေး အဖြစ် လက်ဆောင်ပစ္စည်း ပေးရသည်။ အမျိုးသမီးသည် အမျိုးသား၏ လက်ဆောင်ပစ္စည်းကိုလက်ခံလျှင် အမျိုးသား၏ အချစ်ကို လက်ခံခြင်းဖြစ်သည်။ လက်ဆောင်ပစ္စည်း ပေးခြင်းသည် ကြင်ယာအဖြစ် ရွေးချယ်သတ်မှတ်ခြင်းပင် ဖြစ်သည်။ အမျိုးသားရော အမျိုးသမီးပါ တစ်ဦးအပေါ် တစ်ဦးသစ္စာရှိပါမည်ဟု တစ်ယောက်နှင့် တစ်ယောက် ကတိထားခြင်းဖြစ်သည်။ ပအိုဝ်းလူပျိုအပျိုနှစ်ဦးသည် မည်မျှပင် ချစ်ခင်စေကာမူ လက်ဆောင်မပေးရသေးလျှင် ရည်းစားမောင်နှံအဖြစ် မသတ်မှတ်ကြပေ။

ရှေးယခင်က ပအိုဝ်းတိုင်းရင်းသားတို့သည် လခြမ်းပုံသဏ္ဌာန်ရှိသော ထုံးဘူးကို ပေးလေ့ရှိသည်။ ထုံးဘူးပေးသည့်ဓလေ့သည် ကွမ်းအမြဲစားတတ်သော ပအိုဝ်းတိုင်းရင်းသားများ

ဖြစ်သည်နှင့်အညီ အစဉ်မြဲသတိရစေရန် ကွမ်းစားသောအခါတိုင်း သတိရစေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ပအိုဝ်းအမျိုးသားတို့သည် လူပျိုလှည့်သည့်အခါတိုင်း ကွမ်းရွက် ကွမ်းသီး ရှားစေး ထည့်ထားသော ထုံးဘူးနှင့် ထုံးသီးသန့်ထည့်ထားသော ထုံးဘူးဟူ၍ ထုံးဘူးနှစ်ဘူး(တစ်စုံ) ပါတတ်သည်။ ထိုနှစ်ဘူးအနက် မည်သည့်ဘူးကိုမဆို လက်ဆောင်ပစ္စည်းအဖြစ် ပေးပိုင်ခွင့် ရှိသည်။ ထို့ကြောင့် ထုံးဘူးကလေးများကို ရွှေ ငွေ ကြေး ဘော်တို့ဖြင့် အမြတ်တနိုး ပြုလုပ်ကြသည်။ ထုံးဘူးများကို ပန်းကွက်၊ ပန်းပြောက်များဖြင့် စီခြယ်ထားကြသည်။

ပင်လောင်းဒေသရှိ ပအိုဝ်းလူမျိုးတို့သည် ရွှေဆံထိုး၊ ရွှေဖက်လိပ်နားတောင်း၊ နားသန့်သီး၊ ဆွဲကြိုးစသည်တို့ကိုလည်းကောင်း၊ ကျောက်တန်းဒေသရှိ ပအိုဝ်းတို့သည် ရွှေကိုလည်း ကောင်း၊ နောင်ကား၊ ကျောက်တလုံးဒေသတို့တွင် လက်ဆောင်အဖြစ် ငွေဒင်္ဂါး၊ ရွှေဆံထိုး၊ ငွေဆံထိုးများကိုလည်းကောင်း လက်ဆောင်အဖြစ်ပေးတတ်ကြသည်။ အချို့က ရွှေကိုပေးရာတွင် ပတ္တမြား၊ နီလာစသည့်ကျောက်မျက် ရတနာများ မပါသော လက်ဝတ်တန်ဆာများကို ပေးကြသည်။ ရတနာများသည် အမျိုးသမီးများထက် မြင့်မြတ်၍ ပေးရန်မသင့်လျော်ဟု ယူဆသောကြောင့် ဖြစ်သည်။ ယခုအခါ အချို့က ငွေကို လက်ဆောင် ပစ္စည်းအဖြစ် ပေးကြသည်။

အမျိုးသားသည် အမျိုးသမီးကို လက်ဆောင်ပစ္စည်းပေးရာတွင် တိုက်ရိုက်ပေးလေ့ မရှိပေ။ မီးဖိုနဘေးတွင် ချထားသည်။ အမျိုးသမီးက နှစ်သက်ပါက ယူရသည်။ ယာတောအလုပ်ခွင်တွင်မူ လုံမပျိုမြင်သာသော သနပ်ဖက်ပင်အကိုင်း၊ လွှက်ပင်အကိုင်းများတွင် တင်ထားပေးရသည်။ အမျိုးသမီး သည် တင်နေစဉ် မသိဟန်ပြုကာ ဣန္ဒြေနှင့် နေရသည်။ ယောကျ်ားလေး မလှမ်းမကမ်းသို့ ရောက်သော အခါတွင် နှစ်သက်သဘောကျပါက ယူပြီး မနှစ်သက်ပါက ပြန်ယူသွားရန် ပြောဆိုလေ့ ရှိကြသည်။ အမျိုးသမီးသည် အမျိုးသား၏ လက်ဆောင်ပစ္စည်းကို လက်ခံပြီး နှစ်ဦးနှစ်ဖက် ပြေလည်ပြီဆိုလျှင် လူပျိုသည် အမျိုးသမီးထံ ညစဉ်ညတိုင်း သွားရောက်စကားပြောလေ့ရှိသည်။

အမျိုးသမီးသည် မိမိတွင် လက်ဆောင်ပစ္စည်း လက်ခံထားသည့် အိမ်ထောင်ဘက် ရှိပြီးဖြစ်သော်လည်း အခြားလူပျိုလာလှည့်သော သူများကို လက်ခံစကားပြောခွင့် ရှိသည်။ အခြား လူပျိုတို့၏ ပေးသောလက်ဆောင်ပစ္စည်း ယူခွင့်ရှိသည်။ သို့ရာတွင် ပအိုဝ်းတိုင်းရင်းသား အမျိုးသမီး တို့သည် သစ္စာရှိသော တည်ကြည်သော အမျိုးသမီးများဖြစ်ကြသဖြင့် မိမိအိမ်ထောင်ဘက်၏ ပစ္စည်းကို လက်ခံပြီးနောက် အခြားလူပျို၏ ပစ္စည်းကို လက်ခံသူကနည်းသည်။

အမျိုးသားပစ္စည်းကို လက်ခံထားသော အမျိုးသမီးသည် တခြားအမျိုးသားနှင့် အိမ်ထောင်ပြုသွားပါက လက်ဆောင်ပေးထားသော အမျိုးသားက တရားစွဲလျှင် အမျိုးသမီးသည် အမျိုးသားပေးထားသော လက်ဆောင်ပစ္စည်း၏ (၃)ဆကို လျော်ပေးရသည်။ အမျိုးသမီးသည် လက်ဆောင်ပစ္စည်းကို ပြန်မပေးမချင်း အခြားအမျိုးသားကို လက်ထပ်ခွင့် မရှိပေ။ အကယ်၍ ယောကျ်ား ကလေးဘက်မှ ပျက်ကွက်လျှင် မိမိတင်တောင်းထားသော လက်ဆောင်ပစ္စည်းကို အရှုံးခံရသည်။ ထိုပစ္စည်းကို မိန်းကလေးဘက်မှ အပိုင်ရသည်။

## (၃) အိမ်ထောင်ဖက်ရွေးချယ်ပုံ

ပအိုဝ်းတိုင်းရင်းသားတို့သည် လူကြီးမိဘများက သားသမီးများကို အိမ်ထောင်ဖက် ရွေးရာတွင် သင့်တော်ရာကို လမ်းညွှန်ပေးတတ်ကြသည်။ ပအိုဝ်းလူငယ်များကလည်း မိမိတို့၏ အိမ်ထောင်ဖက်ကို မိမိတစ်ဦးတည်း ဆန္ဒအရ မဆုံးဖြတ်ဘဲ ပတ်ဝန်းကျင် မိဘနှင့် ဆွေမျိုးများ၏ သဘောတူရာ လမ်းညွှန်ရာကို ရယူပြီးမှ ဆုံးဖြတ်လေ့ ရှိကြသည်။ မိမိတို့၏ အိမ်ထောင်ရေး အဆင်ပြေ စေရန် လူကြီးမိဘများ၏ လမ်းညွှန်မှုအောက်မှ မိမိတို့ ကြိုက်နှစ်သက်သော အိမ်ထောင်ဖက်ကို ရွေးချယ်ကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့် အိမ်ထောင်မပြုရဟူသော တားမြစ်ချက်မရှိပေ။ လူမျိုးကွဲ ဖြစ်နေ လျှင်လည်း ဆွေမျိုးစု အသိုင်းအဝိုင်းက ဝိုင်းပါယ်ထားခြင်း မရှိဘဲ အတူတကွ ရင်းနှီးစွာ နေထိုင်ကြသည်။ အိမ်ထောင်ဖက်များကို မျိုးနွယ်သန့်ရှင်းသူ၊ အကျင့် စာရိတ္တကောင်းသူ၊ အလုပ်ကြိုးစားပြီး ဝိရိယရှိသူ၊ ကျန်းမာရေးကောင်းသူ၊ ဓလေ့ထုံးစံအရ တားမြစ် ထားခြင်း မခံရသူများကို ရွေးချယ်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိအိမ်ထောင်ဖက်၏ မျိုးနွယ်ကို စုံစမ်းကြသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်သော တိုင်းရင်းသား ဖြစ်သည့်အလျောက် မျိုးရိုးထဲတွင် ဘာသာရေးနှင့် ဆန့်ကျင်သော အယူဝါဒ(ဥပမာ-ကဝေ၊ စုန်း) နှင့် ပတ်သက်သူပါပါက ထိုမျိုးနွယ်ရှိ အမျိုးသား အမျိုးသမီးကို ရှောင်ကြသည်။ အကျင့်စာရိတ္တ မကောင်းသော သူခိုး၊ ဓားပြစသည့် အကျင့်ဆိုး ရှိသူများကိုလည်း ရှောင်ကြသည်။ အကျင့်စာရိတ္တကောင်းသူကို ရွေးချယ်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ကာယလုပ်အားဖြင့် ဘဝကို ရပ်တည်သူများ ဖြစ်ကြသဖြင့် မိမိ၏ အိမ်ထောင်ဖက်သည် မပျင်းရိသူ၊ ဝိရိယရှိသူ၊ ကျန်းမာရေးကောင်းသူ ဖြစ်မှသာ အလုပ်လုပ်နိုင်ပြီး

ဘ၀ကို ကောင်းစွာရပ်တည် နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အလုပ်လုပ်လိုသူ ဝိရိယရှိသူနှင့် ကျန်းမာရေး ကောင်းသူတို့ကို ရွေးချယ်ကြသည်။ ဓလေ့ထုံးစံအရ လက်ထပ်ခြင်းဆိုင်ရာ တားမြစ်ထားသူဆိုရာတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် လိင်ကွဲမောင်နှမမွေး ဝမ်းကွဲမောင်နှမများ[၁] လက်ထပ်နိုင်ပြီး လိင်တူ မောင်နှမမွေး ဝမ်းကွဲမောင်နှမ[၂] များ လက်ထပ်ခွင့်မရှိ ဟူ၍လည်းကောင်း၊ ဖအေတူ မအေကွဲ မောင်နှမများ၊ မအေတူ ဖအေကွဲ မောင်နှမများ လက်ထပ်ခွင့် မရှိဟူသော တားမြစ်ချက်စည်းမျဉ်းများ[၃] ရှိသည်။ လိင်ကွဲမောင်နှမမွေးဝမ်းကွဲမောင်နှမများ လက်ထပ်ခြင်းဟူသော ဓလေ့ထုံးစံတွင် အချို့ပအိုဝ်း တိုင်းရင်းသားတို့သည် အစ်ကို၏သားနှင့် ညီမ၏သမီး၊ အစ်မ၏သမီးနှင့် မောင်၏သားတို့ကို အိမ်ထောင်ပြုခွင့် မပေးဘဲ အစ်ကို၏သမီးနှင့် နှမ၏သား၊ အစ်မ၏သားနှင့် မောင်၏သမီးတို့ကိုသာ အိမ်ထောင်ဖက် ပြုခွင့်ပေးကြသည်။

ပအိုဝ်းတိုင်းရင်းသား အများစုသည် မိမိနှင့် တစ်ရွာတည်း အတူနေသူများကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်သည်ကများသည်။ တစ်ရွာတည်းသား ဖြစ်ပါက မျိုးရိုး၊ အကျင့်စာရိတ္တ၊ စိတ်နေသဘောထားတို့ကို သိရှိပြီး အခြားတစ်ရပ်တစ်ရွာသို့ လိုက်ပါသွားရန် မလိုဘဲ မိမိ၏မိဘ လက်ငုတ်လက်ရင်းလုပ်ငန်းကို လုပ်ကိုင်နိုင်သောကြောင့် ဖြစ်သည်။ ပအိုဝ်းကျေးရွာများသည် တစ်ရွာ နှင့်တစ်ရွာ အလှမ်းဝေးသည့်အပြင် လမ်းပန်းဆက်သွယ်ရေး ကြမ်းတမ်းသဖြင့် မိမိ၏ ဘ၀ကြင်ဖော်ကို တစ်ရွာတည်းသား မဟုတ်လျှင်လည်း အနီးအနားရွာများက သာ ရွေးချယ်ကြသည်။ ပအိုဝ်းတိုင်းရင်းသား တို့သည် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူကို အဓိကထား မရွေးချယ်ဘဲ လုပ်ရည်ကိုင်ရည်ရှိသူတို့ကိုသာ အဓိကထား ရွေးချယ်ကြသည်။

---

၁။ Cross Cousins Marriage

၂။ Parallel Cousins Marriage

၃။ Prohibitions

(၄) လက်ထပ်ထိမ်းမြားမှုစနစ်များ[၁]

မနုဿဗေဒဘာသာရပ်ရှုထောင့်မှ လက်ထပ်ထိမ်းမြားမှုစနစ်များကို လေ့လာတင်ပြရလျှင် တစ်လင်တစ်မယားစနစ်[၂]၊ ဇနီးတစ်ယောက်ထက်ပိုယူသောစနစ်[၃] နှင့်ခင်ပွန်းတစ်ယောက်ထက်ပိုယူသောစနစ်[၄] များရှိကြောင်း တွေ့ရပါသည်။ ကျောက်တလုံးဒေသရှိ ပအိုဝ်း တိုင်းရင်းသားတို့ကို လေ့လာကြည့်ရာတွင် တစ်လင်တစ်မယားစနစ်(ဇနီးတစ်ယောက်နှင့်ခင်ပွန်းတစ်ယောက်)ကို ကျင့်သုံးကြသည်ကို လေ့လာရပါသည်။

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးကြသည်။ အကယ်၍ အမျိုးသားတစ်ဦးသည် မိန်းမကြီးရှိပြီး မိန်းမငယ်ယူလိုလျှင် ပထမမိန်းမကြီးကို အရင်ကွာရှင်းပြီးမှသာ နောက်တစ်ယောက် ယူကြသည်။ သို့ရာတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် ကွာရှင်းပြီး ထပ်ယူခြင်းမျိုး အလွန်နည်းပါးကာ ငယ်လင်ငယ်မယားအနေဖြင့် တစ်ဦးနှင့်တစ်ဦး ရိုးမြေကျ ပေါင်းသင်းကြသည်ကို တွေ့ရသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ လက်ထပ်ထိမ်းမြားမှုစနစ်ကို လေ့လာရာတွင် ပအိုဝ်းတို့သည် အဖေညီအစ်ကို၊ အမေညီအစ်မမှ မွေးသော လိင်တူမွေး ဝမ်းကွဲမောင်နှမများ[၅] လက်ထပ်ခွင့်မရှိဘဲ လိင်ကွဲမွေးမောင်နှမ[၆] များသာ လက်ထပ်ခွင့်ရှိသည်။ လိင်ကွဲမွေးဝမ်းကွဲမောင်နှမများ လက်ထပ်ခြင်းဟူသော ဓလေ့ထုံးစံတွင် အချို့ပအိုဝ်းတိုင်းရင်းသားတို့သည် အစ်ကို၏သားနှင့် ညီမ၏သမီး၊ အစ်မ၏သမီးနှင့် မောင်၏သားတို့ကို အိမ်ထောင်ပြုခွင့် မပေးဘဲ အစ်ကို၏သမီးနှင့် နှမ၏သား၊ အစ်မ၏သားနှင့် မောင်၏သမီးတို့ကိုသာ အိမ်ထောင်ဘက် ပြုခွင့်ပေးသည်ကိုလည်း တွေ့ရသည်။

---

၁။ Marriage Systems

၂။ Monogamy

၃။ Polygyny

၄။ Polyandry

၅။ Parallel Cousins Marriage

၆။ Cross Cousins Marriage

ဖအေတူ မအေကွဲ မောင်နှမ၊ မအေတူ ဖအေကွဲ မောင်နှမများ လက်ထပ်ခွင့် မရှိဟူသော တားမြစ်ချက်စည်းမျဉ်း[၁] ရှိသည်။ လိင်ကွဲမွေး မောင်နှမ တစ်ဝမ်းကွဲ၊ မောင်နှမ နှစ်ဝမ်းကွဲတို့သည် အိမ်ထောင်ဖက်အဖြစ် လက်ထပ်နိုင်ခွင့် ရှိသည်။

ပအိုဝ်းတိုင်းရင်းသားတို့တွင် ပအိုဝ်းတိုင်းရင်းသားမျိုးနွယ်[၂] (၁၀)မျိုးရှိသည်ဟု ယူဆကြသည်[၃]။ သို့သော် ယခုအခါ ပညာတတ်ပအိုဝ်းတိုင်းရင်းသားများအပါအဝင် ပအိုဝ်းတိုင်းရင်းသားအားလုံးတို့က ပအိုဝ်းတိုင်းရင်းသားတို့သည် ဒေသကိုလိုက်၍ စကားအလေးအပေါ့အနည်းငယ်သာ ကွာသွားသည်။ လေယူလေသိမ်းသာ ကွာသွားသည်ဟု ဆိုကြ၏။ မျိုးနွယ်စု ကွဲပြားသည်ကို လက်မခံဘဲ ပအိုဝ်းမျိုးနွယ်တစ်ခု တည်းသာ ရှိသည်ဟု လက်ခံကြသည်။ ရှေးယခင် ပအိုဝ်းတိုင်းရင်းသားတို့၏ လက်ထပ်ထိမ်းမြားခြင်းကို လေ့လာရာတွင် ထိုမျိုးနွယ်စုအတွင်း လက်ထပ်သော မျိုးတွင်းအိမ်ထောင်စနစ်[၄] နှင့် မျိုးနွယ်မတူသော သူအချင်းချင်း လက်ထပ်သော မျိုးပအိမ်ထောင်စနစ်[၅] ကိုပါ ကျင့်သုံးကြသည်။ ယခုအခါ ပအိုဝ်း တိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားကွဲ လူမျိုးများနှင့်လည်း လက်ထပ်နိုင်သည်။ သို့သော် ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့၏ တိုင်းရင်းသားကို ချစ်မြတ်နိုး တန်ထိုးထားကာ ပအိုဝ်းတိုင်းရင်းသား အချင်းချင်း လက်ထပ်ကြသည်က များသည်။

လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်သည့် ရှောင်ခလေ့[၆]၊ ဆောင်ခလေ့[၇] များရှိသည်။ မင်္ဂလာအခမ်းအနားအချိန်တွင် အိုးစည်ဗုံမောင်းတီးခြင်း၊ သားကောင်သတ်ခြင်းများ မပြုလုပ်ရပေ။ ပြုလုပ်ပါက အိမ်ထောင်မတည်မြဲဟု ယူဆယုံကြည်ကြသည်။ သတို့သား သတို့သမီးတို့သည် ခဲဘိုးတောင်း

---

၁။ Prohibition

၂။ Clan

၃။ မင်းနိုင်၊ ဦး တို့သွေးတို့သားတိုင်းရင်းသား စာမျက်နှာ ၅၅

၄။ Endogamy

၅။ Exogamy

၆။ Taboo (Tabu)

၇။ Mana

သည်ကို ခဲဘိုးပေးရသည်။ မင်္ဂလာပွဲမှ အပြန်ခရီးတွင် အတားအဆီးရှိလျှင် ထိုအတားအဆီးရှိသည့်နေရာတွင် ပစ္စည်းတစ်ခုခု ထားခဲ့ရသည်။ ထိုသို့ ခဲဘိုးမပေးပါက ပစ္စည်းမထားခဲ့ပါက သားသမီးမွေးဖွားရာတွင် ခက်ခဲသည်ဟု ယူဆယုံကြည်ကြသောကြောင့် ပအိုဝ်းသတို့သား သတို့သမီးတိုင်း ဤဓလေ့ကို လိုက်နာဆောင်ရွက်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ အိမ်ထောင်မှုစနစ်များကို လေ့လာရာတွင် ညီအစ်ကိုများ အိမ်ထောင်ကျပြီးနောက် ညီ (သို့မဟုတ်) အစ်ကိုဖြစ်သူသေဆုံးလျှင် ကျန်ရစ်သူ မုဆိုးမကို ခဲအို (သို့မဟုတ်) မတ်က လက်ထပ်ယူခြင်း[၁] နှင့် ညီအစ်မများအိမ်ထောင်ကျပြီးနောက် ညီမ (သို့မဟုတ်) အစ်မဖြစ်သူသေဆုံးလျှင် ကျန်ရစ်သူ မုဆိုးဖိုကို ခယ်မ (သို့မဟုတ်) မရီးက လက်ထပ်ယူခြင်း[၂] ဟူသောဓလေ့ကို တားမြစ်ချက်စည်းမျဉ်း[၃] ဟူ၍ မရှိပေ။ သို့ရာတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် မလုပ်ရဟု ရှောင်ဓလေ့[၄] ထဲတွင် မပါသော်လည်း ထိုဓလေ့များကို မကျင့်သုံးကြချေ။ ကျန်ရစ်သော မုဆိုးဖို မုဆိုးမတို့သည် မိသားစု[၅] အပြင် ဘက်မှ တစိမ်းလူများကိုသာ အိမ်ထောင်ဘက်အဖြစ်ရွေးပြီး အိမ်ထောင်ထပ်ပြုကြသည်က များသည်။

ပအိုဝ်းအမျိုးသမီး ခယ်မတစ်ယောက်သည် ခင်ပွန်းခဲအို တော်စပ်သူကို အစ်ကိုအရင်းနှင့်မခြား ချစ်ခင်ရိုသေစွာ ဆက်ဆံရသည်။ အိမ်ထောင်ခွဲအစ်မနှင့် ညီမငယ်များ လိုက်ပြီးနေသောဓလေ့မရှိပေ။ နေသူရှိပါကလည်း အလွန်နည်းပါးသည်။ မိဘနှစ်ပါးစလုံး အားထားစရာမရှိ၍ မိဘအိမ်တွင် နေခဲ့ရန် အသက်အားဖြင့် ငယ်ရွယ်သူဖြစ်သော ခယ်မများသာလျှင် အစ်မနှင့်အတူ ခဲအိုအိမ်တွင် ခဏအနေဖြင့် လိုက်နေတတ်ပေသည်။ အိမ်ထောင်ပြုချိန်တွင် အိမ်ထောင်ပြုပြီး တစ်အိုးတစ်အိမ်ခွဲနေလေ့ ရှိကြသည်။ အစ်မ၊ ခဲအိုတို့နှင့် အတူ ခယ်မတို့နေစဉ် မိဘနှင့် သားသမီး၊ အစ်ကိုနှင့် နှမပမာ ခဲအိုနှင့် ခယ်မဆက်ဆံမှုရှိတတ်ကြသည်။ အစ်ကိုတစ်ယောက်က နှမတစ်ယောက်ကို

---

၁။ Levirate

၂။ Sororate

၃။ Prohibition

၄။ Taboo (Tabu)

၅။ Family

ချစ်ခင်ပြီး အခွင့်အရေးပေး အလိုလိုက် သလိုပင် ခဲအိုက ခယ်မကို ဆက်ဆံရသည်။ ခယ်မက ခဲအိုကို မရှိမသေ မလေးမစားပြုခြင်းမျိုးကို အများစုက လက်မခံကြပေ။ ခယ်မနှင့်ခဲအို အဆင်မပြေမှုများ မရှိသလောက် ရှားပေသည်။ ခဲအိုက ဆိုဆုံးမ ပြုခြင်းကို ခယ်မကလက်ခံလိုက်နာလေ့ ရှိသည်။ခဲအိုနှင့် ခယ်မကို စည်းကမ်းရှိရှိ သီးသီးခြားခြားနေကြရသည်။ ရောနှောနေထိုင်ခြင်းမျိုးကို အများစုက လက်မခံ အပြစ်တင်တတ်ကြသည်။

ထိုနည်းတူ မတ်တော်စပ်သူ ခင်ပွန်း၏ ညီများကလည်း အစ်ကိုနှင့်မရီး အိမ်ထောင်စုတွင် လိုက်နေလေ့နေထ မရှိကြပေ။ ညီဖြစ်သူများက အစ်ကိုကို ချစ်ခင်ရိုသေသလိုပင် မရီးကိုလည်း ချစ်ခင် ရိုသေကြသည်။ မရီးဖြစ်သူသည် သက်ကြီးဝါကြီးသူဖြစ်၍ အစ်မအနေမျိုးဖြင့် ညီမ၏ခင်ပွန်း မတ်ဖြစ်သူများကလည်း ရိုသေလေးစားစွာ ဆက်ဆံကြသည်။ ညီမနှင့် မတ်အိမ်တွင် မရီးလိုက်နေခြင်းမျိုး ရှားသည်။ မိုခိုအားထားစရာ မိဘဆွေမျိုးသားချင်းများ မရှိသည့်အခါမျိုးမှ ညီမနှင့် မတ်အိမ်တွင် အတူနေတတ်ကြသည်။ မရီးနှင့်မတ်မတည့်ခြင်း၊ အဆင်မပြေခြင်း၊ ပြဿနာအရှုပ်အရှင်းများများ ဖြစ်ခြင်းတို့ကိုမူ မတွေ့ရပေ။ ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး မောင်နှမအရင်းကဲ့သို့ ချစ်ခင်ရင်းနှီးကြသည်။ တစ်ဦးနှင့်တစ်ဦး လေးစားစွာ ဆက်ဆံကြသည်။ ထို့ကြောင့် ခဲအို (သို့မဟုတ်) မတ်လက်ထပ်ယူခြင်းနှင့် ခယ်မ(သို့မဟုတ်) မရီးလက်ထပ်ယူခြင်းကို တားမြစ်ထားခြင်း မရှိသော်လည်း ကျင့်သုံးခြင်း မရှိသည်ကို လေ့လာတွေ့ရှိရသည်။

ကျောက်ဖာလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့တွင် လက်မထပ်သေးသော အသက် အရွယ်ကြီးသူယောကျ်ား(လူပျိုကြီး)၊ လက်မထပ်သေးသော အသက်အရွယ်ကြီးသူအမျိုးသမီး (အပျိုကြီး)ကိုတွေ့ရသည်။ သို့သော် အလွန်နည်းသည်။ ရွာတစ်ရွာတွင် တစ်ယောက်၊ နှစ်ယောက်သာတွေ့ရသည်။ ထိုအပျိုကြီး လူပျိုကြီးတို့သည် အရွယ်မရောက်သေးသော ညီငယ်၊ ညီမငယ်များကို ဦးစီးဦးဆောင်ပြုစုလုပ်ကိုင်ကာ ခြံလုပ်ကာ အသက်မွေးကြောင်းတွေ့ရသည်။

(၅) စေ့စပ်ကြောင်းလမ်းခြင်း

ပအိုဝ်းတိုင်းရင်းသားတို့သည်အများအားဖြင့် အမျိုးသားအနေဖြင့် အသက်(၂၀)နှစ်မှ (၂၁)နှစ်အတွင်း အမျိုးသမီးအနေဖြင့် အသက်(၁၅)နှစ်မှ (၂၅)နှစ်အတွင်း အိမ်ထောင်ပြုကြသည်က များသည်။ မိဘချင်းသဘောတူပြီး စေ့စပ်ကြောင်းလမ်းခြင်းမျိုး ရှိသော်လည်း မိဘ၏ လမ်းညွှန်မှုအောက် တွင် လူငယ်ချင်းကြိုက်နှစ်သက်ကာ အိမ်ထောင်ဖက်ရွေးကြသည်က ပိုများသည်။

လူငယ်နှစ်ဦးမေတ္တာမျှလျှင် အမျိုးသားသည် အမျိုးသမီးအား အမျိုးသမီး၏မိဘ သဘောတူ မတူ ကို မေးခိုင်းရသည်။ အမျိုးသမီးသည် ပထမဆုံး မိခင်အားအသိပေးပြီး မိခင်မှတဆင့် ဖခင်အား အသိပေးစေ၏။ အမျိုးသမီး၏ မိခင်နှင့် ဖခင်တို့၏ ခွင့်ပြုချက်ရလျှင် အမျိုးသားနှင့် အမျိုးသမီးတို့သည် ရွာလူကြီးမိဘများရှေ့တွင် စေ့စပ်ကြောင်းလမ်းနိုင်ပြီ ဖြစ်သည်။ စေ့စပ်ကြောင်းလမ်းရာတွင် သတို့သားနှင့်သတို့သမီးဘက်မှ လူကြီးမိဘနှစ်ဦးမှ လေးဦး၊ သတို့သားမိဘနှစ်ပါး၊ သတို့သမီးမိဘနှစ်ပါး၊ ခိုဗန်တန် ခေါ် ကာလသားခေါင်းဆောင်တို့ ပါဝင်သည်။ သတို့သားမိဘ၊ သက်သေလူကြီး၊ ကာလသားခေါင်းဆောင်တို့သည် ည(၇)နာရီမှ (၈)နာရီအတွင်း သမီးရှင်၏ မိဘထံသွားရောက် စေ့စပ်ရသည်။ ညအချိန်ရွေးရခြင်းမှာ စေ့စပ်ကြောင်းလမ်းမှု မအောင်မြင်လျှင် လူမသိစေရန် သတို့သားသတို့သမီး၏ သိက္ခာကို ငဲ့ညှာစေရန်အတွက် ဖြစ်သည်။ ထို့ပြင် ပအိုဝ်းတိုင်းရင်းသားတို့သည် နေ့ဘက်တွင် မအားတမ်း အလုပ်လုပ်ကြသဖြင့် အားလပ်သည့် ညအချိန်ကို ဦးစားပေး ရွေးကြခြင်းလည်း ဖြစ်သည်။ ထိုသို့ စေ့စပ်ကြောင်းလမ်းရာတွင် သတို့သားအနေဖြင့် လိုက်လိုက လိုက်ပါပြီး မလိုက်လိုပါက မိမိအိမ်တွင် နေခဲ့နိုင်သည်။

ခိုဗန်တန် ခေါ် ကာလသားခေါင်းဆောင်သည် စေ့စပ်ကြောင်းလမ်းရာတွင် အဓိက သက်သေဖြစ်သည်။ လူကြီးမိဘ၏ရှေ့တွင် လူငယ်နှစ်ဦးကို တောင်းရမ်းခြင်း၊ လက်ခံခြင်း၊ စေ့စပ်ကြောင်းလမ်းခြင်းတို့ကို ပြုလုပ်ကြသည်။ စကားကမ်းလှမ်း၍ စေ့စပ်ပြောဆိုချိန်တွင် ပအိုဝ်းတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံအတိုင်း သတို့သား၏မိဘများက သတို့သမီး၏မိဘများအား မင်္ဂလာကြေး[၁] တင်၍ သမီးပျိုကို တောင်းရမ်းရသည်။ သတို့သားက တန်ဘိုးရှိသော ပစ္စည်းဥစ္စာများစွာ တင်တောင်းနိုင်လေ သတို့သမီးဖြစ်သူအဖို့ ပိုမိုတန်ဘိုးရှိပြီး ဂုဏ်ယူနိုင်လေဖြစ်သည်။ ရှေးခေတ်ချိန်ခါက ငွေထည်ပစ္စည်းများဖြစ်သော ငွေထုံးဘူး၊ ငွေကွမ်းအစ်၊ ငွေဖလား စသည်တို့အပြင် ဘော်ထည်ပစ္စည်းများ၊ ရွှေဖက်လိပ်နားတောင်း၊ ရွှေလက်ကောက်၊ ရွှေကြိုးစသည့် ရွှေထည်များကို တတ်နိုင်သူများက မင်္ဂလာကြေးအဖြစ် တင်တောင်းလေ့ ရှိကြသည်။ ငွေကြေးများစွာ မတတ်နိုင်သူများကား ငွေရိုးတပ်ဆေးတန်၊ ရွှေတမတ်သား စသည်တို့လောက်ပင် တင်တောင်းနိုင်ပေသည်။ ယခုခေတ်တွင်မူ စီးပွားရေးအခြေအနေကိုလိုက် ၍ တတ်နိုင်လျှင် တတ်နိုင်သလို တင်တောင်းကြသည်။

---

၁။ bride price

မင်္ဂလာကြေးအဖြစ်တင်တောင်းသော ပစ္စည်းများအားလုံးသည် သတို့သမီးတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ခွင့်ရှိသည်။ တင်တောင်းရာတွင် မည်၍မည်မျှပေးရန် အတိအကျတန်ဘိုးဖြတ် မသတ်မှတ်ပေ။ ယောက်ျားလေးဘက်မှ တတ်နိုင်သလောက် တင်တောင်းကြသည်။ အချို့က မတတ်နိုင်သဖြင့် မတင်တောင်းသည်လည်း ရှိသည်။

မင်္ဂလာလက်ဆောင်ပစ္စည်းပေးပြီးနောက် စေ့စပ်ကြောင်းလမ်းပြီးစီးပါက မင်္ဂလာပွဲကျင်းပရန် ရက်ကို ရွေးချယ်ကြသည်။ နေ့ကောင်းနေ့မြတ်ရွေးကြရသည်။ မင်္ဂလာရက်ကို ရွေးချယ်ရာတွင် လပြည့်နေ့၊ လကွယ်နေ့၊ ပြဿဒါး၊ ဝါတွင်းသုံးလနှင့် သင်္ကြန်ကာလကို ရှောင်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံအရ 'မတော်(၆)လ တော်(၆)လ' ဟူသော ဆိုရိုးစကား နှင့်အညီ မတော်(၆)လဖြစ်သော ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ နတ်တော်၊ ပြာသို၊ တပေါင်းတို့တွင် လက်ထပ်မင်္ဂလာပြုခြင်းမျိုးကို ရှောင်လေ့ရှိကြသည်။ ကျန်တော်(၆)လဖြစ်သော တန်ခူး၊ ကဆုန်၊ နယုန်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပို့တွဲလများတွင်သာ မင်္ဂလာပွဲကို ပြုလုပ်လေ့ ရှိကြသည်။ များသောအားဖြင့် 'တပို့တွဲလ'တွင် မင်္ဂလာပွဲ ပြုလုပ်ကြသည်။ စေ့စပ်ကြောင်းလမ်းပြီး အလွန်ဆုံး (၆)လခန့်အတွင်း တော်(၆)လကို ရွေး၍ လက်ထပ်ကြသည်။

မင်္ဂလာရက်အဖြစ် ရက်ရာဇာကိုသာ ရွေးလေ့ရှိကြသည်။ နေ လကြတ်သောနေ့များ၊ လပြည့်လကွယ်နေ့များ၊ ပြဿဒါးနေ့များ၊ ဝါတွင်း(၃)လပတ်၊ သီတင်းကျွတ်ကာလ၊ သင်္ကြန်၊ နေ့ရက်တို့ကို ရှောင်ကြသည်။ တစ်လထဲ နှစ်မင်္ဂလာဆောင်ခြင်း၊ တစ်နှစ်ထဲနှစ်မင်္ဂလာ ဆောင်ခြင်း၊ အိမ်သူအိမ်သားတစ်ဦးခရီးထွက်နေချိန် မင်္ဂလာဆောင်ခြင်း စသည်တို့ အထူး သတိထားရှောင်ကြသည်။

## (၆) လက်ထပ်ထိမ်းမြားခြင်း

ပအိုဝ်းတိုင်းရင်းသားတို့သည် ငွေကြေးအကုန်အကျခံနိုင်မှုကိုလိုက်၍ မင်္ဂလာပွဲကို ကျင်းပကြသည်။ မင်္ဂလာပွဲကို သတို့သားအိမ်တွင်ဖြစ်စေ၊ သတို့သမီးအိမ်တွင်ဖြစ်စေ ပြုလုပ်နိုင်သည်။ အမျိုးသမီးသည် အမျိုးသားအိမ်ကို လိုက်သွားမည်ဆိုပါက အမျိုးသားအိမ်တွင် မင်္ဂလာပွဲကျင်းပကြပြီး အမျိုးသမီးအိမ်ကို အမျိုးသားလိုက်သွားမည်ဆိုပါက အမျိုးသမီးအိမ်တွင် မင်္ဂလာပွဲကျင်းပသည်က များသည်။ မင်္ဂလာအခမ်းအနား နှစ်မျိုးရှိသည်။ လိုမူး ဆင်လွန်မင်္ဂလာပွဲနှင့် ခိုဘင်လွန်မင်္ဂလာပွဲတို့ ဖြစ်သည်။ လိုမူးဆင်လွန်မင်္ဂလာပွဲမှာ သတို့သားအိမ်တွင် ကျင်းပခြင်းဖြစ်ပြီး လိုခိုဆင်လွန်မှာ

သတို့သမီး၏ နေအိမ်တွင် ကျင်းပခြင်းဖြစ်သည်။ သတို့သားအိမ်တွင် ကျင်းပက အခမ်းအနားတွင် သတို့သား မိဘကို ဦးစွာကန်တော့ရပြီး သတို့သမီးအိမ် တွင် ကျင်းပပါမူ သတို့သမီး မိဘကို ဦးစွာကန်တော့ရလေသည်။ အမျိုးသား အိမ်တွင်ဖြစ်စေ၊ အမျိုးသမီးအိမ်တွင်ဖြစ်စေ မည်သည့်အိမ်တွင် နေစေကာမူ နောင်ခဲအရပ်တွင် အမျိုးသမီးက အမျိုးသားအိမ်လိုက်၍ မင်္ဂလာဆောင်ပေးရသလို ကျောက်တလုံးဒေသတွင် အမျိုးသားက အမျိုးသမီးအိမ်ကိုလိုက်၍ မင်္ဂလာဆောင်ရသည်က များသည်။ မည်သူ့ဘက်ကိုလိုက်၍ ထိမ်းမြားလက်ထပ် ထိမ်းမြားရမည်ဟု သတ်မှတ်ခြင်း မရှိပေ။ အဆင်ပြေသလို ဆောင်ရွက်ကြသည်။

ပအိုဝ်းတိုင်းရင်းသားများ၏ မင်္ဂလာအခမ်းအနားတွင် ကန်တော့ပွဲများ ပြင်ဆင်ထားလေ့ရှိသည်။ ရွာထဲရှိ အသက်အကြီးဆုံး ငယ်လင်ငယ်လင်မယား အဖိုးအဖွားစုံတွဲက ကန်တော့ပွဲ ပြင်ဆင်ပေးရခြင်း၊ မင်္ဂလာအိပ်ခန်း ပြင်ဆင်ပေးခြင်း၊ ငွေဖလားအတွင်း ရွှေရည် ငွေရည်စိမ်ခြင်းတို့ကို ပြုလုပ်ပေးရသည်။ မင်္ဂလာအခမ်းအနားတွင် အဓိက ကန်တော့ပွဲ (၃)ပွဲပါရသည်။ ၄င်းတို့မှာ

၁။ သတို့သား သတို့သမီးတို့၏ နှစ်ဘက်မိဘများအား ကန်တော့ရန် ပွဲတစ်ပွဲ

၂။ ကာလသားခေါင်းဆောင်(ခိုပန်တန်) အား ကန်တော့ရန် ပွဲတစ်ပွဲ

၃။ မင်္ဂလာပွဲသို့ ကြွရောက်လာကြသော ဧည့်ပရိသတ်များအားကန်တော့ရန် ပွဲတစ်ပွဲ

စသည်တို့ဖြစ်သည်။

မင်္ဂလာကန်တော့ပွဲတစ်ပွဲတွင်

- ငါးချည်ထုပ်(၂)ထုပ်
- အလုံးရေစုံလင်သော ငှက်ပျောဖီး(၂)ဖီး
- လွှက်အစို (သို့မဟုတ်) အခြောက် (၂)ထုပ်
- ဆေး (ကွမ်းစားဆေး) (၂)ထုပ်တို့ ပါဝင်ကြသည်။

မင်္ဂလာကန်တော့ပွဲတွင် ပါဝင်သော ပစ္စည်းတစ်မျိုးစီကို 'စုံ'အရေအတွက်ဖြင့်သာ ထည့်ကြသည်။ ဤသို့ 'စုံ'အရေအတွက် ဟု သတ်မှတ်ရခြင်းမှာ သတို့သား သတို့သမီးနှစ်ဦးအတွက် ရာသက်ပန် အိမ်ထောင်တည်မြဲ တည်တံ့စေရန် အတွက် ရည်ရွယ်ပြီး မင်္ဂလာယူခြင်းပင် ဖြစ်သည်။ ကန်တော့ပွဲတွင် အထက်ပါ ပစ္စည်း(၄)မျိုးအပြင် ကွမ်းသီး ကွမ်းရွက်တို့ကိုပါ ထည့်နိုင်သည်။ ပရိသတ်ကို ရည်စူး၍ ပြင်ထားသည့် ကန်တော့ပွဲတွင် ဆေးလိပ်၊ မီးခြစ်၊ ကြံသကာ၊ သကြား၊ နို့ဆီစသည်တို့ကိုလည်း ထည့်နိုင်သည်။ ဆေးလိပ်ထည့်ရာတွင် ဆေးလိပ်၏ ထိပ်ကိုဖွင့်၍ လေသလပ်ထားပြီး ထည့်ကြသည်။

ဤသို့ထည့်ရခြင်းမှာ ဇနီးမောင်နှံရာသက်ပန် အေးချမ်းသာယာစေရန် ရည်စူးခြင်း ဖြစ်သည်။ အပျို လူပျိုတို့ လက်ထပ်သော လက်ထပ်ပွဲမဟုတ်သော မုဆိုးဖို၊ မုဆိုးမ၊ အိမ်ထောင်ပျက် စသည်တို့ လက်ထပ်သည့် လက်ထပ်ပွဲတွင် ကန်တော့ပွဲ၌ ငါးချည်ထုပ်မပါသည်ဖြစ်စေ၊ အထက်ပါပစ္စည်း လေးမျိုးအနက်မှ တစ်မျိုးမျိုးကို နုတ်၍ဖြစ်စေ ကန်တော့ပွဲကို ပြင်နိုင်သည်။

လက်ထပ်ပွဲကုန်ကျစရိတ်ကို ယောကျ်ားလေးဘက်မှ ဦးဆောင်၍ အများဆုံး အကုန်အကျ ခံတတ်ကြသည်။ ယောကျ်ားလေးဘက်က စီးပွားရေးအဆင်မပြေသဖြင့် အမျိုးသမီးဘက်က အဆင်ပြေလျှင် အမျိုးသမီးဘက်က စီးပွားရေးအဆင်ပြေလျှင် အကုန်အကျခံတာလည်း ရှိသည်။ သို့သော် အမျိုးသမီးဘက်က အကုန်အကျခံတာ နည်းသည်။ သတို့သမီးဘက်မှ (၃)ပုံ(၁)ပုံ အကုန်အကျခံ၍ သတို့သားဘက်မှ (၃)ပုံ(၂)ပုံ အကုန်အကျခံရသည်။

ပအိုဝ်းမင်္ဂလာတွင် သတို့သားအရံ သတို့သမီးအရံ လိုက်သည့် ထုံးစံရှိသည်။ သို့သော် ထိုအရံတို့သည် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ အပျို လူပျိုစစ်မှန်၍ မိစုံဘစုံရှိသူများသာဖြစ်ပြီး ချောမောလှပသောရုပ်အဆင်းရှိကာ ပျို့ရွယ်သူတို့ ဖြစ်ရပေသည်။ အပျိုရံနှင့် လူပျိုရံတို့သည် တစ်ဦးနှင့် တစ်ဦးလည်းသိကျွမ်းရင်းနှီးပြီးသားဖြစ်လျှင် ပို အဆင်ပြေသည်။ ဧည့်သည်ပရိသတ်တို့သည် အပျိုရံနှင့် လူပျိုရံတို့ကိုလည်း သတို့သား သတို့သမီးနည်းတူ လက်ကို မင်္ဂလာချည်ခင်နှင့် ရစ်ပတ်ပေး တတ်ကြသည်။

မင်္ဂလာပွဲပြုလုပ်မည့် နံနက်စောစောတွင် သတို့သားနှင့် သတို့သားအရံ၊ ရွာသူကြီး တို့သည် အရက်တက်သည်နှင့် ခိုဗန်တန် ခေါ် ကာလသားခေါင်းဆောင်ထံ သွားရသည်။ ခိုဗန်တန်က သတို့သားအရံ သယ်ဆောင်လာသော ကန်တော့ပွဲမှ လ္ဘက်ထုပ်၊ ငါးချဉ်ထုပ်တို့ကို ဖြေပေးလိုက်လျှင် မင်္ဂလာအခမ်းအနား ကျင်းပခွင့်ပြုလိုက်ပြီး ဖြစ်သည့်အပြင် ရွာရှိကာလသား လူငယ်များကိုလည်း ဖိတ်ပြီးသားသဘော သက်ရောက်သွားသည်။

မင်္ဂလာချိန်ခါကို နံနက်နေထွက်ချိန်မှ မွန်းတည့်ချိန်အထိ သတ်မှတ်ကြသည်။ မင်္ဂလာယူချိန်တွင် အိုးစည်ဗုံမောင်းတီးခြင်း၊ သားကောင်သတ်ခြင်းများ မပြုလုပ်ရပေ။ ပြုလုပ်ပါက အိမ်ထောင်မတည်မြဲဟူသော ရှောင်ခလေ ကို ယုံကြည်ကြသည်။ မင်္ဂလာအခမ်းအနားတွင် ဝတ်ဆင်ရန် သီးသန့်အဝတ်အစားမရှိဘဲ မိမိတို့ ပအိုဝ်းတိုင်းရင်းသား၏တိုင်းရင်းသားဝတ်စုံအသစ် ကိုသာ ဝတ်ကြသည်။

မင်္ဂလာအခမ်းအနားကျင်းပချိန်တွင် သတို့သားက လူပျိုရံများနှင့် အတူ သတို့သမီး၏ အိမ်သို့လာရသည်။ ထို့နောက် သတို့သား သတို့သားအရံတို့နှင့် သတို့သမီးကလည်း အပျိုရံတို့ ဝိုင်းရံပြီး မင်္ဂလာခန်းထဲသို့ လာရသည်။ မင်္ဂလာပွဲကို ခိုဗန်တန်ခေါ် ကာလသားခေါင်းဆောင် မရောက်မချင်း ပွဲ မ စရပေ။ ခိုဗန်တန်ရောက်မှသာ ပွဲစရသည်။ မင်္ဂလာအခမ်းအနားစတင်လျှင် ကန်တော့ပွဲမှ ငှက်ပျောသီးကို အခွံခွာရသည်။ မင်္ဂလာပွဲသို့ လာရောက်သည့် မိဘစုံလင်သော အပျို လူပျိုက ဆေး၊ ငါးချဉ်ထုပ်၊ လ္ဘက်ထုပ်ကို ဖြေရသည်။

ငါးချဉ်ထုပ်၊ လ္ဘက်ထုပ်တို့ကို ဖြေပြီးသောအခါ လူကြီးတစ်ယောက်က အခွံခွာထားသော ငှက်ပျောသီး(၁)လုံး၊ ငါးချဉ်၊ လ္ဘက်အချို့တို့ဖြင့် အိမ်စောင့်နတ်ကို ပသရသည်။ အိမ်စောင့်နတ်အား ပသသူသည် သတို့သား သတို့သမီးနှစ်ဦးသည် အကြင်လင်မယားအဖြစ်သို့ရောက်ကြောင်း သိစေအပ်ပါသည်ဟု ပသတိုင်တန်း အသိပေးရသည်။ ထို့နောက် ရွာစောင့်နတ်ကို ပသရသည်။ ရွာစောင့်နတ် ပသသူနှင့် အထုပ်ဖြည်ပေးသည့် မိစုံ ဖစုံ အပျို လူပျိုတို့ကို သတို့သား သတို့သမီးတို့က ငွေအနည်းငယ်ပေးရသည်။ သတို့သားနှင့် သတို့သမီးကို လက်ထပ်ပေးသော သူများသည် မိဘစုံ လင်သူများ ဖြစ်ရမည်။ အချို့အရပ်ဒေသတွင် စကားအရာ၌ ကျွမ်းကျင်လိမ္မာသော စာဟောဆရာ (မော်) သို့မဟုတ် ရပ်ရွာမှ လေးစားခြင်းခံရသော လူကြီးလူကောင်းတစ်ဦးက မင်္ဂလာသြဘာစာဖတ်ပြီး အကြင်ဇနီးမောင်နှံအဖြစ်သို့ ရောက်ကြောင်း ဘိသိတ်သွန်းခြင်း ပြုလုပ်ရသည်။ သတို့သားနှင့် သတို့သမီးတို့သည်လည်း တစ်ဦးနှင့် တစ်ဦးခိုင်ခိုင်မြဲမြဲသစ္စာရှိရှိ ပေါင်းသင်းပါမည်ဟု ရည်စူးကာ မင်္ဂလာမဏ္ဍပ်အတွင်း ပရိသတ်စုံရာရှေ့တွင် အပြန်အလှန် ထမင်းခွံ့ကြရသည်။

ထို့နောက် သတို့သား၊ သတို့သမီးတို့သည် ရွာလူကြီးများနှင့် မိဘများကို ကန်တော့ရသည်။ ပထမဆုံး နှစ်ဘက်မိဘက သတို့သားနှင့် သတို့သမီးအား လက်ဖွဲ့ချည်မျှင်ကို စွပ်ပေးပြီး ဆုတောင်း ပေးကြသည်။ လက်ဖွဲ့ချည်မျှင်ကို သတို့သား၏ ဘယ်ဘက်လက်ကို အရင်စွပ်ပေးပြီးမှသာ သတို့သမီး၏ လက်နှစ်ဖက်စလုံးကို စွပ်ပေးရသည်။ယင်းကို ပအိုဝ်းဘာသာအရ 'လခွင်'ဟု ခေါ်သည်။ လက်ဖွဲ့ ချည်မျှင်ကို (၃)ပတ်ထက်မနည်း (၅)ပတ်ထက်မပို ရစ်ပတ်ချည်နှောင်ပေးကြသော ပအိုဝ်းတိုင်းရင်းသား ရှိသလို ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပအိုဝ်းတိုင်းရင်းသားတို့က (၇)ပတ် ပတ်ကြသည်။



သတို့သား သတို့သမီးတို့အားလက်ဖွဲ့
ချည်မျှင်စွပ်ပေးပုံ



သတို့သား သတို့သမီးတို့အားငါးချဉ်ကျွေးပုံ



သတို့သား၊ သတို့သမီးတို့နှစ်ဘက်မိဘ
နှစ်ပါးအားကန်တော့ပုံ



ရေစက်ချအမျှဝေကန်တော့ခြင်း

(၃)ပတ်ပတ်ခြင်းမှာ ဘုရား၊ တရား၊ သံဃာကိုလည်းကောင်း (၅)ပတ်ပတ်ခြင်းမှာ အနန္တငါးပါးကို ရည်စူး၍လည်းကောင်း၊ (၇)ပတ်မှာ ခုနစ်ရက် သားသမီးများ အေးချမ်းသာယာရေးကိုလည်းကောင်း ရည်စူးသည်ဟု သိရသည်။ ထို့နောက် သတို့သား သတို့သမီး၏ မိဘတစ်ဦးဦးက ရွှေငွေစိမ်ထားသော ငွေဖလားအတွင်းမှ ရွှေငွေရည်ကို လက်ဖွဲ့ချည်မျှင်စွပ်ပြီးသော သတို့သား သတို့သမီးတို့အား ထိုရေကို သောက်စေသည်။ ဤသို့ ပြုလုပ်ခြင်းကို ရွှေရည်ငွေရည်သောက်သည်ဟု ခေါ်သည်။

ထို့နောက် သိက္ခာသမာဓိရှိသော လူကြီးတစ်ဦးဦးက အကြင်လင်မယားအဖြစ် အထမြောက်ကြောင်းကြေငြာသည်နှင့် ထိမ်းမြားမင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ပအိုဝ်းဧည့်ပရိသတ်နှင့် ဆွေမျိုးတို့သည် သတို့သားနှင့် သတို့သမီး၏ လက်ကို ချည်ခင်များနှင့် ရစ်ပတ်ပြီး မင်္ဂလာဆုများပေးကြသည်။ ရာသက်ပန်ရိုးမြေကျ ပေါင်းကျရပါစေဟုလည်း ဆုတောင်းပေးကြသည်။ သတို့သားနှင့် သတို့သမီးတို့၏ လက်ကို ချည်ခင်များရစ်ပတ်ရခြင်းမှာ ၄င်းတို့အိမ်ထောင်ရေးသည် ချည်ခင်တို့ဖြင့် ချီနှောင်ရစ်ပတ်ထားသဖြင့် ခိုင်မြဲသကဲ့သို့ အိမ်ထောင်ရေးခိုင်မြဲပါစေဟူသော ရည်ရွယ်ချက်ပင်ဖြစ်သည်။

သတို့သားနှင့် သတို့သမီးတို့ကို ဧည့်ပရိသတ်နှင့် ဆွေမျိုးတို့က တတ်နိုင်သ၍ ငွေကြေးပစ္စည်း ဥစ္စာဖြင့် လက်ဖွဲ့ကြသည်။ ရှေးခေတ်အချိန်အခါက ငွေမူးစေ့၊ မတ်စေ့၊ ဒင်္ဂါးတစ်ကျပ်၊ နှစ်ကျပ်စသည်ဖြင့် လက်ဖွဲ့လေ့ရှိသလိုပင် ယခုခေတ်တွင်လည်း တတ်အားသရွေ့ ငွေကြေးတို့ဖြင့် လက်ဖွဲ့ကာ မင်္ဂလာပွဲကို ချီးမြှင့်ကြသည်။ အထူးသဖြင့် နှစ်ဘက်မိဘများက အတတ်နိုင်ဆုံး အဖိုးတန်ပစ္စည်းဖြစ်သော ငွေထည်၊ ရွှေထည် ငွေကြေးများအပြင် အိမ် မြေပါမကျန် လက်ဖွဲ့သော ဓလေ့ထုံးစံရှိသည်။

ထို့နောက် ကြွရောက်လာကြသော ဧည့်ပရိသတ်များအား ငါးချဉ်၊ လ္ဘက်တို့ဖြင့် ဧည့်ခံကျွေးမွေးသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့၏ လက်ထပ်ပွဲကိုငါးချဉ်စားပွဲဟုခေါ်ပြီး အချို့က လ္ဘက်စားပွဲဟု ခေါ်ကြသည်။ လ္ဘက်ထုပ်၊ ငါးချဉ်ထုပ်တို့ဖြင့် ဧည့်ခံရာတွင် အထုပ်ဖြည်သူသည် မိစုံ ဘစုံ ဖြစ်ရမည်။ ငါးချဉ်သည် ပအိုဝ်းဓလေ့ထုံးစံအရ မပါလျှင် မပြီးသော ဧည့်ခံပစ္စည်းဖြစ်သည်။ ငါးချဉ်ထည့်ခြင်းမှာ လက်ထပ်သော ဇနီးမောင်နှံအား သားလှုရတနာမွေးစေရန် ရည်ရွယ်သည်ဟု သိရသည်။

အချို့တတ်နိုင်သူများက ဧည့်ပရိသတ်များကို ထမင်းကျွေးခြင်း၊ ဘုန်းကြီးဆွမ်းကပ်ခြင်း တို့ ပြုလုပ်ကြသည်။ အချို့ကလည်း ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့ပြီး ဧည့်ပရိသတ်များကို မုန့်၊

ငှက်ပျောသီး၊ ငါးချဉ်ထုပ်၊ လွှက်တို့ ပေးကမ်းသည်ကိုလည်း တွေ့ရသည်။ သတို့သား သတို့သမီးတို့ တတ်နိုင်သည့်အပေါ် မူတည်ပြီး ဧည့်ခံကြသည်။ မည်၍မည်မျှ ဧည့်ခံရမည်ဟု သတ်မှတ်ထားခြင်း မရှိပေ။

ရှမ်းပြည်နယ်ရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် မင်္ဂလာပွဲကျင်းပရာတွင် သားကောင်များ သတ်ဖြတ်ခြင်း၊ တေးသီချင်းများဖွင့်ခြင်း။ ရိုးရာဓလေ့ အတီးအမှုတ်များ တီးခြင်း၊ ကခုန်ခြင်းများ မပြုလုပ်ကြရပေ။ ထိုသို့ တီးမှုတ်၍ ဆူဆူညံညံဖြစ်နေလျှင် မင်္ဂလာဆောင် သတို့သားတို့၏ အိမ်ထောင်ရေး မငြိမ်မသက် ဖြစ်တတ်သည်ဟု အယူအဆရှိသည်။ မင်္ဂလာအခမ်းအနားကို အေးချမ်းငြိမ်သက်စွာဖြင့် ပြီးမြောက်စေခြင်းသည် အိမ်ထောင်ရေး သာယာချမ်းမြေ့မည်ဟု အယူရှိကြသည်။ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဇရပ်တို့တွင် မင်္ဂလာဆောင်သော အလေ့အထ မရှိပေ။

ပအိုဝ်းတိုင်းရင်းသားတို့၏ မင်္ဂလာပွဲတွင် ခဲဘိုးတောင်းခံသည့် ဓလေ့ရှိသည်။ ခဲဘိုး တောင်းသူများသည် သတို့သားနှင့် သတို့သမီးသွားရာလမ်းတစ်လျှောက်တွင် ကာဆီး၍ ရွှေကြိုးဖြင့် တားကြသည်။ ထို့အပြင် အပ်ချည်အဖြူဖြင့် တားကြသလို လက်ဖြင့်လည်း တားကြသည်။ ပစ္စည်း တစ်စုံတစ်ခုကို တောင်းရမ်းကြသည်။ လိုသောပစ္စည်း၊ တောင်းသောပစ္စည်းရမှ ခဲဘိုးရမှသာ လမ်းဖယ်ပြီး ဖြတ်သန်းခွင့်ပေးသည်။ သတို့သား သတို့သမီးတို့သည် ပြန်ရာလမ်းတလျှောက်တွင် လူဖြစ်စေ၊ တုတ်ဖြစ်စေ၊ ကြိုးဖြစ်စေ အတားအဆီးပြုထားပါက ထိုတားဆီးမှု ရှိသည့်နေရာတွင် ပစ္စည်းတစ်ခုခု ထားရစ်ပြီးမှ ကျော်သွားရသည်။ ပအိုဝ်းတိုင်းရင်းသားတို့က ထိုသို့ ပစ္စည်းမထားဘဲ ကျော်သွားလျှင် ခဲဘိုးမပေးဘဲကျော်သွားလျှင် သားသမီးမွေးရာတွင် အခက်အခဲ တွေ့တတ်သည်ဟု ယူဆကြသည်။

သတို့ သား သတို့သမီးတို့သည် မင်္ဂလာဆောင်ပြီး (၂)ရက် (၃)ရက်အတွင်း သက်ဆိုင်ရာ နှစ်ဘက်ဆွေမျိုး လူကြီးများကို လိုက်ကန်တော့ရသည်။အုပ်ခေါ် ဒေါင်းလမ်းထဲတွင် ငါးချဉ်၊ လွှက်စို၊ ဆေး၊ ကွမ်း၊ ရခိုင်ငှက်ပျောသီး အစိမ်းတို့နှင့် အတူ မျက်နှာသုတ်ပဝါ ဖယောင်းတိုင် အစရှိသော မိမိကြိုက်နှစ်သက်သော ပစ္စည်းများ တတ်နိုင်သလောက်ကို ထည့်၍ တစ်အိမ်ပြီးတစ်အိမ် လိုက်ကန်တော့ ရသည်။ ဆွေမျိုးလူကြီးမိဘရှိရင်ရှိသလောက် ပွဲပြင်ကာ ကန်တော့ရသည်။ ကန်တော့ရမည့် လူကြီး ဆွေမျိုးများလျှင် များသလို ပွဲပြင်တာများပြီး ကန်တော့ရမည့် လူကြီးဆွေမျိုးနည်းလျှင်နည်းသလို ပွဲပြင်တာ နည်းကြသည်။ မင်္ဂလာမဆောင်ခင်ကထဲကငါးချဉ်ထုပ် ကို မိစုံ ဘစုံ ကာလသားတစ်ဦးက ဖြေပေးရပြီး အခြားကာလသားများက သတို့သားနှင့် သတို့သမီး ကန်တော့သွားရမည့် အိမ်အလိုက်အထုပ်ငယ်များ

ထုပ်ပေးကြသည်။ ထိုသို့ ထုပ်ရာတွင် ဖက်နှစ်ရွက်ဖြင့် ထုပ်ရ၏။ နှီးကိုလည်း နှစ်ပင်ချည်နှောင်ရသည်။ မင်္ဂလာပွဲတစ်ခုလုံးအတွက် အစစအရာရာစုံအဖြစ် သတ်မှတ်ကြခြင်းသည် မင်္ဂလာမောင်နှံနှစ်ဦးအတွက် ရာသက်ပန် အိမ်ထောင်ခိုင်မြဲ တည်တံ့စေရန်အတွက် ရည် ရွယ်ခြင်း ဖြစ်သည်။ ကန်တော့ခံ ဆွေမျိုးလူကြီးများက ကန်တော့ခံပြီးသောအခါ ပြန်၍လက်ဖွဲ့ရ၏။ ဤအကြိမ်လက်ဖွဲ့ရာတွင် မင်္ဂလာပွဲ ကျင်းပစဉ်က လက်ဖွဲ့သည်ထက်ပို၍ လက်ဖွဲ့ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် လက်ထပ်ပြီးစတွင် အမျိုးသမီး မိဘအိမ်တွင်ဖြစ်စေ၊ အမျိုးသားမိဘအိမ်တွင်ဖြစ်စေ အဆင်ပြေသည့်အိမ်တွင် လိုက်နေထိုင်ကြသည်။ ထို့ကြောင့်ပအိုဝ်းတိုင်းရင်းသားတို့တွင် ခွေးမတက်သည့်ဓလေ့[၁] နှင့် သားမက်တက်သည့်ဓလေ့[၂] နှစ်ခုစလုံး သင့်တော်သလို ကျင့်သုံးကြသည်ကို လေ့လာတွေ့ရှိရသည်။ အိမ်ထောင်အတွက် ခြံ ယာ နွား အရင်း အနှီးများ စုမိသောအခါမှ အိုးသစ် အိမ်သစ် ထူထောင်ကြသည်ကို တွေ့ရသည်။

၁။ လက်ထပ်ပြီးသော မိန်းကလေးမှ မိမိ၏အမျိုးသားအိမ်သို့ တက်ရောက်နေထိုင်သောဓလေ့

၂။ လက်ထပ်ပြီးသောအမျိုးသားမှ မိမိ၏ဇနီးအိမ်သို့ လိုက်နေသောဓလေ့

(၇) ခိုးယူပေါင်းသင်းခြင်း

ပအိုဝ်းတိုင်းရင်းသားတို့တွင် အမျိုးသားနှင့် အမျိုးသမီးတို့သည် ချစ်ကြိုက်ကြ၍ ခိုးရာလိုက်ပြေးကြခြင်းရှိသည်။ သို့ရာတွင် မိဘများက သားသမီးများအား အိမ်ထောင်ဖက် ရှာရာတွင် တင်းကြပ်စွာတားမြစ်ခြင်း မရှိပေ။ သားသမီးတို့၏ သဘောကျ ရွေးချယ် မှုကို သဘောတူကြသည်ကများသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့တွင် ခိုးရာလိုက်ပြေးခြင်း နည်းကြသည်။ ခိုးရာလိုက်ပြေးရာတွင်လည်း အမျိုးသားသည် ကာလသားခေါင်းဆောင် (လူပျိုခေါင်း ခိုဗန်တန်) ကိုလည်းကောင်း၊ အမျိုးသမီးသည် ကာလသမီးခေါင်းဆောင်(အပျိုခေါင်း မူးနံတန်)ကို လည်းကောင်း ကြိုတင် အကြောင်းကြားပြီးမှ ခိုးပြေးရသည်။ ဤသို့ အကြောင်းကြားပြီး ခိုးပြေးမှသာ မင်္ဂလာပွဲ ပြုလုပ်ကြရသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့၏ လက်ထပ်ထိမ်းမြားခြင်းကို လေ့လာရာတွင် ခိုးရာလိုက်ပြေးခြင်းဖြင့် လက်ထပ်ထိမ်းမြားခြင်းဓလေ့[၁]ကိုကျင့်သုံးသူ အနည်းငယ်သာ တွေ့ရသည်။

ထိုသို့ ခိုးပြေးရာတွင် မိဘများအနေဖြင့် ပစ်ပယ်ထားခြင်း မရှိဘဲ သားသမီးများသည် အချိန်တန်အရွယ်ရောက်၍အိမ်ထောင်ပြုသွားကြသည်ဟု ခွင့်လွှတ်ကြကာ သဘောတူလိုက်ကြသည်။ သားသမီးများ အရွယ် မရောက်မီ ချစ်ကြိုက်ပြီး ခိုးပြေးကြရာတွင် မိဘများက သဘောတူ ခွင့်လွှတ်ကြသော်လည်း အရွယ်မရောက်မီ အိမ်ထောင်သည်များ ဖြစ်သွားပါက အိမ်ထောင်တာဝန်ကို မထမ်းဆောင်နိုင်ဖြစ်ကြမည်ကို စိုးရိမ်ကြသည်။မွေးဖွားလာသော သားသမီးများ လူစင် မမှီဖြစ်မည်ကိုလည်း စိုးရိမ်ကြသည်။

---

၁။ Marriage By Elopement

(ဂ) အိမ်ထောင်သည်ဘဝ

(၁) ကိုယ်ဝန်ဆောင်ခြင်း

ပအိုဝ်းအမျိုးသမီးများသည် များသောအားဖြင့် အိမ်ထောင်ပြုပြီး မကြာမီ သားသမီး ရရှိတတ်ကြသည်။ အမျိုးသမီးတို့၏ သဘာဝအရ ရာသီမလာလျှင် ကိုယ်ဝန်ရှိသည်ဟု ယူဆကြသည်။ ယောကျ်ားဖောင်စီး၊ မိန်းမမီးနေဟူသော မြန်မာစကားပုံအတိုင်း ပအိုဝ်းစကားပုံမှာ မိန်းမမီးနေ၊ ယောကျ်ားလင်းခွေ ဟူ၍ဖြစ်သည်။ မိခင်တို့သည် အသက်အန္တရာယ်ကြီးစွာဖြင့် ကိုယ်ဝန်ဆောင်ကာ မီးနေကလေးမွေးဖွားပြီး မိခင်အဖြစ်သို့ ရောက်ကြသည်။ ပအိုဝ်းမိခင်တို့သည် သားသမီး၏ ကိုယ်ဝန်ကို စတင်လွယ်ရသည့်အချိန်မှစ၍ မိခင်၏ မေတ္တာ စေတနာတို့ဖြင့် မတည့်သော အစားအစာများကို ရှောင်ကြသည်။ အလေးအပင်မခြင်းကို ရှောင်ကြသည်။ အပူအစပ်လွန်ကဲသော ငရုပ်သီး ငရုပ်ကောင်းများ ဆေးပူများကို ရှောင်ကြသည်။ အမြီးပိုင်းတွင် အကွက်ရှိသော ငါးရံ့ကို မစားကြပေ။ ထိုငါးကို စားလျှင် ကလေးငယ်များ သူငယ်နာရောဂါ ပါလာတတ်သည်ဟု ယူဆသည်။ ငါးဖိန်းစားလျှင် ကလေးပျက်တတ်သည်ဟု ယုံကြည်ယူဆသဖြင့် မစားကြပေ။ သွေးတက်စာများကိုလည်း ရှောင်ကြသည်။ ငှက်ပျောဖူးကို စားလျှင် သွေးတက်သည်။ လေစာဖြစ်သည်ဟု ယူဆကာ ငှက်ပျောဖူးကိုလည်း ရှောင်ကြသည်။ ကိုယ်ဝန်ဆောင်နေစဉ် ငှက်ပျောသီးများများစားလျှင် ဝမ်းတွင်းရှိကလေး ကြီးထွားသဖြင့် မွေးရာတွင် ခက်ခဲမှု ရှိတတ်သည်ဟု ယုံကြည်ကြသည်။ ငှက်ပျောသီးအမွှာကို စားလျှင်လည်း ကလေးအမွှာ မွေးတတ်သည်ဟုဆိုကာ မစားကြတော့ပေ။ မှိုနှင့်မျှစ်ချဉ်တို့ကိုလည်း ရှောင်ကြသည်။ အားရှိစေမည့် အစားအစာများကို စားရသည်။ ယခုအခါ ကျောက်တလုံးဒေသတွင် တိုက်နယ်ဆေးရုံရှိလာသည့်အတွက် အင်္ဂလိပ်အားဆေးများကို အသုံးပြုကြသည်။ အားဆေးထိုးခြင်းများလည်း ရှိကြသည်။ သို့သော် ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် ကိုယ်ဝန်ဆောင်ကို ထိုးပေးသော စုပ်အပ်တို့ကို ကိုယ်ဝန်ဆောင်ထိုးအပြီး တခြားသူတွေ မထိုးခင် သေသေချာချာ တရော်၊ ကင်ပွန်းရည်ဖြင့် ဆေးပြီးမှ တခြားသူများကို ထိုးစေသည်။ အကယ်၍ မဆေးခဲ့လျှင် နောက်လူနာအတွက် ဆေးထိုးသော်လည်း ဆေးမစွမ်းဟု ယူဆကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ပဒူ၊ ပျားရည်တို့ကိုလည်း ရှောင်ကြသည်။ ပဒူနှင့် ပျားရည်တို့သည် အပူစာဖြစ်ပြီး သန္ဓေသားကလေးကို ချေပစ်၊ ခွဲပစ်တတ်သည်ဟု ယူဆကာ

ကလေးပျက်တတ်သည် (သို့မဟုတ်) အမွှာမွေးတတ်သည်ဟု ယူဆကာ မစားကြပေ။ ကိုယ်ဝန်ဆောင်စဉ် ဇနီးဖြစ်စေ ခင်ပွန်းဖြစ်စေ မြွေတွေ့က မသတ်ရ၊ သတ်မိပါက ဗိုက်ထဲက ကလေးပုံစံပျက်တတ်သည်။ သစ်ပင် ဝါးပင်မစိုက်ရ၊ စိုက်မိလျှင် ကလေးမွေးရခက်သည်ဟု ယုံကြည်ကာ ထိုအပြုအမူရှောင်ခလေ့[၁] များကို ဇနီးမောင်နှံနှစ်ဦးစလုံး လိုက်နာကြသည်။

သွားလာရေးနှင့်ပတ်သက်ပြီး နေရာဒေသနှင့် အချိန်အပိုင်းအခြား ကန့်သတ်ချက် မရှိပေ။ သွားလိုသည့်နေရာကို အချိန်မရွေး သွားနိုင်သည်။ အချို့ပအိုဝ်းအမျိုးသမီးများကတော့ ကိုယ်ဝန်ဆောင်စဉ် သုဿန်သို့ လိုက်မပို့ကြချေ။ မကောင်းဆိုးဝါးများ ကပ်ပါလာမည်ကို ကြောက်ရွံ့သော ကြောင့် ဖြစ်သည်။ ကိုယ်ဝန်ဆောင် မိန်းမ၏ ယောကျ်ားကမူ အသုဘပို့ခွင့် ရှိသည်။ အခေါင်းထမ်းခွင့် ရှိသည်။ သို့သော် ထိုသို့ အသုဘပို့ခိုက် သင်္ချိုင်းမှ မြေကိုတော့ မကိုင်မိရန် သတိထားကြသည်။ ကိုင်မိလျှင် ဇနီးသည် မွေးရခက်သည်ဟု ယူဆသောကြောင့် ဖြစ်သည်။ အခေါင်းအောက်ရှိ ကြိုးကိုတော့ အချို့ကိုယ်ဝန်ဆောင်မိန်းမများ၏ ယောကျ်ားများက ဆွဲကြသည်။ ထိုသို့ဆွဲလျှင် မွေးရလွယ်သည်ဟု ယူဆကြောင်း လေ့လာတွေ့ရှိရသည်။

ပအိုဝ်းအမျိုးသမီးတစ်ဦးသည် ကိုယ်ဝန်ရင့်မာပြီး မပေါ့ပါးချိန်တွင် လူစည်ကားသော နေရာများ၊ ဘုန်းကြီးကျောင်း၊ ပရိတ်တရားနာသော နေရာများသို့ သွားလာလေ့ မရှိပေ။ ဤသို့ မသွားကြခြင်းမှာ ကိုယ်ဝန်ဆောင်သူအနေဖြင့် အမြင်မတော်သော ပုံပန်းသဏ္ဍာန်ဖြစ်နေ၍ သွားလာမှု ဆင်ခြင်ကြခြင်းဖြစ်သည်။ ကိုယ်ဝန်ဆောင်အနေဖြင့် လိုက်နာရသော ပညတ်ချက်ဟူ၍ မရှိပေ။ ကိုယ်ဝန် ဆောင်အမျိုးသမီး၏ ခင်ပွန်းသည်လည်း ရှောင်ကြဉ်မှုများ မရှိချေ။

ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် နံနက်စောစော ဈေးမသွားရပေ။ အခြားလူများ နှုတ်ဆက်မှ မိမိက ပြန်နှုတ်ဆက်ရသည်။ မိမိကစ၍ နှုတ်မဆက်ရပေ။ စပြီး နှုတ်ဆက်မိပါက နှုတ်ဆက် ခံရသူ အတွက် လာဘ်ပိတ်တတ်သည်ဟု ယူဆကြသည်။

---

၁။ Taboo (Tabu)

ကျောက်တလုံးရှိ ပအိုဝ်းအမျိုးသမီးတို့သည် ကိုယ်ဝန်ရှိပြီး (၄)လ (၅)လ အချိန်မှစပြီး တစ်လလျှင် တစ်ကြိမ် လက်သည် 'မှော်မှု'ဖြင့် ဗိုက်နှိပ်ကြသည်။ ဗိုက်ထဲရှိ ကလေး၏အနေအထားမှန်အောင် ပြုပြင်ခြင်းဖြစ်သည်။ ဤသည်ကို ဗိုက်ပြင်သည်ဟု ခေါ်သည်။ ပအိုဝ်းအမျိုးသမီးတို့သည် အလုပ်ကြိုးစားကြသူများ ဖြစ်သည့်အလျောက် ကိုယ်ဝန်(၇)လအထိ ခြံထဲသို့သွားကာ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည်။ သို့သော် ပင်ပန်းသည့်အလုပ်ကိုမူ မလုပ်ရပေ။ ကိုယ်ဝန်ရှိစဉ် ကလေးအတွက် အသုံးအဆောင်ပစ္စည်းနှင့် အနှီးကို ကြိုချုပ်ကြသည်။ ကလေးအင်္ကျီကိုမူ ကြိုမဝယ်ဘဲ မွေးပြီးမှသာ ဝယ်ကြသည်ကို တွေ့ရသည်။ ကိုယ်ဝန်(၉)လအရွယ်လောက်ရောက်လျှင် အမျိုးသမီးသည် စက်ချုပ်လျှင် မချုပ်ရတော့ပေ။ မွေးရခက်သည်ဟု ယူဆကြသည်။ မွေးခါနီး(၉)လအရွယ်တွင် မွေးရလွယ်အောင် ကလေး၏ ခေါင်းအနေအထား မှန်မမှန်ကို လက်သည်က ဗိုက်ပြင်ပေးရသည်။

ဇနီးသည် မွေးဖွားချိန်နီးကပ်လာသည်နှင့် ကိုယ်ဝန်(၇)လ (၈)လရောက်သည်နှင့် ခင်ပွန်းသည်သည် ခရီးဝေးသို့သွားခြင်းကို ဆင်ခြင်၍ ဇနီးသည်အနီးအနားတွင် ကူညီသင့်သည်ကို ကူညီရန် အသင့်စောင့်နေတတ်သည်။ မီးဖွားရမည့်အမျိုးသမီးကိုယ်တိုင်ကလည်း မွေးခါနီး ခရီးသွားလာလျှင် လမ်းခရီးတွင် မွေးဖွားနေမည်ကို စိုးရိမ်သဖြင့် ခရီးဝေးသွားခြင်းကို အထူးဆင်ခြင်ကြသည်။

## (၂) ကလေးမီးဖွားခြင်း

ပအိုဝ်းကိုယ်ဝန်ဆောင်အမျိုးသမီးသည် နေ့လ စေ့ပြီး မွေးဖွားချိန်တန်လျှင် ရွာအတွင်းမှ လက်သည်အမျိုးသမီးကိုခေါ်ပြီး လက်သည်၏ အကူအညီဖြင့် အိမ်မှာပင် မွေးလေ့ ရှိကြသည်။ ယခုအခါ ကျောက်တလုံးတွင် တိုက်နယ်ဆေးရုံရှိသဖြင့် ဆေးရုံသို့ သွားရောက်မွေးကြသည် ကိုလည်း တွေ့ရသည်။ သို့သော် ရိုးရာဓလေ့ထုံးစံအရ လက်သည်'ပအိုဝ်းအခေါ်(မှော်မှု)' ဖြင့်သာ မွေးကြသည်ကများသည်။ မီးဖွားရန် မီးနေခန်းသတ်သတ်ပြုလုပ်ပေးခြင်း မရှိပေ။ အိမ်ရှိ မီးဖိုထားသော အခန်းတွင် မီးကပ်သဘောပြုလုပ်ထားသော အမြင့် တစ်ထွာခန့်ရှိသော ဝါးဖြင့်ပြုလုပ်ထားသော အိပ်စင်တွင် မီးနေသည်သည် အိပ်ရသည်။ ထိုအပေါ်တွင် မွေးရသည်။

ကလေးမီးဖွားစဉ် မီးနေသည်သည် အိမ်၏ထုပ်တန်းတွင် ချိထားသော ကြိုးရှည်ကို ဆွဲကိုင်စေပြီး မွေးအားယူရသည်။ ကလေးမွေးနေချိန်နှင့် မွေးဖွားပြီးနောက် သွေးမတက်စေရန်

လက်သည်က အထူးဂရုစိုက်၍ သွေးခွဲပြုပြင်ပေးရသည်။ တစ်ရပ်တစ်ရွာထဲ အတူနေသော ဆွေမျိုးမိတ်ဆွေအမျိုးသမီးအချို့က လာရောက်ကူညီ လုပ်ကိုင်ပေးရသည်။ လက်သည်ကပင် ကလေး ချက်ကြိုးအရင်းနားမှာ အပ်ချည်ကြိုးဖြင့် ချည်၍ အောက်မှ မီးသွေးခဲကာ ဝါးစိမ်းနှီးဖျားဖြင့် ဖြတ်ရသည်။ ယခုအခါ ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် ချက်ကြိုးကို ကပ်ကြေးဖြင့်လည်း ဖြတ် ကြသည်။

ချက်ကြိုးဖြတ်ပြီးသည်နှင့် ကလေးငယ်အား ရေအေး (သို့မဟုတ်) ရာသီဥတုအေးလျှင် ရေနွေးနှင့်ချိုးပေးပြီး အနီးအဝတ်ဖြင့် နွေးထွေးစွာ ရစ်ပတ်ကာ မီးဖိုဘေးရှိ အိပ်ယာအနီးတွင် သိပ်ထားသည်။ နေ့အခါတွင် မီးဖို၏ တစ်ဘက်တစ်ချက်တွင် ကလေးကတစ်ဘက်၊ မိခင်မီးနေသည် ကတစ်ဘက် အိပ်ကြပြီး ညကျမှ သားအမိနှစ်ယောက်တူတူ အိပ်ကြသည်။

ရှေးအခါက ကလေး၏အချင်းကို အိမ်အတက်အဆင်းလှေကားအောက်တွင်လည်းကောင်း၊ တောင်ပို့နေရာ (သို့မဟုတ်) ခြံဝင်းအတွင်း တစ်နေရာရာတွင်လည်းကောင်း မြေကြီးတူး၍ ဖခင်က ဖြစ်စေ၊ လက်သည်ကဖြစ်စေ မြှုပ်လေ့ရှိသည်။ အချင်းမြှုပ်ရန်မြေကိုတူးပြီး အချင်းထည့်ကာ အချင်းအပေါ်မှ မြေပေါ်ပေါ်လောက်သည့် ဒုတ်လေးတစ်ခုကို ထိုးစိုက်ပြီး မြေဖို့လေ့ရှိသည်။ မြေဖို့ပြီးနောက်မှ ၎င်းဒုတ်ကို ဆွဲထုတ်လိုက်သည် ဤသို့ပြုလုပ်ခြင်းဖြင့် အချင်းရှင်ကလေးငယ်သည် ဉာဏ်ထက်မြက်စေသည်ဟု ယုံကြည်၏။ အချို့ကလည်း ကလေး၏အချင်းကို အိုးငယ်ဖြင့်ထည့်ပြီး အိုးကိုပိတ်ကာ သစ်ပင်အမြင့်ပေါ်တွင် တင်ထားလေ့ရှိသည်။ ဤသို့အမြင့်တင်ထား ခြင်းဖြင့် အချင်းရှင်ကလေးသည် ပညာတတ်ပြီး ချမ်းသာကြွယ်ဝသော အထက်တန်းကျသည့်ဘဝဖြစ်လာမည်ဟု ယူဆကြသည်။ သို့သော် ယခုအခါ ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် ကလေး၏အချင်းကို ကလေးအနီးဖြင့်ဖြစ်စေ၊အခြားမည်သည့်ပစ္စည်းဖြင့်မဆိုဖြစ်စေ ထုပ်ကာ အိမ်ဝင်းထဲ တွင် မည်သည့်နေရာ၌မဆို မြှုပ်ကြသည်။

မီးဖွားပြီး ပအိုဝ်းအမျိုးသမီးကို အဝတ်စဖြင့် ခါးကို ကျပ်ကျပ်စည်းပေးလေ့ရှိသည်။ ခါးစည်းခြင်းသည် ဝမ်းဗိုက်ချပ်ပြီး သွေးမလွန်ရန် ကာကွယ်ခြင်းဖြစ်သည်။ မီးနေသည်၏ အိပ်ယာဘေးတွင်လည်း မီးမပြတ်ဖိုပေးထားရသည်။ ထိုမီးဖိုမှ မီးအပူရှိန်ဖြင့် အပူငွေ့ရကာ ချွေးထွက်ညီစေပြီး မီးနေသည်အား နေကောင်းစေသည်။

မီးနေသည်အမျိုးသမီးသည် မီးဖိုကို ကျောပေးပြီး လက်ပြောင်းပြန် မီးကင်ပြီး လက်ကိုပွတ်ရသည်။ ဤသို့အမေ၏ လက်ပွတ်ပေးခြင်းဖြင့် ကလေးချက်ကြွေမြန်သည်ဟု

မြန်မာ မျိုးယူဆသကဲ့သို့ ပအိုဝ်းတိုင်းရင်းသားတို့တွင်လည်း အယူအဆရှိသည်။ မီးအတွက် ဝက်သစ်ချသားနှင့် ကော်ယားခေါ် သစ်သားတစ်မျိုးကို သုံးစွဲလေ့ရှိသည်။ အခြားအသားကိုသုံးလျှင် ကလေးငယ်မှာ ယားယံပြီး အဖုအဖိန့်များ ထွက်တတ်ခြင်းကြောင့် ဖြစ်သည်။ မီးနေသည်အား တစ်ခါလျှင် ဟင်းခတ်ဇွန်းတစ်ဇွန်းစာ နနွင်းမှုန့်ကို တစ်နေ့လျှင် နှစ်ခါသောက်စေသည်။ ဤသို့သောက်ရခြင်းမှာ သွေးထိန်းစေရန်ဖြစ်သည်။ ငရုပ်ကောင်းစေ့နှင့် လေးညှင်းပွင့်များကို ဆေးအဖြစ်စားရသည်။ သွေးပုပ်များ ဝမ်းတွင်း၌ မကျန်စေရန် ရေနွေးပူပူကိုလည်း မကြာခဏ သောက်စေသည်။

မီးနေသည် ပအိုဝ်းအမျိုးသမီးသည် မီးဖွားပြီးနောက် ရေချိုးနိုင်သည်။ ရေချိုးသည့်အခါ နနွင်းတက်ကို ထုထောင်းပြီး ရေနှင့်ပြုတ်ကာချိုးရသည်။ မွေးဖွားပြီး (၄)ရက်မြောက်နေ့တွင် ဆေးရွက်များဖြင့် ပြုတ်ချိုးရသည်။ ဆေးရွက်အမျိုးအစားပေါင်း (၁၂)မျိုးရှိသည်။ (၄)ရက်မှ(၇)ရက်အထိ ထိုဆေးရွက်ရေဖြင့် ချိုးစေပြီး (၇)ရက်မှ ရေအေးရိုးရိုးဖြင့် ချိုးစေ၏။

မီးနေသည်အား မီးဖွားပြီး(၃)ရက်မြောက်သည့်နေ့တွင်ချွေးထုတ်ပေးလေ့ရှိသည်။ နံ့သာဖြူနံ့သာနီ၊ သက်ကယ်မွေးရွက်၊ ဆေးရိုးနှင့်ဆေးရွက်များကို ရေနှင့်ရောကာမြေအိုးကြီးတစ်လုံးတွင် ထည့်ပြီး ပြုတ်ရသည်။ ထိုဆေးပြုတ်ရည်ပေါ်တွင် ဘူးသီးခြောက်ရေဘူးကို အပေါက်ငယ်ဖောက်၍ တင်ထားပြီး ထိုအပေါက်မှာ ဝါးပြွန်ရှည်တပ်ပြီး ထိုပြွန်ကို မီးနေသည် ချွေးအောင်းရန် ပြင်ထားသော ဖျာဖြင့်ကာထားသောနေရာအထိ သွယ်ပေးထားသည်။ မီးနေသည်သည် ဖျာပတ်လည်ကာပြီး ဝါးပြွန်သွယ်ထားသည့်အတွင်းသို့ဝင်ပြီး ခုံငယ်ပေါ်ထိုင်ကာ ချွေးထုတ်ရသည်။ အပေါ်မှ စောင်အုပ်ထားရသည်။ ဝါးပြွန်ရှည်မှတဆင့် ရရှိသော ဆေးရွက်ပြုတ်ရည်၏ အပူငွေ့ဖြင့် ချွေးကောင်း စွာထွက်စေသည်။ အပူငွေ့ခံကာ ချွေးအောင်းရင်း ထောင်းထားသည့် မိတ်သလင်ကိုလည်း တကိုယ် လုံးနှံ့စပ်အောင် ပွတ်လိမ်းရသည်။ အပူခံနိုင်သလောက်ခံပြီး ချွေးကောင်းစွာထွက်ပါက အဝတ် နွေးနွေးဝတ်ကာ အပြင်ဘက်သို့ ထွက်ရသည်။ ချွေးသုတ်ပြီး အဝတ်အစားလဲရသည်။ ချွေးထွက် မှုကြောင့် ဖြစ်ပေါ်သော ပင်ပမ်းနွမ်းနယ်ခြင်းသက်သာစေရန် အစာစားရသည်။ ခဏနားပြီး တစ်ခါပြန် ဝင်ခါ ချွေးထုတ်တာရှိသလို အလွန်ပင်ပန်းလျှင် တစ်နေ့လျှင်တစ်ခါ၊ နှစ်ခါ စသဖြင့် ချွေးထုတ်ကြသည်။ ထိုသို့ချွေးထုတ်ခြင်းကို မီးဖွားပြီး (၃)ရက်မှ မီးထွက်သည့် (၇)ရက်အတွင်း ပြုလုပ်ကြသည်။

ပအိုဝ်းအမျိုးသမီးများ မီးနေ၍ သွေးတက်ပြီး မူးမော်လျှင် နနွင်းမှုန့်ကို မီးခဲပေါ်ဖြူး၍ အငွေ့ကို ရှူကြသည်။ မီးဖိုထဲသို့ ထင်းရှူးစများထည့်ပြီး အနံ့ကိုရှူခြင်းဖြင့်လည်းသွေးတက်မှုကို

သက်သာပျောက်ကင်းစေသည်။ မီးနေသည်အနား တွင်ဖယောင်းတိုင် မထွန်းရပေ။ ဖယောင်း၏ အညှော်နံ့ကို ရမည်စိုးသောကြောင့် ဖြစ်သည် မီးတွင်း၌ မိခင်အား ပအိုဝ်းဆေးပူကို သောက်စေသည်။ ဆားလှော်ကို စားရသည်။ အရက်ကိုသောက်နိုင်သူအချို့ကား အရက်ကို ဆေးအဖြစ် ဟင်းခတ်ဇွန်းဖြင့် တစ်နေ့ တစ်ဇွန်းခန့် သောက်ကြသည်။

မိခင်ဖြစ်သူသည် သားဦးဖြစ်လျှင် မီးနေသည့်နေရာတွင် (၁၀)ရက် သို့မဟုတ် (၁၅)ရက် အထိနေကြပြီး သားဦးမဟုတ်သော နောက် ကလေးများ မွေးသည့်အခါ (၆)ရက်(၇)ရက်လောက် ပင်နေ၍ အပြင်ထွက်သွားလာကြသည်။ မီးတွင်းချိန်တွင် မီးနေသည်ကို မသန့်ဟုယူဆကာ (၇)ရက် ပြည့်ပြီး မီးထွက်အနေဖြင့် တရော် ကင်ပွန်းတို့ဖြင့် ရေချိုးပြီးမှသာ သန့်သည်ဟု ယူဆသည်။ မီးဖိုကိုလည်း ပြာမှုအစ ပြောင်အောင်ရေဖြင့် ဆေးကြောကြရသည်။ မီးဖိုဘေးတွင် မွေးကထဲကနေပြီး (၁၅)ရက်ကျော်မှ အိမ်ခန်းထဲ ပြန်ရွှေ့ကြသည်။

သားဦးမွေးချိန်တွင် အနေအထိုင်အသွားအလာပို ဂရုစိုက်ကြသည်။ ထိုသို့ ဂရုစိုက်မှ ကျန်းမာမှ နောက်သားသမီးများ မွေးလာလျှင်လည်း ကျန်းမာမည်ဟု ယုံကြည်ကြသည်။ အိမ်တွင်းမှု လုပ်ငန်းနှင့် ပင်ပန်းသော ခြံလုပ်ငန်းများကို သားဦးဆိုလျှင် တစ်လကျော်မှလုပ်ပြီး နှောင်းသားများဆိုလျှင် (၁၅)ရက် ကျော်လျှင် စတင်လုပ်ကိုင်သော်လည်း လေးလံပင်ပန်းလွန်းသော အလုပ်များကို (၂)လမှ (၃)လအထိ မလုပ်ကြပေ။

ကလေးမွေးဖွားပြီး မိခင်သည် သွေးသားနုနေသေးသဖြင့် အစားအသောက် ဆင်ခြင်ကြသည်။ မီးနေသည်သည် ဂျင်းနှင့် ဆားပြုတ်ရေ၊ ဆန္ဒင်းတက်နှင့် ဆားပြုတ်ရေတို့ကို မြေအိုးဖြင့်ချက်ပြုတ်ပြီး စားစေသည်။ (၁၄)ရက်ခန့် ဤသို့စားရသည်။ ထိုအစားအစာတို့သည် နို့များများထွက်ရန် အားပေးသလို (၁၅)ရက်ကျော်နောက်ပိုင်းမှ ကြက်သား၊ ငါးခူ၊ ငါးခြောက်တို့ကို ကျော်၍လည်းကောင်း၊ ချက်၍ လည်းကောင်း စားစေသည်။ ဟင်းသီးဟင်းရွက်စိမ်းများကိုလည်း တစ်လအတွင်း မစားစေဘဲ တစ်လ ကျော်မှ စားစေသည်။ အအေးဓာတ်ပါသော ဟင်းသီး ဟင်းရွက် အသီးအနှံ၊ မှို၊ မျှစ်နှင့် အချဉ် အစပ် လွန်ကဲသောအစားအစာများကို (၆)လအထိ ရှောင်ကြသည်။ ဇနီးမောင်နှံအနေနှင့် တစ်လခွဲကျော်ကျော် အတူတကွနေထိုင်ပေါင်းသင်း ဆက်ဆံခြင်းကို ဆင်ခြင်ကြသည်။

အမွှာပူးကလေးမွေးဖွားခြင်းနှင့် ပတ်သက်၍ မည်သို့မျှ မယူဆပေ။ ကိုယ်ဝန်ဆောင်စဉ် မိခင်က စားသည့်အစာနှင့် မတည့်သောကြောင့် (ဥပမာ-ပျားရည် ပဒူ) ကလေး၏သန္ဓေကွဲသွားပြီး

အမွှာပူးဖြစ်သွားသည်ဟုသာ ယူဆကြသည်။ အင်္ဂါမစုံသော ကလေးမွေးသော်လည်း မည်သို့မှ မယူဆပေ။ အင်္ဂါမစုံသော ကလေးမွေး၍ ပစ္စည်းဥစ္စာပျက်မည်။ နိမိတ်မကောင်းဟု ယူဆကာ ယတြာချေခြင်း၊ ပရိတ်ရွတ်ခြင်းမရှိပေ။ မည်သို့သော ကလေးကိုမဆို ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့နှင့်ထိုက်၍ ရသည်ဆိုကာ မွေးကြသည်။

ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားတို့တွင် ကလေးဖျက်ချသော ဓလေ့ထုံးစံမရှိပေ။ ကလေးမလိုချင်၍ ပဋိသန္ဓေဆေးစားခြင်း၊ အနှိပ်ခံခြင်း၊ ဆေးပူသောက်ခြင်းမျိုး မလုပ်ကြ ပေ။ သို့သော်လည်း ယခုအခါ အတွေးအခေါ်များ ခေတ်မှီတိုးတက်လာသည်နှင့်အမျှ ကလေးကို မလိုချင်၍ ဖျက်ခြင်းမဟုတ်ဘဲ ကလေးတစ်ယောက်နှင့်တစ်ယောက် ပြုစုထိန်းကျောင်းရာ၌ စနစ်ကျစေရန် ကလေးတစ်ယောက်နှင့်တစ်ယောက် နှစ်အနည်းငယ်ခြားစေရန် သားဆက်ခြားသော အင်္ဂလိပ်တားဆေးများ အသုံးပြုလာသည်ကို လေ့လာတွေ့ရှိရသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ လက်သည် 'မှော်မူ' သည် သားစဉ်မြေးဆက် လုပ်ကိုင်လာသူမဟုတ်ဘဲ ဝါသနာအလျှောက်တတ်မြောက်လာသူဖြစ်သည်။ မီးနေသည်သည် လက်သည်ကို စေတနာရှိသလောက် အခကြေးငွေ ပေးခွင့်ရှိသည်။ မည်သို့မှမတတ်နိုင်လျှင် ဆားတစ်ထုပ်၊ ငရုပ်သီးတစ်ထုပ်၊ ဂျင်းတစ်ထုပ် ပေးရသည်။ ၁၉၉၇-ခုနှစ်တွင် ကျောက်တလုံးဒေသသို့ သွားရောက်လေ့လာချက်အရ တတ်နိုင်သော အမျိုးသမီး မီးနေသည်က လက်သည်အား ကလေး တစ်ယောက်အတွက် ၄၀၀/-ကန်တော့ရကြောင်းသိရသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာနေကြသည့်အတွက် အမျိုးသမီးတစ်ဦး ကလေးမီးဖွားလျှင် ကျန်အိမ်နီးချင်းအမျိုးသမီးများက သွားရောက်စောင့်ရှောက်ကြသည်။ မီးနေသည်ကို လာကြည့်ရင်း ကလေးအတွက်အသုံးအဆောင်ပစ္စည်းများ၊ အနှီးများ၊ မိခင်အတွက် စားစရာကြက်ဥစသည်တို့ကို လက်ဆောင်အဖြစ်ပေးသည်ကို တွေ့ရသည်။ မီးနေသည်သည် မီးထွက်ပြီး အပြင်စထွက်လျှင် ထွက်ချင်း ကလေးကိုပါခေါ်၍ ဘုန်းကြီးကျောင်းသို့ဖြစ်စေ၊ ဈေးသို့ဖြစ်စေ ခေါ်သွားလေ့ရှိသည်။ ထိုဓလေ့သည် မြန်မာအမျိုးသမီးတို့ မီးထွက်သောအခါ ကလေးကို ဘုရားသို့ခေါ်သွားသော ဓလေ့နှင့် အတူတူပင်ဖြစ်သည်။

(၃) ကင်ပွန်းတပ်ပွဲ

ပအိုဝ်းတိုင်းရင်းသားတို့သည် ကလေးမွေးဖွားပြီး (၇)ရက်မြောက်သည့်နေ့တွင် ကလေးအတွက် မျက်နှာသစ်ပွဲ ကျင်းပပေးလေ့ရှိကြသည်။မျက်နှာသစ်ပွဲဆိုသည်မှာ ရွာတွင်းရှိ အမျိုးသမီး အချို့ကို ဖိတ်ပြီး ခေါက်တက်ခေါ် ပေါက်ချိုမှုန့်နှင့် ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံကျွေးမွေးသည်။ ထိုဧည့်ခံ ပွဲကို အမျိုးသမီးများ အများဆုံး လာကြသည်ကို တွေ့ရသည်။ အမျိုးသားများ လာခွင့်ရှိသော်လည်း သိပ်မလာကြပေ။ ထိုပွဲကို မျက်နှာသစ်ပွဲ၊ ကလေးလက်ဖွဲ့ပွဲဟု ခေါ်သည်။ထိုပွဲသည် မြန်မာတို့၏ ကင်ပွန်းတပ်ပွဲနှင့် တူသည်။

ထိုနေ့တွင် ဧည့်ခန်း၌ ရေအပြည့်ထည့်ထားသော အိုးတစ်လုံးထားသည်။ ထိုအိုးထဲ တွင် ဇီးဖြူကိုင်း၊ သပြေခက်အချို့ကို ထည့်ထားသည်။ ကလေးမွေးဖွားပေးသည့် လက်သည်၏ လက်ကို ကင်ပွန်းသီးရေဖြင့် ဆေးကြောပေးပြီး ရေအိုး၌ထိုးစိုက်ထားသော ဇီးဖြူကိုင်းကို ရေဆွတ်ပြီး စတိသဘော မျက်နှာသစ်ရသည်။ ထို့နောက် အိမ်ရှိ အိမ်သူအိမ်သားများနှင့် လာသောဧည့်သည်များပါ ထိုနည်း အတိုင်းလုပ်ရသည်။ ရေအိုးဘေးတွင်ချထားသောဖလားတွင် ကလေးအတွက်ရည်စူးပြီး ယူလာသော လက်ဖွဲ့ကို ထည့်ကြသည်။ ဧည့်သည်များကလည်း ကလေး၏လက်တွင် ခင်းစူခေါ် ချည်ခင်ကို လက်တွင် ရစ်ပတ်ပေးကြသည်။ ကျန်းမာချမ်းသာစေရန် ဆုတောင်းပေးကြသည်။ ထိုပွဲကို မျက်နှာသစ်ပွဲဟု ခေါ်သည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ကလေးငယ်နှင့်ပတ်သက်သော မင်္ဂလာအခမ်း အနားများ ထူးထူးခြားခြားကြီးကြီးကျယ်ကျယ် ပြုလုပ်ခြင်းမရှိပေ။ ငယ်စဉ်ကာလတွင် မျက်နှာသစ် ပွဲကိုသာ ပြုလုပ်ပြီး နားဖောက်ခြင်းကို ပွဲလန်းသဘင်အနေဖြင့် မပြုလုပ်ပေ။ သားယောကျ်ားများအတွက် သိတတ်သော အရွယ် (ဥပမာ-၁၀နှစ်ကျော်)လောက်မှသာ ရှင်ပြုပွဲကို မင်္ဂလာပွဲအနေဖြင့် ခမ်းခမ်းနားနား ကြီးကြီး ကျယ်ကျယ် ကျင်းပကြသည်။

ရှေးယခင်ကထဲက ပအိုဝ်းတိုင်းရင်းသားတို့သည် မိန်းကလေးတိုင်းကို နားဖောက်ပေး ကြသည်။ ရှေးက သားဦးယောကျ်ားလေးမွေးလျှင် ဘယ်ဘက်နားတစ်ဖက်ကို နားဖောက်ပေးရသည်မှာ ထုံးစံပင်ဖြစ်သည်။ ကျန်သားငယ်အချို့ကိုလည်း ဖောက်ပေးကြသည်။ ယခုအခါ သားဦးကိုသာ နားဖောက်ပေးသောဓလေ့သာ ရှိတော့သည်။ သားသမီးများကို နားဖောက်ပေးခြင်းဖြင့် မိဘနှစ်ပါးသည် လာဘ်ရွှင်စေသည်။ စီးပွားဖြစ်စေသည်။ ထို့အပြင် သားငယ်သမီးငယ်တို့အနေဖြင့်လည်း လူကြီးမိဘများ

ညွှန်ကြားဆုံးမစကားတို့ကို နားထောင်လွယ် ပြီး လိမ္မာယဉ်ကျေးကြသဖြင့် သားဆိုး သမီးဆိုးအဖြစ်သို့ မရောက်ရှိကြဟု ပအိုဝ်းတိုင်းရင်းသားတို့က ယုံကြည်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် သားသမီးများကို နားဖောက်ရာတွင် ငယ်ရွယ်စဉ်ရက်ပိုင်း၊ လပိုင်းအတွင်း အရွယ်အကြီးဆုံးအနေဖြင့် သုံးလေးလအတွင်း နားဖောက်ပေးကြသည်။ ရာသီဥတု အေးသော ဆောင်းရာသီမျိုးတွင် နေ့ကောင်းရက်မြတ်ရွေးပြီး နားဖောက်ပေးကြသည်။ ရာသီဥတုအေး သောအချိန်ကို ရွေးခြင်းမှာ ရာသီဥတုအေးလျှင် သွေးအထွက်နည်းပြီး နားအနာလည်း မရင်းစေ သောကြောင့်ဖြစ်သည်။

နားဖောက်ပုံမှာ အသက်အရွယ်ကြီးရင့်ပြီး ရဲရင့်သော သတ္တိရှိသော အမျိုးသမီး တစ်ဦးသည် နားဖောက်မည့်နားကို နနွင်းမှုန့်နှင့် အုန်းဆီရောပြီး သွေးပူသည်အထိ ပွတ်လိမ်းပြီး အပ်ချည် အနက်ထည့်ထားသော ချုပ်အပ်နှင့် ထိုးဖောက်သည်။ နားပေါက်အတွင်း ချည်စကို ချန်ထားကာ အပ်ကိုယူပြီး ငှက်ပျောပင်တွင် ထိုးစိုက်ထားရသည်။ ဤသို့ထိုးစိုက်ထားမှ နားဖောက်သောသူသည် နားအေးပြီး အနာမဖြစ်တော့ဟု ယုံကြည်ကြသည်။ နားဖောက်ပြီး အနာမရင်းလျှင် တစ်ရက် နှစ်ရက်သာ အစားရှောင်ရပြီး အနာရင်းလျှင် အနာသက်သာသည်အထိ အမဲသားနှင့် အချို အချဉ် စသောအစာများ မစားရပေ။ အုန်းဆီနှင့်နနွင်းကို ရော၍ အနာမရင်းစေရန် လိမ်းပေးရသည်။

ကလေးများနားဖောက်သည့်အနေဖြင့် အခမ်းအနား မင်္ဂလာပွဲများ ကျင်းပခြင်းမျိုး မရှိပေ။ နားဖောက်ပြီး ဘော်(သို့မဟုတ်) ရွှေနားကွင်း၊ နားသံသီးများကို ဝတ်ဆင်ပေးသည်။ ရှေးအခါက ဘော်ပြားကို ပါးပါးလိပ်ပြီး နားဒောင်းအဖြစ်လည်းကောင်း၊ ရွှေပြားကို ဖက်လိပ်သဘောလိပ်ထားသည့် ရွှေဖက်လိပ်နားဒုာင်းကိုလည်းကောင်း ပန်လေ့ရှိသည်။ ယခုအခါ ကျောက်စီနားကပ်များ ပန်ဆင်ခြင်း ခေတ်စားလာကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့၏ သား သမီးများကို မွေးမွေးပြီးချင်း မျက်နှာသစ်ပွဲ ကျင်းပသည့်ရက်တွင်ဖြစ်စေ၊ မွေးဖွားပြီး(၁)လကြာမှဖြစ်စေအမည်ပေးကြသည်ကိုတွေ့ရသည်။ ကလေး၏ အမည်ကို မည်သူမဆို ပေးပိုင်ခွင့် ရှိသည်။ သို့သော် အများအားဖြင့် ရပ်ရွာရှိ လူကြီး မိဘ ဘိုးဘွားများနှင့်ဗေဒင်နားလည်သူတို့က ရွေးပေးတတ်ကြပြီး တစ်ခါတစ်ရံ ဘုန်းတော်ကြီးများက ရွေးပေးတာလည်း ရှိသည်ကို တွေ့ရသည်။ အမည်ပေးရာတွင် ကလေး၏မွေးနေ့ မွေးရက်နှင့် မွေးလတို့ကို အခြေတည်ကာ တွက်ချက်ပြီး နေ့နံသင့်သော အမည်ကို မှည့်ခေါ်လေ့ ရှိကြသည်။

ကလေးငယ်၏ မွေးနေ့ မွေးလများကို မှတ်သား၍ လာက်မက်(လက်မှတ်)ရက်ချုပ်သဘောမျိုး ပြုလုပ်ပေးကြသည်။

အချို့က ဗေဒင်အရ တွက်ချက်ခြင်းမရှိဘဲ မိမိတို့ပေးလိုသော နံမည်ကို ပေးကြသည်။ အမည်ပေးရာတွင် သား သမီးအနေနှင့် ခွဲခြားပေးခြင်း၊ သားသမီးကြီးစဉ်ငယ်လိုက် သတ်မှတ်ပြီး ပေးခြင်းမျိုးမရှိပေ။ ပအိုဝ်းတိုင်းရင်းသား အမျိုးသားတို့အနေဖြင့် နံမည်မှည့်ရာတွင် ငယ်ရာမှ ကြီးသည် အထိ အရွယ်ကို လိုက်၍လည်းကောင်း၊ သာမဏေဘဝ၊ ရဟန်းဘဝမှ လူဝတ်လဲလာသည်ကို အစွဲပြု၍ လည်းကောင်း အမည်အဆင့်ဆင့်ပေးကြသည်မှာ စိတ်ဝင်စားဘွယ်ကောင်းသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် (၃)(၄)နှစ်မှ (၆)နှစ်(၇)နှစ်အထိ ယောကျ်ားကလေးကို မောင်ပေဟူ၍ ခေါ်ကြသည်။ ရှင်လောင်းအဖြစ် သင်္ကန်းမဝတ်ရသေးသော ယောကျ်ား လေး၏ အမည်ရှေ့တွင် 'တ'တပ်ခေါ်ကြသည်။

ဥပမာ။ ။ တယော၊ တပျို

ကိုရင်ဝတ်ပြီး လူဝတ်လဲသော (သို့မဟုတ်) ရဟန်းဘဝမှ လူဝတ်လဲသော ပအိုဝ်းအမျိုး သားတို့၏ အမည်ရှေ့တွင် 'ထွက်' ထည့်ခေါ်လေ့ရှိကြသည်ကို တွေ့ရသည်။

ဥပမာ။ ။ ထွက်လော၊ ထွက်ပျို

တစ်ခါတစ်ရံ လူပျိုကာလသားများကို မောင်ရင်ဟုခေါ်သောအနေဖြင့် 'ထွက်'ဟူသော အမည်ကိုလည်း ထည့်ခေါ်တတ်ကြသည်။ ထို့ကြောင့် ပအိုဝ်းအမျိုးသားများအနေဖြင့် အမည်ရှေ့ရှိ အခေါ်အဝေါ်စကားလုံးများကို ကြည့်ခြင်းဖြင့် သင်္ကန်းဝတ်ပြီး မဝတ်ပြီးကို ထခွဲခြားသိနိုင်သည်။ တစ်ခါတစ်ရံ ပအိုဝ်းအမျိုးသားတို့သည် လုပ်ကိုင်သောအလုပ်ကိုမူတည်ပြီး နံမည်တပ်ခေါ်ကြသည်ကို တွေ့ရသည်။ ကျောင်းဆရာလုပ်သော ပအိုဝ်းအမျိုးသား ထွက်လော (ဦးလော)အား အလုပ်အကိုင် အမည်ဖြင့် ဆရာလောဟူ၍လည်းကောင်း၊ လက်သမားအလုပ်လုပ်သော ထွက်ခဲ(ဦးခဲ)အား လက်သမားခဲ ဟူ၍လည်းကောင်း ခေါ်ကြသည်။

ပအိုဝ်းအမျိုးသမီးများအနေဖြင့် နံမည်ပြောင်းလဲခြင်း မရှိပေ။ ကျေးလက်နေ ပအိုဝ်း တို့က အပျိုအရွယ်အမျိုးသမီးကို 'မီ'ဟူ၍လည်းကောင်း၊ မြို့နေပအိုဝ်းတို့က အပျိုအရွယ်အမျိုးသမီးကို 'နန်း'ဟူ၍လည်းကောင်း ခေါ်ကြသည်။

ဥပမာ။ ။ မီဟောင်း၊ မီဒွီး

နန်းဟောင်၊ နန်းဒွီးဟုခေါ်ကြသည်။ အိမ်ထောင်ရှင် သားသမီးရှိ အမေအရွယ်တွင် မိုးဟောင်၊ မိုးဒွီးနှင့် အဖွားအရွယ်တွင်မိုးဖရားဟောင်၊ မိုးဖရားဒွီးဟု ခေါ်ကြသည်။ မိန်းကလေးများ၏ နံမည်ရှေ့တွင် 'နန်း'တပ်သလို ခေတ်ပညာတတ်ပအိုဝ်းအမျိုးသားများ၊ မြို့နေပအိုဝ်းအမျိုးသားတို့၏ နံမည်တွင် 'ခွန်' တပ်ခေါ်ကြသည်ကို တွေ့ရသည်။ နန်း၏အဓိပ္ပါယ်သည် မြင့်မြတ်သူ၊ နူးညံ့ သိမ်မွေ့ကျက်ခြေရှိသူ၊ သခင်မ (သို့မဟုတ်) ဒေဝီဟု အဓိပ္ပါယ်ရပြီး ခွန်၏အဓိပ္ပါယ်မှာ သခင်၊ မြင့်မြတ်သော အမျိုးအနွယ်မှ ပေါက်ဖွားလာသူ၊ ဇွဲသတ္တိရှိသူ၊ ယောကျ်ားပီသသူဟု အဓိပ္ပါယ်ရသည်။

ဥပမာ။ ။ နန်းခမ်းလော၊ နန်းတွမ်၊ နန်းငွေ

ခွန်ကျော်ဝင်း၊ ခွန်မင်းကျော်၊ ခွန်ထွန်းအောင်

ပအိုဝ်းတိုင်းရင်းသားတို့သည် အမျိုးသား၏အမည်၊ အမျိုးသမီး၏အမည်ဟူ၍ သီးခြား မှည့်ခေါ်ရန် သတ်မှတ်ထားသော စည်းမျဉ်းမရှိပေ။ ပအိုဝ်းအမျိုးသားအမည်နှင့် ပအိုဝ်းအမျိုး သမီးအမည်တူခွင့်ရှိသည်။

ဥပမာ။ ။ အမျိုးသားအမည် ထွက်လော၊ ခွန်လော

အမျိုးသမီးအမည် မီလော၊ နန်းလော

ပအိုဝ်းအမျိုးသမီးတို့နံမည်ပေးပုံမှာ ချစ်စဖွယ်ကောင်းလှသည်။ မိဘများသည် မိမိတို့၏ သမီးငယ်ကို ချစ်ခင်မေတ္တာဖြင့် နံမည်များကို လှပဖွယ် ချစ်စရာကောင်းဖွယ် ပေးတတ်ကြသည်။

ဥပမာ။ ။

| အမည် | အဓိပ္ပါယ် |
|---|---|
| နန်းဒွီး | ဒွီး = လုံးဝိုင်းသော (ရွှေလုံး) |
| နန်းလော | လော = ရွှေရုပ်ပမာ လှပသူ |
| နန်းခမ်းနွဲ့ | ခမ်း = ရွှေ/နွဲ့ = ဖုံ (ရွှေဖုံ) |

ပအိုဝ်းတိုင်းရင်းသားတို့သည် အလှူဒါနကိုမူတည်ပြီး နံမည်ခေါ်ကြသည်ကိုလည်း တွေ့ရသည်။

| | အမျိုးသားအမည် | အမျိုးသမီးအမည် |
|---|---|---|
| ကျောင်းလှူဘူးသူ | ကျောင်းကာ | မဲ့ကျောင် |
| ရဟန်းဒကာ၊ ရဟန်းဒကာမ | စာင်ဖာ | စာင်မိုး |
| ဘုရားတည်သူအလှူရှင် | ဘုရားကာ | မဲ့ဘုရားကာ |

ဟု မိမိ၏ ဒါနအမည်ကို အမည်ရင်းရှေ့တွင် ထည့်၍ခေါ်ကြသည်။

ဥပမာ။ ။ ဦးခဲ ကျောင်းကာခဲ

နန်းဒွီး မဲ့ကျောင်းဒွီး ဟူ၍ဖြစ်သည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့၏ တိုင်းရင်းသားကို ချစ်ခင်မြတ်နိုးပြီး မိမိတို့၏ ရိုးရာဓလေ့ထုံးစံကို တန်ဘိုးထားကြသည်။ ရှေးရိုးဓလေ့ထုံးစံအတိုင်း ကင်ပွန်းတပ်ပွဲများ ကျင်းပကာ ကလေး၏အမည်ကို မှည့်ပေးကြသည်။ ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားတို့သည်လည်း မိမိတို့၏ ရိုးရာဓလေ့ထုံးစံအတိုင်း ရိုးရာအခမ်းအနားနှင့် ကင်ပွန်းတပ်မင်္ဂလာပွဲကို ဆက်လက်ပြုလုပ်ကျင့်သုံးဆဲဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဃ) ကလေးငယ်ဘဝ

ပအိုဝ်းအမျိုးသမီးမိခင်သည် မိမိ၏ အထိန်းအကျောင်းမလွတ်သေးသောအရွယ်ရှိ ကလေးငယ်ကို တခြားသူနှင့် ထားခဲ့ခြင်း မရှိပေ။ သွားလေရာသို့ အမြဲပင် ခေါ်ဆောင်သွားလေ့ရှိသည်။ တောင် ယာ ခြံဆင်းလျှင်လည်း တောင်ယာဘေးရှိသစ်ပင်တွင် အဝတ်ပုခက်ပြုလုပ်ကာ ကလေးငယ်ကို ထည့်ကာ သိပ်ကြသည်။ သားသမီးအကြီးရှိပါက အစ်ကိုကြီး အစ်မကြီးတို့က မိမိတို့၏ညီငယ် ညီမငယ်များကို ထိန်းကျောင်းချီပိုးကြသည်။ ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားတို့တွင် ကလေးထိန်းငှားသော ဓလေ့ထုံးစံမရှိဘဲ ကလေးငယ်ကို မိဘ ညီအစ်ကို မောင်နှမများကသာ ရင်အုပ်မကွာ ထိန်းကျောင်းကြသည်ကို တွေ့ရသည်။

ပအိုဝ်းတိုင်းရင်းသားကလေးများသည် ကူဖော်ကူဖက်ရသော (၅)နှစ် (၆)နှစ်အရွယ်မှ စ၍ မိဘကိုတတ်အားသရွေ့ ဝိုင်းဝန်းကူညီပေးတတ်ကြသည်။ မိဘကလည်း လူမှုရေးကိစ္စရပ်များ၊ ဘာသာရေးကိစ္စရပ်များကို စတင်ပဲ့ပြင်ဆုံးမပေးတတ်ကြသည်။ ရှေးယခင်က ကလေးငယ်များမှာ ကျောင်းပညာကို မသင်ကြားရသဖြင့် ကလေးများ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားလာစေရန် လိမ္မာရေးခြားရှိစေရန် ရဲစွမ်းသတ္တိစေရန် စိတ်နှလုံးမွန်မြတ်စေရန်အတွက် မိဘဘိုးဘွားများက ရှေးဟောင်းပုံပြင်များ ဒဏ္ဍာရီများဖြင့် ညပိုင်းအားလပ်ချိန်တွင်လည်းကောင်း၊ အိပ်ယာဝင်ခါနီးအချိန်တွင် လည်းကောင်း၊ အနီးကပ် ပြောဆိုဆုံးမသွန်သင်ပေးကြသည်။



ပအိုဝ်းတိုင်းရင်းသားကလေးများ၏သားရေကွင်း
ပစ်ကစားနည်း



လှည်းစီးခြင်း

ကလေးငယ်များကို ပြုစုစောင့်ရှောက်ရာတွင် မိခင်၏တာဝန်ဖြစ်ပြီး ကလေးငယ်များ ဆိုဆုံးမရာတွင် ယောကျ်ားလေးများကို ဖခင်ကတာဝန်ယူ၍ မိန်းကလေးများကို မိခင်က တာဝန်ယူကြသည်။ သို့ရာတွင် မိဘနှစ်ဦးသည် သားသမီးများကို ကြုံသလို ပြောဆိုဆုံးမကြသည်။ အများအားဖြင့် ပအိုဝ်းအမျိုးသမီး မိခင်များကပို၍ ဆုံးမကြသည်။ မိခင်သည်မိမိ၏ သားသမီးများအား ဆက်ဆံမှုကောင်းစေရန် ပုံသွင်းဆုံးမ သွန်သင်ကြသည်။ အကယ်၍ မိဘက မသွန်သင်ခဲ့လျှင် ကလေးက ဆိုးသွားလျှင် မိဘ၏တာဝန်ပျက်ကွက်မှုကြောင့် ဆိုးသွားသည်ဟု ပအိုဝ်း တိုင်းရင်းသားမိဘများက ခံယူထားသောကြောင့် မိမိ၏သားသမီးများအား ကြုံလျှင်ကြုံသလို ဆုံးမ ကြသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့သည် ဖော်ရွေမှုရှိခြင်း၊ စိတ်သဘောထားကောင်းခြင်း၊ ပျော်ရွှင်စွာနေတတ်ခြင်း ဟူသော စရိုက်ကောင်းများကို လက်ခံရရှိကြသည်။ အကယ်၍ စရိုက်အလွန်ဆိုး သော သားသမီးဖြစ်ပြီး မိဘကဆုံးမ၍မရမှသာ မဆုံးမဘဲ ရှိတတ်သည်။ သို့သော် အလွန်ရှားသည်။

ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားကလေးများ၏ ကစားခုန်စားနည်းအမျိုးမျိုးမှာ သားရေကွင်းပစ်ခြင်း၊ စိန်ပြေးတမ်းကစားခြင်း၊ လှည်းစီးခြင်း၊ ဘောလုံးကစားခြင်းတို့ကို တွေ့ရသည်။ လူပျိုပေါက် ယောကျ်ားကလေးများကမူ ဘော်လုံးကစားခြင်းနှင့် ခြင်းခတ်ခြင်းတို့ကို တွေ့ရသည်။ မိန်းကလေးအပျိုများအနေဖြင့် ကျောင်းအားလပ်ချိန်တွင် မိဘ၏ခြံလုပ်ငန်းကူခြင်း၊ မိမိ၏ညီငယ်၊ ညီမငယ်ထိန်းခြင်း၊ ပလိုင်း တောင်းယက်ခြင်းတို့ကို လုပ်ကိုင်ပေးကြကြောင်းတွေ့ရသည်။

ယခုအခါ ကျောက်တလုံးဒေသတွင် အထက်တန်းကျောင်းကို တည်ထောင်ဖွင့်လှစ်နိုင်ပြီဖြစ်သဖြင့် ကလေးတိုင်း ပညာသင်ကြားနိုင်ခဲ့ပြီဖြစ်သည်။ ကျောက်တလုံးအထက်တန်းကျောင်းတွင် ရပ်ဝေးကျောင်းသူ ကျောင်းသားများလာရောက် ကျောင်းတက်နိုင်ရန် ကျောင်းအိပ်ကျောင်းစား ယောကျ်ားလေးအဆောင်၊ မိန်းကလေးအဆောင်ရှိသည်ကိုလည်း တွေ့ရသည်။ ထိုရပ်ဝေးမှ ကျောင်းသူကျောင်းသားတို့၏ ကျောင်းအိပ်ကျောင်းစားဘဝဖြင့် စာကိုကြိုးစားသင်ယူပုံကို တွေ့ရခြင်းဖြင့် ပအိုဝ်းတိုင်းရင်းသား ကလေးငယ်များသည် အားကျစိတ်ဖြစ်စေသည်၊ ကြိုးစားလိုစိတ်ဖြစ်ပေါ်စေသည်။ ထိုကျောင်းရှိ ကျောင်းသူကျောင်းသားများသည် သူငယ်တန်းမှ အဌမတန်းအထိ ပအိုဝ်းအမျိုးသားဝတ်စုံကို ကျောင်းဝတ်စုံအဖြစ် ဝတ်ဆင်ကာ ကျောင်းတက်သည်ကို တွေ့ရဖြင်းဖြင့် ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် ကလေးငယ်ဘဝကထဲကပင် မိမိတို့တိုင်းရင်းသားကို ချစ်ခင်ပြီး မျိုးချစ်စိတ်ထက်သန်စေကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့၏ ကလေးငယ်ဘဝမှာ မိဘများက စနစ်တကျ သွန်သင်ညွှန်ကြားမှုရှိသည်ဆိုသော်လည်း လွတ်လပ်မှုရှိသဖြင့် စည်းလုံးညီညွတ်ကာ ပျော်ရွှင်ဘွယ် ကောင်းသော ကလေးငယ်ဘဝဖြစ်သည်ဟု လေ့လာတွေ့ရှိရပါသည်။

(ဝ) ကလေးပြုစုစောင့်ရှောက်ပုံ

ပအိုဝ်းအမျိုးသမီးတို့သည် မိမိတို့၏ သားသမီးများကို မိခင်မေတ္တာ စေတနာတို့ဖြင့် အစွမ်းကုန် ပြုစုစောင့်ရှောက်ကာ သားသမီးများ၏ဘဝကို ပျိုးထောင်ပေးကြသည်။ မိခင်များသည် သားသမီးငယ်များ လနုစဉ် ခေါင်းပုံအနေအထားမှန်စေရန်နှင့် လည်ပင်းတည့်မတ်စေရန် အထူး ဂရုစိုက်ပြီး သိပ်ကြသည်။ သိပ်ရာတွင် တစ်ဘက်တည်းစောင်းပြီး ကြာရှည်မသိပ်ပေ။ မကြာခဏ ခေါင်းအနေအထား ပြောင်းသိပ်ပေးလေ့ရှိသည်။ (၄)လအောက် ကလေးတို့ကို ခြေရောလက်ပါ မလှုပ်သာအောင် အနှီး(သို့မဟုတ်) အဝတ်စရှည်ဖြင့် သိုင်းချီကာ သွားလေရာသို့ ချီပိုးသယ်ဆောင် သွားလေ့ရှိသည်။ ကလေး(၄)(၅)လကျော်မှသာ အနှီးကိုဖြေပြီး ခြေခွ၍ ကျောပေါ်တွင်အဝတ်ကို ပခုံးတစ်ဘက်နှင့် ချိုင်းအောက်တစ်ဘက်မှ သိုင်းကာချီပိုးလေ့ရှိသည်။

ပအိုဝ်းတိုင်းရင်းသားမိခင်တို့သည် သားငယ် သမီးငယ်များကို မွေးဖွားပြီးသည်မှ စ၍ အစဉ်ထာဝရ ယုယပိုက်ထွေး၍ နို့ချိုတိုက်ကျွေးကြသည်။ ပအိုဝ်းမိခင်များသည် ကလေးငယ်များကို နို့ချိုတိုက်ကျွေးရာတွင် အချိန်အရွယ် မကန့်သတ်ထားပေ။ အချို့က(၁)နှစ်၊ အချို့က(၁နှစ်၆လ)ထိ တိုက်ကြသည်။ မိခင်က နို့ချိုတိုက်ကျွေးရုံမက ဆံပြုတ်၊ ထမင်းစသည်တို့ကိုလည်း စိတ်ရှည်စွာ အမြဲတစေ ဖြည့်တင်းပေးကြသည်။ ပအိုဝ်းမိခင်တို့သည် ကလေး(၄)(၅)လအရွယ်မှစ၍ နို့အပြင် ထမင်းကို ဆားအနည်းငယ်ဖြင့် ဝါး၍ ခွံ့ကျွေးကြသည်။ တစ်ခါတစ်ရံ ဆန်ပြုတ်တိုက်ကျွေးသည်။ နို့ဖြတ်ချိန်စောလွန်းလျှင်မူ နွားနို့နှင့်နို့ဆီကိုဖျော်ကာ တိုက်ကျွေးကြသည်။ နို့ကို အခါးသုတ်လိမ်းပြီး နို့ဖြတ်လေ့ရှိကြသည်။

ပအိုဝ်းမိခင်များသည် ကလေးငယ်များ တော်ရုံတန်ရုံ ငိုစေကာမူ ပစ်ထားလေ့ မရှိဘဲ ချက်ခြင်းကောက်ယူ ချော့မြူလေ့ရှိသည်။ သို့သော် ကလေးအငိုမတိတ်လျှင် စိုးရိမ်မှုရှိလာကာ ရောဂါ ကြောင့်လော၊ အကြောင်းအရာ တစ်စုံတစ်ရာကြောင့်လောဟု စိုးရိမ်ကာ သိနားလည်သော လူကြီးမိဘ ဆေးဆရာကို ပြသည်။ သွေးရိုးသားရိုး ရောဂါကြောင့်ဖြစ်လျှင် ဆေးဆရာဖြင့် ကုသကြသည်။

အခြားပယောဂကြောင့် ဖြစ်သည်ဟု ယူဆလျှင် နားလည်သော လူကြီးများနှင့် တိုင်ပင်၍ ပျောက်ကင်းအောင် ကြိုးစားကြသည်။

ကလေးကိုချီယင်း လွတ်ကျသဖြင့်လည်းကောင်း၊ သွားလာရင်း လိပ်ပြာလွင့်သဖြင့်လည်းကောင်း၊ ကလေး၏လိပ်ပြာ ပြန်လာရန် ဆရာက မန်းမှုတ်ပေးကြသည်။ လိပ်ပြာပြန်ခေါ်နည်းမှာ အပ်ချည်အဖြူပရိတ်ချည်ကို ဂါထာများ မန်းမှုတ်ပြီး ကလေး၏လည်ပင်း(သို့မဟုတ်) ဘယ်ဘက်လက်တွင် (၃)ပတ် (သို့မဟုတ်) (၅)ပတ် (သို့မဟုတ်) (၇)ပတ်ပတ်ပေးသည်။ များသောအားဖြင့် 'မ'အရေအတွက် ပတ်ကြသည်။ ရတနာသုံးပါးဂုဏ်ကို ရည်စူးသည့်အတွက် (၃)ပတ် ပတ်ကြသည်ကများသည်။ ကလေး၏ဦးထုပ်ကို မန်းပေးပြီးနောက် ဦးထုပ်ကို ပြန်ဆောင်းပေးရ သည်လည်းရှိသည်။

ကလေးများ ရက်ရှည် နေမကောင်းဖြစ်နေပါက သက်ကြီးရွယ်အို အဘိုး အဘွားတို့က ပရိတ်ကြီးအဖြူဖြင့် ဘုရားစာဆို၍ ဂါထာမန်းပြီး ကလေးအတွက်အဆောင်အဖြစ် လုပ်ပေးသည်ကိုလည်း တွေ့ရသည်။ ပြုလ်ထောက်သည်ဟု ခေါ်ကြသည်။

အဖေ အမေတို့သေဆုံးပြီး အိမ်ထောင်ရှင် သား သမီး မိသားစုတို့သည် အဖေ အမေ အဘိုး အဘွားကို အိပ်မက်မက်ပြီး ကိုယ်ဝန်ရှိပါက ထိုကလေးကို လူပြန်ဝင်စားသည်ဟု ယူဆကြသည်။ ထိုလူဟောင်းပြန်ဝင်စားသော ကလေးသည် ရက်ရှည်နေမကောင်းဖြစ်လျှင်လည်းကောင်း၊ အဆက်မပြတ်ငိုနေလျှင်လည်းကောင်း ခမဲပေးကြသည်။ ခမဲဆိုသည်မှာ မိမိတို့ တတ်အားသရွေ့ ရွှေတို ရွှေစ ငွေတိုငွေစများကို အဆောင်သဘောအနေဖြင့် ကလေးအား ဆွဲပေးခြင်းဖြစ်သည်။

ယခုအခါ ပအိုဝ်းတိုင်းရင်းသားတို့သည် ခေတ်မှီတိုးတက်လာသည်နှင့်အမျှ ကလေးပြုစုပျိုးထောင်ရာတွင် ခေတ်မီလာသည်။ တိုက်နယ်ဆေးရုံရှိသည့်အတွက် ကလေးကို နေမကောင်းမကျန်းမမာဖြစ်လာလျှင် ဆေးရုံမှ ဆေးဝါးများဖြင့် ကုသကြသည်။ ရိုးရာလိပ်ပြာခေါ်ခြင်းကိုလည်း ပြုလုပ်ဆဲရှိကြောင်း တွေ့ရသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ကလေးငယ်များ၏ မွေးဆံပင်ကို အရှည်ထားလေ့မရှိဘဲ ရိတ်ပေးကြသည်။ အချိန်အခါမရွေး ရိတ်ပေးနိုင်သော်လည်း များသောအားဖြင့် ကလေးတစ်လအတွင်း ရိတ်ပေးကြသည်ကများသည်။ ကလေး၏ဆံပင်ရိတ်ရာတွင် အခမ်းအနားပြုလုပ်စရာမလိုသော်လည်း ရက်ကောင်း ရက်မြတ်ရွေးကာ ရိတ်ပေးကြသည်ကို လေ့လာရပါသည်။

(င)　ကွာရှင်းပြတ်စဲခြင်း

ပအိုဝ်းတိုင်းရင်းသားတို့သည် တစ်လင်တစ်မယားစနစ်ကို အစဉ်အဆက် နှစ်သက်လက်ခံ၍ ကျင့်သုံးကြသည်။ အမျိုးသမီးနှင့် အမျိုးသားတို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်၍ ဘဝကြင်ဖော်အဖြစ် ရွေးချယ်ကာ လက်ထပ်ကြခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး သက်ဆုံးတိုင် ရိုးမြေကျဆိုးတူကောင်းဘက် ပေါင်းဖက်လေ့ရှိကြ၏။ ထိုအစဉ်အလာကောင်းကြောင့် ဇနီးမောင်နှံကွာရှင်းခြင်းပြဿနာနှင့် အမှုအခင်းအလွန်နည်းပါးသည်။

ထိုသို့ အမှုအခင်း အလွန်နည်းပါးသည့်အနက်မှ ပအိုဝ်းဇနီးမောင်နှံ ကွာရှင်းရသောအချက်များကို လေ့လာကြည့်ရာတွင် အိမ်ထောင်ဖက်နှစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်ခြင်း၊ အထူးသဖြင့် စီးပွားရေးအခြေအနေမကောင်းခြင်း၊ အိမ်ထောင်ရှင်မိန်းမမှ ဖြစ်စေ၊ ယောကျ်ားမှ ဖြစ်စေ အိမ်ထောင်ရေးပြစ်မှု ကျူးလွန်မိခြင်းဟူသော အချက်တို့ကြောင့် ကွာရှင်းကြခြင်းဖြစ်သည်ကို တွေ့ရသည်။

ထိုအခါ လူကြီးမိဘများက ပြန်လည် စေ့စပ်ပေးကြသည်။ လူကြီးမိဘများက တစ်ဦးနှင့်တစ်ဦး အကြောင်းမဲ့ကွာရှင်းခြင်းကို ခွင့်မပြုကြပေ။ လင်မယားကွာရှင်းရာတွင် ကျေးရွာလူကြီးများနှင့်ဆွေမျိုးသားချင်းများက ကွာရှင်းပေးရန် ဝန်လေး တတ်ကြသည်။ အမျိုးမျိုး စေ့စပ်ဖျန်ဖြေပေးကြသည်။ အတတ်နိုင်ဆုံး စေ့စပ်ပြီး မရတော့သည့် အဆုံးမှသာ ကွာရှင်းခွင့် ပေးလေသည်။ ထိုသို့နှစ်ဦးသဘောတူ ကွာရှင်းရာတွင် ရွာသူကြီး (ဖာပြားဒုံ) တို့၏ ရှေ့မှောက်တွင် ကွာရှင်းရသည်။ ကွာရှင်းခြင်း အထိမ်းအမှတ်အဖြစ် ကွမ်းရွက် (သို့မဟုတ်) ဆေးရွက်ကို နှစ်ခြမ်းခြမ်းပြီး တစ်ခြမ်းစီ ခွဲဝေယူကြသည်။ တစ်ဦးလျှင် တစ်ဖက်စီကိုင်ထားသော အပ်ချည်မျှင်ကို ရွာသူကြီးက ဖြတ်တောက်ပေးရသည်။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး သံယောဇဉ် ပြတ်ကာ ကွာရှင်းပြီး ဖြစ်သွားသည်။

နှစ်ဦးသဘောတူ ကွာရှင်းရာတွင် ရွာလူကြီးတို့ချမှတ်သော လျော်ကြေးကို နှစ်ဦးစလုံး ညီမျှစွာ စုပေါင်း၍ ပေးကြရသည်။ နှစ်ဦးသဘောတူ ကွာရှင်းရာတွင် အမျိုးသားနှင့် အမျိုးသမီးတို့ လက်ထပ်သည့်အချိန်က ပါလာသောပစ္စည်းများကို မူလပိုင်သူ အမျိုးသမီး(သို့မဟုတ်)အမျိုးသား သာလျှင်

ပြန်လည်ရရှိသည်။ အထူးသဖြင့် မုဆိုးဖို မုဆိုးမနှင့် တစ်ခုလပ်တို့ အိမ်ထောင်သစ်ထူထောင်ပြီးမှ ကွာရှင်းမှုဖြစ်ပေါ်လျှင် ပါရင်းပစ္စည်း ခွဲဝေခြင်းမျိုးရှိသည်။ ဇနီးမောင်နှံနှစ်ဦးအတူ ပေါင်းသင်း နေချိန်တွင် နှစ်ယောက်စွမ်းအားဖြင့် ရရှိသောလက်ထက်ပွား ပစ္စည်းဥစ္စာများနှင့် တိုးတက်ပွားများလာသော ပစ္စည်းတို့ကို နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲလျှင် နှစ်ဦးစလုံး အညီအမျှခံစားခွင့်ရှိသည်။ ပအိုဝ်းဇနီးမောင်နှံ ပေါင်းသင်း ချိန်တွင် ဇနီးဖြစ်စေ၊ ခင်ပွန်းဖြစ်စေ တစ်ဦးဦးက ဆွေမျိုးတစ်ဦးဦးထံမှ အမွေရထားသော ပစ္စည်းသည် နှစ်ဦး သဘောတူကွာရှင်းလျှင် အမွေရသူ တစ်ဦးတည်းသာ ထိုပစ္စည်းကို ပိုင်ဆိုင်အကျိုးခံစား ခွင့်ရှိသည်။ ဥပမာ-ဇနီးသည် အမွေရထားသော ပစ္စည်းကို ကွာရှင်းချိန်တွင် ဇနီးသည်သာပြန်ရပြီး ခင်ပွန်းသည် အကျိုးခံစားခွင့် မရှိပေ။ ထိုနည်းတူ ခင်ပွန်းအမွေရထားသောပစ္စည်းတို့ကို ကွာရှင်း ပြတ်စဲပြီးသည့်နောက် ခင်ပွန်းသည် တစ်ဦးသာ အကျိုးခံစားခွင့်ရှိသည်။

ပအိုဝ်းတိုင်းရင်းသားတို့တွင် ဇနီးမောင်နှံနှစ်ယောက်အနက် မင်္ဂလာကြေးအဖြစ် တင်တောင်းသော ပစ္စည်းဥစ္စာအားလုံးသည် သတို့သမီးတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ခွင့်ရှိသည်။ လက်ထပ်ပြီးသည့်နောက်ပိုင်းတွင် သတို့သမီးကသာ ဆက်လက်ပိုင်ဆိုင်၍ အမျိုးသားများ ပိုင်ဆိုင်ခွင့် မရှိပေ။ ထိုပစ္စည်းများကို သတို့သမီးစိတ်သဘောကျအတိုင်း သုံးစွဲနိုင်ခွင့် ရှိသည်။ သတို့သားကား သတို့သမီး၏သဘောတူညီချက်မရလျှင် သုံးစွဲပိုင်ခွင့် မရှိပေ။ ဇနီးမောင်နှံကွာရှင်းမှု ပေါ်ပေါက်လျှင်ပင် အမျိုးသမီးသာ ထိုပစ္စည်းတို့ကို ပိုင်ဆိုင်ခွင့် ရပေသည်။ ထိုခန်းဝင်ပစ္စည်းဖြစ်သော ရွှေ့ပြောင်းနိုင်သော ရွှေထည် ငွေထည်နှင့် ငွေကြေးပစ္စည်းများသည် ဇနီးဖြစ်သူသာ ခံစားခွင့် ရှိသည်။

မရွှေ့ပြောင်းနိုင်သော မြေ၊ အိမ်၊ ဥယာဉ်၊ ခြံ၊ လယ်ယာစသော ပစ္စည်းများကိုမူ မိဘများလက်ထပ်စဉ်က လက်ဖွဲ့၍ ခန်းဝင်ပစ္စည်းအဖြစ် သတ်မှတ်ခဲ့သော်လည်း နှစ်ဦးသဘောတူ ကွာရှင်းသည့်အခါတွင်ဖြစ်စေ၊ တစ်ဦးဦးက အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းသည်ဖြစ်စေ၊ လက်ဖွဲ့သည့်ဘက်က ပြန်လည်ရရှိပြီး အကျိုးခံစားခွင့် ရှိသည်။ ဥပမာ-ခင်ပွန်းသည်၏ မိဘက အိမ်(သို့မဟုတ်) မြေနေရာကို လက်ဖွဲ့ခဲ့လျှင် ကွာရှင်းချိန်၌ ခင်ပွန်းကသာ ပြန်လည်ရရှိပြီး ဇနီးသည်လည်း ဇနီးသည်ဘက်က လက်ဖွဲ့သည့်ပစ္စည်းကို ပြန်လည်ရရှိသည်။

စေ့စပ်ပြောဆိုပြီး မင်္ဂလာကြေးပေးပြီးမှ လက်ထပ်ထိမ်းမြားခြင်းကို သတို့သားဘက်မှ အကြောင်းမဲ့ဖျက်သိမ်းပြီး စေ့စပ်ခြင်းကို ကွာရှင်းလျှင် ငွေတင်ထားသော မင်္ဂလာကြေးကို အဆုံးခံ၍ သတို့သမီး ရပိုင်ခွင့်ရှိ၏။ သို့မဟုတ် သတို့သမီးဘက်မှ လက်ထပ်ထိမ်းမြားခြင်းကို စတင်ပါယ်ဖျက်လျှင်

တင်ထားသောမင်္ဂလာကြေးကို ပြန်လည်ပေးရသည်။ အကယ်၍ သတို့သားမှာ အပြစ်ရှိ၍ သတို့သမီးက လက်ထပ်ရေးကို ရုပ်သိမ်းရခြင်းဖြစ်လျှင် တင်တောင်းထားသော မင်္ဂလာကြေးကို ပြန်၍မပေးရပေ။

အိမ်ထောင်ရေးပြစ်မှုကြောင့်လည်း ပအိုဝ်းဇနီးမောင်နှံကွာရှင်းပြတ်စဲခြင်းမျိုးရှိတတ်ကြသည်။ လူကြီးမိဘများစုံရာရှေ့မှောက်တွင် တရားဝင်ထိမ်းမြားလက်ထပ်ထားသော အမျိုးသမီးကို ခင်ပွန်းသည်က အစဉ်ထာဝရ ကျွေးမွေးပြုစုစောင့်ရှောက်ပြီး ထောက်ပံ့ရမည်ဟု ထုံးတမ်း စဉ်လာတို့က ချမှတ်ထားသည်။ ထို့ကြောင့် ခင်ပွန်းသည်သည် ဇနီးအား ရက်စက်ညှင်းပန်းခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းမရှိ၊ အကြောင်းမဲ့ထောက်ပံ့ခြင်းမပြု၊ စားဝတ်နေရေးအတွက် လုံလောက်စွာ မရှာ ပေးခြင်း။ စိတ်ဆင်းရဲစေရန် နည်းအမျိုးမျိုးဖြင့် နှိပ်စက်ခြင်း၊ ပစ်ပယ်ထားခြင်းတို့ကို ပြုလုပ်သည့်အပြင် မယားငယ် နေခြင်းစသော အိမ်ထောင်ရေးပြစ်မှုများရှိလာလျှင် ဇနီးဖြစ်သူက ကွာရှင်းလိုသဖြင့် ကွာရှင်းခွင့်တောင်းလေ့ရှိသည်။ ထိုနည်းတူ ဇနီးဖြစ်သူက အိမ်ထောင်ထိန်းသိမ်းမှု ညံ့ဖျင်းခြင်း၊ ဇနီးဝတ်ပျက်ကွက်ခြင်း၊ ခင်ပွန်းအပေါ် သစ္စာဖောက်မှုမျိုး ရှိခဲ့လျှင် ခင်ပွန်းသည်က ကွာရှင်းလိုသဖြင့် ကွာရှင်းခွင့် တောင်းလေ့ရှိကြသည်။ ဇနီးဖြစ်စေ၊ ခင်ပွန်းဖြစ်စေ အိမ်ထောင်ရေးပြစ်မှု တစ်ခုခုပြုမိခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း ကွဲလွဲမှုရှိပြီး မကြာခဏ ခိုက်ရန်ပွားကာ ကွာရှင်းသည်အထိ ဖြစ်တတ်ကြသည်။ သို့ရာတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် ရိုးသားပြီး အပြစ်ခွင့်လွှတ်တတ်သူများ ဖြစ်သဖြင့် တစ်မျက်နှာမှ နှစ်မျက်နှာပြောင်းရန် ဝန်လေးသော အရင်းခံစိတ်ထားကြောင့် အိမ်ထောင်ရေး ပြစ်မှု အတော်အတန်ရှိရုံဖြင့် ကွာရှင်းရန်ဝန်လေးပြီး သည်းခံကာ ပေါင်းသင်းတတ်ကြသည်။ ကွာရှင်းခြင်းကိုလည်း အလွယ်တကူ မဆုံးဖြတ်ကြပေ။ အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းမှုဖြစ်ပေါ်လျှင်မူ အပြစ်ရှိသူက ပစ္စည်းပိုင်ဆိုင်ခံစားခွင့်အားလုံးကို စွန့်လွှတ်ရပြီး အပြစ်မရှိသူ တစ်ဦးတည်းသာ အကျိုးခံစားခွင့်ရှိသည်။

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးသောကြောင့် ခင်ပွန်းသည်သည် မိန်းမရှိလျှက်နှင့် မိန်းမအငယ် မယူလိုကြပေ။ ဇနီးသည်လည်း ယောကျ်ားရှိလျှက်နှင့် ယောကျ်ားအငယ် မယူကြပေ။ မေတ္တာတရားကို အခြေခံပြီး သစ္စာစောင့်ထိန်းကြသည်။ တစ်ဦးနှင့်တစ်ဦး အတိအလင်းကွာရှင်းပြီးမှသာ နောက်အိမ်ထောင် ပြုကြသည်။ သို့သော် အလွန်နည်းသည်။ ငယ်လင်ငယ်မယား ရိုးမြေကျသည်အထိသာ ပေါင်းသင်းကြသည်။

လက်ထပ်ပြီး တစ်နှစ်မပြည့်မှီ ကွာရှင်းပါက ယောကျ်ားဘက်က စတင်ကွာရှင်းလျှင် မင်္ဂလာ စရိတ်များ အရှုံးခံရသကဲ့သို့ မိန်းကလေးဘက်မှ စတင်၍ကွာရှင်းလျှင် မင်္ဂလာစရိတ်ကိုလည်း ပြန်လျော်ပေးရသည်။

ပအိုဝ်းတိုင်းရင်းသား ဇနီးမောင်နှံကွာရှင်းရာတွင် နှစ်ဦးသဘောတူ ကွာရှင်းသည် ဖြစ်စေ၊ အမျိုးသမီးတွင် အပြစ်မရှိဘဲ အမျိုးသားက မပေါင်းသင်းလိုသဖြင့် ကွာရှင်းလိုသည်ဖြစ်စေ၊ ခင်ပွန်းသည်ဖြစ်သူက ဇနီးသည်အမျိုးသမီးအား လျော်ကြေးပေး၍ ကွာရသည်။ ဇနီးသည်တွင် အပြစ်ရှိနေလျှင်မူ လျော်ကြေးမပေးရပေ။ ရွာသူကြီးနှင့် ရပ်ရွာလူကြီးများက အခြေအနေကိုကြည့်၍ လျော်ကြေးသတ်မှတ်ပေးသည်။ထိုသို့လျော်ကြေးပေးခြင်းသည် ကွာရှင်းလိုက်သောဇနီးသည်နှင့် ကလေး တို့အား အပြီးအပိုင် ထောက်ပံ့ကြေးပေးသည့် သဘောမျိုးပင် ဖြစ်သည်။ အစဉ်ထာဝရ ထောက်ပံ့သော မယားစရိတ်၊ ကလေးစရိတ်ပေးခြင်းမျိုးမရှိပေ။ လျော်ကြေးပေးကာ အပြီးအပြတ် ကွာရှင်းခြင်းမျိုးသာ ရှိသည်။

လင်မယားကွာရှင်းရာတွင် သားသမီးများရှိပါက မည်သည့်ကလေးသည် မည်သူနှင့် နေရမည်ဟု သတ်မှတ်ချက်မရှိပေ။ အများအားဖြင့် မိဘတို့၏ စိတ်ဆန္ဒအလျောက်သော်လည်းကောင်း၊ သားသမီးတို့၏စိတ်တိုင်းကျသော်လည်းကောင်း၊ နေထိုင်ခွင့် ထိန်းသိမ်းနိုင်ခွင့် ရှိကြသည်။ သို့ရာတွင် လင်မယားကွာရှင်းပြတ်စဲချိန်တွင် သားသမီး အရွယ်မရောက်သောကလေးများဖြစ်စေ၊ အရွယ်ရောက်ပြီး သော သားသမီးဖြစ်စေ၊ မိခင်နှင့်နေထိုင်ကြသည်ကများသည်။ တခါတရံမှသာ အရွယ်ရောက်ပြီးသော သားယောကျ်ားများကသာ ဖခင်နောက်လိုက်နေကြသည်ကို တွေ့ရသည်။ ထိုသို့ မိခင်နှင့်လိုက်နေခြင်း များသောကြောင့် လင်မယားကွာရှင်းချိန်တွင် ယောကျ်ားကမိန်းမအား မိမိရပိုင်ခွင့်ရှိသော ပစ္စည်းများထဲမှ ကလေးများအတွက် ရည်စူးကာ ပို၍ခွဲဝေပေးလေ့ရှိသည်။ ကလေးများမရှိလျှင် ဖခင်သည် မိမိခံစားခွင့် ရှိသော ပစ္စည်းများကို တစ်ဦးတည်းရရှိသည်။

ကွာရှင်းချိန်တွင် ကလေးအတွက်ရည်စူးကာ ပိုမိုခွဲဝေပြီးဖြစ်သဖြင့် ဖခင်သည် မိခင်ထံတွင် ကျန်ရစ်ခဲ့သော သားသမီးများကို ထောက်ပံ့ရန် မလိုတော့ပေ။ မိခင်ကလည်း နောက်ထပ် မယားစရိတ် ကလေးစရိတ်တောင်းပိုင်ခွင့် မရှိပေ။ အကယ်၍ ယောကျ်ားအနေဖြင့် ပေးနိုင်သောစီးပွားရှိပြီး ပေးချင်သောစိတ်ရှိလျှင်ပေးခွင့်ရှိသည်။ ဇနီးမောင်နှံကွာရှင်းပြီးနောက် မိခင်နှင့်အတူနေသော သားသမီး တို့၏ တာဝန်ကို မိခင်ဖြစ်သူက ထမ်းဆောင်ရသည်။ ဇနီးဖြစ်သူ ကိုယ်ဝန်ရှိသောအချိန်တွင်

ကွာရှင်းပြတ်စဲမှုမျိုး ပေါ်ပေါက်လျှင် ကလေးမီးဖွားစရိတ်ကို ခင်ပွန်းထံမှ တောင်းပိုင်ခွင့် ရှိသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် မြန်မာများကဲ့သို့ ဗေဒင်၊ ယတြာစသော လောကီပညာကို ယုံကြည်အားထားသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဇနီးမောင်နှံနှစ်ယောက်သည် ဗေဒင်ဟောကိန်းအရ ယတြာချေသော သဘောဖြင့် ခေတ္တခွဲနေခြင်းမျိုးလည်း ရှိတတ်သည်။ ထိုသို့ ခေတ္တခဏခွဲနေခြင်းကို ငြိုလ်ပြေ နံပြေ ကွာရှင်းခြင်းဟု ခေါ်သည်။ ထိုသို့ နှစ်ဦးသဘောတူ ခေတ္တခဏ ခွဲခွာနေခြင်းကို လူကြီး မိဘများက လက်ခံကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့်အလျောက် ဗုဒ္ဓ၏တရား တော်ကို လိုက်နာကျင့်သုံးကြသူများ ဖြစ်သည်။ ထို့ကြောင့် ပအိုဝ်းအိမ်ထောင်သည် အမျိုးသား တစ်ဦးသည် လူ့လောကကို စွန့်ခွာပြီး ရဟန်းဘောင်ထဲသို့ ဝင်ရာတွင် အမျိုးသမီးနှင့် လင်မယား ကွာရှင်းပြီးဟု မှတ်ယူကြသည်။ ထိုအခါ ပစ္စည်းဥစ္စာများကို အမျိုးသမီးကသာရ၍ သားသမီးများကို ပြုစုစောင့်ရှောက်ရသည်။

များသောအားဖြင့် ကျေးရွာနေ ပအိုဝ်းတိုင်းရင်းသားတို့သည် လင်မယားကွာရှင်းရာတွင် ရုံးတက်၍ ကွာရှင်းမှုမျိုးကို မလိုလားသဖြင့် ဓလေ့ထုံးစံအရ ဆုံးဖြတ်ချက်ကို လိုက်နာကျင့်သုံးကြသည်။ မိမိတို့သက်ဆိုင်ရာ ရွာသူကြီးခေါင်းဆောင်သော ရပ်ရွာလူကြီးမိဘတို့၏ ဆုံးဖြတ်ကွာရှင်းပေးမှုကို လက်ခံကြသည်။ လူကြီးတို့၏ အဆုံးအဖြတ်ကို ဇနီးမောင်နှံသည် ငြင်းပယ်ခြင်းမရှိပေ။ ကျေနပ်စွာ လက်ခံကျင့်သုံးကြသည်။ ရွာသူကြီးခေါင်းဆောင်သော ရပ်ရွာလူကြီးတို့ကလည်း နှစ်ဦးနှစ်ဖက် နစ်နာမှု မရှိစေရန်၊ တရားမျှတစွာ ဆုံးဖြတ်ဖြန်ဖြေပေးကြသည်။ မျက်နှာလိုက်၍ဖြန်ဖြေပေးမှုမျိုး မရှိပေ။

ပအိုဝ်းတိုင်းရင်းသားတို့၏ လင်မယားကွာရှင်းခြင်းကို လေ့လာလျှင် လွယ်ကူသည်ဟု ထင်ရသော်လည်း ပအိုဝ်းတိုင်းရင်းသားတို့သည် ကွာရှင်းမှုများမရှိအောင် နည်းလေသည်။ ဇနီးမောင်နှံ နှစ်ယောက် တစ်ဦးနှင့်တစ်ဦး ကြင်နာယုယစွာဖြင့် ရိုးမြေကျ ပေါင်းသင်းနေထိုင်ကြသည်ကို လေ့လာ တွေ့ရှိပါသည်။

## (စ) နာမကျန်းဖြစ်ခြင်းနှင့်သေဆုံးခြင်း။

ပအိုဝ်းတိုင်းရင်းသားတို့သည် ရောဂါတစ်စုံတစ်ရာဖြစ်ပါက ဘာကြောင့်ဖြစ်သည်ဟု အကြောင်းရင်းကို လိုက်မရှာနေဘဲ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သည့်အတွက် ကံကုန်လို့ဖြစ်ရ

သည်ဟု ယူဆကြသည်။ ရောဂါသည်ကို ပအိုဝ်းရိုးရာ ဆေးမီးတိုဖြင့် ဗိန္ဒောဆရာတို့က ကုကြသည်။ ယခုအခါ ကျောက်တလုံးတွင် တိုက်နယ်ဆေးရုံရှိပြီ ဖြစ်သဖြင့် ခေတ်မီဆေးဝါးများကိုအသုံးပြုကာ ခေတ်မီနည်းဖြင့် ကုသကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိ၏အိမ်တွင် နေမကောင်း မကျန်းမာဖြစ်နေသူ တစ်ယောက်ယောက်ရှိပါက တစ်အိမ်လုံးက ဝိုင်းပြီးပြုစုကြသည်။ မိဘတစ်ဦးဦးနေမကောင်းဖြစ်ပါက သားသမီးများက ပြုစုစောင့်ရှောက်သကဲ့သို့ သားသမီးများနေမကောင်းလျှင်လည်း မိဘနှစ်ပါးနှင့် ကျန်ညီအစ်ကိုမောင်နှမများက အလှည့်ကျ ဝိုင်းပြုစုကြသည်။

တခါတရံ မကျန်းမာတဲ့သူ ရှိနေလျှင် ထိုသူအတွက် ကံနိမ့်သည်ဟု ယူဆကာ ကုသိုလ် လုပ်ပေးကြသည်။ ယတြာချေပေးကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့အိမ်တွင် တစ်ဦး တစ်ယောက် ဖျားနာနေလျှင် အသုဘသွားခြင်းမရှိ၊ ခရီးထွက်ခြင်း မရှိပေ။ တစ်ရွာလုံး ဝမ်းရောဂါ ကျောက်ရောဂါ အစရှိသော ကပ်ရောဂါကျရောက်ပါက ဘုန်းကြီးက အန္တရာယ်ကင်း ပရိတ်တရား နာပေးကြသည်။ အဖိုး အဖွားများကွယ်လွန်ပြီး ကျန်ရှိနေသောအိမ်ထောင်ရှင် သားသမီးများက အိပ်မက်မက်ပြီး ကိုယ်ဝန်ရှိလာလျှင် လူပြန်ဝင်စားသည်ဟု ယူဆကြသည်။ မွေးလာသော ကလေးများ ဘဝဟောင်းမှ အဖြစ်အပျက်များ ပြန်ပြောခြင်း၊ တမလွန်ဘဝမှ အမာရွတ်အမှတ်များကို ကလေးငယ်တွင် တွေ့ရခြင်းတို့ ကြုံပါက ကလေးငယ်သည် လူဝင်စားဖြစ်သည်ဟု ပအိုဝ်းတိုင်းရင်းသား တို့က ယုံကြည်ကြသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့သည် လူသေပြီးနောက် လူပြန်ဖြစ်သည် ဟူသော တမလွန်ဘဝ ယုံကြည်ချက်[၁]ရှိသည်ကို တွေ့ရသည်။

သေဆုံးသူသည် ကျန်ရစ်သူ အိမ်သားအပေါ် သံယောဇဉ်တွယ်တာနေပါက ယင်း၏လိပ်ပြာသည် အိမ်မှ မခွဲနိုင် မခွာနိုင်ဘဲ တွယ်ကပ်နေပါက၊ မကျွတ်ဘဲ အိမ်မှာရှိနေပါက၊ အိမ်သားများ နာမကျန်းဖြစ်မည်။ အိမ်သားများအား ခြောက်မည်ဟု မယူဆကြပေ။ ရက်လည်ဆွမ်းသွတ် အမျှဝေပေးပြီးလျှင် လိပ်ပြာခွာကာ ကျွတ်သွားပြီဟု ယူဆကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ရိုးရိုးဖျားနာနေမကောင်းဘဲ သေဆုံးလျှင် လိပ်ပြာမခွဲဘဲ အစိမ်းသေမှသာ လိပ်ပြာခွဲသော အလေ့အထ

---

၁။ Belief after death

ရှိသည်ကို တွေ့ရသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် အသက်မထွက်သေးဘဲ မျောနေပါက၊ အသက်ငင်ပြီး ဇောချွေးပြန်နေပါက အသက်ထွက်ကောင်းအောင် ဘဝကူးကောင်းအောင် ကျန်ရစ်သူများကို စိတ်ပြတ်ပြီး နောက်ဆံမတင်းစေရန် ထိုလူပြုလုပ်ခဲ့သော ကုသိုလ်များကို အမှတ်ရစေရန် ပြန်ပြောပြီးမှ အမျှပေးဝေကြသည်။

(၁) အသုဘအခမ်းအနား

လူမမာသေဆုံးလျှင် ရေချိုးပေးပြီး ရွာလူကြီးထံ အကြောင်းကြားရသည်။ ရွာသားအားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည်။ ရွာသားများသည် မြို့အလုပ်ကိုပါ ခေတ္တနားကာ အသုဘကိစ္စကို ဝိုင်းဝန်းကူညီပေးကြသည်။ အသုဘအိမ်အတွက် ရပ်ရွာက လုပ်အားကူပေးကြသည်။ အသုဘရှင်သည် ဆင်းရဲလျှင် ရပ်ရွာကဝိုင်းဝန်းကူညီကြသည်။ ဆန်၊ ဆီ၊ ဆား၊ ငွေကြေးတို့ကို ကူညီကြသည်။ ရွာသားများအားလုံးက အသုဘရှင်၏ ဆန္ဒအတိုင်း လုပ်ကိုင်ပေးကြသည်။

ရေချိုးရာတွင် မိန်းမသေဆုံးလျှင် မိန်းမချင်းဖြစ်စေ၊ ယောကျ်ားသေဆုံးလျှင် ယောကျ်ားချင်းဖြစ်စေ၊ မည်သူမဆိုဖြစ်စေ ချိုးပေးပိုင်ခွင့်ရှိသည်။ ရေချိုးပေးပြီးလျှင် ရှိသောအဝတ်အစား များထဲမှ အကောင်းဆုံးအဝတ်အစားကို ဝတ်နေကျအတိုင်း ဝတ်ပေးရသည်။ အပျိုလူပျိုသေဆုံးလျှင် မျက်နှာကို လိမ်းခြယ်ပေးကြသည်။

အခေါင်းမရသေးလျှင် အလောင်းကို အခေါင်းထဲမထည့်ဘဲ အိမ်ရှိ ဖျာ၊ ခေါင်းအုန်း၊ စောင်တို့ထဲမှ အကောင်းဆုံးကို ရွေးချယ်ကာ အိမ်ကြမ်းပြင်ပေါ်တွင်ပြည့်ပြည့်စုံစုံခင်းပြီး အလောင်းကို ဖျာပေါ်တင်ထားရသည်။ လူသေ၏ခြေမနှစ်ခုကို ချည်စိမ်းဖြင့် ပူးချည်ထားရသည်။ ချည်စောင်ကို ခြေရင်းမှ ခေါင်းရင်းထိလွှားထားရသည်။ အလောင်း၏ခေါင်းရင်းတွင် ပန်းအိုး၊ ဆေးလိပ်၊ ကွမ်းယာနှင့် သေသူအတွက် ရည်စူးပြီး လှူရန်လှူဘွယ်ပစ္စည်းများကို ပြင်ဆင်ထားရသည်။

ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် အလောင်းကို မြောက်ဘက်ခေါင်းပြုပြီး ထားကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့တွင် အသုဘစောင့်မရှိပေ။ အလောင်းကို မြန်မာတို့ကဲ့သို့ပင် တစ်နေ့(၂)ကြိမ် ထမင်းကျွေးသော ထုံးစံရှိသည်။ ထမင်းကျွေးရာတွင် အလောင်း၏လက်ျာဘက်ဖြစ်စေ၊ လက်ဝဲဘက်ဖြစ်စေ ကျွေးပိုင်ခွင့်ရှိသည်။ နေရာသတ်မှတ်ထားခြင်း မရှိပေ။ ကျောက်တလုံးရှိ

ပအိုဝ်းတိုင်းရင်းသားတို့တွင် လူသေဆုံးပြီးပြီးချင်း သက်ပျောက်တရားနာသော ထုံးစံမရှိပေ။ သင်္ဂြိုလ်သော နေ့မှပင် တရားနာသော ထုံးစံရှိသည်။

သေသူ၏ ပါးစပ်ထဲ သို့ ကူးတို့ခအဖြစ် ရှေးအခါက ငွေတမတ်စေ့ ထည့်ကြသည်။ ယခုအခါ ငွေမတ်စေ့မရှိပါက ငွေသားတစ်ပဲ၊ တစ်ရွေးစသဖြင့်ဝယ်၍ထည့်ပေးကြသည်။ တချို့အိမ်များတွင် ငွေအကြွေများကို ဘဝကူးစရိတ်အဖြစ် စုထားသည်ကိုလည်း တွေ့ရသည်။

ပအိုဝ်းတိုင်းရင်းသားတို့တွင် ခေါင်းများကို အဆင်သင့်လုပ်ရောင်းသော အလေ့မရှိသဖြင့် အရေးပေါ်ကိစ္စပေါ်ပေါက်မှသာ လူသေမှသာ ဆွေမျိုးသားချင်းများ စုပေါင်းပြီး ပျဉ်ကြမ်းဖြင့် ပြုလုပ်ကြသည်။ ယခုအခါ အခေါင်းကို လက်သမားထံ အပ်ကြသည်။ ငွေကြေး တတ်နိုင်သူများအနေဖြင့် သစ်သားဖြင့် အခေါင်းလုပ်ကြသလို ပိုင်ဆံမတတ်နိုင်သူများအဖို့ အခေါင်းကို ဖျာဖြင့်လည်း ပြုလုပ်ကြသည်။ဖျာ၏ဘေးတွင် စက္ကူပြတ်ကြသည်။ စက္ကူကို အရောင်သတ်မှတ်ခြင်းမရှိဘဲ ရောင်စုံ စက္ကူပြတ်ခွင့်ရှိသည်။

အခေါင်းရလာသောအခါ သင်္ဂြိုလ်သည့်နေ့တွင်မှ အခေါင်းထဲသို့ထည့်ပြီး သင်္ဂြိုလ်ခြင်း ရှိသော်လည်း အခေါင်းရလာသည်နှင့် အခေါင်းတွင်း အလောင်းထည့်သည်ကိုလည်း တွေ့ရသည်။ အခေါင်းတွင်း အဝတ်အစားအပိုထည့်စရာမလိုဘဲ စောင်များ ခေါင်းအုန်းများသာ ထည့်ကြသည်။ တချို့က မျက်နှာသုတ်ပုဝါ အစရှိသော သေသူ၏ အသုံးအဆောင်ပစ္စည်းကို ထည့်ပေးကြသည်ကိုလည်း တွေ့ရသည်။ အခေါင်း ၏အောက်တွင် ဦးစွာ ဝါးခြမ်းပြားငါးခြမ်းကို ဒေါင်လိုက်စီ၍ထည့်ပြီးမှ အလောင်းထည့်ရသည်။ အခေါင်းအဖုံး၏ အပြင်ဘက်အပေါ်မှ ဝါးခြမ်းပြားလေးခြမ်းကို ဒေါင်လိုက်ပင် စီ၍ ထားရသည်။ အခေါင်းအောက်တွင် သစ်သားခြမ်း(သို့မဟုတ်) တုံး(၃)ခုကို အနံလိုက် ချထားရသည်။ အခေါင်းမရာတွင် လွယ်ကူစေရန်နှင့် သေသူ၏ ဝိညာဉ်သည် အစိမ်းဘဝသို့ မကူးပြောင်းနိုင်ဟူသော အယူအဆ ရှိသောကြောင့်ဖြစ်သည်။ အကယ်၍ သစ်သားမခံထားလျှင် အသုဘချချိန်တွင် ခေါင်းသည် ကြမ်းပြင်နှင့် ခွာ၍မရအောင် ကပ်နေသည်ဟု အယူရှိသောကြောင့်ဖြစ်သည်။ အလောင်းကို အခေါင်းထဲ မထည့်မီ ခြေမတွင် စီးထားသော ချည်ကို ဖြုတ်လျှင်လည်းရသည်။ မဖြုတ်ဘဲ ထည့်သည်ကိုလည်း ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားများက လက်ခံကြသည်။

ရှေးပအိုဝ်းတိုင်းရင်းသားတို့သည် လပြည့်လကွယ် သေဆုံးလျှင် ချက်ချင်း သင်္ဂြိုလ်ရသည်။ အကယ်၍ မသင်္ဂြိုလ်လျှင် အလောင်းကို ရွာအပြင်ထုတ်သော ထုံးစံရှိသည်။ ချက်ချင်း မ

သင်္ဂြိုလ်ပါက ရွာထိခိုက်သည်ဟု အယူအဆထုံးစံရှိကြသည်။ယခုအခါ ကျောက်တလုံးရှိ ပအိုဝ်း တိုင်းရင်းသားတို့သည် ထိုဓလေ့ကို မကျင့်သုံးတော့ပေ။ ချက်ချင်းသင်္ဂြိုလ်ရန် အဆင်မပြေပါက မ သင်္ဂြိုလ်လျှင်လည်း ခွင့်ပြုကြသည်။ ခရီးသွားရင်း သေဆုံးလျှင်လည်း အိမ်သို့ပြန်သယ်လာကြသည်ကို ခွင့်ပြုကြသည်။

ဖျားနာပြီး သမရိုးကျ သေဆုံးလျှင် အများအားဖြင့် အလောင်းကို (၃)ရက်ထားပြီး သင်္ဂြိုလ်ကြသည်။ သင်္ဂြိုလ်ခါနီး အခေါင်းထဲတွင် သေသူအတွက် ထမင်းတစ်ထုပ်နှင့် သေသူ၏ အဖော်အတွက် ဟူ၍ အခေါင်းပေါ်တွင် ထမင်းတစ်ထုပ် စုစုပေါင်းနှစ်ထုပ်ထည့်ပေးရသည်။ ထမင်းထုပ်ကို ငှက်ပျောရွက်ဖြင့် ထုပ်ရသည်။ သေသူနှင့် ကျန်ရစ်သူများအား လိပ်ပြာခွဲသည့်အနေဖြင့် ကျန်ရစ်သူများ၏ အရပ်အတိုင်း အပ်ချည်ကို အခေါင်းထဲသို့ ထည့်ပြီး လိပ်ပြာခွဲသော ထုံးစံမရှိပေ။

အခေါင်းကို အမျိုးသားများက ဝိုင်းမ၍ အိမ်ထွက်ပေါက်သို့ ခြေပြုထားရာမှ စတင်သယ်ယူ၍ချကြသည်။ အခေါင်းကို မည်သူမဆို မခွင့် ထမ်းခွင့် ရှိသည်။ အိမ်ပေါ်မှ ချလာပြီး အခေါင်းကို မထမ်း ရသေးပေ။ မြေပေါ်တွင်လည်း ဒရွတ်တိုက်မဆွဲရပေ။ အမျိုးသားများ၏ ခါးလည်နေရာလောက်မှ စ၍ မ ရသည်။ ရွာအပြင်ဘက်တွင် အလောင်းတင်ရန် ဝါးစင်ဖြင့် ဖေါင်သဏ္ဍာန်ပြုလုပ်ထားသည့် စင်(တလား)အထိ မသွားရသည်။ အိမ်မှ အခေါင်းစချရာတွင် ခြေရင်းဖက်မှ အရင်စချသကဲ့သို့ သင်္ချိုင်းသွားရာ လမ်းတွင်လည်း ခြေရင်းဖက်မှ စသွားရသည်။ ခြေရင်းဖက်မှ မထုတ်ဘဲ ခေါင်းရင်းဖက်မှ ထုတ်မိလျှင် နောက်လူများကို ခိုက်မည်ဟု ယုံကြည်သဖြင့် ရွာအတွင်း ရွာလည်တွင် ကန်တော့ပွဲဖြင့် ပရိတ်တရားနာရသည်။ ကန်တော့ပွဲအတွက် ကုန်ကျစရိတ်သည် အသုဘရှင်နှင့် မဆိုင်ဘဲ ရွာကသာ အကုန်အကျခံရသည်ကို တွေ့ရသည်။

ငွေကြေးတတ်နိုင်သူများက အသုဘကို ရက်များများပိုထားကာ မ သင်္ဂြိုလ်မီ(၁)ရက် ညပိုင်းတွင်ဖြစ်စေ၊ သင်္ဂြိုလ်မည့်နံနက်(၉း၀၀-၁၀း၀၀)နာရီတွင်ဖြစ်စေ၊ အသုဘမချမီ စာဟောဆရာကိုဖိတ်ကာ ဇာတ်၊ နိပါတ်တော်တို့ကို ဘတ်ကြားဟောပြောစေသည်။ အသုဘသို့လာပြီး တရားနာသူတို့က စာဟောဆရာအား တတ်အားသရွေ့ အလှူငွေထည့်ကြသည်။ အသုဘရှင်ကလည်း ငွေကြေးဖြင့် စာဟောဆရာ (မော်ဆရာ)အား ဉာဏ်ပူဇော်ကြသည်။ အသုဘလာပို့သူများကို အိမ်ရှင်က တတ်နိုင်လျှင် ထမင်းကျွေး၍ မတတ်နိုင်လျှင် ဆေးလိပ်၊ လက်ဖက်စသည်ဖြင့် ဧည့်ခံကြသည်။


များသောအားဖြင့် အသုဘကို နေ့ခင်းပိုင်း(၁း၀၀)နာရီမှ (၃း၀၀)နာရီအတွင်း အသုဘချကြသည်။ ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် အသုဘချရာတွင် အလောင်းကို ဆော့ကစားခြင်း မရှိပေ။ အသုဘချရာတွင် ရေအိုးခွဲသောဓလေ့၊ လိုက်ပို့သည့်အချိန်တွင်

ဘုရားစာရွတ်ဖတ်ပေးသောဓလေ့၊ အသုဘချလျှင် အိမ်တွင်းရှိ မီးများကိုငြိမ်းရသောဓလေ့များကို အခြားဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့ ကျင့်သုံးကြသော်လည်း ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားတို့တွင် ထိုအယူ အဆများ ကျင့်သုံးခြင်းမရှိသည်ကို တွေ့ရသည်။

အသုဘချရာတွင် ပထမဦးဆုံးဘုန်းကြီး၊ ဘုန်းကြီးပြီးမှ ဘုရားပန်းအိုးနှင့် လှူဘွယ်ပစ္စည်းများနောက်မှ အခေါင်းနှင့်အတူ လိုက်ပို့သည့်ဆွေမျိုးများ စီတန်း၍ ပို့ကြသည်။ သက်ကြီးရွယ်အို၊ သမာဓိရှိသောသက်ကြီးရွယ်အို၊ လူအများအကျိုးဆောင်ရွက်သော သက်ကြီးရွယ်အိုတို့၏ အသုဘ၊ အထင်ကရပုဂ္ဂိုလ်တို့၏ မိဘ အသုဘဆိုလျှင် အသွားခရီးတွင် ကြေးစည်တီးရသည်။ မကောင်းဆိုးဝါးများကိုပင့်ဖိတ်ခေါ်ဆောင်သွားခြင်းဖြစ်သည်။ အပြန်ခရီးတွင် ကြေးစည်တီးခွင့် မရှိပေ။ ကြေးစည်တီးပါက မကောင်းဆိုးဝါးများကို ပြန်လည်ပင့်ခေါ်လာသည်ဟု ယူဆကြသောကြောင့် ဖြစ်သည်။ ကလေး၊ လူငယ်၊ လူရွယ်များ၏ အသုဘဆိုလျှင် ကြေးစည်တီးခွင့် မရှိပေ။ အသုဘချသောရက်သည် တနင်္ဂနွေဖြစ်လျှင် နေ့လည်ဖြစ်စေကာမူ အိမ်ပေါ်တွင် မီးခွက်ထွန်းသည့်အပြင် အခေါင်းရှေ့တွင်လည်း မီးတုတ်ကိုယူသွားရပြီး ရွာအပြင်ဘက်ရောက်မှ မီးငြိမ်းရသည်။ မီးထွန်းရခြင်းမှာ တနင်္ဂနွေနေ့သည် နေမင်း၏သားဖြစ်သောကြောင့် အလင်းရောင်ဆောင်သည်ဟု ယူဆသည်ကတစ်ကြောင်း၊ တနင်္ဂနွေနေ့ (အာတိ)သည် ရက်ဦးရက်မြတ်ဖြစ်သဖြင့် နတ်ပြည်တွင် အလင်းရောင်နည်းပါးသည့်အတွက် အလောင်း၏လိပ်ပြာသည် နေကွယ် လကွယ်ဖြစ်သောကြောင့် လမ်းမမြင်သဖြင့် မီးထွန်းပေးရသည် ဟူ၍လည်းတစ်ချက် ယူဆကြသည်ကို တွေ့ရသည်။

အလောင်းကို မသွားပြီး ရွာအပြင်ရှိ အလောင်းတင်ရန်ပြုလုပ်ထားသော ဝါးစင်ပေါ် မတင်မီ စင်စောင့်နတ်ကို ခွင့်ပန်ရသည်။ ထိုဝါးစင်ပေါ်တွင် စင်စောင့်နတ်အနေဖြင့် လူတစ်ယောက်က ထိုင်စောင့်နေရသည်။ထိုသူထံ ခွင့်တောင်းပြီးမှ စင်ပေါ်တင်ကာ အခေါင်းကို နှီး(သို့မဟုတ်) ကြိုးဖြင့် ချည်ရသည်။ ကြိုးကိုချည်ရာတွင် အပတ်အရေအတွက် ကန့်သတ်မှု မရှိပေ။ ထမ်းစင်(မြန်းဖောင်း) များတွင် အမြဲတမ်း အသုံးပြုရန် ကြိုးထားထားသဖြင့် ထိုကြိုးသုံးခွင့် ရှိသလို မိမိတို့ယူလာသော ကြိုးလည်း သုံးခွင့်ရှိသည်။ ကြိုးချည်ပြီးမှ ဝါးလုံးဖြင့် ထမ်းရသည်။

မသင်္ဂြိုလ်ခင် တစ်နာရီလောက်စောပြီး မြေကြီးတူးရသည်။ ကျင်းမတူးမီ သင်္ချိုင်းစောင့် နတ်အား အသိပေးသည့်အနေဖြင့် ကွမ်းရွက်ပေါ်တွင် လ္ဘက်၊ ဆေး၊ ထုံး၊ ကွမ်းသီးတို့ထည့်ကာ



ကျောက်တလုံးတိုက်နယ်ကျေးရွာ၏
သင်္ချိုင်းရှိဇရပ်



မြေမြှုပ်သင်္ဂြိုလ်ထားပုံ

တင်ရသည်။ ဤသို့ပြုလုပ်ခြင်းမှာ ဒီနေရာအတွက် လူတစ်ယောက်တိုးလာသည်။ ထိုလူအတွက် နေရာပေးပါရန် သင်္ချိုင်းအစောင့်များထံ ခွင့်တောင်းခြင်းဖြစ်သည်။ ခွင့်တောင်းပြီးမှ မြေတူးခွင့် ရှိသည်။ အသုဘချသောရက်မှသာ သင်္ချိုင်းရှိသစ်ပင်ခုတ်ခွင့် သင်္ချိုင်းမြေတူးခွင့် ရှိသည်ဟု ပအိုဝ်းတိုင်းရင်းသားတို့က ယုံကြည်ကြသည်။

မြေတူးရာတွင် အသုံးပြုသောတောင်းကို မကောင်းဆိုးဝါးများ ကပ်ပါလာမည်ကို စိုးရိမ်ကာ သင်္ချိုင်းတွင်ထားခဲ့ကြသည်။ ပေါက်ပြားကို ပြန်ယူလာကြသည်။သင်္ချိုင်းရှိ ဇရပ်တွင် တရားနာ သရဏဂုံတင်ကာ အမျှဝေကြသည်။ တရားမနာခင် အလောင်းပေါ်ရှိ ချည်စောင်ကို မျက်နှာပေါ်က ဖယ်ရပြီး သပြေရွက်ဖြင့် မျက်နှာကို မေးစေ့ကနေအပေါ်နဖူးအထိ မျက်နှာသစ်သည့်အတိုင်း သပ်ပေးရသည်။ ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် အသုဘကို မြေမြှုပ်သင်္ဂြိုလ်ရာတွင် ဦးခေါင်းကို မြောက်ဘက်ထားပြီး ခြေကို တောင်ဘက်ထားကြသည်။ ဤသို့ သင်္ဂြိုလ်ခြင်းမှာ ပအိုဝ်းတိုင်းရင်းသားတို့၏ မူလနေရာဖြစ်သော သထုံပြည်ကို ပြန်အောင်းမေ့စေရန် ဖြစ်သည်။

မြေကျင်းထဲသို့ အခေါင်းချပြီး မြေမဖို့မီ နှီးပြားရှည်(သို့မဟုတ်) ကြိုးတစ်ချောင်း၏ အဖျားတစ်ဘက်ကို အခေါင်းအောက်တွင်ထားပြီး ကျန်တဘက်ကို ချည်ထုံးကာ မြေပေါ်သို့ ပေါ်ရန် ဖယ်ပြီး မြေဖို့ကြသည်။ မြေဝိုင်းဖို့သူတို့သည် ကုသိုလ်ရသည်ဟု ယူဆကာ ဝိုင်း၍ မြေဖို့ကြသည်။ မြေမြှုပ်ပြီးမှ မြေပေါ်တွင် ပေါ်နေသော နှီးတုံးကို နောက်ပြန်ဆွဲထုတ်ပြီး မြေပုံပေါ်သို့ အားဖြင့် တစ်ချက် ရိုက်ရသည်။ သေသူအား နောင်တမလွန်ဘဝတွင် မိကောင်း ဘကောင်းနှင့်ပြန်ဆုံစေရန် သေသူ၏ ဝိဉာဉ်အား အချက်ပေးသတိပေးခြင်းဖြစ်သည်။ ကြိုးကို သေသူအတွက် လမ်းခင်းပေးသော သဘောဖြင့် သင်္ချိုင်းတွင်ပင် ထားရှိရသည်။

အလောင်းကို မြေဖို့ပြီးနောက် မြေပုံပေါ်တွင်လည်း မြေထုံးကိုးထုံးတင်ကြသည်မှာ သထုံပြည်မှ ပအိုဝ်းတို့ပြောင်းရွှေ့လာစဉ် အုပ်စု(၉)စုကွဲသည်ကို ရည်စူးကြသည်ဟု လေ့လာရသည်။ ခေါင်းသွင်းရာတွင် ဝါးခြမ်းပြား(၉)ခြမ်းထားသည်မှာလည်း ထို့အတူပင်ဖြစ်သည်။ အုပ်စု(၉)အုပ်စုတို့သည် တစ်စုနှင့်တစ်စု သစ္စာရှိလေးစားကြောင်း အသိအမှတ်ပြုသည့် သဘောဖြစ်သည်။ချမ်းသာသောသူ သေလျှင်ဖြစ်စေ၊ ဆင်းရဲသောသူ သေလျှင်ဖြစ်စေမြေမြှုပ်ကြသည်ကများသည်။ ဘုန်းကြီးနှင့် အကြီးအကဲခေါင်းဆောင်များ သေမှသာ မီးသင်္ဂြိုလ်ပြီး အရိုးအိုးကို ဂူသွင်းကြသည်ကို တွေ့ရသည်။ အရေပြားရောဂါ၊ ဝက်ရူးပြန် အစရှိသောကူးစက်ရောဂါများဖြင့် သေဆုံးခဲ့လျှင် ရောဂါမကူးစက်အောင် မီးသင်္ဂြိုလ်ကြသည်ကို လေ့လာရပါသည်။

သင်္ဂြိုဟ်ရာတွင် လိုက်ပို့သူတို့သည် လမ်း၌ ဆူးသုံးတန် စိုက်ခဲ့ရသည်။ သေသူ၏ ဝိဉာဉ်ပြန်မလာစေရန် တားဆီးသည့်သဘောဖြစ်သည်။ လိုက်ပို့သော သူများသည် တစ်ရွာထဲမှ ဆွေမျိုးများ၊ ရွာသားများဆိုလျှင် အသုဘအိမ်ပြန်လိုက်လာကာ ရိုးရိုးရေဖြင့် ခြေလက်ဆေးပြီးမှ မိမိတို့ အိမ်ပြန်ကြသည်။ တခြားရွာသားများအနေဖြင့် သင်္ချိုင်းမှ တန်းပြန်ခွင့် ရှိသည်ကို တွေ့ရသည်။ ပအိုဝ်း တိုင်းရင်းသားတို့သည် သုသာန်ကို ရွာ၏ အနောက်ဘက်အရပ်နှင့် တောင်ဘက်အရပ်များတွင် သာရွေးချယ်ထားလေ့ရှိကြသည်။

## (၂) အစိမ်းသေခြင်း

အမျိုးသမီးများ ကလေးမွေးပြီးမှ သေဆုံးခြင်းကို ဆီမေး(သီမေး)ဟုခေါ်ပြီး ကလေးမမွေးနိုင်ဘဲ ဝမ်းတွင် ကလေးကျန်ပြီးသေခြင်းကို စီဒူ(သီဒူ) ဟူ၍ ပြောဆိုလေ့ရှိသည်။ ထိုသို့ သေခြင်းမျိုးကို အစိမ်းသေသည်ဟု ပအိုဝ်းတိုင်းရင်းသားတို့က ယူဆကြသည်။ ကိုယ့်ကိုယ်ကို သတ်သေခြင်းမျိုးကိုလည်းကောင်း၊ ဒါး၊ သေနတ်၊ လက်နက်ဒဏ်ရာဖြင့် သေခြင်းမျိုးကိုလည်းကောင်း၊ သစ်ပင်ပေါ်မှ ကျခြင်းမျိုးကိုလည်းကောင်း၊ အစိမ်းသေဟုသာ ယူဆကြသည်။ ပအိုဝ်းတိုင်းရင်းသား တို့သည် အစိမ်းသေ လျှင် လပြည့် လကွယ် မကူးစေဘဲ ချက်ချင်းသင်္ဂြိုဟ်ကြသည်။ အစိမ်းသေသူများကို ရိုးရိုးသေသူများနှင့် သင်္ချိုင်းတစ်ခုတည်းတွင် အတူသင်္ဂြိုဟ်ကြသည်။ သင်္ချိုင်းသပ်သပ်ခွဲထားခြင်း မရှိပေ။ အစိမ်းသေများကို ချက်ချင်းသင်္ဂြိုဟ်ရာတွင် အလောင်းကို သင်္ချိုင်းသို့ ပို့ရာတွင် ရွာအပြင်မရောက်မချင်း မြင့်မားစွာ မသယ်ယူရပေ။ သယ်ယူသူများ လက်မပြောင်းရ၊ လူမလဲရ။ ရွာအပြင်ရောက်မှသာ ပြင်ဆင်ထားသော တလား၊ (စင်)ပေါ်တွင် မြှောက်ခြင်း၊ ဆွဲခြင်းများ ပြုလုပ်ပြီး သင်္ဂြိုဟ်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် အစိမ်းသေလျှင် ရက်ကြာကြာမထားဘဲ ချက်ချင်း သင်္ဂြိုဟ်ကြသည်။ အမျိုးသမီးသည် ကလေးမမွေးနိုင်သဖြင့် သေဆုံးခဲ့သော် ကလေးကို ထုတ်ယူပြီး မိခင်နှင့်သားငယ်ကို သီးခြားစီခွဲ၍ ချက်ချင်းပင် သင်္ဂြိုဟ်ကြသည်။ အစိမ်းသေအသုဘကို အသုဘပို့လျှင် သံဃာတော်များသည် ကြီးသည် သုသာန်အထိ လိုက်မကြွဘဲ လမ်းခုလပ်တွင် (ရွာအပြင်ရောက်လျှင်) သီလပေးရေစက်ချ တရားဟောကြသည်။

အစိမ်းသေသဖြင့် သင်္ဂြိုဟ်ရာတွင် လိပ်ပြာခွဲပုံမှာ စိတ်ဝင်စားစရာကောင်းလှသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် အစိမ်းသေမှသာ လိပ်ပြာခွဲကြသည်။သေဆုံးသောဇနီးကို

မြေမြှုပ်ပြီးသည်နှင့် ယောကျ်ားဖြစ်သူ ပအိုဝ်းအမျိုးသားသည် မြေပုံမှ ခွာ၍ အိမ်ဘက်သို့မျက်နှာမူပြီး လုံကွင်းနှင်အပေါ် အင်္ကျီကိုချွတ်ပြီး တဟုန်ထိုးအိမ်အရောက်ပြေးရသည်။ ထိုသို့ပြေးနေစဉ် အနောက်သို့ ပြန်လှည့်ကြည့်ခြင်း မပြုရပေ။ သူစပြေးသည်နှင့်အခြားသူတစ်ယောက်ကလည်းသေနတ်ပစ်ဖောက်ပြီး လိပ်ပြာခွဲပေးလေ့ရှိသည်။

ထိုသို့လိပ်ပြာခွဲမှသာ အစိမ်းသေဖြင့် သေသွားသောသူသည် အစိမ်းသရဲဘဝဖြင့် လာမနှောက်ယှက်တော့ဟု ယုံကြည်ကြသည်။ ထိုကဲ့သို့ လိပ်ပြာမခွဲလျှင် သေသွားသောသူသည် စိတ်စွဲလန်းနေသဖြင့် နောက်ထပ်အိမ်ထောင်ထပ်ပြုသော ခင်ပွန်းသည်၏ နောက်မိန်းမကို အနှောက် အယှက် ပေးတတ်သည်ဟု ယုံကြည်ကြသည်။ နောက်မိန်းမသည်လည်း ပထမမိန်းမကဲ့သို့ ကလေး မမွေးနိုင်ဘဲ သေဆုံးမည်ဟုလည်း ယုံကြည်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် အစိမ်းသေသူများအတွက် ဆွမ်းသွပ်လျှင်လည်းကောင်း၊ ဘုရားလှူရာတွင်လည်းကောင်း သံတံခွန်များကိုလှူ၍ ဆုတောင်းအမျှပေးဝေကြသည်။ သံတံခွန်ဖြင့် လှူပေးမှသာ အစိမ်းဘဝမှ လွတ်မြောက်သည်ဟု ယုံကြည်ကာ အတတ်နိုင်ဆုံး အမြန်လှူကြသည်။

## (၃) ရက်လည်ခြင်း

ပအိုဝ်းတိုင်းရင်းသားတို့သည် လဆန်းရက်များ၌ လူသေဆုံးလျှင် လကွယ်မတိုင်မီ ရက်လည်ကြသည်။ မတတ်နိုင်လျှင် ထမင်းတစ်အိုး ဟင်းတစ်အိုးချက်ကာ ဘုန်းကြီးကျောင်းသို့ပို့ပြီး ရက်လည်တရားနာကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့က ရက်လည်ဆွမ်းသည် သေဆုံးသွားသောသူ မကျွတ်လျှင် ကျွတ်အောင် ဘဝအကူးကောင်းအောင် ရည်စူးပြီး ဆွမ်းသွတ်ကြသည်။။ အသုဘပို့ပြီး တစ်ရက်နှစ်ရက်အကြာ အများဆုံး (၇)ရက်အတွင်း ရက်လည်ကြသည်။ ရက်လည်ဆွမ်း မကျွေးခင် ဆွေမျိုးထဲမှဖြစ်စေ၊ အိမ်သူအိမ်သားထဲမှဖြစ်စေ တစ်ယောက်ယောက်က သေသူကို မြှုပ်နှံထားခဲ့သော မြေပုံကို ဇီးဖြူခက်(၃)ခက်ဖြင့် သုံးကြိမ်သုံးခါသပ်ပေးရသည်။ ဆွမ်းသွတ်ပေးမည်ဖြစ်၍ အတူတကွ လာရောက်တရားနာ ကုသိုလ်ယူပါရန် သေသူ၏ ဝိဉာဉ်ကို ခေါ်ရသည်။ ထိုဇီးဖြူခက်များကို ပြန်ယူလာပြီး အိမ်ခေါင်မိုးကြားတစ်နေရာဖြစ်စေ၊ ထရံကြားတွင်ဖြစ်စေ ထိုးထားရသည်။ ထို့နောက် ဆွမ်းကျွေးပြီး တရားနာပြီးမှ လွှင့်ပစ်ရသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် သေဆုံးသူအား ရည်စူး၍ ရက်လည်ဆွမ်းကပ်ပြီး

အလှူလုပ်သည့်အပြင် စုပေါင်းဆွမ်းသွတ်ပွဲကြီးမျိုးလည်း ကျင်းပကြသည်။ ရက်လည်ဆွမ်းသွတ်ခြင်းကို ပအိုဝ်းတိုင်းရင်းသားတို့က 'ပွယ်ပန်စွမ်'ဟု ခေါ်သည်။ ရက်လည်ဆွမ်းသွတ်ရာတွင် တစ်ဦးတည်းသာမက (၄)ဦး (၅)ဦး စုပေါင်း၍ လှူဒါန်းဆွမ်းသွတ်ကြသည်။

ဆွမ်းသွတ်ပွဲကို အိမ်အနီးရှိ မြေကွက်လပ်တွင်ဖြစ်စေ၊ ဘုန်းကြီးကျောင်းတွင်ဖြစ်စေ ပြုလုပ်ကြသည်။ အိမ်အနီးတွင်ပြုလုပ်ပါက မဏ္ဍပ်ထိုးရသည်။ ထိုမဏ္ဍပ်ကိုကန္နားဟုခေါ်သည်။ မဏ္ဍပ်ထဲတွင် မိမိတို့ ပင့်ဖိတ်သော ကျောင်းအတွက် အလှူပဒေသာပင်များ ပြင်ဆင်ထားသည်။ ငွေကြေးအကုန်အကျခံနိုင်လျှင် ခံနိုင်သလို ဘုန်းတော်ကြီးကျောင်း(၃)ကျောင်း (၄)ကျောင်းမှ ရဟန်းသံဃာတော်များ ပင့်ဖိတ်ကြသည်။

ပိတ်ဖြင့်ပြုလုပ်သော တံခွန်ကိုလည်း မဏ္ဍပ်တွင် ဆွဲထားရသည်။ တံခွန်တစ်ခုတည်းသာရှိပါက ဆွမ်းသွတ်သူ တစ်ဦးတည်းသာဖြစ်သည်။ တံခွန်အရေအတွက်ကို ကြည့်ပြီး ဆွမ်းသွတ်သူဦးရေကို သိနိုင်သည်။ အစိမ်းသေသူများအတွက် သံဖြင့်တံခွန်လုပ်ရသည်။ တရားနာပြီး ဆွမ်းသွတ်ပြီးသောအခါ ထိုတံခွန်များကို ဘုရားစေတီရင်ပြင်တွင် ဝါးလုံးစိုက်၍ လွှင့်ထူထားကြသည်။ တချို့ငွေကြေးချမ်းသာသူများက ဘုရားစေတီရင်ပြင်တွင် သစ်သားတိုင် အုတ်အင်္ဂတေတိုင်ဖြင့် ပြုလုပ်ကာ တံခွန်များ လွှင့်ထူထားကြသည်။

ရပ်ဝေးရပ်နီးမှ မိတ်ဆွေ သင်္ဂဟအပေါင်းနှင့် ဆွေမျိုးများကို လက်ဖက်ထုပ်ငယ်များ ပေးပို့ပြီး ဖိတ်ကြားရသည့်အပြင် ရွာလူကြီးကိုလည်း ဖိတ်ရသည်။ ရွာလူကြီးမှတဆင့် တစ်ရွာလုံးကို ဖိတ်ပေးသည်။ သင်္ချိုင်းမှ သေသူ၏ဝိဉာဉ်ခေါ်လာသော ဇီးဖြူခက်ကို မဏ္ဍပ်ရှိတိုင်တွင် ချည်နှောင်ထားရသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် မည်မျှဝေးသောဒေသဖြစ်စေကာမူ ဆွမ်းသွတ်ပွဲနှင့် ရှင်ပြုပွဲဖိတ်ခံရပါက ရောက်အောင်သွားတတ်ကြသည်။ ဆွမ်းသွတ်ပွဲကျင်းပမည့်ရက်ညပိုင်းတွင် မော်အေးခေါ် စာဟောပွဲများ ပြုလုပ်လေ့ရှိသည်။ မော်ဟောဆရာက ည(၇း၀၀)နာရီမှ (၁၂း၀၀)နာရီလောက်အထိ အချို့က မိုးလင်းပေါက်နားထိ ဘုရားနိပါတ်တော်လာဇာတ်တော်များ၊ သံဝေဂတရားများကို ဟောကြသည်။

မနက်သို့ရောက်သောအခါ သံဃာတော်များအား ဆွမ်းခဲဖွယ်ကပ်လှူခြင်း၊ တရားနာခြင်းတို့ ပြုလုပ်ကြသည်။ တရားမနာမီ သေသူအားရည်စူး၍ ဇလုံတစ်ခုတွင် ထမင်း၊ ဟင်း၊ ငှက်ပျောသီးစသည့် စားဘွယ်တို့ကို ထည့်ပြီးပြင်ရသည်။ ထိုပြင်ထားသော ဇလုံကို တရားဟောမည့်

စင်အနားတွင် ချထားရသည်။ တရားနာပြီးရေစက်ချသောအခါ သေသူကိုရည်စူးကာအမျှဝေပေးပြီး ထိုဖလုံထဲသို့ ရေစက်ချ သွန်းလောင်းရသည်။ တချို့က တရားနာပြီး နေ့ခင်းပိုင်းတွင် စာဟောဆရာအား မော်အေးစေသည်။ စာဟောသည့် အခမ်းအနားပြီးသောအခါ ရက်လည်ဆွမ်းသွတ်ပွဲ အခမ်းအနား ပြီးဆုံးသွားသည်။

# အခန်း ၄။

## စီးပွားရေး

(က) စိုက်ပျိုးရေး

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းပင် ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားများသည် စိုက်ပျိုးရေးလုပ်ငန်းကို မိရိုးဖလာ ဘိုးဘွားများမှစ၍ လုပ်ကိုင်ခဲ့ပြီး လက်ဆင့်ကမ်းအမွေပေးခဲ့သည့်လုပ်ငန်း အဖြစ်ခံယူကြသည်။ ပအိုဝ်းတိုင်းရင်းသား အများစုသည် စိုက်ပျိုးရေးကို အဓိကစောက်ချလုပ်ကိုင်ကာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကအားဖြင့် လယ်ယာစိုက်ပျိုးခြင်း၊ တောင်ယာ စိုက်ပျိုးခြင်းနှင့် ခြံစိုက်ပျိုးခြင်းဟူ၍ ရှိသည်။ မိုးရာသီတွင် လယ်လုပ်ငန်း၊ တောင်ယာလုပ်ငန်းကို လုပ်ကိုင်ပြီး ဆောင်းရာသီမှ နွေရာသီသို့ အကူးတွင် ခြံလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ရှေးယခင်ကထဲကပင်မြေဆီလွှာ ကောင်းမွန်ပြီး စိုက်ပျိုးရေးပြုလုပ်ရန် အဆင်ပြေသော မြေယာများတွင် အစဉ်တစိုက်စိုက်ပျိုးကာ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ကိုင်ရင်းမှ လယ်မြေ၊ ယာမြေများကို ပိုင်ဆိုင်မှု ရှိလာကြသည်။ ဘိုးဘွားမိဘပိုင် မြေယာများမှ လက်ဆင့်ကမ်း လုပ်ကိုင်လာခဲ့သဖြင့် ပုဂ္ဂလိကပိုင်၊ မိသားစုပိုင်ဟူ၍ ဖြစ်လာသည်။ယခုအခါ ထိုပုဂ္ဂလိကပိုင်၊ မိသားစုပိုင်ခြံများ၊ ယာများကို ရောင်းချခြင်းပြုလုပ်လာကြသည်။ ရွာနှင့်အလှမ်းဝေး ကွာသော တောပိုင်း တောင်ပိုင်းကျသော မြေရိုင်းများကိုမူ ကျေးရွာလူကြီးများကို အသိပေးကာ မည်သူမဆို သွားရောက်စိုက်ပျိုးနိုင်ကြသည်။ ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် လယ် ယာလုပ်ငန်းကို အဓိက စီးပွားဖြစ် လုပ်ကိုင်ခြင်းမရှိဘဲ ဝမ်းစာအတွက် တစ်ဖက်တစ်လမ်းမှ အထောက် အကူရရန် စိုက်ပျိုးခြင်း ဖြစ်သည်။ မိမိတို့မိသားစု ဝမ်းစာအတွက် ဆန်စပါးကို စိုက်ပျိုးကြပြီး ခြံလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသည်။ ကျောက်တလုံးဒေသရှိ ပအိုဝ်းတို့သည် လယ်ယာလုပ်ငန်းကို အင်းလေးဒေသနှင့် ကျောက်တလုံး နယ်နိမိတ် ထိစပ်သည့်နေရာတွင် လုပ်ကိုင်ကြသည်။ လယ်လုပ်ငန်း ကို ကဆုန်လမိုးဦးကျတွင် စတင်လုပ်ကိုင်ကြသည်။ စိုက်ပျိုးသော စပါးမျိုးများမှာ ဘူကျ ၊ ဘူခမ်းတန် ၊ဘူကျောင်း အစရှိသော ရှမ်းဆန်အမျိုးအစားများ ဖြစ်ကြသည်။



ကြက်သွန်ဖြူပင်များနှုတ်ပြီးစည်းထားပုံ



ကြက်သွန်ဖြူစိုက်ခင်း

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် နှစ်တိုခြံလုပ်ငန်းအဖြစ် ကြက်သွန်ဖြူ ကို အဓိကစိုက်ပျိုးပြီး ဂျုံနှင့်ဂျင်းကို စီးပွားဖြစ်ရောင်းဝယ်ရန်အတွက်လည်းကောင်း၊ မြေပဲ၊ ပဲပုတ်စေ့၊ ကြံ၊ ငရုပ်သီး၊ ပဲ၊ ပြောင်း၊ ပဲစဉ်းငုံအစရှိသော သီးနှံများကို လည်း စားသုံးရန်နှင့် ပိုလျှံသီးနှံများကို ရောင်းချရန်အတွက်လည်းကောင်း စိုက်ပျိုးကြသည်။

ကြက်သွန်ဖြူသည် အပူအအေး မျှတသော မြေပွမျိုးတွင် စိုက်ပျိုးနိုင်သည်။ ရေရရှိရန်နှင့် ရေခာတ်ရှိရန်လိုသည်။ ရွံ့စေးမြေဖြင့် ရောစပ်လျှက်ရှိသော မြေနက်သည် အကောင်းဆုံး ဖြစ်သည်။ ကြက်သွန်ဖြူသည် တန်ဆောင်မုန်းနှင့် နတ်တော်လတွင် စိုက်ပျိုးပြီး တန်ခူးလတွင်နှုတ်နိုင်သည်။ သီတင်းကျွတ်လတွင် ကြက်သွန်ဖြူစိုက်မည့်မြေကို ထွန်ယက်ပြီး မြေကို တူးဆွကြရသည်။ ထယ်သုံးစပ်၊ ထွန်ခြောက်ထပ်မွှေပြီး သဘာဝမြေသြဇာ နွားချေးများ အမိုးနီးယန်းဆာလဖိတ်များထည့်ပြီး သမအောင် တူးဆွပြီး မြေနေရာကို မြောင်းမြင့်သဖွယ် ပြုလုပ်ပြီး ရေသွင်းနိုင်ရန် ဘေးပတ်လည်တွင် ရေမြောင်း ကလေးများ လုပ်ရသည်။ မျိုးချမည့် ကြက်သွန်ဖြူဥများကို အမွှာကလေးများ ခွဲကြရသည်။ စိုက်ရန်အသင့်ဖြစ်နေသော မြောင်းမြင့်နေရာတွင် ကြက်သွန်ဖြူမျိုးဥအတက်ကလေးများကို မြှုပ်၍ ပျိုးရသည်။ မျိုးစေ့များကို ပေါက်ပြားဖြင့် လိုက်ဖုံးရပြီး အပေါ်တွင် ကောက်ရိုးအုပ်ထားရသည်။ အပင်ပေါက်ခါနီးနှင့် အပင်ပေါက်စတွင် ပျိုးခင်းများအပေါ် ရေဖြန်းခြင်းနှင့် ရေမြောင်းကလေးများအား ရေသွင်းပေးခြင်းကို (၅)ရက်လျှင် တစ်ကြိမ် ပြုလုပ်ပေးရသည်။ အပင်ပေါက်သည် တထွာအမြင့်သို့ ရောက်ပြီ ဆိုလျှင် အချို့က မြေသြဇာ ထပ်ထည့်ကြသည်။ သဘာဝမြေသြဇာဖြစ်သည့် နွားချီး ဓာတ်မြေသြဇာဖြစ်သည့် ပုလဲဓာတ်ဆားမိုးသီးတို့ကို လိုက်ထည့်ရသည်။ အပင်ပေါက်များကြားရှိပေါင်းပင် မြက်ပင်များကို လိုက်နုတ်ရသည်။ အပင်ပေါက်အရွယ်တွင် (၈)ရက် (၉)ရက်ကြာမှတစ်ကြိမ် ရေလောင်း ရသည်။ မျိုးကြဲပြီး (၃)လကြာသောအချိန်တွင်မူ အပင်များကို မြေသြဇာမထည့်ရတော့ပေ။ (၄)လကျော် (၅)လကြာသောအခါ တပေါင်း တန်ခူးတွင် အပင်များကို နှုတ်နိုင်ပြီ ဖြစ်သည်။ နုတ်ပြီးကြက်သွန်ဖြူ အပင်များကို အစည်းကလေးစီးကာ စိုက်သောမြေပေါ်တွင် တင်ပြီး နေလှန်းကြသည်။ (၂)ရက်(၃)ရက် လှန်းပြီးလျှင် ကြက်သွန်ဖြူရိုးတံကို ဓားဖြင့်လှီးဖြတ်ကာ အိမ်သို့သယ်ကြသည်။ တချို့ စိုက်ကေများလျှင် အိမ်သို့သယ်ယူပြီး ကြမ်းပြင်တွင်လည်းကောင်း၊ ကြပ်ခိုးစင်တွင်လည်းကောင်း ဖြန့်ထားကြသည်။ ပြီးမှသာ ကြက်သွန်ဖြူရိုးတန်များကို ဓားဖြင့် ဖြတ်ကြ၏။ မျိုးအလေးချိန်ပိဿာ(၁၀၀)စိုက်လျှင် ပိဿာချိန် (၃၀၀၊ ၄၀၀)ပြန်ထွက်ပြီး မြေသြဇာကောင်းသော မြေဆီလွှာတွင်မူ မျိုးအလေးချိန်ပိဿာ(၁၀၀)စိုက်ပါက

ကြက်သွန်ဖြူအချိန်(၆၀၀၊ ၇၀၀)ပိဿာအထိ ထွက်ကြသည်။ မြေအကျယ် တစ်ဧကလျှင် ကြက်သွန်ဖြူ(၁၂၀၀)မှ (၁၆၀၀)ပိဿာအထိ ထွက်နိုင်သည်။ ရှမ်းပြည်တောင်ပိုင်း ပအိုဝ်းဒေသ တစ်ခုလုံးသည် သနပ်ဖက်ကို ဦးစွာစိုက်၍ ကြက်သွန်ဖြူကို ဒုတိယစိုက်ပျိုးရေးအဖြစ် ရေရသော နေရာတိုင်းတွင် မိရိုးဖလာလုပ်ငန်းအဖြစ် အင်တိုက်အားတိုက် စိုက်ပျိုးကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် စိုက်ပျိုးရေးတွင် မြေသြဇာများကို အသုံးပြုကြသည့်အပြင် မစိုက်ပျိုးခင် သဘာဝမြေကြီးကို မြေဆီမြေနှစ် ပေါများစွာရရန် မြေပြုပြင်ခြင်းများကို လုပ်ကိုင်ကြသည်။ ပြုပြင်ပုံမှာ စိုက်ပျိုးရမည့်မြေကို ကြေမွစေရန် ပေါက်တူးပေါက်ပြားဖြင့် တူးဆွရသည်။ တူးဆွပြီးသော မြေကို အကွာအဝေးတူညီစွာ အပုံကလေးများ ပြုလုပ်ရသည်။ မြေပုံ၏ထိပ်တွင် ချိုင့်ကွက်ကလေးများ ပြုလုပ်ရသည်။ ထိုချိုင့်ကွက်ကလေးထဲသို့ နွားချေးခြောက်၊ မြက်ခြောက်၊ ကောက်ရိုးခြောက် အမှိုက်များ စုပုံ ထည့်ပြီး မီးရှို့ရသည်။ မီးလောင်နေစဉ် မီးခိုးထွက်ရန် အပေါက်ကလေးပြုလုပ်ပြီး ကျန်နေရာများကို မြေသားဖြင့် ဖုံးအုပ်ထားရသည်။ မီးသည် မြေပုံကို တငွေ့ငွေ့လောင်ကျွမ်းပြီး မြေသားကို ကျက်စေသည်။ မီးငြိမ်းသောအခါ ထိုမီးလောင်ထားသော မြေပုံကို ဖြန့်၍ မြေသြဇာအဖြစ် အသုံးပြုကြသည်။ ထိုသို့ပြုလုပ်ခြင်းကို ပအိုဝ်းတိုင်းရင်းသားတို့က ပရစ်ဖုတ်ခြင်း 'စူးဖျ' ဟု ခေါ်ကြသည်။ ပရစ်ဖုတ်ခြင်းသည် စိုက်ပျိုးမည့်နေရာတွင် ပေါင်းပင်များနည်းပါးစေသည့်အပြင် မြေသြဇာကောင်းမွန်စေရန် မြေသားကို ပြုပြင်ပေးခြင်း ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် စိုက်ပျိုးရေးဖြင့် အဓိကအသက်မွေးသူများဖြစ်ကြသဖြင့် သီးနှံများစိုက်ပျိုးရာတွင် ခေတ်ပေါ်ဓာတ်မြေသြဇာများ၊ စိုက်ပျိုးနည်းများကို တိုးတက်အသုံးပြုသော်လည်း ပရစ်ဖုတ်ခြင်းကို မိမိတို့၏ စိုက်ပျိုးရေးအတွက် မိရိုးဖလာ လုပ်ဆောင်ချက် တစ်ရပ်အနေဖြင့် ပြုလုပ်ကြသည်။

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် အခြားခြံစိုက်သီးနှံများ ဖြစ်သည့် ဂျုံ၊ ဂျင်း၊ ကြံ၊ မြေပဲတို့ကိုလည်း စိုက်ကြသည်။ ကြက်သွန်ဖြူစိုက်သော စိုက်ခင်းနေရာတွင် ကြက်သွန်ဖြူမစိုက်ဖြစ်ပါက များသောအားဖြင့် ဂျုံစိုက်ပျိုးကြသည်။ တော်သလင်းလမတိုင်မီတွင် တောင်ယာခုတ်ပြီး ယာခင်းအတွင်းရှိ အပင်ကြီးများကို ခုတ်ထွင်ရှင်းလင်းရသည်။ ထို့နောက် မြေကို တူးဆွကာ နွားချေးဖြင့်ရောပြီး မြေကိုပြုပြင်ရသည်။ ပရစ်ဖုတ်ရသည်။ တော်သလင်းလပြည့်မှ စတင်၍ ပြုပြင်ထားသော ယာခင်းနေရာတွင် ပျိုးစေ့များကို လက်ဖြင့်လိုက်ကြဲရသည်။ သုံးလေးရက်အကြာတွင် အပင်ပေါက်လာသည်။ ထိုအပင်များသည် ပျိုးပင်များ ဖြစ်သော်လည်း နုတ်ပြီးပြောင်းရွှေ့စိုက်ရန်မလိုပေ။

ဂျုံပင်များကြား ပေါက်သောမြက်ပင် ပေါင်းပင်များကို လိုက်၍ ရှင်းရသည်။ ဂျုံပင်များကို ရေသွင်းရန် ရေလောင်းရန်မလိုပေ။ ဂျုံပင်များ သီးချိန်ရောက်မှ မိုးမိလျှင် အရောင်မဲ၍ ပျက်စီးတတ်သည်။ တပို့တွဲနှင့် တပေါင်းလတွင် ဂျုံများကို ရိတ်သိမ်းနိုင်ပြီ ဖြစ်သည်။ ရိတ်သိမ်းပြီး စုပုံထားသော ဂျုံပင်များကို ဝိုင်းပုတ်ပေးရသည်။ ဂျုံစေ့များသန့်စင်စေရန် အမှုန့်များကို လေဖြင့်လှည့်ပေးရသည်။ ထို့နောက် ဂျုံစေ့များကို ရောင်းချနိုင်ပြီဖြစ်သည်။

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် ဂျင်းကိုလည်း စိုက်ပျိုးကြသည်။ ဂျင်းသည် မြေအမျိုးအစားမရွေး စိုက်နိုင်သည်။ စိုက်ချိန်တွင် မိုးကောင်းရန်နှင့် သီးနှံထွက်ချိန်တွင် ရာသီဥတုခြောက်သွေ့၍ နေပူရန်လိုသည်။မြေပြုပြင်ပြီး စိုက်ဘောင်ပြုလုပ်ကာ တစ်ပင်နှင့်တစ်ပင် (၉လက်မ)တစ်တန်းနှင့်တစ်တန်း(၁ ၁/၂လက်မ)ခွာပြီး စိုက်ရသည်။ (၇လ)ကြာသောအခါ တူးဖော်နိုင်သည်။အချို့ကလည်း ၁-နှစ် ၂-နှစ်ကြာမှ တူးဖော်ကြသည်။

ယခုအခါ ကျောက်တလုံးဒေသသည် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် စားသုံးသီးနှံများအပြင် အဓိကအရေးကြီး သီးနှံဖြစ်သော မြေပဲ၊ ကြံတို့ကို မြေဧက တိုးချဲ့စိုက်ပျိုးလာကြသည်။ လက်ဖက်၊ လိမ္မော်၊ သနပ်ဖက်ကျောက်တလုံးဒေသတွင် လက်ဖက်နှင့် လိမ္မော်ကို များစွာ မတွေ့ရပေ။ ကြက်သွန်ဖြူကို အဓိကစိုက်ပျိုးကာ.သနပ်ဖက် အနည်းငယ် စိုက်ပျိုးကြသည်။

သနပ်ဖက်၊ လက်ဖက်၊ လိမ္မော်၊ သစ်တော်သီး၊ ပင်စိမ်းသီးစသော စားသုံးပင်များသည် နှစ်ရှည်ခြံစိုက်ပျိုးရေး သီးနှံပင်များဖြစ်ကြသည်။ ငွေပင်ငွေရင်းစိုက်ထုတ်ပြီး သုံးလေးနှစ်ကြာအောင် ပြုစုယုယစိုက်ပျိုးရသည်။အရင်းအနှီးများသည်နှင့်အမျှ ခြံ၏ဝင်ငွေ အကျိုးအမြတ်လည်း များစွာရသည်။ သနပ်ဖက်သည် ပအိုဝ်းတိုင်းရင်းသားတို့၏ အဓိကထွက်ကုန်တစ်မျိုးဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားတို့က သနပ်ဖက်ကို 'စိန်လာ'ဟု ခေါ်သည်။ သနပ်ဖက်ကို (၁) မျိုးစေ့များကို ပျိုးထောင်ပြီးမှ စိုက်ပျိုးခြင်း။ (၂) အကိုင်းများဖြင့် စိုက်ပျိုးခြင်း။ (၃) မျိုးစေ့များဖြင့် စိုက်ပျိုးခြင်း ဟူ၍ သုံးမျိုးစိုက်ပျိုးနိုင်သည်။ သို့ရာတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် မျိုးစေ့များဖြင့် ပျိုးထောင်ပြီးမှသာ စိုက်ပျိုးကြသည်က များ၏ ဤနည်းသည် ကိုင်းစိုက်ပျိုးခြင်းနှင့် မျိုးစေ့ဖြင့် တိုက်ရိုက်စိုက်ပျိုးခြင်းထက် ပိုအောင်မြင်ပြီး အရွက်များကို စောစီးစွာ ခူးယူနိုင်သောကြောင့် ဖြစ်သည်။

သနပ်ဖက်ပင်များစိုက်ပျိုးပြီး တစ်နှစ်လျှင် နှစ်ကြိမ်အထိ မြက်ပင်၊ ပေါင်းပင်များကို ရှင်းလင်းပေးရသည်။ သနပ်ဖက်သက်တမ်း သုံးနှစ်လေးနှစ် လောက်ရောက်သော အချိန်တွင် ပင်စည်၏

အချင်းသည် ၁-လက်မမှ ၂လက်မခွဲ နီးပါးရှိလာသည်။ ထိုအချိန်တွင် သနပ်ဖက်ပင်များကို ခုတ်ဖြတ်နိုင်ပြီ ဖြစ်သည်။ သနပ်ဖက်ပင်များကို တပို့တွဲ တပေါင်းလများတွင် ခုတ်ဖြတ်ကြသည်။ သနပ်ဖက်ပင်များကို ခုတ်ဖြတ်ရာတွင် လွှကိုလည်းကောင်း၊ ဓားကိုလည်းကောင်း သုံးနိုင်သည်။ ခုတ်ဖြတ်ပြီးသော သနပ်ဖက်ပင်များကို ပိုးမွှားများက ဖျက်ဆီးတတ်သဖြင့် (D. D.T) ပိုးသတ်ဆေးမှုန့်နှင့် ထုံးမှုန့်ကို ဆတူရောပြီး သနပ်ဖက်ပင်၏ ပတ်လည်တွင် ဖြူးထားရသည်။ ဆီဗင်ဆေးမှုန့်ဖြင့်လည်း ဖျန်းပေးရသည်။

တန်ခူး၊ ကဆုန်လများတွင် အကိုင်းသစ်များထွက်လာပြီး ထိုအကိုင်းသစ်များသည် မိုးရွာသည်နှင့် လျှင်မြန်စွာ ကြီးထွားလာသည်။ သနပ်ဖက်ပင် ပိုမိုရှင်လာစေရန်နှင့် အရွက်များ ကြီးမားကျယ်ပြန့်လာစေရန်အတွက် အညွန့်အတက်များကို ချိုးပေးရသည်။ တစ်နှစ်လျှင်(၄)ကြိမ်မှ (၆)ကြိမ်အထိ အညွန့်များကို ချိုးပေးလေ့ ရှိကြသည်။

မိုးစရွာပြီး နှစ်ပတ်မှသုံးပတ်လောက်အကြာ ကဆုန်လဆန်းလောက်တွင် သနပ်ဖက်ရွက်များ ကို စ၍ ခူးကြသည်။ သနပ်ဖက်ရွက်ကို ခူးရာတွင် တစ်ပင်လုံးကို တခါတည်းခူးခြင်းမျိုးမဟုတ်ဘဲ ရွေး၍ခူးရသည်။ ခူးရာတွင်လည်း မနုလွန်း မကြမ်းလွန်းသော အရွက်များကိုသာ ခူးရ၏။ ခူးပြီးသော သနပ်ဖက်ရွက်များကို တစ်ရွက်စီ၏ အကြောနှင့်ညှာတံတို့ ထိစပ်နေသော နေရာမှ စ၍ ဓားငယ်လေးဖြင့် အကြောသင်ရသည်။ ထိုသို့ အကြောသင်ရာတွင် အကြောများစင်ကြယ်မှ သနပ်ဖက် ပို၍ ချောလာသည်။ သနပ်ဖက်များ ပိုချောပါမှလည်း အရောင်းသွက်သည့်အပြင် ဈေးလည်းပိုရသည်။ အကြော သင်ပြီးသော သနပ်ဖက်ရွက်စိမ်းများကို ဒယ်တွင်ထည့်၍ မီးဖြင့်ပေါင်းခံခြင်းကို သနပ်ဖက်လှော်သည်ဟု ခေါ်သည်။နေ့တွင်ခူးသော သနပ်ဖက်ရွက်ကို အကြောသင်ပြီးညတွင် ချက်ချင်း လှော်ရသည်။ အကြောသင်ပြီး သနပ်ဖက်များကို ဒယ်ထဲတွင် ခရုပတ်စီ၍ ထည့်ပြီးနောက် သံအိတ်ငယ်(သို့မဟုတ်) သဲထည့် ထားသော ဂုန်နီအိတ် (သို့မဟုတ်) ပိတ်စဖြင့် ဒယ်တစ်ခုလုံးဖြန့်၍ ဖိထားပေးရ၏။ ပိတ်စကောင်းလျှင် ကောင်းသလို သနပ်ဖက်လည်းချောသဖြင့် ယခုအခါ အဘိုးတန် ပိတ်စများကို အသုံးပြု ကြသည်။ ထိုဒယ်များကို သနပ်ဖက်လှော်သည့် ဖိုတွင်ထားပြီး မီးအပူပေးရသည်။ တစ်ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ကြာ သောအခါ ထုတ်ယူနိုင်၏။ သနပ်ဖက်လှော်သည့်ဖိုတွင် တချို့က ဒယ်အိုးခုနှစ်ခု၊ ရှစ်ခု၊ တချို့က တစ်ဆယ့်ခြောက်ခုအထိ ထားကြသည်။

လှော်ပြီးသော သနပ်ဖက်များကို အမျိုးအစားခွဲရောင်းကြသည်။ အမျိုးအစားများမှာ ခ(ခေါင်)၊ က(အကြီး)၊ လ (အလတ်)၊ စ (စက)၊ ဝ(ဝလုံး)၊ သဝ၊ သပြာ၊ သနီ၊ သကြက်ခြေ၊ သနှစ်ချောင်း၊

သသုံးချောင်း၊ ပတီး၊ အစုတ်ကြီး၊ အစုတ်သေး၊ ပယ်စသည်တို့ ဖြစ်ကြသည်။

သနပ်ဖက် အရွယ်အစား၊ သင်္ကေတအခေါ် အဝေါ်တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

| သင်္ကေတ | အခေါ်အဝေါ် | လက်မ(အရွယ်အစား) |
|---|---|---|
| ခ | ခေါင် | ၉လက်မအထက် |
| က | ကကြီး | ၈. ၅လက်မမှ ၉လက်မအောက် |
| လ | အလတ် | ၈လက်မမှ ၉. ၅လက်မ |
| စ | စက | ၇. ၅လက်မမှ ၈လက်မအောက် |
| ဝ | ဝလုံး | ၇လက်မမှ ၇. ၅လက်မအောက် |

ခ၊ က၊ လ၊ စ၊ ဝ အစရှိသော သင်္ကေတများကို အကြီးပင်ကျ ဟုခေါ်သည်။

| သင်္ကေတ | အခေါ်အဝေါ် | လက်မ(အရွယ်အစား) |
|---|---|---|
| သဝ | သဝ | ၆. ၅လက်မမှ ၇လက်မအောက် |
| သပြာ | သပြာ | ၆လက်မမှ ၆. ၅လက်မအောက် |
| သနီ | သနီ | ၅. ၅လက်မမှ ၆လက်မအောက် |
| သ+ | သကြက်ခြေ | ၅လက်မမှ ၅. ၅လက်မအောက် |
| ဝတီး | ဝတီး | ၄. ၅လက်မမှ ၁လက်မအောက် |
| ပါယ် | - | ၄လက်မအောက် |

သဝ၊ သပြာ၊ သနီ၊ သ+၊ ဝတီး၊ ပါယ်အစရှိသော သနပ်ဖက်အရွယ်အစားများကို အသေးပင်ကျ ဟုခေါ်သည်။ ၁၉၉၇-ခုဈေးအရ အကြီးပင်ကျသည် (၁)ပိဿာလျှင် ၃၀၀ကျပ်မှ ၄၀၀ကျပ်ကြား ရှိ၍ အသေးပင်ကျသည် (၁)ပိဿာလျှင် ၁၀၀ကျပ်မှ ၂၅၀ကျပ် ဝန်းကျင်တွင် ရှိသည်။ များသောအားဖြင့် အကြီးပင်ကျနှင့် အသေးပင်ကျဟူ၍ (၂)မျိုးခွဲကြသည်။ သို့သော် မိမိတို့ပို့သော ဖောက်သည် ဆေးလိပ်ခုံပေါ် မှီတည်ပြီး အကြီးပင်ကျ၊ အလတ်၊ အသေးပင်ကျဟူ၍ (၃)မျိုးခွဲကြ သည်လည်း ရှိကြသည်။ ထိုသို့ သနပ်ဖက်ကို အမျိုးအစားခွဲရာတွင် ပအိုဝ်းအမျိုးသမီးများက အမျိုးအစား ရွေးပေးကြသည်။ ထိုသို့ ဖက်အမျိုးအစားရွေးသည်ကို ဖက်ပွေသည်ဟု ခေါ်သည်။ ပအိုဝ်းအမျိုးသမီး တစ်ယောက်အနေဖြင့် ဖက်ပွေရာတွင် ကျွမ်းကျင်လျှင် ကျွမ်းကျင်သလို တစ်နေ့လျှင်(၂၅)ပိဿမှ

ပိဿာ(၄၀)အထိ ရွေးနိုင်ကြသည်။ဖက်ရွေးခသည် တစ်ပိဿာလျှင် (၅ကျပ်)နှုန်းဖြစ်သည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် သနပ်ဖက်ဖြင့် ပြုလုပ်သော ဖက်ဆေးလိပ်များကို သောက်ကြသည်။ ဧည့်သည်များကို တည်ခင်းကြသည်။ ထိုသို့ တစ်နိုင်ငံလုံး အသုံးပြုသော ပစ္စည်း၏ ကုန်ကြမ်းကို ပအိုဝ်းအမျိုးသားများက ထုတ်လုပ်ပေးခဲ့သည်မှာ ရှေးကတည်းကပင် ဖြစ်သည်။ ကြက်သွန်ဖြူသည်လည်း နိုင်ငံခြားပို့ကုန်အဖြစ် အရေးပါသော သီးနှံဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံသော ပအိုဝ်းတိုင်းရင်းသားတို့၏ စီးပွားရေးကို လေ့လာကြည့်လျှင် ရှေးကတည်းကပင် ရောင်းချရန်အတွက်ပါ ရည်ရွယ်ပြီး စိုက်ပျိုးခဲ့သောကြောင့် ပအိုဝ်းတိုင်းရင်းသားတို့၏ စီးပွားရေးသည် တန်းမြင့်စိုက်ပျိုးရေး[၁] ပေါ် မူတည်သော တန်းမြင့်ကုန်ထုတ်လုပ်သော စီးပွားရေးစနစ်[၂] ဟု နားလည် သိရှိရပါသည်။

---

၁။ Advanced agriculture

၂။ Advanced Food producing economic system.

(ခ) မွေးမြူရေး

ပအိုဝ်းတိုင်းရင်းသားတို့သည် စိုက်ပျိုးရေးလုပ်ငန်းကို ဘိုးဘွားအမွေအဖြစ် မိမိတို့၏ အဓိကစီးပွားရေးအဖြစ် စောက်ချလုပ်ကိုင်ကြသည်ကတစ်ကြောင်း၊ ဗုဒ္ဓဘာသာကို အလွန်ယုံကြည် ကိုးကွယ်သော လူမျိုးဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းကို စိုက်ပျိုးရေးလုပ်ငန်း လောက် အားပေးခြင်းမရှိ။ လုပ်ကိုင်ခြင်း မရှိပေ။ သို့သော် ပအိုဝ်းတိုင်းရင်းသားတို့သည် ကျွဲ၊ နွား၊ မြင်း၊ ကြက်တို့ကို မွေးမြူရသေးသည်။ အဘယ်ကြောင့်ဆိုသော် ပအိုဝ်းကျေးရွာများသည် တစ်ရွာနှင့်တစ်ရွာ အလှမ်းဝေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်းတို့ကြောင့် ခရီး သွားလာရေးနှင့် ကုန်ပစ္စည်းများ သယ်ယူရာတွင် နွားလှည်း၊ မြင်းလှည်းတို့ကို အသုံးပြုနေရသဖြင့် မြင်းနှင့်နွားတို့ကို မွေးမြူကြရသေးသည်။ စိုက်ပျိုးရေးလုပ်ကိုင်သည့်အတွက် လယ်ယာထွန်ယက်ရန် အတွက်လည်း ကျွဲနွားကို မွေးမြူကြပါသည်။ နွားကို စိုက်ပျိုးရေးလုပ်ငန်းအတွက် နွားချေးမြေဩဇာ ရရန်အတွက်ပါ မွေးမြူကြသည်။ ပအိုဝ်းလူမျိုးတို့သည် တိရစ္ဆာန်များကို မိမိတို့လုပ်ငန်း အသုံးချရန် ရည်ရွယ်ပြီး မွေးမြူကြသည်က များသည်။ စားသုံးရန်နှင့် ရောင်းချရန်အတွက် မွေးမြူခြင်းမရှိပေ။ ကြက်နှင့်ကြက်ဥကိုကား ရံဖန်ရံခါမှ ရောင်းချကြသည်။

(ဂ) အမဲလိုက်ခြင်း၊ ငါးရှာခြင်း။

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် စိုက်ပျိုးရေးကို အဓိကထား အသက်မွေးကြသူများ ဖြစ်သည့်အတွက် မုဆိုးလုပ်ငန်း၊ တံငါလုပ်ငန်း သက်သက်ဖြင့် အသက်မွေးဝမ်း ကျောင်းပြီး စီးပွားရှာသော အလေ့အထ မရှိပေ။ ဗုဒ္ဓဘာသာကို ကိုးကွယ်ပြီး အလွန်ယုံကြည်ကိုင်းရှိုင်းသော တိုင်းရင်းသားများ ဖြစ်သည့်အတွက် အသက်ရှိသတ္တဝါများကို သတ်ပြီး စီးပွားရှာကာ အသက်မွေးဝမ်း ကျောင်းပါက အပြစ်အလွန်ကြီးသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် တံငါလုပ်ငန်းနှင့် အမဲလိုက် လုပ်ငန်းကို အားပေးလုပ်ကိုင်ခြင်း မရှိကြပေ။

လူငယ်၊ လူလတ်ပိုင်းများကသာ အလုပ်အားလပ်ချိန်တွင် ရံဖန်ရံခါ အပျော်သဘောမျိုး အမဲလိုက်ကြသည်သာ ရှိသည်။ အမဲလိုက်ရာတွင် တူမီးသေနတ်၊ ဒူးလေးနှင့်လေးခွတို့လောက်သာ ကိုင်ဆောင်ပြီး ယုန်၊ ချေ၊ တောဝက်အစရှိသော အကောင်များကို အမဲလိုက်ကြ၏။ ပအိုဝ်းတို့က တူမီးလက်နက်သည် လေမုန်တိုင်းကျပါက တူမီးနှင့်ပစ်လိုက်ပါက လေမုန်တိုင်း ပျက်သွားသည်။

တောမီးလောင်လျှင် တူမီးနှင့်ပစ်လိုက်ပါက မီးငြိမ်းသွားသည်ဟု ယုံကြည်ကာ တူမီးလက်နက်ကို ရှေးယခင်ကထဲကပင် သုံးကြသည်။ အပျော်သဘောအမဲလိုက်သည့်အတွက် ရလာသော သားကောင်များကို စီးပွားဖြစ်ရောင်းချခြင်း မရှိဘဲ ဆွေမျိုးများသာ ခွဲဝေစားသောက်ကြသည်။

ပအိုဝ်းလူမျိုးများသည် များသောအားဖြင့် တောင်ပေါ်ဒေသများတွင်သာ နေထိုင်ကြပြီး အင်း အိုင် ချောင်း မြောင်းတို့နှင့် အလှမ်းဝေးကွာသော နေရာတွင် နေထိုင်ကြသည်က များသည်။ ကျောက်တလုံးဒေသသည် တောင်ကြောပေါ်တွင် တည်ရှိသော်လည်း အင်းလေးဒေသနှင့်ဆက်စပ်နေသဖြင့် ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့အတွက်မူ အင်းနှင့်အလှမ်းမဝေးကွာပေ။ သို့ရာတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် ဘာသာရေးကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင်များဖြစ် သောကြောင့် တံငါလုပ်ငန်းဖြင့် အသက်မွေးခြင်း မရှိပေ။ တခါတလေ လူလတ်ပိုင်း၊ လူငယ်ပိုင်း အမျိုးသားတို့ ငါးမျှားတံကို အသုံးပြုကာ အပျော်သဘောမျိုး ငါးမျှားကြသည်သာ ရှိသည်။ သို့သော် အလွန်ရှားပါး၏။ ယင်းသို့မျှားရာတွင်လည်း စားရန်အတွက်ဖြစ်ပြီး ရောင်းချရန်မဟုတ်ပေ။ ပအိုဝ်းကျေးရွာများတွင် (၅)ရက်တစ်ဈေး ဈေးနေ့ရှိရာ ဈေးနေ့မှ အင်းလေးဘက်မှ လာရောင်းသော ငါးနှင့်ငါးပိကောင်ကိုသာ စားကြသည်။ ငါးများကို ရောင်းချရန် ရည်ရွယ်ပြီး မိမိကိုယ်တိုင်မွေးမြူခြင်း၊ ငါးဖမ်းခြင်းမျိုး မရှိကြပေ။ တံငါလုပ်ငန်းဖြင့် အသက်မွေးသူများလည်း မရှိကြပေ။ ပအိုဝ်း တိုင်းရင်းသား တို့သည် ရိုးသားကြိုးစားသော တိုင်းရင်းသားများ ဖြစ်ကြပြီး မိမိ၏ ကာယလုပ်အားဖြင့် ချွေးမြေသို့ ကျအောင်ထွန်ယက်စိုက်ပျိုးသော စိုက်ပျိုးရေးလုပ်ငန်းကိုသာ အထွဋ်အမြတ်ထားကြသည်။

(ဃ) လက်မှုလုပ်ငန်း (သီးသန့်ထူးချွန်လုပ်ငန်း)

ရှေးပအိုဝ်းတိုင်းရင်းသားတို့၏ အဓိက လက်မှုလုပ်ငန်းမှာ ဂျပ်ခုတ် ယက္ကန်းလုပ်ငန်းဖြစ်သည်။ ရှေးပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့၏ ဝတ်စုံအနက်ရောင်ကို ကိုယ်တိုင်ရက်လုပ်ဆေးဆိုးကြသည်။ မိမိတို့ခြံထွက် ဝါသီးများကို ချည်ခင်ဖြစ်အောင် ပြုလုပ်ကြသည်။ ဝါသီးကို ကိုယ်တိုင်ခူးပြီး သစ်သား လက်လှည့် ဝါကြိတ်စက်ဖြင့် ပထမဦးစွာ အစေ့ထုတ်ရသည်။အစေ့ထုတ်ပြီးသော ဝါဂွမ်းတို့ကို တဖန် လေးကိုင်းနှင့် ဖန့်ပြီး ဗိုင်းတောင်လေးများ ပြုလုပ်ပြီး ချည်ဆွဲရစ်ဖြင့် ချည်ဖြစ်အောင် လုပ်ရသည်။ ရရှိလာသောချည်များကို အခင်များပြုလုပ်၍ ထမင်းရည်ဖြင့် စိမ်ပြီး အခြောက်လှန်းရသည်။ ခြောက်သွေ့လာသော ဝါချည်ကို ဝက်မှင်ဘီးဖြင့် အမွေး အမှင်များစင်ကြယ်စေရန် ပွတ်တိုက် ရှင်းလင်းပေးရသည်။ ထို့နောက် ချည်ခင်ကို သစ်သားဖြင့် ပြုလုပ်ထားသော လက်ရက်ကန်းဖြင့် အထည်အဖြစ်ရောက်အောင် ရက်ရသည်။ ရက်ထားသော အဖြူရောင်ချည်ထည်ကို အနက်ရောင် ဆိုးကြသည်။

အနက်ရောင်ဆိုးပုံမှာ မဲနယ်ပင်၏ အရွက်များကို အိုး(သို့မဟုတ်) ပုံးထဲတွင်ထည့်ကာ (၄)(၅)ညစိမ်ခြင်းဖြင့် အပုပ်ခံရ၏။ ပုပ်လာသော မဲနယ်ရွက်များကို ထုံးဖြင့်ရောချေရသည်။ ထိုသို့ရောချေရာမှ ရလာသောအရည်ကို အဖြူရောင် အမြှုပ်ရသည်အထိ မွှေပေးရသည်။ ချေထားသော မဲနယ်ရွက်များကိုတော့ မလိုအပ်ချေ။ အဖြူရောင်အမြှုပ်ထလာပါက အနည်ထိုင်စေသည်။ ထို့နောက် အပေါ်မှ အရည်ကြည်ကို သွန်ပစ်ကာ အနက်ရောင် ကျန်ရှိနေသော အနှစ်များကို ချန်ထားရသည်။ တဖန် ပအိုဝ်းအခေါ် မုံးရွက် (အမွေးရှိသောအရွက်)ကို ပြာဖြင့်ရောပြီး သုံးညစိမ်ရသည်။ သုံးညပြည့်လျှင် ထိုအရွက်များကို အရည်ရအောင် ညှစ်ယူရသည်။ ထိုအရည်နှင့်မဲနယ်ရည်တို့ကို ရောကာ သုံးညခန့် ပြန်စိမ်ရသည်။ ထိုအရည်ကို တုတ်ချောင်းဖြင့် အရည်ကအဝါရောင် အမြှုပ်က အပြာရောင် ဖြစ်သည်အထိ မွှေရ၏။ အမြှုပ်မထသေးပါက ဆေးဆိုး၍ မရသေးပေ။ အမြှုပ်ထပါက ရေဖြင့်လျှော်ထားသော ဝါချည်ဖြင့် ရက်လုပ်ထားသော အဖြူရောင်ချည်ထည်ကို အရောင်ဆိုးနိုင်ပြီ ဖြစ်သည်။ တစ်ကြိမ်ဆိုးပြီး ရေဖြင့်ပြန်လျှော်ခြင်းတို့ပြုလုပ်ကာ နေလှန်းရသည်။ ထိုကဲ့သို့ တစ်နေ့လျှင် (၂)ခါနှုန်းဖြင့် လေးရက် ရှစ်ကြိမ် ဆိုးရသည်။

အနက်ရောင်အထည်ကိုရပြီဖြစ်သော်လည်း ပအိုဝ်းအခေါ် စွံပင်၏ အခေါက်ကို သုံးရည်တစ်ရည်ရအောင် ကျိုပြီး ထိုအရည်ကို အအေးခံကာအနက်ရောင် အထည်အပေါ် ထပ်ဆိုးရသည်။ ထို့နောက် အခြောက်လှန်းရသည်။ အခြောက်လှန်းထားသော အထည်ကို သဲမပါသော

အရောင်မွဲသည့်ရွှံ့ထဲတွင် နှစ်ပြီး အရည်ကျိုထားသော ကျွဲသားရေဖြင့် စိမ်မှသာ ပို၍ နက်သော အရောင်ကို ရသည်။

အထည်ကို ရေနွေးနွေးဖြင့် ပေါင်းခံပြီး တဖန် အခြောက်လှန်းရပြန်သည် ခြောက်လာသောအခါ ပထမဆုံး ဆိုးသော မဲနယ်ရည်ဖြင့် သုံးကြိမ်ထပ်ဆိုးရသည်။ တစ်ခါ ဆိုးပြီးတိုင်း တစ်ကြိမ်ပြန်လှန်းရသည်။ ထိုသို့ သုံးကြိမ်ပြုလုပ်ပြီးမှသာ ပိတုန်းရောင်ကဲ့သို့ နက်ပြောင်သော အနက်ရောင်အထည်ကိုရသည်။ ထိုအထည်မှသာ ပအိုဝ်းတိုင်းရင်းသားတို့သည် ဝတ်စုံချုပ်ကြသည်။

သို့ရာတွင် ယခုအခါ ပအိုဝ်းတိုင်းရင်းသားတို့သည် ရှေးကကဲ့သို့ အဆင့်ဆင့် ပင်ပင်ပန်းပန်း မလုပ်ကြတော့ဘဲ အနက်ရောင်အထည်များကို အဆင်သင့် အလွယ်တကူဝယ်နိုင်ကြပြီ ဖြစ်သည်။ထို့ကြောင့်ဂျပ်ခုတ်ယက္ကန်းလုပ်ငန်းလည်း ကွယ်ပျောက်စ ပြုလာခဲ့ပြီ ဖြစ်သည်။

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့၏ လက်မှုလုပ်ငန်းအနေဖြင့် ခြင်းတောင်းရက်ခြင်း၊ သက်ကယ်ရက်လုပ်ခြင်းတို့ကို အိမ်တွင်းတနိုင်သဘောမျိုး တောင်ယာနား ချိန်တွင် ရက်လုပ်ကြသည်။ ယခုအခါတွင် ခေတ်မှီလာသည်ကတကြောင်း၊ စီးပွားရေးအဆင်ပြေလာသည်က တစ်ကြောင်းတို့ကြောင့် အိမ်အမိုးကို သက်ကယ်မမိုးဘဲ သွပ်မိုးလာသည်ကို တွေ့ရ၏။ အချို့ အိမ်မိုးအကာကိုတော့ ထရံကာအဖြစ်တွေ့ရသေးသဖြင့် သက်ကယ်ရက်ကြသည်ကို တွေ့ရသည်။ ပလိုင်းသည် ပအိုဝ်းအမျိုးသမီးတို့၏ အဓိကပစ္စည်းထည့်ရာ ခြင်းဖြစ်သည့်အတွက် ပအိုဝ်းအမျိုးသမီး တိုင်းလိုလို ပလိုင်းရက်တတ်ကြသည်။ ပအိုဝ်းအမျိုးသမီးတိုင်းသည် ပလိုင်းလွယ်ကြရာ ပအိုဝ်းတိုင်းရင်းသားတို့၏ အိမ်တိုင်းတွင် ပလိုင်းရှိကြသည်။ ပလိုင်းရက်လုပ်ခြင်းသည် ပအိုဝ်းတိုင်းရင်းသားတို့၏ သီးသန့်ထူးချွန်လုပ်ငန်း[၁] ဖြစ်သည်။ ဝါးဖြင့်ရက်လုပ်သော တောင်း၊ ပလိုင်း၊ ထရံ၊ ဆန်ကာ၊ ဆန်ကောဖျာတို့သည် ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့၏ အဓိက အိမ်တွင်းမှု လက်မှုလုပ်ငန်းများ ဖြစ်ကြသည်။

ကျောက်တလုံးတိုက်နယ်ကျေးရွာတွင် ရွှေပန်းတိမ်၊ ငွေပန်းတိမ်လုပ်ငန်း လုပ်ကိုင်သူများကို တွေ့ရသည်။ ပအိုဝ်းတိုင်းရင်းသားတို့၏ အသုံးအဆောင်များဖြစ်သော ဆံထိုး၊ လက်စွပ်၊ နားတောင်း၊ လက်ကောက်၊ ခြေကျင်း၊ ဆွဲသီးများ ပြုလုပ်ကြသည်။

---

၁။ Specialization of labour

ပန်းဘဲလုပ်ငန်းသည် ခွန်အားစိုက်ထုတ်ပြီး ပင်ပန်းစွာ လုပ်ရသော လုပ်ငန်းဖြစ်သည့်အလျှောက် ကျောက်တလုံးဒေသတွင် ပန်းဘဲလုပ်ငန်း လုပ်ကိုင်သူ ပအိုဝ်းအမျိုးသားနှင့် အမျိုးသမီးတစ်ဦးစ နှစ်ဦးစသာတွေ့ရသည်။ ဓားအမျိုးမျိုး၊ ပေါက်ပြား၊ ပေါက်တူး၊ တူရွင်း၊ ကပ်ကြေးများနှင့် လယ်ထွန်စက်သုံးပစ္စည်းလုပ်ငန်းများကို ပန်းဘဲလုပ်ငန်းလုပ်သူက လုပ်ပေးကြသည်။

ပအိုဝ်းလူမျိုးတို့သည် ဝါးပင်ကို ထောင်း၍လည်းကောင်း၊ လျှော်ပင်(သို့မဟုတ်) သနပ်ဖက်ပင်၏ အခေါက်ကိုထောင်း၍လည်းကောင်း၊ ကြိုးကျစ်၍ အသုံးပြုကြသည်။ လျှော်ပင် (သို့မဟုတ်) သနပ်ဖက်ပင်၏ အခေါက်ကိုခွာပြီး ရေစိမ်ရသည်။ ရေနူးပြီး အနည်းငယ်ပျော့လာလျှင် အမျှင်ခွာရသည်။ ထိုအမျှင်များကို အခြောက်လှန်းကာ ခြောက်လာလျှင် တစ်ခုနှင့်တစ်ခုကျစ်ကာ ကြိုးအဖြစ် အသုံးပြုကြသည်။ ဝါးပင်ကိုလည်း ထောင်းပြီး ကြိုးကျစ်ကာ ကြိုးအဖြစ်အသုံးပြုကြသည်။

ကျောက်တလုံးဒေသသည် ယခုအခါ ဖွံ့ဖြိုးတိုးတက်သော ဒေသဖြစ်လာသည်နှင့်အမျှ ပအိုဝ်းတိုင်းရင်းသားတို့သည် တိုက်အိမ်များ ဆောက်လာကြသည့်အတွက် ပန်းရံလုပ်သူ၊ လက်သမားလုပ်သူများကိုလည်း တွေ့ရသည်။ လှေကားလက်ရမ်း၊ ပွတ်လုံးလုပ်သည့် ပန်းပုသမားကိုလည်း အနည်းငယ်တွေ့ရသည်။

အခြားစီးပွားရေးလုပ်ငန်းအနေဖြင့် ကုန်စုံဆိုင် ရောင်းသူများကို တွေ့ရသည်။ လယ်လုပ်ငန်းရှိသောကြောင့် စပါးစိုက်ပျိုးကြသော်လည်း ရောင်းဝယ်ဖောက်ကားရန်မဟုတ်ဘဲ မိသားစုစားသောက်ရုံအတွက်သာ စိုက်ပျိုးကြသဖြင့် ဆန်စက်လုပ်ငန်းလုပ်ကိုင်သူ(၁)ဦးသာ တွေ့ရသည်။ တရုတ်ပြည်မှလာသော ရေနံဆီသုံး ကိုယ်ပိုင်မီးစက်ဖြင့် စပါးကို ကြိတ်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် စိုက်ပျိုးရေးအပြင် အခြားလုပ်ငန်းတစ်ခုဖြစ်သော ပဲပုပ်လုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ ပဲပုပ်သည် ပအိုဝ်းလူမျိုးတို့၏ အဓိကဟင်းလျာ ဖြစ်သည်။ ပဲပုပ်မပါလျှင် မပြီးချေ။ ထို့ကြောင့် ပအိုဝ်းအမျိုးသမီးများသည် ပဲပုပ်ကို မိမိတို့အိမ်စားရုံမျှမက ရောင်းချရန်အတွက်ပါ ပြုလုပ်ကြသည်။ မိမိတို့၏ ခြံထဲတွင် ပဲပုပ်စေ့ပင်ကို စိုက်ပျိုးကြသည်။ ထိုပဲပုပ်စေ့များကို ရွေးသန့်စင်ပြီး ရေဖြင့်စင်ကြယ်စွာ ဆေးကြရသည်။ ရေဆေးပြီးသော ပဲပုပ်စေ့များကို အိုးသန့်သန့်ထဲတွင် ရေအသင့်အတင့်ထည့်၍ နူးအောင် ပြုတ်ရသည်။ ရေစင်အောင်ဆေးထားသော တောင်းအတွင်း ဘေးပတ်လည်တွင် တားလား(တားလား)ခေါ် သစ်ရွက်စိမ်းတစ်မျိုးကို ခံကာ ထိုပြုတ်ထားသော ပဲပုပ်များကို ရေစစ်ပြီး ထည့်ရသည်။ သစ်ရွက်များခံရခြင်းမှာ ပဲပုပ်စေ့များ တောင်းကို မကပ်စေရန်

ဖြစ်သည်။ ထို့နောက် တောင်းများအပေါ်တွင် အဝတ်စဖြင့် လေ လုံအောင် ဖုံးအုပ်ထားရသည်။ တချို့က ဂုံနီအိတ်အသစ်ဖြင့် ဖုံးအုပ်ကြသည်။ ပဲများ ပိုမိုနူးနပ်ပြီး ပဲပုပ်နံ့ရလာစေရန် ၎င်းတောင်းများကို ထင်းမီးဖိုဘေးတွင် ချထားရသည်။ ဤနည်းအတိုင်း သုံးရက်ခန့်ထားပါက အပူငွေ့ဖြင့် တောင်းတွင်းမှ ပဲများနူးနပ်လာပြီး ပဲပုပ်နံ့ ရလာသည်။ ပဲပုပ်အနံ့ရလာလျှင် ထိုပဲပုပ်အစိုအတိုင်းစားရန်အသင့် ဖြစ်သည်။ ထိုပဲပုပ်အစိုအတိုင်းကို ခွက်ဖြင့်ချိန်ရောင်းကြသည်ကို တွေ့ရသည်။

တချို့က ထိုပဲပုပ်အစိုကို လက်ထောင်းဆုံတွင် ထည့်ကာ ကြေညက်သည်အထိ ထောင်းကြသည်။ တချို့က မိမိတို့ကြိုက်နှစ်သက်သလို ထိုပဲပုပ်နှင့်အတူ ဂျုံးမြစ်၊ ငရုတ်သီးတို့ရောထည့်ပြီး ထောင်းကြသည်။ ထောင်းပြီးသား ပဲပုပ်များကို တခိုးလား(တခိုးလား) သို့မဟုတ် တဒွတ်လား(တဒွတ်လား) ခေါ် သစ်ရွက်စိမ်း နှစ်ရွက်ခြားအတွင်းထည့်ပြီး လက်ဖြင့်ဖိကာ အဝိုင်းငယ်ကလေးများ ပြုလုပ်ရသည်။ ထိုပဲပုပ်ပြားများကို ဖျာကြမ်းပေါ်တွင် ဖြန့်ကာ နေပူလှန်း အခြောက်ခံရသည်။ နေရောင်မရသော ဆောင်းရာသီ၊ မိုးရာသီတို့တွင် မီးဖိုအနီး (သို့မဟုတ်) မီးဖိုအပေါ်ရှိ ကြပ်ခိုးတွင်လည်းကောင်း၊ မီးအပူရှိန်ရမည့်နေရာတွင်လည်းကောင်းထားကာ အခြောက်ခံရသည်။ထိုပဲပုပ်စေ့အစိုနှင့် ပဲပုပ်ပြားများကို မိမိတို့ အိမ်တွင် စားသောက်ရုံသာမက ဈေးတွင်ရောင်းချရန်လည်း ပြုလုပ်ကြသည်။ ပဲပုပ်ပြားကလေးများကိုမူ အချပ်အရေအတွက်ဖြင့်လည်းကောင်း၊ ပိဿာချိန်ဖြင့်လည်းကောင်း ရောင်းကြသည်။

ပဲပုပ်သည် ပရိုတိန်းဓာတ်ပြည့်ဝပြီး ကျန်းမာရေးအတွက် အာဟာရလည်းဖြစ်စေသည့် အစားအစာဖြစ်သည့်အပြင် စားရာတွင်လည်း အရသာကို ကောင်းမွန်စေသောကြောင့် ပအိုဝ်းတိုင်းရင်းသားများသာမက အခြားတိုင်းရင်းသားများကပါ နှစ်ခြိုက်စွာ စားသုံးကြသည်။ ထို့ကြောင့် လူတိုင်း၏ စားသောက်ကုန်ဖြစ်သော ပဲပုပ်လုပ်ငန်းကို ပအိုဝ်းတိုင်းရင်းသားများက အခြားလုပ်ငန်းတခု အနေဖြင့် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လာကြသည်။

## (င) ရောင်းဝယ်ဖောက်ကားပုံ

ရှမ်းပြည်တောင်ပိုင်းရှိမြို့များ၊ ကျေးရွာများအားလုံးလိုလိုပင် ငါးရက်တစ်ကြိမ် ဈေးနေ့အဖြစ် သတ်မှတ်လေ့ရှိသည်။ နေ့စဉ်ရက်ဆက် ဈေးမရှိဘဲ ဤသို့ ငါးရက်လျှင်တစ်ကြိမ် ဈေးနေ့ဖြစ်ရခြင်းမှာ ဈေးဝယ်မည့်လူဦးရေ မများခြင်း၊ မိသားစုများအနေဖြင့် ဈေးသို့အမြဲလာနေလျှင် စိုက်ပျိုးရေးအလုပ်ချိန် ထိခိုက်ခြင်းနှင့် ကျေးရွာများသည် တစ်ရွာနှင့်တစ်ရွာအလှမ်းဝေးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့ကြောင့် ဖြစ်သည်။ ကျောက်တလုံးဒေသသည် လည်း ငါးရက်လျှင် တစ်ရက်ကျဈေးနေ့ ပြုလုပ်ကြသည်။ ထို့ကြောင့် ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့၏ တောင်ယာစိုက်ခင်းထွက် အစားအစာ အသီးအနှံများ သနပ်ဖက်၊ လက်ဘက်ခြောက်၊ ပဲပုပ်၊ ဟင်းသီးဟင်းရွက်များ၊ အိမ်တွင်းမှုပစ္စည်းများ (အထူးသဖြင့်ပလိုင်း) အဝတ်အထည်၊ အသုံး အဆောင်ပစ္စည်းများကို ဈေးနေ့မှသာ ရောင်းဝယ်ဖောက်ကားကြသည်။ ထိုဈေးနေ့မှပင် မိမိတို့ စားသုံးရန် အစားအစာများကို တစ်ပတ်စာ ဝယ်ကြရသည်။

ပအိုဝ်းတိုင်းရင်းသားတို့ ရောင်းဝယ်ရေးတွင် အသုံးပြုသော အလေး တင်း တောင်း အခြင်အတွယ်များမှာ မြန်မာနှင့် အတူတူပင် ဖြစ်သည်။ စပါးနှင့်ဆန်ရောင်းဝယ်ရာတွင် 'တမဲ'ခေါ် စလယ်မှ 'လန်ခွက်' ခေါ် အိတ်အထိ အဆင့်ဆင့်ခြင်တွယ်နည်းဖြင့် ခြင်တွယ်ရောင်းချကြသည်။ အဘိုးတန် ရွှေ ငွေ လက်ဝတ်ရတနာများ ရောင်းဝယ်ရာတွင် ချိန်သောချိန်ခွင်ကား မြန်မာတို့၏ ရွှေချိန်ခွင်နှင့် အတူတူပင် ဖြစ်သည်။ ယင်းချိန်ခွင်ကို 'ယွဲ' ဟုခေါ်သည်။ အလေးကား မြန်မာရွှေချိန်ခွင် အလေးကဲ့သို့ တရွေး၊ တပဲ၊ တမူးသား၊ တမတ်သား၊ ငါးမူးသား၊ သုံးမတ်သား၊ တစ်ကျပ်သား ဟူ၍ ရွေးစေ့၊ မတ်စေ့အလေးချိန်တို့ဖြင့် ချိန်ကြ၏။ နှီးဖြင့်ယက်ထားသော ချိန်ခွင်ခွက် တစ်ခုသာပါသော "စွဲ"ဟူသော ချိန်ခွင်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်ရောင်းဝယ်ရာတွင် အသုံးပြုကြသည်။ ထိုချိန်ခွင်သည် တစ်ဘက်တွင် အလေးသည် ပုံသေတည်ရှိပြီး ဖြစ်သည်။ ချိန်ခွင်လျှာတစ်ဘက်ရှိ ဘောင်တန်းမှာ ပုံသေဖြစ်ပြီး အလေးရှိသောဘက်မှာ ပိုမိုရှည်လျားကာ အလေးအတွက် အမှတ်အသား ချိတ်ကလေးများ ပါရှိသည်။ ဘောင်တန်းနှင့်လျှာတို့ကို သစ်သားဖြင့် ပြုလုပ်ထားသည်။ အလေးအမှတ်အသား ချိတ်ကလေးများသည် တစ်ပိဿာ၊ ငါးဆယ်သား၊ အစိတ်သား၊ အဝက်သား၊ (၁၂ ၁/၂ ကျပ်သား) ဟူ၍ (၄)မျိုးပါရှိပြီး (၄)မျိုးချိန်နိုင်၏။ ပစ္စည်းထည့်ချိန်သော ခွက်ကို နှီးဝါးဖြင့် ရက်လုပ်ပြီး ကြိုးများတပ်ကာ ဝယ်ယူသော အလေးချိန်အတိုင်း ချိတ်ကလေးများတွင် ချိတ်ကာ ချိန်ရသည်။



"လီအလေးချိန်"



"စွဲအလေးချိန်"

မြန်မာများအသုံးပြုကြသည့် ချိန်ခွင်အတိုင်းချိန်ခွင်ခွက်နှစ်ခုပါသော ချိန်ခွင်ကိုလည်း အသုံးပြုကြသည်။ ချိန်ခွင်ဘောင်နှင့်လျှာတို့ကို သစ်သားဖြင့်ပြုလုပ်ပြီး ချိန်ခွင်ခွက်နှစ်ခုကို နီးဖြင့်ရက်လုပ်ကာ ကြိုးဖြင့် ချိန်ခွင်ဘောင်နှင့်ချီထားကြသည်။ ယင်းချိန်ခွင်ကို မြန်မာအလေးနှင့် အသုံးပြုသလို ဟင်္သာရုပ်အလေးနှင့်လည်း အသုံးပြုကာ ချိန်ကြသည်။

သနပ်ဖက်၊ ကြက်သွန်ဖြူ လိမ္မော်သီးအစရှိသည့် ကုန်များကို ချိန်တွယ်ရာတွင်မူ 'လီ' ဟုခေါ်သော ချိန်ခွင်ဖြင့်လည်းချိန်ကြသည်။ လီတွင်အလေးချိန် (၄၅)ပိဿာအထိပါပြီး ကတ္တားအလေး ချိန်ထက် (၁)ပိဿာလျှင် (၁၀)ကျပ်သား ပိုများသည်။ကျောက်တလုံးတိုက်နယ်ကျေးရွာ(၆)ရွာရှိရာ တစ်ရွာတွင် 'လီ' တစ်ခုစီရှိပြီး တစ်ရွာလုံး မည်သူမဆို ချိန်တွယ်ရောင်းဝယ်နိုင်သည်။

ဘာသာရေးကိုင်းရှိုင်းသော လူမျိုးဖြစ်သည့်အတွက် ဈေးနေ့သည် လပြည့် လကွယ်၊ ဥပုသ်နေ့များ၊ ဘာသာရေးအထွတ်အမြတ်နေ့ထူးနေ့ရက်များနှင့် တိုက်နေပါက အဖိတ်နေ့ကို ဈေးနေ့အဖြစ် ရောင်းဝယ်ဖောက်ကားကြသည်။ ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသား တို့သည် မိမိတို့ ခြံထွက်ပစ္စည်းများကို ဈေးတွင်ရောင်းကြသည့်အပြင် တစ်ဦးနှင့်တစ်ဦး စိုက်ပျိုးသီးနှံ မတူသဖြင့် မိမိခြံထွက်သီးနှံနှင့် အခြားသူ၏ ခြံထွက်သီးနှံ (သို့မဟုတ်) မိမိအလိုရှိသော ပစ္စည်းများကို ဈေးဖြတ်သတ်မှတ်ကာ အသပြာဖြင့် လဲလှယ်ခြင်းမရှိဘဲ ကုန်ပစ္စည်းခြင်းလဲလှယ်ခြင်းမျိုး[၁] ကိုလည်း တခါတရံတွေ့ရသည်။

---

၁။ Barter system

## (စ) လုပ်အားဖွဲ့စည်းပုံ

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် စည်းစည်းလုံးလုံး နေထိုင်တတ်ကြ၍ တစ်ဦးကိုတစ်ဦး ကူညီလေ့ရှိသည်။ ဒုက္ခရောက်သော သူများကို ရပ်ရွာက ဝိုင်းဝန်း၍ စောင့်ရှောက်ကြသည်။ အလုပ်အကိုင်လုပ်ရာတွင် စည်းစည်းလုံးလုံးဖြင့် စုပေါင်းလုပ်ကိုင်လေ့ရှိသည်။

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့၏ လုပ်ငန်းဖွဲ့စည်းပုံမှာ လုပ်ငန်းသဘာဝအလျောက် အောက်ပါအတိုင်း တွေ့ရသည်။

(၁) အများနှင့်ဆိုင်သော လုပ်ငန်းများအတွက် စုပေါင်းဆောင်ရွက်နည်းဖြင့် လုပ်အားဖွဲ့စည်းမှု။

(၂) ပုဂ္ဂလိကလုပ်ငန်းအတွက် အပြန်အလှန် ကူညီခြင်းဖြစ်သော လက်စားလိုက် လုပ်အားဖွဲ့စည်းမှု။

(၃) အခစားလုပ်အားဖွဲ့စည်းမှုဟူ၍ လေ့လာတွေ့ရှိရပါသည်။

### (၁) အများနှင့်ဆိုင်သော လုပ်ငန်းများအတွက် စုပေါင်းဆောင်ရွက်နည်းဖြင့် လုပ်အားဖွဲ့စည်းမှု။

ပအိုဝ်းတိုင်းရင်းသားတို့သည် အများနှင့်သက်ဆိုင်သော ရွာခြံစည်းရိုးကာခြင်း၊ နတ်စင်၊ စာသင်ကျောင်းနှင့် ဇရပ်များဆောက်လုပ်ခြင်း၊ ရေသွယ်ခြင်း၊ လမ်းဖောက်ခြင်း၊ တံတားခင်းခြင်း၊ ရွာသစ်တည်ခြင်း၊ ရေသွယ်ယူခြင်း၊ မီးတားခြင်း၊ သားရဲတိရစ္ဆာန်နှင့် သီးနှံဖျက်တတ်သော ပိုးမွှားများကို ကာကွယ်ခြင်းတို့၌ စုပေါင်းဆောင်ရွက်လေ့ရှိကြသည်။ ယခင်က တောင်ယာလုပ်ခြင်း၊ တောင်ယာမီးရှို့ခြင်းတို့တွင်လည်း အများစုပေါင်း ဆောင်ရွက်လေ့ရှိကြသည်။

အများနှင့် သက်ဆိုင်သော လုပ်ငန်းမဟုတ်ဘဲ တစ်ဦး(တည်း) အိမ်ထောင်စုတစ်ခုချင်းနှင့်သက်ဆိုင်သော လုပ်ငန်းများတွင်လည်း ရွာသားအားလုံး မခိုမကပ်ဘဲ တစ်ယောက်တစ်လက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည်။

အကယ်၍ ရွာသားတစ်ယောက်ယောက်၏ ခြံလုပ်ငန်းဖြစ်စေ၊ လယ်ယာလုပ်ငန်းဖြစ်စေ၊ အချိန်မှီမပြီးစီးလျှင် ရွာသားအားလုံးက ထိုမိသားစုနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးကြသည်။ အိုးသစ် အိမ်သစ်ဆောက်ရာတွင် သစ်ဝါးများကိုသယ်ယူရာတွင် ဖြစ်စေ၊ အိမ်တိုင်ထူရာတွင် ဖြစ်စေ၊ စုပေါင်းဝိုင်းဝန်း ကူညီကြသည်။ အိမ်ရှင်က လာကူညီသောသူများအား ထမင်း၊ ဆေးလိပ်၊ ကွမ်းစသည်ဖြင့် တတ်နိုင်သလောက် ဧည့်ခံကြသည်။ ယင်းကို ပအိုဝ်းတိုင်းရင်းသားတို့က 'မာပဒေါ့' ဟုခေါ်သည်။ မာပဒေါ့ဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း မနိုင်နင်းသဖြင့် အများကူညီမှုယူကာ ထိုတစ်ဦးတစ်ယောက်သည် လာကူသူ အများကို တတ်နိုင်သလောက် ပြန်ကူညီခြင်းပင် ဖြစ်သည်။

ဘာသာရေး၊ လူမှုရေးနှင့်ပတ်သက်ပြီး အများစုပေါင်း ဆောင်ရွက်နည်းဖြင့် လုပ်အားဖွဲ့စည်းမှုကို ပအိုဝ်းတိုင်းရင်းသားတို့က 'စ က' ဟု ခေါ်သည်။ 'စ က' ဆိုသည်မှာ ရွာသူ ရွာသားစုပေါင်းတို့၏ ငွေကြေးဖြင့် ရပ်ရွာကိစ္စဆောင်ရွက်ခြင်း၊ ဒါနပြုကြခြင်းတို့ကို ခေါ်ပါသည်။ 'စ က'ခေါ် စုပေါင်းလုပ်ဆောင်ခြင်းကို ဝါတွင်း(၃)လတွင် အများဆုံး တွေ့ရသည်။ ပအိုဝ်း တိုင်းရင်းသားတို့သည် စုပေါင်းလုပ်အားဖွဲ့စည်းမှုတွင် ရေသာခိုသူ ဟူ၍ မရှိပေ။ အသုဘကိစ္စ၊ မင်္ဂလာကိစ္စများတွင်လည်း အားလုံးစုပေါင်းပြီး ဆောင်ရွက်ကြသည်။ အထက်ပါ လုပ်အားဖွဲ့စည်းပုံကို ပအိုဝ်းတိုင်းရင်းသားတိုင်းတွင် တွေ့ရသည်။

(၂) ပုဂ္ဂလိကလုပ်ငန်းများအတွက် အပြန်အလှန်ကူညီခြင်းဖြစ်သောလက်စားလိုက် လုပ်အားဖွဲ့စည်းမှု။

လက်စားလိုက် လုပ်အားဖွဲ့စည်းမှုကို ပုဂ္ဂလိက လုပ်ငန်းများတွင် တွေ့ရသည်။ မိသားစုတစ်ခုနှင့်တစ်ခု အပြန်အလှန် ကူညီကြခြင်းပင် ဖြစ်သည်။ ပုဂ္ဂလိကတောင်ယာများရှိ လုပ်ငန်းများ၊ အိုးအိမ်အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အခြားကိစ္စများ ဆောင်ရွက်ရာတွင် အပြန်အလှန် ဝိုင်းဝန်းကူညီသော စနစ်ဖြင့် လုပ်အားပေးကြသည်။ မိမိအား ကူညီသူများကို ထိုသူတို့ အကူအညီလိုသောအခါ ပြန်လည်အကူအညီပေးသောနည်းဖြစ်သဖြင့် လက်စားလိုက်နည်း ဟုခေါ်သည်။ လာရောက်ကူညီသူများကို အိမ်ရှင်က ထမင်းဟင်း၊ ဆေးလိပ်၊ ကွမ်းစသဖြင့် ဧည့်ခံပြီး လုပ်အားပေးကူညီသူများအား ကျေးဇူးတုံ့ပြန်လေ့ ရှိကြသည်။

မိမိလက်စားလိုက် ကူညီရမည့်အခါတွင် ဖျားနာ၍သော်လည်း အဝေးရောက်နေ၍သော်လည်းကောင်း၊ အခြားအကြောင်း မညီညွတ်မှုကြောင့်သော်လည်းကောင်း၊ ကိုယ်ထိလက်ရောက် မကူညီနိုင်ခဲ့သော် စားသောက်ဖွယ်ရာ ပစ္စည်း ပေးပို့ခြင်း၊ ကိုယ်စားလှယ်လွှတ်၍ လုပ်အားကူစေခြင်း၊ အသုံးဝင်မည့်လက်နက်ကရိယာပစ္စည်းများ ငှားရမ်းခြင်း စသဖြင့် လုပ်အားဖွဲ့စည်းရာတွင် ပါဝင်နိုင်သည်။

(၃) အခစားလုပ်အားဖွဲ့စည်းမှု

မိသားစုတစ်စုတွင် လူဦးရေ များပြားလာခြင်းကြောင့်သော်လည်းကောင်း၊ အိမ်ထောင်ဦးစီး သေဆုံးသွားလျှင်သော်လည်းကောင်း၊ မိသားစုသည် တောင်ယာလုပ်ငန်းတစ်ခုတည်းဖြင့် မရပ်တည်နိုင်တော့လျှင် မိသားစုဝင်များသည် အခြားလုပ်ငန်းများတွင် အခစားလုပ်ဆောင်ရသည်။

မိမိတို့၏တောင်ယာတွင် လုပ်ကိုင်သည့်အပြင် အခြားလုပ်ငန်းများကိုလည်း ကြားပေါက်လုပ်ကိုင်လေ့ရှိသည်။ ဥပမာ- နေ့စားအလုပ်လုပ်ခြင်း၊ ပေါင်းနုတ်ခြင်း၊ ပျိုးကြဲခြင်း စသည်တို့ဖြစ်သည်။

အခစားတစ်ယောက်၏ တစ်နေ့ပျမ်းမျှဝင်ငွေသည် ယောကျ်ားလေးအနေဖြင့် (၁၂၀)ကျပ် မှ (၁၅၀)ကျပ်အတွင်း ရပြီး မိန်းကလေးအနေဖြင့် (၇၀)ကျပ်မှ (၁၀၀)ကျပ်အတွင်းရသည်။ ယခုအခါ အစိုးရဝန်ထမ်း အခစားများကိုလည်း တွေ့ရသည်။ မိဘများသည် တောင်ယာလုပ်ကိုင်သော်လည်း သားသမီးများမှာ တောင်ယာလုပ်ငန်းကို ကူညီသည့်အပြင် အစိုးရအမှုထမ်းလည်း လုပ်ကိုင်သည်။ ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့၏ လူမှုရေး၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် စည်းလုံးညီညွတ်မှု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

# အခန်း ၅။


## ဘာသာရေး

### (က) ကိုးကွယ်ယုံကြည်မှု


ပအိုဝ်းတိုင်းရင်းသားတို့သည် ရှေးမိဘမျိုးရိုး အစဉ်အဆက်ကစ၍ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ယခုထက်တိုင် ပအိုဝ်းတိုင်းရင်းသားအများစုသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသည်။ ရှေးဟောင်းစာပေနှင့် ကျမ်းအစောင်စောင်တို့တွင် သာသနာအစ၊ သထုံပြည်ကဟူ၍ အဆိုရှိခဲ့သဖြင့် ပအိုဝ်းများစတင်နေထိုင်ခဲ့သော သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည်သည် ဗုဒ္ဓသာသနာစတင်ထွန်းကားရာအရပ်ဟု ဆိုနိုင်သည်။

ဓမ္မကထိက ကျိုက္ကဆံဦးပဏ္ဍိတဓမ္မအရှင်မြတ်ရေးသားသော နိဗ္ဗာ န မဂ္ဂဒီပနီကျမ်း ပထမတွဲ စာမျက်နှာ(၂၅၄) တတိယပိုဒ်၏ ကောက်နုတ်ချက်အရဆိုလျှင် သာသနာသက္ကရာဇ် (၂၃၅)ခုတွင် သထုံပြည်သို့ သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ ကြွရောက်လာပြီး သာသနာပြုရန် တရားဟောကြားတော်မူကြောင်း သိရသည်။ ၎င်းစာအုပ်တွင် ဖော်ပြချက်ကား 'ထိုရဟန္တာအရှင်တို့တွင် မြန်မာနိုင်ငံအပါအဝင်ဖြစ်သော သုဝဏ္ဏဘုမ္မိမည်သော သထုံပြည်ကြီး၌ အရှင်သောဏ၊ အရှင်ဥတ္တရမထေရ်တို့ သာသနာပြုစုတော်မူကုန်၏။ တရားစကားကို ဆုံးမဟောကြားသောအခါ ဒေသခံတိုင်းရင်းသားဖြစ်သော တောင်သူ(ပအိုဝ်း)ဘာသာစကားဖြင့် ဟောကြားဆုံးမ တော်မူကြကုန်၏' ဟူ၍ ဖြစ်သည်။ ဤအချက်ကို ထောက်ထားခြင်းဖြင့် သုဝဏ္ဏဘုမ္မိတိုင်းအပါအဝင် သထုံပြည်တွင် ရှေးကာလကပင် ပအိုဝ်းတိုင်းရင်းသားများ စတင်နေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ခဲ့သူများဖြစ်ကြောင်း ပေါ်လွင်ပေသည်။

သာသနာသက္ကရာဇ်(၂၃၅)ခုတွင် သထုံပြည်သို့ မထေရ်ရှင်မြတ်များ ကြွရောက်၍ သာသနာပြုကြောင်းကို ထောက်ခံသည့်အနေနှင့် ရဝေထွန်းရေး သီလရှင်သမိုင်းတွင် အချက်တစ်ချက် တွေ့ရသည်။ ထိုအချက်မှာ 'အသောကမင်းကြီးလက်ထက် သာသနာတော်သက္ကရာဇ် (၂၃၅)ခုနှစ် သာသနာပြုလွှတ်ရာတိုင်း (၉)တိုင်းတွင် ဘိက္ခုနီ ဖြစ်ပေါ်လာသော တိုင်းသုံးတိုင်းသာ ရှိလေသည်။ ထိုတိုင်းသုံးတိုင်းကား သီဟိုဠ်၊ အပရန္တတိုင်း သုဝဏ္ဏဘုမ္မိတိုင်းတို့ ဖြစ်ပေသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့၏ ဇာတိ သထုံပြည်သည် ဗုဒ္ဓဘာသာစတင် ထွန်းကားရာ ဒေသဖြစ်သည်။



ကျောက်တလုံးတိုက်နယ်ကျေးရွာအလယ်ရှိနတ်စင်



နတ်စင်တွင်ပအိုဝ်းအမျိုးသမီးများပူဇော်ရှိခိုးပုံ

ပအိုဝ်းတိုင်းရင်းသားတို့သည် အခြေအနေအရ အရပ်ဒေသများ ပြောင်းရွှေ့နေထိုင်ခဲ့ကြသော်လည်း မိဘ၊ ဘိုးဘွား၊ အစဉ်အဆက် ယုံကြည်ကိုးကွယ်ခဲ့သော ဘာသာတရားကိုမူ ပစ်ပယ်ခြင်းမရှိသည့်အပြင် ပင်ကိုထက်ပင် ပိုမိုလေးစားယုံကြည်ကြသဖြင့် ဗုဒ္ဓသာသနာတော် တိုးတက်ပြန့်ပွားစေရန်သာ အားထုတ်ကြိုးစားကြလေသည်။ ယခုအခါတွင် ဗုဒ္ဓသာသနာ တစ်ခုကိုသာလျှင် အကြွင်းမဲ့ယုံကြည်ကိုးကွယ်ကြသဖြင့် ဗုဒ္ဓဘာသာသည် ပအိုဝ်းတိုင်းရင်းသားတို့၏ အရင်းခံ ကိုးကွယ်သော ဘာသာဖြစ်သည်။

ဗုဒ္ဓဘာသာဝင် ပအိုဝ်းတိုင်းရင်းသားတို့သည် ရတနာသုံးပါးကို ကြည်ညိုကြသဖြင့် ဘုရား၊ ကျောင်းကန်၊ ဇရပ်စသော သာသနာရေး ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို မိမိတို့ချွေးနီးစာထဲမှ စုဆောင်းထားသော ငွေကြေးများ နှင့် ရက်ရက်ရောရော ဆောက်လုပ်လှူဒါန်းကြသည်။ ထို့ကြောင့် ပအိုဝ်းရွာတိုင်းတွင် ရွှေရောင်ဝင်းနေသော ဘုန်းကြီးကျောင်းများ၊ စေတီပုထိုးများကိုလည်း တင့်တယ်သပ္ပါယ်စွာ ဖူးမျှော်ကြည်ညိုနိုင်ကြပါသည်။

ကျောက်တလုံးဒေသတွင် နောင်လုံပရိယတ္တိစာသင်တိုက် ဒုံအုံပရိယတ္တိ စာသင် တိုက်၊ ကောင်ဝိန်ပရိယတ္တိစာသင်တိုက်နှင့် တပူယွေးဘုန်းတော်ကြီးကျောင်းဟူ၍ ဘုန်းကြီးကျောင်း (၄)ကျောင်းရှိသည်။

ဘုရားကိုးဆူ၊ ပထမနိမိဿ သပိတ်မြဘုရား၊ ပိဋကတ်ဗိမာန်တော်၊ ကိုးနဝင်းဘုရားနှင့် ဘုရားငါးဆူ အစရှိသော စေတီပုထိုးများကိုလည်း ဖူးမျှော်နိုင်ပါသည်။

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာကို အလွန်ကိုးကွယ်ယုံကြည်ကြသကဲ့သို့ ကျောက်တလုံးဒေသရှိ စေတီများသည်လည်း တန်ခိုးကြီးမားလှပါသည်။ မြတ်သပိတ်ဘုရားတွင်ရှိသော ဘုရားတို့သည် ပန်းပေါင်းစုံဌာပနာထားသော ဘုရားတစ်ဆူနှင့် မြတ်စွာဘုရားဖွားမြင်ရာ လုမ္ဗဏီဓာတ်တော်၊ ဘုရားဖြစ်ရာဒေသဓာတ်တော်၊ ဓမ္မစကြာ ဟောရာဒေသဓာတ်တော်၊ ပရိနိဗ္ဗာန်ပြုရာဒေသဓာတ်တော်တို့ကို ဌာပနာထားသော ဓာတ်တော်ဘုရားတစ်ဆူတို့ကို တည်ထားကိုးကွယ်ကြသည်။ ကျွန်မလေ့လာခဲ့သော ကျောက်တလုံးဒေသ ရွာ(၆)ရွာရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် ရွာလုံးကျွတ်ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။

20725

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်

(၁) အခြားကိုးကွယ်ယုံကြည်မှုများ

ပအိုဝ်းတိုင်းရင်းသားတို့တွင် နတ်ကိုးကွယ်သူ မရှိကြပေ။ သို့သော် သာသနာစောင့်နတ်နှင့် ရွာစောင့်နတ်၊ သမ္မာဒေဝနတ်များကို ရိုသေသမှု ပြုသည့်အနေဖြင့် ပန်း၊ ဆီမွှေး၊ နံ့သာတို့ဖြင့် ပူဇော်ပသကြသည်။ ဤနတ်များသည် တစ်ဦးတစ်ယောက်တည်းနှင့် သက်ဆိုင်ခြင်း မဟုတ်ဘဲ ရွာနှင့်ပတ်သက်သည့် အများနှင့် သက်ဆိုင်သော နတ်များသာ ဖြစ်ကြသည်။ သာသနာစောင့်နတ်နှင့် ရွာစောင့်နတ်တို့အတွက် နတ်ကွန်းများကို ရွာအပြင်ဘက်ရှိ အကြီးဆုံးသစ်ပင်အောက်တွင် ရေအိုးစင်တင်နိုင်ရုံ အရွယ်ပမာဏခန့် ဆောက်လုပ်ထားကြသည်။

သာသနာစောင့်နတ်ကို လပြည့်လကွယ်နေ့တိုင်း ဆွမ်းတော်တင်လေ့ရှိသည်။ ရွာစောင့်နတ်ကို မိုးဦးကျစအချိန်တွင် ထမင်းဟင်းများ ပူဇော်ပသကြသည်။ နတ်ကန္တားပွဲကြီးများနှင့် မပူဇော်ကြချေ။ပအိုဝ်းတိုင်းရင်းသားတို့သည် စုန်း၊ ကဝေ၊ တစ္ဆေ၊ မှော်စသော ပညာများကို မတတ်မြောက်ကြသည့်အပြင် ယုံလည်းမယုံကြည်ကြပေ။

အင်း အိုင် လက်ဖွဲ့များကို ကလေးများ၏ လည်ပင်း၊ လက်ကောက်ဝတ်တို့တွင် ဝတ်ဆင်ထားလေ့ ရှိကြသည်။ ဤသို့ဝတ်ဆင်ထားကြခြင်းမှာ ကလေးအတွက် လိပ်ပြာထိန်းရန်၊ စုန်းကာကွယ်ရန်၊ နတ်ကာကွယ်ရန်ဖြစ်သည်။ကလေးချူချာသဖြင့် ခမည်းပေးသည့်အနေဖြင့် ဝတ်ဆင်ခြင်းဖြစ်သည်။ ပအိုဝ်းလူကြီးများတွင် အချို့ကဘုရားအင်း၊ သူရဿတီအင်း၊ လက်ဖွဲ့စသည်တို့ကိုလည်းကောင်း၊ အခြားပီယဆေး၊ အဆောင်၊ အကာအကွယ် စသောအင်းအိုင်လက်ဖွဲ့များကိုလည်းကောင်း ဝတ်ဆင်လေ့ရှိကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ဗေဒင်မေးလေ့မေးထရှိကြသည်။ ပစ္စည်းဥစ္စာပျောက်ခြင်း၊ ကျွဲ နွား ပျောက်ဆုံးခြင်း၊ မြေယာနှင့်ပတ်သက်သော အငြင်းပွားမှုများအတွက် ကြက်ရိုးဗေဒင်ကို မေးကြသည်။ ရွာလူကြီး(သို့မဟုတ်) ရပ်ရွာကကြည်ညိုလေးစားသော ပုဂ္ဂိုလ် တစ်ဦးဦးကို သက်သေအဖြစ်ထားကာ ပစ္စည်းပျောက်သည့်နေရာတွင် ကြက်ရိုးထိုးကြသည်။ လူကြီးများက ကြက်ရိုးဗေဒင်ကို ကြည့်ပြီး ပြဿနာကို အဆုံးအဖြတ်ပေးကြသည်။ ထို့ပြင် ရာသီဥတု ကောင်း မကောင်း၊ သီးနှံထွက် မထွက်၊ ရပ်ရွာအေးချမ်းမှုရှိ မရှိ စသည်တို့ကို ကြိုတင်ခန့်မှန်းရန်အတွက်လည်း ကြက်ရိုးဗေဒင်ကို ကြည့်ကြသည်။

ကြက်ရိုးဗေဒင်အပြင် ဝါးချောင်းငယ်(တုတ်ချောင်း) (၁၂)ချောင်းကို အသုံးပြုပြီး ဗေဒင်ကြည့်သော တုတ်ချောင်းဗေဒင်(ထွားဗန်)ကိုလည်းကောင်း၊ တုတ်ချောင်း(၃၀)ကို အသုံးပြုပြီး ဗေဒင်ကြည့်သော တုတ်ချောင်းသုံးဆယ်(ဗန်သုံဆီ)ကိုလည်းကောင်း၊ ဖားဗေဒင်ကိုလည်း ယုံကြည်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည်ဗေဒင်ကို ကြည့်ပြီး ဗေဒင်ဆရာ၏ ဟောပြောချက်အရ 'ယာယီ' ခေါ် မိမိအိမ်မှနေ၍ သူများအိမ်သို့ ပြောင်းရွှေ့အိပ်စက်ခြင်း၊ ယတြာချေခြင်း၊ ဆီမီးထွန်းညှိခြင်း၊ ညောင်ထောက်ခြင်း၊ တံတားခင်းခြင်းများ ပြုလုပ်ကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ပစ္စည်းဥစ္စာ ပျောက်ဆုံးခြင်း၊ ကျန်းမာရေးမကောင်း၍ ချူချာခြင်း၊ အိမ်ဆောက်ခြင်း၊ မြေနေရာရွေးခြင်း၊ ခရီးသွားခြင်း၊ အလှူဒါနပြုခြင်း၊ မင်္ဂလာဆောင်ခြင်းတို့တွင် ဗေဒင်တွက်ကြည့်ကြသည်။ ဗေဒင်ကို ယုံကြည် ကြသော်လည်း ပအိုဝ်းတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့အတိုင်း ဘုရား၏အဆုံးအမကို နာခံကာ အလှူဒါနပြုကာ တရားဘာဝနာ ဆောက်တည်ကြသည်။

(၂) **မော်အတတ်ပညာ**

ပအိုဝ်းတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာအလွန်ကိုင်းရှိုင်း ယုံကြည်ကိုးကွယ်ကြသည်။ ဘာသာရေးပွဲတော်များကို ကြီးကျယ်ခမ်းနားစွာ ကျင်းပကြသည်။ ထိုသို့ ဘာသာရေးပွဲတော်များကို ကျင်းပရာတွင် ပအိုဝ်းမော်ဟွို့းဆိုသည့်ကွက်စိပ်ဓမ္မကထိကပုဂ္ဂိုလ်သည် အဓိကအခန်းနေရာတွင် ပါဝင်သည်။ မော်ဆိုသည်မှာ 'ဟောပြောခြင်း' ဟု အဓိပ္ပါယ်ရသည်။

ပအိုဝ်းတိုင်းရင်းသားတို့တွင် မော်ပညာသည် အမျိုးမျိုးရှိကြသည်။ ယင်းတို့မှာ

(၁) **မော်ဟွို့း** ကွက်စိပ်ဓမ္မကထိကဗုဒ္ဓတရားဟောသောပုဂ္ဂိုလ်။

(၂) **မော်ဟော်လိတ်** ပအိုဝ်းဘာသာဖြင့် ပြန်ဆိုထားသော ဇာတ်နိပါတ်တော်များနှင့် တရားစာများကို ဟောတတ်သူ စာဟောဆရာ။

(၃) **မော်လူ** နတ်ကိုးကွယ်၍ ဗေဒင်ကဲ့သို့ ဟောတတ်သူ။

(၄) **မော်တရား** ပယောဂကုဆရာ။

(၅) **မော်စိမ်း** အနှိပ်သည်။

(၆) **မော်မူး (မှော်မူ)** လက်သည် စသည်တို့ဖြစ်ကြသည်။

ပအိုဝ်းမော်ဟွို့းသည် လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)ကျော်ခန့် ခရစ်(၁၈၇၀)ခုနှစ် မတိုင်မီကပင် ပေါ်ပေါက်ခဲ့သည်ဟု ပညာကြွယ်ဝသော ဝါရင့်မော်ဟွို့းဆရာကြီးများ၏ ပြောပြချက်အရ သိရသည်။ မော်ဟွို့းပုဂ္ဂိုလ်သည် တောင်ကြီးမြို့နယ်အတွင်းရှိ မိုင်းပျိုးဒေသမှ စတင်ပေါ်ပေါက်ခဲ့ပြီး နောင်ဟိုင်း၊ ဆီဆိုင်စသော ဒေသများသို့ တဆင့်ပြီးတဆင့် ပြန့်ပွားလာခဲ့သည်။

ပအိုဝ်းစာဟောဆရာတစ်ယောက်ဖြစ်ရန်အတွက် ပညာဗဟုသုတရှိခြင်း၊ ရဲရင့်ခြင်း၊

သတ္တိဗျတ္တိတို့နှင့် ပြည့်စုံခြင်း၊ အသံကြည်လင်ပြတ်သားခြင်း၊ အသံချိုသာခြင်း၊ ကိုယ်ဟန်နေအမူအရာကောင်းခြင်း၊ စိတ်ဝင်စားဘွယ် ပြောဆိုတတ်ခြင်း၊ ဥာဏ်ပရိယာယ်ဖြတ်ထိုးမှုကောင်းခြင်း၊ ပရိသတ်၏ အကြိုက်ကို လိုက်၍ ပြောတတ်ခြင်းတို့နှင့် ပြည့်စုံရသည်။

မော်ဟွိုးတို့သည် လောကုတ္တရာစာများကို လေ့လာဖတ်မှတ်ရုံနှင့် သူဘာသာအလိုအလျောက် မော်တစ်ဦးဖြစ်လာနိုင်ဘွယ် မရှိပေ။ ဝါရင့်သော မော်ကြီးထံတွင် တပည့်အဖြစ်ချဉ်းကပ်၍ မော်ပညာများကို အပင်ပန်းခံကာ အားသွန်ခွန်စိုက် ကြိုးစားသင်ယူ နိုင်မှသာလျှင် မော်တစ်ဦးဖြစ်လာနိုင်သည်။

စာဟောဆရာသည် မော်ပညာကို မသင်ယူခင် ဘုန်းတော်ကြီးကျောင်းသို့သွား၍ ပထမဆုံး ပရိတ်ကြီး၊ ရှင်ကျင့်ဝတ်၊ လောကနီတိ၊ သဒ္ဒါ၊ သင်္ဂြိုလ်၊ သိင်္ဂါလောဝါဒစသော အခြေခံပညာရပ်များကို ရှေးဦးစွာ တတ်ထားဖို့လိုအပ်သည်။ ထို့နောက် ဝါရင့် မော်ပညာရှိသူထံသို့ ချဉ်းကပ်ပြီးတပည့်ခံယူကာ ဆရာကြီးအား ဝတ်ကြီးဝတ်ငယ်ဆောင်ရွက်ဖွယ် ကိစ္စအဝဝတို့ကို အနီးကပ်လုပ်ကျွေးရင်း မော်ပညာကို ဆက်လက်သင်ယူရသည်။

မော်ဆရာ(စာဟောဆရာ)သည် ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းရသည့်အပြင်ဗြဟ္မာစိုရ်တရားလေးပါးကို လက်ကိုင်ထားကာ မာန်မာနကို နှိမ့်ချ၍ ဣန္ဒြေသိက္ခာရှိရှိဖြင့် သွားလာလုပ်ကိုင် စားသောက်ကြရသည်။ သူတကာတို့ကို ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံရသည်။ မော်ဥပဒေတို့ကို အမြဲလိုက်နာရသည်။

စာဟောဆရာ(မောဆရာ)သည် အနန္တော အနန္တ ငါးပါးတို့ကို ရှိခိုးတိုင်တည်ရန် ဓမ္မလင်္ကာ၊ သူရဿတီမယ်တော်ကို တိုင်တည်ရန် အလင်္ကာ စာပေများနှင့် ဗုဒ္ဓဝင်၊ မဟာဝင်၊ ဓမ္မပဒ၊ ငါးရာ့ငါးဆယ်နိပါတ်၊ ဇိနတ္ထပကာသနီ။ သံဝေဂဒီပနီ၊ မဟာဗုဒ္ဓဝင်၊ အဘိဓမ္မတ္ထသင်္ဂြိုလ်ကျမ်းအစရှိသောကျမ်းဂန်စာပေများကို အတွင်းကျကျလေ့လာ ဖတ်ရှုရသည်။ ကိုယ်အမူအရာနှင့် အသံအနိမ့်အမြင့်၊ အတိုအရှည်၊ ဒီဃ၊ ရဿ၊ ဂရုသ့၊ လဟုသံ၊ပီသအောင် လေ့ကျင့်ရသည်။

ဓမ္မကထိက မော်တစ်ဦးဖြစ်လာသည့်အခါ ဆေးမင်ကြောင်များကိုလည်း ထိုးရသည်။ ဘုရားငါးဆူ၊ သူရဿတီ၊ မေတ္တာဓာတ်ပွင့်စသော ဆေးမင်ကြောင်များကို ရင်ဘတ်၊ လက်မောင်းစသည့်နေရာများတွင် ကတိသစ္စာခံယူ၍ ထိုးထားရသည်။ ဤသို့ ဆေးမင်ကြောင်ထိုးထားရခြင်းသည်ကာမေသုမိစ္ဆာစာရ၊ သုရာမေရယ စသည့် အကျင့်သီလများ မဖောက်ပြားနိုင်စေရန်အတွက် ဖြစ်သည်။

စာဟောဆရာတစ်ဦးသည် ပိုးခေါင်းပေါင်းတစ်ထည်၊ မော်ခမောက်၊ ပအိုဝ်းအဝတ်အစား သန့်သန့်ပြန့်ပြန့်တစ်စုံ၊ ခြေအိတ်တစ်စုံ၊ ချွေးသုတ်ရန်သဘက်တစ်ထည် စသည်တို့ပါသည်။ စာဟောသောအခါ ခြေအိတ်ကို စွပ်ထားတတ်ကြသည်။ မျက်နှာသုတ်ပဝါမှာ ချွေးသုတ်ရန်အတွက် ဖြစ်ပြီး ခမောက်မှာ စာဟောသောအခါ ကာကွယ်ရန်အတွက် ဖြစ်သည်။

မော်ဟွိုးတို့ တရားဟောရသောပွဲများမှာ ရဟန်းခံရှင်ပြုပွဲ၊ ကျောင်း ကန် ဇရပ်ရေစက်ချပွဲ၊ ဝါတွင်းသုံးလကာလရေတွင်း ရေကန်လှူပွဲစသော အလှူပွဲများ၊ ဆွမ်းသွတ်ပွဲတို့တွင် စာဟောရသည်။ ဝါတွင်းသုံးလအချိန်တွင် စာဟောဆရာကို အလုအယက် ပင့်ဖိတ်ကြရသည်။ အချို့က နှစ်လ သုံးလကပင် ကြိုတင်ပင့်ဖိတ်ထားကြသည်။ ရဟန်းခံရှင်ပြုပွဲ စသည့်ပွဲကြီးများမှာမော်ပုဂ္ဂိုလ် သုံးလေးဦး ပူးပေါင်း၍ အလှည့်ကျ တရားဟောရ၏။ ဆွမ်းသွတ်ပွဲ အိမ်တက်မင်္ဂလာ ပွဲငယ်များတွင် မော်တစ်ဦး နှစ်ဦးမျှသာ ပါဝင်တရားဟောကြသည်။

ဖိတ်ကြားခြင်းခံရသော ပအိုဝ်းစာဟောဆရာသည် တစ်ဦးတစ်ယောက်တည်း လာလေ့မရှိပေ။ မိမိထံတွင် ပညာသင်ယူနေသော မိမိ၏သား(သို့မဟုတ်) မိမိထံတွင် ပညာသင်ယူနေသူတစ်ဦးဦး၊ မိမိထက်ပညာနုသော လက်အောက်စာဟောဆရာတစ်ဦးဦးကို အတူတူခေါ်သွားလေ့ရှိသည်။ ဟောပြောသောအခါ အတွေ့အကြုံနုသူ ပညာနုသူက အရင်ဆုံးစ၍ ဟောရသည်။ ထိုသူကို ပအိုဝ်းတိုင်းရင်းသားတို့က မော်ပေ 'စာဟောဆရာငယ်' ဟုခေါ်ကြသည်။ မော်ဆရာတစ်ဦး တရားဟောရာတွင် သုံးလေးနာရီမျှကြာသည်။

မော်ဆရာတရားဟောရာ၌

(၁) အနန္တော အနန္တငါးပါးကို ရှစ်ခိုးခြင်း။

(၂) မတ်တတ်ရပ်၍ အနန္တော အနန္တဂုဏ်ဆုပတ္ထနာ အမွန်းတင် ဂုဏ်တော်ဖွင့်လင်္ကာနှင့် သူရဿတီကို တိုင်တည်ခြင်း။

(၃) ပြုလုပ်ဆဲအလှူပွဲနှင့် ဆက်စပ်သော အကြောင်းအရာများကို တရားခေါင်းစဉ်တပ်၍အကျိုးအကြောင်း ရှင်းပြခြင်း။

(၄) တရားဟောခြင်း။

(၅) ဝတ္ထုသက်သေ သာကေတို့ကို ကွက်စိပ်အောင် ထုတ်ဖော်ဟောခြင်း။

(၆) တရားဟောအနုမောဒနာပြု၍ အဆုံးသတ်ခြင်းဟူ၍ အပိုင်း(၆)ပိုင်းပါဝင်၏။

စာဟောဆရာသည် စာမဟောမီ မိမိတို့၏ဆရာကို ရိုသေသည့်သဘောဖြင့် သပြေခက်များ၊ မြေဇာပင်များ၊ ပင့်ဖိတ်သောဒေသမှ ဆုငွေများကို မိမိတို့အတွက် ပြင်ဆင်ထားသော အလှူပွဲတွင် ထည့်ထားရသည်။ စာဟောပြီးသောအခါ ပွဲဒကာထံမှ ဉာဏ်ပူဇော်ခဆုငွေကို ရရှိသည်။ တရားနာပရိသတ်ကလည်း စေတနာတတ်ထားသမျှ ဉာဏ်ပူဇော်ခဆုငွေထဲတွင် ထည့်ဝင်လှူဒါန်းကြသည်။

တရားပွဲပြီးသောအခါ ပရိသတ်၏ တောင်းဆိုချက်အရ အလှူဒါနကို ချီးမြှောက်သော လင်္ကာကို လက်တန်းရွတ်ဆိုပြရသည်။ အချို့လူငယ် လူရွယ်များက အပျို လူပျို ချစ်ရေးဆိုဟန် လင်္ကာများကို ရွတ်ဆိုခိုင်း တတ်ကြသည်။ စာဟောဆရာသည် မငြီးငြူဘဲ သက်ဆိုင်ရာပရိသတ် အကြိုက်ကို လိုက်၍ ရွတ်ဆိုပြရသည်။

ပအိုဝ်းတိုင်းရင်းသားတို့ ကျင်းပသော ပွဲများသည် ဗုဒ္ဓဘာသာနှင့် ကင်းကွာမှုမရှိဘဲ ဗုဒ္ဓတရားတော်များကို အစဉ်အမြဲကြားနေရသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ရဟန်း သံဃာနှင့် မော်ဟွိုးတို့၏ ဦးဆောင်ညွှန်ပြသော ဗုဒ္ဓဘာသာသာသနာယဉ်ကျေးမှုလမ်းစဉ်အတိုင်း တသွေမတိမ်း လိုက်နာကြသည်။

ဤသို့ ပအိုဝ်းတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာကို လွန်စွာကိုင်းရှိုင်းခြင်းမှာ ပအိုဝ်းသံဃာတို့၏ လက်ရုံးတော်ဖြစ်ကြသည့် နိဗ္ဗာန်ဆော်ဓမ္မကထိက မော်ဟွိုးတို့၏ ကျေးဇူးကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့် ပအိုဝ်းမော်ဟွိုးတို့သည် ဗုဒ္ဓသာသနာပြုလုပ်ငန်းတွင် အားထားရသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

## (၃) အတိတ်နိမိတ်ကောက်ခြင်း

ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့ပတ်ဝန်းကျင်ရှိ အတွေ့အကြုံ၊ အဖြစ်အပျက်၊ အတိတ်နိမိတ်များကို အခြေခံ၍ ဆောင်ဓလေ့၊ ရှောင်ဓလေ့များကို ဓလေ့ထုံးစံအဖြစ် ဆက်လက်ခံယူကျင့်သုံးလေ့ ရှိကြသည်။ ထိုသို့ ဓလေ့ထုံးစံအရ ခံယူကျင့်သုံးရာတွင် မိမိတို့ခံယူကျင့်သုံး ယူဆသကဲ့သို့ တထစ်ချဖြစ်ရမည်ဟု မဆိုလိုပေ။ ရှေးမိဘဘိုးဘွား လက်ထက်က ဖြစ်ပျက်တွေ့ကြုံဘူးခဲ့၍ သားစဉ်မြေးဆက်တွင် ဆောင်ဓလေ့ ရှောင်ဓလေ့အဖြစ် ဆက်လက်ကျင့်သုံးခြင်းသာ ဖြစ်ပေသည်။

ရွာတွင်းသို့ ကျီဝင်လျှင် ရွာသားများ စုပေါင်း၍ စေတနာ သဒ္ဓါတတ်အားသမျှ

ထည့်ဝင်ကာ ဆွမ်းကျွေးကြသည်။ အများအားဖြင့် ရွာလည်တွင်ရှိသော အိမ်တွင် ဆွမ်းကျွေးလေ့ရှိကြသည်။ ဆွမ်းကျွေးပြီးလျှင် သံဃာတော်များက ပရိတ္တတ်ဖတ် သရဇ္ဈာယ်ရသည်။ ရွာ၏ အရပ်လေးမျက်နှာတွင်လည်း ပရိတ္တတ်ဖတ် သရဇ္ဈာယ်ပေးသည်။ ထိုသို့ ပရိတ်ရွတ်ပြီးနောက် တူမီးသေနတ်ဖြင့် ပစ်ဖောက်ကြသည်။ ဤသို့ပစ်ဖောက်ခြင်းဖြင့် မကောင်းသောအန္တရာယ်များ ကင်းစင်ပပျောက်သွားစေသည်ဟု ပအိုဝ်းတိုင်းရင်းသားတို့က ယုံကြည်ကြသည်။

ခရီးသွားစဉ် ဂျီသတ္တဝါကို တွေ့ရှိပါမူ အကြံမအောင်ဘဲ ဘေးရန်တွေ့သည်။ ခရီးသွားရင်း မင်္ဂလာဆောင် သတို့သား သတို့သမီးတို့ ဘိုးဘွားမိဘများ ကန်တော့ရန်သွားကြသည်နှင့် ကြုံလျှင် ခရီးသွားခြင်းအတွက်မကောင်းပေ။ ခရီးသွားလာရင်း မြွေတွေ့သည်ဖြစ်စေ၊ မိန်းမ မီးဖွားသည်ကိုဖြစ်စေတွေ့လျှင် ကောင်းသည်။

ရွာပတ်ဝန်းကျင်တွင် ကျားဟိန်းသံကြားရပါက ဆူပူမှု ဖြစ်တတ်သည်။ သို့သော် အချိန်ကြာမြင့်စွာ ဟိန်းပါက ရောဂါကင်းသည်။ တောဝက်များ ရွာတွင်းသို့ဝင်လာလျှင် မကောင်းပေ။

တောင်အရပ်တွင် ကျီးသာလျှင် ကောင်းသောအကြံဉာဏ်ရတတ်သည်။ သို့သော် လူကြီးအကြီးအကဲ ဆုံးရှုံးတတ်သည်။

ခရီးသွားစဉ် ခလုတ်တိုက်မိလျှင် ဘေးရန်မကင်းဖြစ်တတ်သည်။ ကျီး ငှက်စသည်တို့ ကိုယ်ပေါ်တွင်လာနားခြင်း၊ ထိပ်ပေါ်သို့အညစ်အကြေးစွန့်ခြင်း ဖြစ်ပေါ်လျှင် မကောင်းဆိုးဝါးနှင့် ရင်ဆိုင်ရ၍ အသက်ပါ ဆုံးရှုံးတတ်သည်။ အောက်မျက်ခမ်းလှုပ်လျှင် မကောင်းသော ရှေ့ပြေးနိမိတ်ဖြစ်သည်။ အထက်မျက်ခမ်းလှုပ်လျှင် ကောင်းသောရှေ့ပြေးနိမိတ်ဖြစ်သည်။ ရွာဘေးတွင် မြေကွဲအက်ပါက ရွာကွဲတတ်သည်။ တောင်ပြိုပါက နိမိတ်မကောင်းပေ။ ရွာထိပ်တွင် တောင်ပြိုပါက ရွာလူကြီးတို့ ထိခိုက်တတ်သည် စသဖြင့် ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့ ကြုံတွေ့ရသော အဖြစ်အပျက်များကို နိမိတ်ကောက်လေ့ရှိသည်။

အိပ်မက်မက်ခြင်းနှင့် ပတ်သက်သောအယူအဆများလည်း ရှိသေးသည်။ သစ်ပင်ကြီးများ တောင်များ လဲပြိုသည်ဟု မက်မြင်သော် ဆရာတော်၊ ဘုန်းကြီးများ၊ လူကြီးမိဘများ တစ်ဦးဦး ထိခိုက်လိမ့်မည်၊ သွားကျိုးသည်ဟု မက်မြင်သော် ဆွေမျိုးတစ်ဦးဦး တိမ်းပါးလိမ့်မည်။ မီးကျည်တက်၍ တစ်နေရာတွင် ကျသည်ဟု မက်မြင်သော် မီးကျည်ကျရာ အရပ်တွင် လူသေဆုံးလိမ့်မည်။ သစ်သီးဝလံကို မက်မြင်သော် ပျို့ရွယ်သူဖြစ်လျှင် အိမ်ထောင်ကျမည်။ သစ်သီးဝလံ စားရသည်ဟု မက်မြင်သော်

ရွှေငွေပစ္စည်း ဝင်လိမ့်မည်။ ဘုရားရှိခိုးသည်၊ ဘုန်းတော်ကြီးနှင့် တွေ့ရသည်ဟု မက်မြင်သော် ရန်သူမျိုးငါးပါး ကင်းစင်လိမ့်မည်ဟု ယူဆသတ်မှတ်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ဧည့်သည်ကို မှိုဟင်းဖြစ်စေ၊ အမဲလိုက်၍ရသော ဂျီ ယုန်စသော သတ္တဝါများ၏ အသားဟင်းကို ဖြစ်စေ မကျွေးကောင်းဟူသော ရှောင်ခလေ့[၁] ကို လက်ခံကြသည်။ ကျွေးမိလျှင် ထိုဧည့်သည် နောက်တစ်ကြိမ် ပြန်မလာတော့ပေ။ အကယ်၍ ဧည့်သည်ကိုကျွေးမိလျှင် ဧည့်သည်က ဝယ်စားသည့်သဘောဖြင့် ပိုက်ဆံစတိပေးရသည်။ လျော်ကြေး[၂] ပေးသောသဘောမျိုးပင် ဖြစ်သည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ အိမ်ကို အလည်အပတ်သွားလျှင်လည်း အိမ်ရှင်သည် ဖျာလိပ်နတ်ကိုးကွယ်သည့် အိမ်ဖြစ်ပါက ဧည့်သည်သည် အိမ်မြောက်ဖက်သို့ မသွားစေရ ဟူသော ရှောင်ခလေ့၊ မိမိထက်ကြီးသောသူအပေါ်သို့ ကျော်၍ ပစ္စည်းပေးပါက ရိုင်းပျသည်ဟု ယူဆသော ရှောင်ခလေ့၊ တောင်ယာလုပ်ငန်းစတင် ခုတ်ထွင်သည့်နေ့တွင် ငွေကြေးဥစ္စာအထွက် မခံကြသော ရှောင်ခလေ့တို့ကို ယုံကြည်ကြသည်။ အကယ်၍ တောင်ယာလုပ်ငန်းစတင် ခုတ်ထွင်သည့်နေ့တွင် ငွေကြေးဥစ္စာထွက်ပါက တောင်ယာမှ ရရှိလာသည့် အကျိုးစီးပွားမတည်မြဲဟု ယူဆကြသည်။ သက်ကြီး ရွယ်အိုဇနီးမောင်နှံကို လာရောက်ကန်တော့ကြရာတွင် (၂)ယောက်စလုံးရှိမှသာ ကန်တော့ခံကြသည်။ အကယ်၍ အမျိုးသားအနေဖြင့် ခရီးထွက်နေလျှင် ကျန်ခဲ့သော အဖွားသည် လာရောက်ကန်တော့ခြင်းကို လက်မခံပေ။

ပအိုဝ်းအမျိုးသမီးအိမ်ရှင်မများသည် ခင်ပွန်းသည်ခရီးသွားလျှင် ခင်ပွန်းသည်၏ အိပ်ရာကို မည်သူမျှအသုံးမပြုစေဘဲ သန့်ရှင်းသပ်ရပ်စွာ ထားကြသည်။ ခင်ပွန်းသည်သွားလာရာတွင် ဘေးကင်း ရန်ရှင်းစေရန် ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို အထူးကပ်လှူရသော ဆောင်ခလေ့[၃] တို့ကိုလည်း တွေ့ရသည်။

---

၁။ Taboo

၂။ pavement of a fine

၃။ Mana

## (ခ) ရိုးရာပွဲတော်များ

ပအိုဝ်းတိုင်းရင်းသားတို့သည် ရှင်ပြုပွဲနှင့် မီးဒုံးပွဲတို့ကို ကြီးကျယ်ခန်းနားစွာ ကျင်းပကြသည့်အပြင် တစ်နှစ်ပတ်လုံး ရာသီအလိုက် ဘာသာရေးပွဲတော်ငယ်များကိုလည်း ကျင်းပကြသည်။ တန်ခူးလတွင် ဗုဒ္ဓဘာသာဝင် တို့၏ ရိုးရာဓလေ့အတိုင်း ပအိုဝ်းတိုင်းရင်းသားတို့သည်လည်း ဘုရားစေတီများကို ရေသပ္ပါယ်ကြသည်။ မိမိအိမ်ရှိ ဘုရားဆင်းတုအပြင် ဘုန်းကြီးကျောင်းသို့သွား၍ ရေလှူကြခြင်း၊ စေတီပုထိုးများရှိ ဆင်းတုတော်များကို ရေသပ္ပါယ်ခြင်း၊ ဘုရားစေတီကို ရေလှူခြင်းတို့ကို ပြုလုပ်ကြသည်။ ဤကဲ့သို့ရေလှူကြခြင်း၊ ရေသပ္ပါယ်ကြခြင်းတို့ကို ပြုလုပ်ရာတွင် တစ်ဦးတစ်ယောက်ခြင်း မဟုတ်ဘဲ ရပ်ကွက်အလိုက်သော်လည်းကောင်း၊ ရွာအလိုက်သော်လည်းကောင်းပြုလုပ်ကြသဖြင့် အလွန် စည်ကား လှပါသည်။ ထိုသို့ ရေသပ္ပါယ်ခြင်းဖြင့် နှစ်ဟောင်းမှ အညစ်အကြေးများ စင်ကြယ်လာပြီး နှစ်သစ်တွင် သန့်ရှင်းစေမည်။ နှစ်ဟောင်းရှိ ရောဂါများ ဘေးအန္တရာယ်များ ကင်းစင် လွင့်ပျောက် စေမည်ဟု ပအိုဝ်းတိုင်းရင်းသားတို့က ယုံကြည်ကြသည်။

ဤတန်ခူးလမြတ်ထဲတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် ဘုန်းကြီးကျောင်းများသို့ ရွာလုံးကျွတ် (၃)ရက်မှ (၁၀)ရက်အထိ ကျောင်းတက်ပွဲကျင်းပကြသည်။ ကျောင်းတက်ပွဲဆိုသည်မှာ ဘုန်းကြီးကျောင်းများသို့ လှူဘွယ်ပစ္စည်းအစုံအလင်ဖြင့် လိုက်၍ ကန်တော့ကြခြင်းဖြစ်သည်။ မိမိတို့ရွာရှိ ဘုန်းကြီးကျောင်းသာမက တခြားရွာများရှိ ဘုန်းကြီးကျောင်းများကိုပါ အိုးစည် ဗုံမောင်းတီးကာ ရွာလုံးကျွတ် သွားရောက်ကန်တော့ကြသည်။ ဤသို့ ဘုန်းကြီးကျောင်းတက်သည်ကို ပအိုဝ်းတို့က ‘ထန်ကျောင်’ ဟုခေါ်ကြသည်။

ကဆုန်လတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် ဘုန်းကြီးကျောင်းသို့ ကုသိုလ်ပြုရန် စုပေါင်းသွားလေ့ရှိသည်။ ဘုန်းကြီးကျောင်းတွင် ပအိုဝ်းလူငယ်များက စုပေါင်း၍ ဆွမ်းချက်ခြင်း၊ ဆွမ်းကပ်ခြင်း၊ ဉပုသ်သည်များကို ထမင်းကျွေးခြင်းတို့ကို ပြုလုပ်ကြသည်။ အသက်အရွယ်ကြီးသူတို့သည် တရားနာပြီး ဉပုသ်သီလဆောက်တည်ကြသည်။ ထိုလတွင် မီးကျည်ပစ်ပွဲ(သို့မဟုတ်) မီးရှူးပြိုင်ပွဲ (သို့မဟုတ်) ဒုံးပြိုင်ပွဲကိုလည်း စုပေါင်းကျင်းပကြသည်။

ဝါတွင်းကာလဖြစ်သည့် ဝါဆို ဝါခေါင် တော်သလင်း သီတင်းကျွတ်လတို့တွင် ပအိုဝ်းတိုင်းရင်းသားတို့သည် သွံဉပုသ်ခေါ် ဉပုသ်ဆွမ်းပွဲကို ကျင်းပကြသည်။ ထိုပွဲကို အချို့ပအိုဝ်း ဒေသတွင် စာဂပွဲ(ကျွေးမွေးသည်) ဟုခေါ်ကြသည်။ ဉပုသ်ဆွမ်းပွဲဆိုသည်မှာ ဝါတွင်းကာလအတွင်း

အခါကြီး ရက်ကြီး(လပြည့် လကွယ်)နေ့တိုင်းတွင် ဥပုသ်စောင့်သူများကို ကျွေးမွေးကြခြင်း ဖြစ်သည်။

ဥပုသ်ဆွမ်းကို ရပ်ကွက်အလိုက်လည်းကောင်း၊ တစ်ရွာလုံးအနေဖြင့်လည်းကောင်း ကျင်းပကြသည်။ ရွာကြီးပါက ရပ်ကွက်အလိုက် တာဝန်ယူကျင်းပရသည်။ ကျောက်တလုံးတိုက်နယ်ပေါ်ရှိ ရွာကြီး(၆)ရွာသည်လည်း တာဝန်ကျသည့်ရွာအလိုက် အလှူငွေ ဆန်တို့ကို ရွာသားတို့ထံ ကောက်ခံကြသည်။ ငွေအင်အားအလိုက် သင့်တော်သလို ကျွေးမွေးလှူဒါန်းကြသည်။

ဥပုသ်နေ့ညနေတွင် ပအိုဝ်းလူငယ် ယောကျ်ားလေးများက အိုးစည် ဗုံမောင်းတီးကာ ပေါက်ပေါက်အိုး၊ ဖယောင်းတိုင်၊ မီးခြစ်၊ ဆေးစသည်တို့ကို ယူဆောင်ကာ ဥပုသ်ဇရပ်သို့ သွားရသည်။ ကျောက်တလုံးရှိ ပအိုဝ်းလူငယ်များသည် ပန်းစည်းငယ်များကို ယူသွားကြသည်။ ဘုန်းကြီးကျောင်းတွင် ဘုန်းကြီးကို အလျှင်အကြောင်းကြားဖိတ်ပြီးနောက် ဥပုသ်သည်များကို ဖိတ်ရသည်။

ဖိတ်ကြားပုံမှာ ဥပုသ်စောင့်သူလူကြီးများကို ကွမ်းအစ်ဖုံး(သို့မဟုတ်)ခွက်စသည်တို့ဖြင့် ပေါက်ပေါက်အနည်းငယ်စီထည့်ပြီး (သို့မဟုတ်) ပန်းစည်းကမ်းပေးပြီး ဥပုသ်သည်များကို ဖိတ်ရသည်။ ဥပုသ်သည်များကလည်း လက်ခံပြီး ဇရပ်တွင် အိပ်ကြရသည်။

နောက်တနေ့နံနက်မိုးလင်းချိန်တွင် ဥပုသ်ဆွမ်းကျွေးရန် ချက်ပြုတ်ကြသော ပအိုဝ်းလူငယ် အပျို လူပျိုတို့သည် ထမင်း ဟင်းများကို ကျောင်းသို့သယ်ဆောင်၍ ဘုန်းကြီးများကို ဆွမ်းကပ်ပြီးနောက် ဥပုသ်သည်များကို ကျွေးရသည်။ အသင့်ရာထားသော ကွမ်းယာနှင့် ဆေးလိပ်တို့ကိုလည်း ဧည့်ခံရသည်။ ထို့နောက် အားလုံးအတူတကွ တရားနာကြသည်။ တရားတော်နာ ပြီးမှ လူငယ်များနှင့် ဥပုသ်စောင့်သူလူကြီးများပါ မိမိတို့အိမ်သို့ ပြန်ကြသည်။ ပအိုဝ်းတိုင်းရင်း သားတို့သည် တစ်လလျှင် နှစ်ကြိမ်ကျ ဥပုသ်ဆွမ်းကျွေးပွဲ ကျင်းပပြီး ဝါတွင်း(၃)လအချိန်ကို ကုန်လွန် စေသည်။

သီတင်းကျွတ်လတွင်လည်း ဝါကျွတ်ပွဲတော်(သို့မဟုတ်) သီတင်းကျွတ်ပွဲတော်ကိုလည်း ကျင်းပကြသည်။ ဤဝါကျွတ်ပွဲတွင် သင်ပုတ်စင်ကို အထူးပြင်ဆင်ပြုလုပ်၍ လှူဒါန်းကြသည်။ ဝါး နှီးတို့ဖြင့် သင်ပုတ်စင် ကျောင်းဆောင်ပုံသဏ္ဌာန်အမျိုးမျိုးကို လူတစ်ရပ်အမြင့် ဆောက်လုပ်ကြပြီး သင်ပုတ်စင်ကို ရွှေရောင် ငွေရောင်စက္ကူဖြင့် လှပစွာလုပ်ကြသည်။ ထို သင်ပုတ်စင်ကို အိမ်၏အရှေ့ဘက်၊ အိမ်နှင့် အနီးကပ်ဆုံးနေရာတွင် နေရာရွေး၍ စိုက်ထူကြသည်။ ထိုသင်ပုတ်စင်ကျောင်းဆောင်၏ ဒေါင့်လေး ဒေါင့်တွင် တံခွန် ကုက္ကားမှ လေးပွားကြက်လျှာများနှင့် ငှက်ပျောပင်၊ ကြံပင်၊ စပါးပင်၊ ဂျင်းပင်တို့ကို လှပစွာ ချယ်လှယ် စိုက်ထူထားကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ရိုးရာ
ပွဲတော်များ





ထို့နောက် မုန့်ခြောက်မျိုးစုံ၊ သစ်သီးမျိုးစုံ၊ မုန့်ပဲ သရေစာ၊ သစ်သီးစုံ၊ ဆန်၊ ကောက်ညှင်း၊ ဆား၊ နနွင်း၊ ပဲပုပ်၊ ငပိ၊ ငါးခြောက်ပါမကျန် စားသောက်စရာအမျိုးမျိုးကို အထုပ်ငယ်များ ပြုလုပ်ကာ သင်ပုတ်စင်တွင် ကြည့်ကောင်းစေရန် ကြိုးဖြင့် လှပစွာ ချိတ်ဆွဲပြင်ဆင် ကြသည်။ သီတင်းကျွတ်လဆန်း(၁၄)ရက် အဖိတ်နေ့ညဘက်တွင် ပန်း ဆီမီး ရေချမ်းတို့ဖြင့် သင်ပုတ်စင် ကျောင်းဆောင်အတွင်းရှိ လှူဒါန်းဘွယ်ရာများကို မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းကြသည်။ လပြည့်နေ့နံနက် အရုဏ်တက်အချိန်တွင် ရေစက်ချ အမျှဝေကာ လိုရာဆုတောင်းကြသည်။ ဆွမ်းတော်များကို စွန့်ပစ်သော်လည်း အခြားလှူဘွယ်များနှင့် အသီးအနှံတို့ကို လပြည့်ကျော်(၃)ရက်အထိ ဆက်ကပ်လှူကြသည်။ မြတ်စွာဘုရားသခင်သည် သီတင်းကျွတ်လပြည့်နေ့ နံနက်အရုဏ်တက် အချိန်လောက်တွင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်ကြွချီလာမည်။ ထိုသို့ကြွချီလာမည့် မြတ်စွာဘုရား အား ရည်စူးပြီး သင်ပုတ်စင်ဖြင့် လှူဘွယ်များကို ဆက်ကပ်လှူဒါန်းကြခြင်းဖြစ်သည်။

အဖိတ်နေ့၊ သီတင်းကျွတ်လပြည့်နှင့် လပြည့်ကျော်ရက်များတွင် ဘုရားကို မီးပူ ဇော်ကြသည်။ အချို့ကလည်း အဖိတ်နေ့နှင့် လပြည့်ရက်(၂)ရက်သာ မီးပူဇော်ကြသည်။ တစ်တိုင်နှင့် တစ်တိုင် (၁၀)ပေခန့်ကွာသည့် ဝါးတိုင်ကလေးများတွင် ဝါးခြမ်းရှည် ခပ်ပါးပါးတို့ကိုဆက်၍ သွယ်တန်းကာ မီးပုံးများချိတ်ဆွဲထွန်းညှိကာ ထိုတိုင်များကို ဘုရား(သို့မဟုတ်) ဘုန်းကြီးကျောင်းအထိ သယ်ယူကာ ဘုရား(သို့မဟုတ်) ဘုန်းကြီးကျောင်း၏ ပတ်လည်ဝိုင်းရံပြီး တိုင်စိုက်ထူ ပူဇော်ကြသည်။ ထိုပွဲကို မီးပုံးပွဲ'ပွယ်ပန်မေဗို' ဟုခေါ်ကြသည်။

နတ်တော်လတွင် ခေါပုတ်ခေါ် ကောက်ညှင်းထောင်းပွဲကို ကျင်းပကြသည်။ ထိုလတွင် မိမိတို့လယ်မှ ထွက်သော ကောက်ညှင်းကို ခေါပုတ်လုပ်ကာ ဘုန်းကြီးအား ကပ်လှူပြီးနောက် သက်ကြီး ရွယ်ကြီးနှင့် အိမ်နီးနားချင်းအိမ်များသို့ လိုက်လံပို့၍ ကုသိုလ်ပြုကြသည်။

ပြာသိုလတွင် 'ခေါယာကုပွဲတော်'ခေါ် ရာသီပွဲတော်ကိုလည်း ကျင်းပကြသည်။ ကောက်ညှင်းဆန်ကို ချက်ပြီး ကြံသကာရေနှင့် ပေါင်းကာ ဘမ်းထဲတွင် အပြင်လုပ်ကြသည်။ ထိုကောက်ညှင်းပြင်ပေါ် မြေပဲတောင်းဖြူးကာ လှီးဖြတ်ပြီး ဘုရားဆွမ်းတော်တင်ကြသည်။ ထို့နောက် ဘုန်းကြီးကျောင်းပို့ကာ ဘုန်းကြီးများအား ကပ်လှူကြသည်။ ထို့နောက် သက်ကြီးရွယ်အို အိမ်များ အိမ်နီးနားချင်းများသို့ လိုက်ပို့၍ ကုသိုလ်ပြုကြသည်။

တပို့တွဲလတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် တောတွင်းသို့လှည့်လည်ကာ စုပေါင်းပြီး

ထင်းရှာပွဲ ပြုလုပ်ကြသည်။ တောတွင်းသို့သွားပြီး ထင်းများ၊ သစ်ခေါက်များ ရှာဖွေစုဆောင်းပြီး ဘုန်းကြီးကျောင်းသို့ လှူဒါန်းကြသည်။ ထိုလတွင် အလွန်အေးသဖြင့် သံဃာတော်များ အအေးဒဏ်မှ ကာကွယ်နိုင်စေရန် မီးလှုံနိုင်ရန်အတွက် ထင်းများကို လှူလေ့ရှိကြသည်။ တပို့တွဲလတွင် ခရဲခေါ် မီးပူဇော်ပွဲကို ကျင်းပကြသည်။

ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့ဒေသ၏ အထွဋ်အမြတ်ဖြစ်သော ကျောက်တုံးကြီးတွင်တစ်နှစ်လျှင်တစ်ကြိမ် ပူဇော်ပွဲ ကျင်းပကြသည်။ လအတိအကျ သတ်မှတ်ထားခြင်းမရှိသော်လည်း များသောအားဖြင့် မိုးဦးကျ လများတွင် ကျင်းပကြသည်။ ရက်အနေဖြင့် ဒေသ၏ နေ့နံအရ ဗုဒ္ဓဟူးနေ့တွင် ကျင်းပကြသည်။ ရှေးလူကြီးများ၏ ပြောပြ ချက်အရ ထိုကျောက်တုံးတွင် ကောလ၊ ပန်သိ၊ ဇာရိ၊ ထပ်သောင်းဆိုသော ကိုယ်ရံတော်(၄)ဦးရှိသည်။ ထိုကိုယ်ရံတော်တို့ကို ရည်စူးကာ ပူဇော်ပသခြင်းဖြစ်သည်ဟု သိရသည်။ ရှေးယခင်က (၃)နှစ်(၁)ကြိမ် ကျင်းပရာမှ ယခုအခါတွင် တစ်နှစ်တစ်ကြိမ် ကျင်းပလာခဲ့ကြသည်။ လူကြီးလူငယ်မရွေး မည်သူမဆို သွားရောက် ပူဇော်ကြသည်။ ဗုံမောင်းအိုးစည်တို့ကို တီး၍ သစ်သီး ဆွမ်း သတ်သတ်လွတ်ဟင်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် ကျောက်တုံးကြီးသို့ သွားရောက်ပူဇော်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များအနက် တပေါင်းလပြည့်နေ့တွင် ကျင်းပသော ပအိုဝ်းအမျိုးသားနေ့ပွဲကိုလည်း ပအိုဝ်းဒေသအနှံ့အပြားတွင် ကျင်းပသည်။ သုဝဏ္ဏဘုမ္မိ သထုံပြည်ကို အုပ်စိုးသော မင်းများအနက် သူရိယစန္ဒာမင်းသည် တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် အရှေ့အရပ်မှ နေမင်းသည် ထွန်းလင်းစပြုလျှက်ရှိပြီး အနောက်အရပ်မှလည်း လမင်းသည် ဝင်အံ့ဆဲဆဲ လုလုအချိန်တွင် မွေးဖွားခဲ့သည်။

သူရိယစန္ဒာမင်းသည် သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားအား အရင်ဆုံးဖူးမျှော်ရသည့် ပအိုဝ်းမင်းပင် ဖြစ်သည်သာမက သူရိယမင်းစိုးစံစဉ် အရှင်ဂေါတမ မြတ်စွာဘုရားသည် သုဝဏ္ဏဘုမ္မိသို့ သုံးကြိမ်တိုင်တိုင်ကြွရောက်လာပြီး သုဝဏ္ဏဘုမ္မိပြည်သူပြည်သားများဖြစ်သော ပအိုဝ်းတိုင်းရင်းသားများနှင့်တကွ သူရိယစန္ဒာမင်းကို သရဏဂုံသုံးပါးအား ဆောက်တည်စေပြီး ဗုဒ္ဓဘာသာဝင် များအဖြစ် ဓမ္မတရားတော်ဖြင့် ဟောကြားချီးမြှင့်ခဲ့သည်။

သူရိယစန္ဒာမင်းသည် ပအိုဝ်းတိုင်းရင်းသားတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးခဲ့သည်။ ဤကျေးဇူးတရားကို အောက်မေ့တသသတိရသောအားဖြင့် ပအိုဝ်းတိုင်းရင်းသားတို့သည် သူရိယစန္ဒာမင်း

၏ မွေးနေ့ဖြစ်သည့် တပေါင်းလပြည့်နေ့ကို 'ပအိုဝ်းအမျိုးသားနေ့' အဖြစ်သတ်မှတ်ကြသည်။

အမျိုးသားနေ့တွင် ဘုရားပူဇော်ပွဲ၊ သက်ကြီးရွယ်အိုနှင့် အကြီးအကဲများကို ပူဇော်ပွဲ၊ စကားရည်လုပွဲ၊ ဟောပြောပွဲများ ကျင်းပကြသည်။ ပအိုဝ်းအမျိုးသားနေ့(တပေါင်းလပြည့်နေ့)သည် ဘာသာရေးနေ့ နေ့ထူးနေ့မြတ် ဖြစ်ရုံသာမက ပအိုဝ်းတိုင်းရင်းသားတို့၏ အမျိုးသားရေး နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။

(၁) ရှင်ပြုပွဲ

ပအိုဝ်းတိုင်းရင်းသားတို့သည် အများအားဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ဘာသာတရားကို အလွန်ရိုသေကိုင်းရှိုင်းကြသည့် တိုင်းရင်းသားများ ဖြစ်သည်နှင့်အညီ ကုသိုလ်ရေးဖြစ်သော ဘာသာရေးပွဲလမ်းသဘင်များကို ကျင်းပလေ့ရှိကြသည်။ ထိုပွဲတော်များအနက် ရှင်ပြုပွဲသည် တစ်ခုအပါအဝင်ဖြစ်ပြီး အထွဋ်အမြတ်ထားသော ပွဲတော်တစ်ခုလည်း ဖြစ်သည်။ ပအိုဝ်းတိုင်းရင်းသားမိဘများသည် သားရတနာများ မွေးဖွားလာပြီဆိုလျှင် ရှင်သာမဏေပြုရေးကို အလေးထားကြသည်။ သားရှင်မိဘများသည် မိမိတို့ကြိုးပမ်းလုပ်ကိုင်၍ ရသော ငွေများကို စုဆောင်းပြီး သားတို့အား ရှင်ပြုကြရလျှင် အလွန်ကျေနပ်မှုရှိကြသည်။ မိမိတို့ရှာဖွေရရှိသော ဥစ္စာပစ္စည်းသည် လူမမယ်သားငယ်အား ရှင်ပြုရန်ဟု မှတ်ယူကြသည်။

များသောအားဖြင့် ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့၏သားများ(၁၂)နှစ်၊ (၁၃)နှစ်အရွယ်ရောက်လျှင် ရှင်သာမဏေသို့ ချီးမြှင့် သွတ်သွင်းကြသည်။ ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ချက်အတိုင်းသားယောက်ျားလေးတို့အား ရှင်ပြုပေးရသော အကျိုးမှာ နိဗ္ဗာန်မရောက်မီ စပ်ကြားအပါယ်တံခါးပိတ်နိုင်လောက်သော ကုသိုလ်အကျိုးခံစားနိုင်သည်ဟူ၍ပင် ယုံကြည်ကြသည်။ သားရတနာ မထွန်းကားပါက ဆွေမျိုးမိတ်သင်္ဂဟ တစ်ဦးဦး၏ သားကိုရှင်ပြုပေးကြသည်။ ပအိုဝ်းတိုင်း ရင်းသားတို့သည် ရှင်ပြုပွဲကို 'ပွယ်ပန်' ဟုခေါ်ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ရှင်ပြုပွဲကို တစ်ဦးတည်းကျင်းပခြင်းမရှိဘဲ ငွေကြေးတတ်နိုင်ပါက ငွေကြေးမတည်ပြီး အရွယ်ရောက်သူ ယောက်ျားလေးများအားလုံးကို စုပေါင်းပြီး သက်ဆိုင်ရာမိဘများနှင့် ရွာသူရွာသားများက ဝိုင်းဝန်းကာ ရှင်ပြုပွဲကျင်းပကြသည်။ ထို့ကြောင့် ရွာတစ်ရွာတွင် ရှင်ပြုပွဲတစ်ကြိမ် ပြုလုပ်နိုင်ရေးအတွက် (၅)နှစ်မှ (၇)နှစ်အထိ ကြာပြီး တစ်ခါရှင်ပြုပွဲကျင်းပလျှင်လည်း

ယခင်က ရှင်လောင်း(၅)ပါးမှ အများဆုံး(၁၀၈)ပါးအထိ ရှင်ပြုကာ ယခုအခါ ရှင်လောင်း(၅၀)ပါးမှ (၃၀၀)ပါးအထိ ရှင်ပြုကြသည်။ ရှင်ပြုပွဲသည်လည်း (၇)ရက်ကြာသည်။ ရှင်ပြုပွဲကို လုပ်ငန်းခွင်အားသည့် လယ်ယာလုပ်ငန်းအပြီး တပေါင်း တန်ခူးလတို့တွင် ကျင်းပကြသည်။ ပွဲတော်ဖြစ်မြောက် အောင်မြင်ရေး အတွက် တစ်ရွာနှင့်တစ်ရွာ ဝိုင်းဝန်းကူညီကြသည်။ ရပ်ဝေးနေဆွေမျိုးသားချင်းများကို ကြိုတင်အကြောင်း ကြားထားကြသည်။ ရွာလုံးကျွတ် ပွဲတော်ကြီးအတွက် မိုင်(၃၀)ပတ်ဝန်းကျင်ရှိ အနီးအ နားရွာများကို ရွာအလိုက် ရွာလုံးကျွတ်ဖိတ်ကြသည်။။ လာရောက်ကြမည့် ထောင်ပေါင်းများစွာသော ရပ်ဝေးဧည့်သည် ပရိတ်သတ်များအား ကျွေးမွေးရေးအတွက် ရိက္ခာပစ္စည်းများကို ကြိုတင်စီမံထားကြရသည်။

ရှင်ပြုပွဲဖိတ်ကြားရာတွင် ဖိတ်ကြားပုံအမျိုးမျိုးကို တွေ့ရသည်။ အချို့က ဖိတ်စာကို ပအိုဝ်းစာသားဖြင့်ရေး၍ ရွှေစာလုံး ငွေစာလုံးဖြင့် ပုံနှိပ်ပြီး ဖိတ်ကြားကြသည်။ ဖိတ်စာပေါ်တွင် ရေးသား ထားသော စာသားမှာ မြန်မာကဗျာ ချေင်း၊ ရတုကဲ့သို့ ကာရန်ညီညီ အဓိပ္ပါယ်ရှိရှိဖြင့် ရေးသားထား ကြသည်။ လေးလုံးစပ်လင်္ကာဖြင့် ရေးသားထားသည်ကိုလည်း တွေ့ရသည်။ ထိုစာသားများကိုဖတ်ရာတွင် သံနေသံထားဖြင့် ဖတ်ကြရသည်။ ရှေးအခါက လဘက်အစိုကို ငှက်ပျော ဖက်ဖြင့်ထုပ်ကာ ဖိတ်ကြသည်။ အချို့ကျေးလက်တောနေ ပအိုဝ်းတိုင်းရင်းသားတို့သည် ရှင်ပြုပွဲ ဖိတ်စာအဖြစ် စာအိတ်ထဲ လဘက် ခြောက်ထည့်၍ ဖိတ်ကြသည်ကိုလည်း တွေ့ရသည်။ စာအိတ်ပေါ်တွင် ပွဲကျင်းပမည့် နေ့ရက်အချိန် ကာလကို ရေးကြသည့်အပြင် ဖိတ်ကြားခံရသူ၏ အမည်ကိုလည်း ရေးရသည်။ အဖိတ်ခံရသူ၏ ဆွေမျိုးအားလုံးအတွက်ပါ ရည်ရွယ်၍ ဖိတ်ကြားခြင်းဖြစ်သည်။

ဘုန်းကြီးကျောင်းအနီးတွင် ဧည့်ခံရန် ဗဟိုမဏ္ဍပ်ကြီး(စုပေါင်းမဏ္ဍပ်တစ်ခု)၊ ထမင်း ကျွေးမဏ္ဍပ်(အနည်းဆုံးနှစ်လုံး)နှင့် လဘက်ရည်(ရေနွေးကြမ်း)သောက်မဏ္ဍပ်များကို ရွာသားများက စုပေါင်းဆောက်ကြသည်။ ဗဟိုမဏ္ဍပ်ကြီးသည် ဧည့်ခံခြင်း၊ ရှင်သာမဏေပြုခြင်းနှင့် တရားဟောခြင်း တို့အတွက် သီးသန့်ဖြစ်သည်။ ပတ်ဝန်းကျင်ရွာများမှ ရွာလုံးကျွတ် ဖိတ်ကြားထားသည့်ဧည့်သည်များ တွင် အမျိုးသမီး အမျိုးသားများ ပါဝင်လေသည်။ ယင်းတို့အနက် အမျိုးသား ဧည့်သည်များသည် ရှင်လောင်းထိန်းများအဖြစ်လည်းကောင်း၊ အမျိုးသမီးဧည့်သည်များသည် ဧည့်ခံလုံမငယ်များ အဖြစ်လည်းကောင်း အသီးသီးလုပ်အားပေး တတ်ကြသည်။ အစုအလိုက်ဖြစ်စေ၊ တစ်ဦးတည်းကဖြစ်စေ၊ ရွာတွင်းနေရာအနှံ့အပြား၌ တည်ဆောက်ထားသော လဘက်ရည်သောက် မဏ္ဍပ်များတွင် လုပ်အားပေးကြရသည်။ ဤလုပ်အားပေးအဖွဲ့များတွင် ခေါင်းဆောင်(အပျိုခေါင်း၊ လူပျိုခေါင်းများ)

ရှိကြလေရာ အဖွဲ့များလုပ်အားပေးရန် ရောက်လာကြသည်တွင် အိမ်ရှင်ကဖြစ်စေ၊ မဏ္ဍပ်အကြီးအကဲကဖြစ်စေ မိမိတို့မဏ္ဍပ်တွင် လိုအပ်သမျှစီမံပြုလုပ်ပေးကြပါရန် ကိစ္စအဝဝကို အဆိုပါခေါင်းဆောင်များအား ပွဲတော်ချိန်တစ်ခုလုံးအတွက် အပ်နှံကြလေသည်။

ဗဟိုမဏ္ဍပ်ကြီးတွင် ညအချိန်၌ 'မေဘ်'ခေါ် ပအိုဝ်းစာဟောဆရာကို ပင့်ဖိတ်ပြီး ပွဲလာသည့်ပရိတ်သတ်တို့အား ပအိုဝ်းသမိုင်းပုံပြင်၊ ဘာသာရေးဆိုင်ရာရာဇဝင်ကျမ်း၊ လူမှုရေးဆိုင်ရာများ၊ ဇာတ်နိပါတ်တော်များကို ဟောကြားစေသည်။ ရှင်ပြုပွဲစသည်နှင့် ထမင်းဧည့်ခံကျွေးမွေးသော မဏ္ဍပ်တွင် ဧည့်သည်များကို နေ့ညအချိန်မရွေး ထမင်းဧည့်ခံကျွေးမွေးကြသည်။ အချို့ပအိုဝ်းရှင်ပြုပွဲများတွင် ကြွရောက်လာသော ရပ်ဝေးဧည့်သည်များကို ပွဲတော်ရက်အတိုင်း မဏ္ဍပ်၌ ထမင်းဖြင့် ဧည့်ခံခြင်းမပြုဘဲ ထမင်းထုပ် ဝေပေးကြသည်ကိုလည်း တွေ့ရသည်။ သို့သော် ထိုဓလေ့သည် အလွန်နည်းပါးသည်။ ထမင်းထုပ်ပေးရာတွင် အလှူအဒါန်းဘက်၌ ဝါသနာပါသူတိုင်း စုပေါင်းရှင်ပြုပွဲကြီးအောင်မြင်ရန် ရည်စူး၍ ရွာတိုင်း အိမ်တိုင်းက ထမင်းထုပ် ထုပ်ပေးကြသည်။ တစ်ဦးတည်း ထမင်းထုပ် ပေးရခြင်း (သို့မဟုတ်) ရှင်လောင်းဒါယကာများ စုပေါင်းတာဝန်ခံပြီး ထမင်းထုပ်ပေးရခြင်းမျိုးမဟုတ်ဘဲ အိမ်တိုင်းရွာတိုင်း ထမင်းထုပ်အလှူဒါန ပါဝင်ခွင့်ရှိသည်။

ရွာတွင်းရှိ လဘက်ရည် (ရေနွေးကြမ်း) ဧည့်ခံမဏ္ဍပ်များတွင်လည်း ဧည့်ခံ အမျိုးသမီးများကကြွရောက်လာသော ပရိတ်သတ်ဧည့်သည်များအပေါ် လစ်ဟင်းမှုမရှိစေရန် မဏ္ဍပ်တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင်ပြုစုကြသည်။ ဧည့်ပရိတ်သတ်များ အချိန်မရွေးရောက်လာကြသဖြင့် ပအိုဝ်းဧည့်ခံ အမျိုးသမီးများသည် အလှည့်ဖြင့်အိပ်၊ အလှည့်ဖြင့်စားလျက် (၂၄)နာရီပတ်လုံး ဧည့်ခံကြရသည်။ သက်ဆိုင်ရာ အလှူရှင် အိမ်ထောင်စုအလိုက် မဏ္ဍပ်တစ်ခုလျှင် ဒါယိကာသုံးလေးဦး စုပေါင်းဧည့်ခံသကဲ့သို့ ပစ္စည်းကြွယ်ဝသူက သီးသန့်မဏ္ဍပ်ဖြင့် ဧည့်ခံတတ်ကြရာ ရှင်လောင်းအပါး (၁၅၀)ရှင်ပြုလျှင် ရေနွေးကြမ်းဧည့်ခံမဏ္ဍပ်(၂၅)ခုလောက် ရှိတတ်သည်။

မဏ္ဍပ်အသီးသီးတွင် ဧည့်ခံရန် ပအိုဝ်းအမျိုးသမီးပျိုများကိုလည်းကောင်း၊ ရှင်လောင်းထိန်းအဖြစ် ပအိုဝ်းလုလင်များကိုလည်းကောင်း ရွာ(၄)ရွာအထိ ဖိတ်ကြားတတ်ကြသည်။ ရှင်လောင်းထိန်းသည် ရှင်လောင်းများကို အစစအရာရာ စောင့်ရှောက်ကြရသကဲ့သို့ ဧည့်ခံအမျိုးသမီးများအနက်မှ ရွေးထားသော ရှင်လောင်းထိန်းအမျိုးသမီးတို့ကလည်း ရှင်လောင်းတို့အား မင်းဝတ်တန်ဆာများ ဝတ်ဆင်စေရန် ပြင်ဆင်ပြီး ခေါင်းပေါ်တွင် မကိုဋ်ဆောင်းစေကာ မျက်နှာကိုလည်း

လှပစေရန် လိမ်းချယ်ပေးကြသည်။ ရှင်ဒကာသည် ရှင်လောင်းထိန်းရန် အမျိုးသားများနှင့် ဧည့်ခံကျွေးမွေးရန် အမျိုးသမီးများကို တစ်ရွာစီဖိတ်ကြသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် တစ်ရွာစီခြားသော အမျိုးသားနှင့် အမျိုးသမီးတို့ ရင်းနှီးချစ်ခင်မှုကို ရစေသည်။ ရှင်လောင်းထိန်းနှင့် ဧည့်ခံအမျိုးသမီးများ အတွက် ဖိတ်ကြားခြင်းမခံရသည့် ရွာများကမူ ဗဟိုမဏ္ဍပ်ကြီးတွင် ဧည့်ခံကျွေးမွေးရန် အစစတာဝန် ယူကြရသည်။

ပအိုဝ်းရှင်လောင်းပွဲများ၌ မြင်းများဖြင့် ရှင်လောင်းလှည့်သည့်အခါ ထိုရှင်လောင်းများ စီးသော မြင်းများ၏ ရှေ့ဆုံး၌ ကကြိုးတန်ဆာပလာများဖြင့် လှပတင့်တယ်စွာ ဆင်ယင်ထားသော နတ်မြင်းတစ်ကောင်ထားလေ့ရှိသည်။ ထိုမြင်း၏ နဖူးပေါ်၌ ကြေးမုံမှန်ငယ်လေးတစ်ချပ် တပ်ဆင်ထား သည်။ ထို့ပြင် ပေါက်ပေါက်ထုပ်ကို ပုဝါဖြူနှင့် ထုပ်ပြီး ထိုပုဝါထုပ်ကို တုတ်ချောင်းငယ် တစ်ချောင်းနှင့် ပူးချည်ထားကာ မြင်း၏ နားရွက် တစ်ဘက်တစ်ချက်စီ၌ တုတ်ကို လျှိုပြီး မြင်း၏နဖားကြိုးခေါ် ဇက်ကြိုးနှင့် တွဲချည်ထားသည်။ တချို့က ထိုပေါက်ပေါက်ဆုပ် ထည့်ထားသော ပုဝါဖြူထုပ်ကို မြင်း၏နဖားကြိုးဖြင့် တွဲမချည်ဘဲ လက်ကကိုင်ကြသည်ကိုလည်း တွေ့ရသည်။ ထိုမြင်းကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဇက်ကြိုးကိုင်ရန် လူနှစ်ယောက် ရွှေထီးဆောင်းပေးရန် လူနှစ်ယောက်နှင့် ပေါက်ပေါက်ဆုပ် ကြဲဖြန့်ရန် လူနှစ်ယောက် စုစုပေါင်း ခြောက်ယောက်လိုသည်။

ထိုမြင်းသည် နတ်စီးရန်ထားသည့်မြင်းဟု အယူအဆရှိ၍ အထွတ်အမြတ်ဆုံး တန်ခိုး အရှိဆုံးဟု ယုံကြည်ကြသည်။ ထိုနတ်မြင်းထားရှိခြင်းဖြင့် ရှင်လောင်းစီးသော အခြားသာမန်မြင်းများ ပွဲရက်အတွင်း လူသံ၊ ဗုံသံ၊ မောင်းသံ၊ အိုးစည်သံများကြားလျှင် ရုတ်တရက် လန့်ဖြန့်ပြီး ထွက်ပြေးခြင်း၊ လူကြားထဲ ခုန်ပေါက်ခြင်းမရှိစေရန် ထိုနတ်မြင်း၏ တန်ခိုးဖြင့် ထိန်းချုပ်ထားသည်ဟု ယုံကြည်ကြသည်။ တနည်းအားဖြင့် ရှင်လောင်းများ မြင်းပေါ်မှ မကျစေရန် ထိုနတ်မြင်းက စောင့်ရှောက်ထားသည်ဟု ယုံကြည်ကြသည်။

ပအိုဝ်းရှင်လောင်းတစ်ပါးအတွက် လိုအပ်သောပစ္စည်းများမှာ ရွှေထီးနှစ်လက်၊ ရေမျော အိုးတစ်လုံး၊ ကွမ်းအစ်တစ်လုံး၊ ကြေးမုံမှန်ကြီးတစ်ချပ်၊ ကော်ဇော(၃)ထည်နှင့် မြင်းတစ်ကောင် စသည်တို့ဖြစ်သည်။ ရှင်လောင်းတစ်ပါးအတွက် လူအနည်းဆုံး(၁၃)ယောက်လိုသည်။ မြင်းဇက်ကြိုးဆွဲ ရန်လူနှစ်ယောက်၊ ရှင်လောင်းအား မြင်းပေါ်မှမကျစေရန် သိမ်းဖက်ထားပြီး သီချင်းအဆိုပိုင်နိုင်သူ ကာလသားနှစ်ယောက်၊ မြင်း၏တစ်ဖက်တစ်ချက်စီတွင် ရွှေထီးဆောင်းရန် လူနှစ်ယောက်၊ ကွမ်းအစ်

ကိုင်တစ်ယောက်၊ ရေမျောအိုးကိုင်တစ်ယောက်နှင့် ပေါက်ပေါက်ဆုပ်ကြဲဖြန့်ရန် အမျိုးသမီးလေးယောက် စသည်တို့လိုအပ်သည်။ မှန်ပြသော ကာလသားနှစ်ယောက်သည် ရှင်လောင်း၏ဝတ်စားတန်ဆာများအရောင်လက်ပြောင်စေရန် နေရောင်ခြည်ကို မှန်ဖြင့်ခံထိုးပြီး ရှင်လောင်းပေါ်သို့ အလင်းရောင်ပြန်ဟပ်စေသည်။

ရှင်မပြုမီ သုံးလေးရက်ကြိုပြီး ရှင်လောင်းများအားပြင်ဆင်ဝတ်စားစေပြီး ဖိတ်ကြားထားသော ဆွေမျိုးသားချင်းများရှိအိမ်များ၊ရှင်ပြုသည့်မိဘအိမ်များ၊ အခြားရွာများသို့ တစ်အိမ်ပြီးတစ်အိမ် လှည့်လည် ပြသ ကန်တော့ကြရသည်။ ထိုသို့ ရှင်လောင်းများနှင့်အတူ ဆွေမျိုးပါလှည့်လည်ပြီး ရှင်ပြုသည့် မိဘအိမ်များသို့ တစ်အိမ်ပြီးတစ်အိမ်လှည့်လည် သွားရောက်ကာ ငွေကြေးလှူဒါန်းကြသည်။ ထိုသို့ ငွေကြေးပါဝင်လှူဒါန်းသောအခါ ထိုအိမ်ရှင်မှ ရှင်ပြုဒကာကို ဆုပေး၏။ ထိုဆုကို ကုသိုလ်ပါဝင်လှူဒါန်းကြသူ ရှင်လောင်းထိန်းများက သာခုခေါ်ကြသည်။

ည(၈)နာရီ၊ (၉)နာရီခန့်သို့ရောက်သောအခါ ရှင်လောင်းထိန်းအမျိုးသားများနှင့် မဏ္ဍပ်တွင် ဧည့်ခံသည့် တာဝန်ကျအမျိုးသမီးတို့သည် ပွဲဒကာ၏ အိမ်ရှေ့တွင် ပျော်ပါးစွာတီးမှုတ်ကခုန်ကြသည်။ ဤသို့ကရာတွင် ရှင်လောင်းသည် ရှင်လောင်းထိန်းတို့ ပတ်လည်ဝန်းရံထားသော စက်ဝိုင်းအတွင်းတွင် ကရ၏။ ထိုသို့ကနေစဉ် ရှင်လောင်းထိန်းတစ်ယောက်က အမျိုးသမီးများအား ရည်စူးပြောဆိုသည့်လင်္ကာကို ကျန်ရှင်လောင်းထိန်း အမျိုးသားများက ‘ဟွေးဟွေး’ဟု လိုက်၍ဆိုကြသည်။


ဧည့်ခံညဖြစ်သည့် ရှင်မပြုမီ ရှေ့တစ်ညတွင် ရှင်ပြုသည့်အိမ်တိုင်းမှ ရှင်လောင်းများ၊ ရှင်လောင်းထိန်းအမျိုးသားများ၊ ရှင်လောင်း၏အိမ်တွင်ဧည့်ခံကျွေးမွေးသည့်တာဝန်ကိုယူရသည့် အမျိုးသမီးများပါ မဏ္ဍပ်ကြီးရှေ့တွင် စုပေါင်းလာရောက်ကြသည်။ ထို့နောက် ရှင်ပြုပွဲကော်မတီက သတ်မှတ်ထားသည့် နံပါတ်စဉ်အတိုင်း စီကြပြီး ရှင်လောင်းထိန်းအမျိုးသားများသည် ရှင်လောင်းများကို ရံ၍ ကကြသည်။ အမျိုးသမီးများက ဝိုင်း၏အလယ်တွင်ထိုင်ကြရသည်။ ရှင်လောင်းများကလည်း ရှင်လောင်းထိန်းအမျိုးသားများနည်းတူ လက်ကလေးမြှောက်ကာ ပျော်ပါးစွာ ကကြလေသည်။ အတော်ကြာကပြီးကြသောအခါ သက်ဆိုင်ရာ မိမိတို့မဏ္ဍပ်ကို ပြန်ကြသည်။

**ရှင်လောင်းလှည့်ပုံ**


ပအိုဝ်းတိုင်းရင်းသားတို့တွင် ရှင်လောင်းလှည့်သော ထုံးစံလည်းရှိသည်။ **ရှင်ပြုမည့်နေ့**မနက်ပိုင်းတွင် ရှင်လောင်းများကို လှပစွာပြင်ဆင်ပေးထားပြီး အလှူမဏ္ဍပ်အလယ်တွင် **ထိုင်စေသည်။**



ပအိုဝ်းရှင်လောင်း



ပအိုဝ်းတိုင်းရင်းသားတို့၏ရှင်ပြုပွဲ



ဦးစွာ ပင့်ဖိတ်ထားသော ရဟန်းသံဃာတော်များကို ဆွမ်း၊ ခဲဘွယ်များ ဆက်ကပ်လှူဒါန်းရသည်။ ထို့နောက် ဧည့်ပရိသတ်များကို ထမင်းဖြင့် ဧည့်ခံကျွေးမွေးစေသည်။ ရပ်ဝေးမှလာသောဧည့်သည်များကို ရှင်လောင်းထိန်းအဖွဲ့က တာဝန်ယူ ဧည့်ခံကျွေးမွေးရသည်။

ဧည့်ခံကျွေးမွေးပြီးသောအခါ ရှင်လောင်း၏မိဘများ၊ နီးစပ်ရာမိတ်ဆွေသင်္ဂဟများနှင့် ရှင်လောင်းထိန်းအဖွဲ့များအားလုံး ဧည့်ခန်းတွင် စုရုံးစေလျက် ရှင်လောင်းအားလက်ဖွဲ့မင်္ဂလာပြုသည်။ လက်ဖွဲ့ရာတွင် ရှင်လောင်းထိန်းအဖွဲ့မှ သီချင်းအဆို ကျွမ်းကျင်သူဖြစ်စေ၊ အခြားကျေးရွာမှ သီချင်းအဆိုကျွမ်းကျင်သူဖြစ်စေ၊ ရှင်ပြုမင်္ဂလာသီချင်းဖြင့် သီဆိုပြီး လက်ဖွဲ့ရသည်။ လက်ဖွဲ့ပြီးသည်နှင့် ရှင်လောင်းကို မြင်းပေါ်သို့ တင်ကာ ပွဲကျင်းပမည့် ဘုန်းတော်ကြီးကျောင်းသို့ လှူဖွယ်ဝတ္ထုကန်တော့ပွဲများနှင့် အိုးစည်ဗုံမောင်းတီးကာ တပျော်တပါး ရှင်လောင်းလှည့်ကြသည်။ ရှင်လောင်းလှည့်ပွဲကို ညနေမွန်းလွဲပိုင်း တစ်နာရီ၊ နှစ်နာရီလောက်တွင် လှည့်ကြသည်။

ကျောင်းတော်သို့မရောက်မီနှင့် ဘုန်းကြီးကျောင်းကို လှည့်ပတ်ရာ၌ အခမ်းအနား အစီအစဉ်အတိုင်း စည်းကမ်းတကျ လှည့်ပတ်ကြရသည်။ ကြေးစည်အဖွဲ့သည် ဦးစွာသွားရသည်။ ကြေးစည်နောက်မှ အလှူပွဲအဖွဲ့၊ သက်န်းပင်အဖွဲ့၊ ပဒေသာပင်အဖွဲ့၊ ပအိုဝ်းတူရိယာ အိုးစည်ဗုံမောင်း အဖွဲ့နှင့် နောက်ဆုံးနတ်မြင်းနှင့် ရှင်လောင်းမြင်းစသည်ဖြင့် အစီအစဉ်အတိုင်း လှည့်ပတ်ကြရသည်။ လှည့်ပတ်ရာတွင် တစ်သုတ်ပြီးတစ်သုတ်ထပ်ချပ်မကွာ ဖြေးညှင်းစွာဖြင့် ဘုန်းကြီးကျောင်းကို ပတ်ကြသည်။ ထိုသို့ပတ်ရာတွင် အနည်းဆုံး သုံးပတ်၊ အများဆုံးငါးပတ် ပတ်ရသည်ဟု သိရသည်။ ပတ်ပြီးသည်နှင့် ကျောင်းပေါ်သို့ ရှင်လောင်းနှင့်တကွ အဖွဲ့အားလုံးတက်၍ ရှင်လောင်းတို့အား ဆံချပေးပြီးရှင်အဖြစ် သက်န်းဝတ်စေသည်။ရှင်လောင်းအား ရှင်သာမဏေအဖြစ်သွတ်သွင်းပြီး တရား ဓမ္မကို အတူတကွ နာယူကြသည်။

တရားတော်နာယူရာတွင် စုပေါင်းရှင်ပြုပွဲကြီးအတွက် တစ်ရွာနှင့်တစ်ရွာ လာရောက်ကြကုန်သော ဧည့်ပရိသတ်၏ ထည့်ဝင်သော ဒါနများအတွက် သာမက မိမိတို့ လှူဒါန်းခဲ့ကြသော အများ အကျိုးအတွက် ပြုလုပ်ထားသည့် ကျောင်း၊ သိမ်၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်းများအစရှိသော အလှူဒါနများအတွက်ပါတပါတည်း ရေစက်သွန်းချ အမျှပေးဝေကြသည်။ထို့နောက် အလှူရှင်များနှင့် ရှင်လောင်းထိန်းအမျိုးသားများ၊ ဧည့်ခံအမျိုးသမီးများ၊ ဝိုင်းဝန်းကူညီသူများတို့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် သုံးကြိမ်တိတိ အမျှဝေကာ သာဓုအနုမောဒနာ ပြုကြသည်။ ရှင်လောင်း ထိန်းများ၊

ညည့်ခံအမျိုးသမီးများသည်လည်း မိမိတို့တာဝန်ကျရာ မဏ္ဍပ်များကို အိမ်ရှင်များသို့ ပြန်လည်ပေးအပ်ကြရသည်။

**သိဒ္ဓတ္ထမင်းသားတောထွက်ခန်း**

အချို့ပအိုဝ်းရှင်လောင်းပွဲများတွင် ရှင်လောင်းကို လှပစွာ ဝတ်စားဆင်ယင်ပြီး မြင်းဖြင့် ညသန်းခေါင်ယံအချိန်တွင် ရှင်လောင်းကို ခိုးယူသောဓလေ့ကို ပြုလုပ်လေ့ရှိကြသည်။ ဤသို့ခိုးယူခြင်းကို ရှင်လောင်းထိန်းအဖွဲ့ကသာ ပြုလုပ်ခွင့်ရှိသည်။ အချို့ရဟန်းဘောင်သို့ ဝင်မည့်သူများ အတွက် ပဥ္စင်းခံပွဲပြုလုပ်ပါလျှင်လည်း ရှင်လောင်းကဲ့သို့ ပဥ္စင်းလောင်းများကို ခိုးယူကြသည်။ ရှင်လောင်းများ ခိုးယူနိုင်ရေးအတွက် ရှင်လောင်းဒါယကာ ဒါယိကာမများသည် မဏ္ဍပ်များတွင်ဖြစ်စေ၊ ဘုန်းကြီးကျောင်း၌ဖြစ်စေ၊ ပအိုဝ်းမော်ခေါ် ပအိုဝ်းကျမ်းဟော ဆရာ၏ တရားပွဲတွင်ဖြစ်စေ သွားရောက် နေကြရသည်။ ရှင်လောင်းခိုးယူသွားသည့်အခါ တိတ်ဆိတ်ငြိမ်သက်စွာ ခေါ်ဆောင်သွားခြင်းမဟုတ်ဘဲ အချိန်ကာလပတ်ဝန်းကျင်နှင့် လိုက်လျောစွာ ကြည်နူးလွမ်းဆွတ်ဖွယ်ကောင်းသော ပအိုဝ်းလင်္ကာ သီချင်းများ၊ ပအိုဝ်းရိုးရာတေးဂီတသီချင်းသံများဖြင့် တီးမှုတ်ကာ ခိုးယူသွားကြရသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ကြားရသူတိုင်း၏စိတ်တွင် လွမ်းဆွတ်ကြေကွဲဖွယ် ခံစားရသည်။

ရှင်လောင်းမိဘများက မိမိတို့၏ သားရတနာကို ရှင်သာမဏေအဖြစ်သို့ မသွတ်သွင်းမီ အခိုးခံရကြောင်းဝမ်းနည်းကြေကွဲစွာကြားသိလျှင် သီချင်းပိုက်ဆံဖြင့် သွားရောက်ရွေးယူရသည်။ ထိုပိုက်ဆံကို ရှင်လောင်းထိန်းအဖွဲ့က ထိန်းသိမ်းထားပြီး ပွဲပြီးသောအခါ ရှင်လောင်းမိဘများအား ပြန်၍ကန်တော့ကြသည်။ ဤဓလေ့ကို ဘုရားအလောင်းသိဒ္ဓတ္ထမင်းသား တောထွက်ဟန်ဖြင့် ပြုလုပ်သဖြင့် ပအိုဝ်းတိုင်းရင်းသားများက သိဒ္ဓတ္ထတောထွက်ခန်း (သီထတ်တော်ထွက်ခန်)ဟု ခေါ်ကြသည်။သို့သော် ထိုသို့ရှင်လောင်းခိုးသောဓလေ့၊ ပဥ္စင်းခိုးသောဓလေ့ကို ပအိုဝ်းဒေသတိုင်း မတွေ့ရဘဲ ပင်လောင်းမြို့နယ်တွင်သာ အများဆုံး ကျင့်သုံးကြောင်းသိရသည်။

**မီးဆုခံထွက်ခြင်း**

ရှင်ပြုပွဲပြီးသောအခါ ရှင်လောင်းထိန်းများ၊ ညည့်ခံကျွေးမွေးရာတွင် တာဝန်ကျသည့် အမျိုးသမီးများတို့သည် ရှင်လောင်းဒါယကာများရှိရာ အိမ်တိုင်းသို့တက်၍ မီးဆုခဲ့ကြသည်။ မီးဆုခံခြင်းကို

ပအိုဝ်းတိုင်းရင်းသားတို့က 'တောင်'ဟုခေါ်သည်။ မီးဆုခံသည့်အခါ အလှူရှင်များကဆင်းပြီး ကန်တော့ပွဲနှင့်မကြိုပါက မီးဆုခံအဖွဲ့သည် အလှူရှင်အိမ်ပေါ်သို့ တက်၍မရပေ။ ကန်တော့ပွဲ အပြည့်အစုံနှင့် ကြိုဆိုမှသာလျှင် အိမ်ပေါ်တက်ပြီး မီးဆုခံခွင့်ရှိသည်။

မီးဆုခံခြင်း၏အဓိပ္ပါယ်မှာ ရှင်ပြုပွဲအောင်မြင်သော အထိမ်းအမှတ်အဖြစ် လူငယ်တို့ ပျော်ရွှင်ကြသော နောက်ဆုံးပျော်ရွှင်ခြင်းပင်ဖြစ်သည်။ မီးဆုခံထွက်ရာတွင် တစ်ဦးချင်းထွက် သည်ရှိသော်လည်း အလွန်ရှားသည်။ တစ်ဦးချင်းထွက်ရာတွင် လက်ဆွဲဘာဂျာကို တီးမှုတ်ကြသည်။ သို့ရာတွင် အုပ်စုဖွဲ့၍ မီးဆုခံထွက်သည်က များသည်။ အုပ်စုအဖွဲ့လိုက် မီးဆုခံခြင်းမှာ ပအိုဝ်း တူရိယာအိုးစည်ပုံမောင်းနှင့် ပအိုဝ်းမယ်များ တညီတညွတ်တည်း တစ်အိမ်တက်တစ်အိမ်ဆင်း ဖျော် ဖြေကာ မီးဆုခံကြသည်။ ဖျော်ဖြေရာတွင် ပအိုဝ်းမောင်နှင့် ပအိုဝ်းမယ်တို့ သီးသန့်ခွဲထားပြီး မြန်မာ စကားရည်လုပွဲကဲ့သို့ အချေတဘက် အဆိုတဘက် တလှည့်စီ စကားရည်လုကြသည်။ တစ်ဘက်နှင့် တစ်ဘက် စကားစစ်ထိုးပွဲပြုလုပ်စဉ် ပအိုဝ်းပုံမောင်းတူရိယာများကို တီးရသည်။ မီးဆုခံရာတွင် ရှင်လောင်းမိဘများက ပေးသောဆုငွေကို မိမိတို့ရန်ပုံငွေအဖြစ် ထားကြသည်။ အချို့က မီးဆုခံခြင်း ဆိုသည်မှာ ရှင်ပြုပွဲကို ကူညီသောသူများ ရှင်ပြုပွဲတွင် ချက်ပြုတ်ကျွေးမွေးသည့် တာဝန်ကို ယူရသည့် သူများက အလှူငွေကောက်ခံခြင်းဖြစ်သည်ဟု ဆိုကြသည်။

(၂) မီးကျည်ပွဲ (ဒုံးပွဲ)

ပအိုဝ်းတိုင်းရင်းသားတို့သည် ဘာသာရေးအလွန်ကိုင်းရှိုင်းသော လူမျိုးများ ဖြစ်ကြ သည်။ (၁၂)လရာသီ အလှူဒါနပွဲတော်များ ကျင်းပလေ့ရှိကြသည်။ ထိုဘာသာရေး ပွဲတော်များအနက် မီးရှူးလွှတ်ပွဲတော်သည် ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်ဖြစ်ပြီး ထင်ရှားကျော်ကြား၍ လူသိများသော ပွဲတော်တစ်ခုဖြစ်သည်။ မီးရှူးလွှတ်ပွဲကို သင်္ကြန်ကျပြီး (၃)ပတ်ခန့်မိုးဦးဝင်စ ကဆုန်နှင့် နယုန်လတွင် ကျင်းပကြသည်။ မီးရှူးပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ မိုးမှန်မှန် ရွာသွန်းရန်အတွက် မြတ်စွာဘုရားထံ ဆုတောင်းသည့်ပွဲ၊ နှစ်သစ်တွင် ငြိမ်းချမ်းသာယာပြီး စီးပွား ရေးတိုးတက်ကောင်း မွန်စေရန် တောင်ယာသီးနှံအောင်မြင်စေရန်၊ ရာသီဥတုကောင်းမွန်စေရန်၊ ပိုးမွှားဖျက်ဆီးမှုများ မဖြစ်ပေါ်စေရန်နှင့် စီးပွားရေးဖွံ့ဖြိုးရန်တို့ကို ရည်ရွယ်ပြီး ဘုရားရှင်အား မီးဖြင့် ပူဇော်ဆုတောင်းသည့်ပွဲ ဖြစ်သည်။ မြန်မာအမျိုးသားတို့၏ မိုးခေါင်စဉ် လွန်ဆွဲသည့်ပွဲမျိုးနှင့်လည်း ဆင်တူသည်။ ထို့ပြင်

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကြောင့် သီးနှံများ အောင်မြင်ဖြစ် ထွန်းစေသည့်အတွက် မြတ်စွာဘုရားအား ပြန်လည်ဂုဏ်ပြု ပူဇော်သည့်အနေဖြင့် မိမိတို့ကိုယ်တိုင် ပြုလုပ်သော မီးရှူးဖြင့် လှူတင်ပူဇော်ခြင်း ဖြစ်သည်။

မီးရှူးပွဲကို ဒုံးလွှတ်ပွဲ၊ မီးပွဲ၊ လုဖိုင်ပွဲဟုလည်း ခေါ်ကြသည်။ လုဖိုင်ဆိုသည်မှာ ရှမ်းဘာသာစကားဖြစ်ပြီး လုမှာအလုံး၊ ဖိုင်မှာ မီးဟုအဓိပ္ပါယ်ရသည်။ ပအိုဝ်းတိုင်းရင်းသားများကလည်း လုဖိုင်ဟုသာ ခေါ်ကြသည်။လွယ်လုဖိုင် 'မီးလုံးပွဲ' ဟုလည်း ခေါ်ကြသည်။

မီးရှူးလွှတ်ပွဲကို ပအိုဝ်းကျေးရွာများက တစ်ရွာပြီးတစ်ရွာ ရက်မထပ်စေရန် ရက်ခြား၍ ကျင်းပကြသည်။ မိမိရွာ၌ ကျင်းပပါက အနီးပတ်ဝန်းကျင် ကျေးရွာများကိုလည်း မိမိတို့ရွာနှင့် အတူလာရောက် ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ကြသည်။ မီးရှူးလွှတ်ပွဲ 'ဒုံးလွှတ်ပွဲ' ကို အနယ်နယ်အရပ်ရပ်မှ လာကြသဖြင့် အလွန်စည်ကားကာ တစ်နယ်တစ်ရွာဆီ ဝေးကွာနေသော ဆွေမျိုးမိတ်သင်္ဂဟများကိုလည်း ပြန်လည်ဆုံတွေ့ကြသည်။

## မီးဒုံးပြုလုပ်ပုံ

မီးဒုံးပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူသည် အနည်းဆုံးတစ်ပတ်ခန့်စော၍ ကြိုတင်ပြင်ဆင်ရသည်။ မီးဒုံးပြုလုပ်ရန် သံပြောင်း(သို့မဟုတ်) ဝါးပြောင်းလိုလေသည်။ အချို့က တိုက်ရိုက် သံပြောင်းကို အသုံးပြုသကဲ့သို့ တချို့ကမူ သံဖြူပြားကို ညှပ်၍ လိပ်ကာ သံပြောင်းအဖြစ် အသုံးပြုကြသည်။ သံပြောင်းထဲထည့်ရန် ယမ်းစပ်ရသည်။ ယမ်းစပ်ပုံမှာ ယမ်းစိမ်းကို သရက်ပင်၊ ရေမဲပင်၊ ဇီးပင်၊ သစ်နီပင်တို့ မှရသော မီးသွေးဖြင့်ရော၍ ထောင်းရသည်။ ယမ်းစိမ်းမှာ နှစ်ဆနှင့် မီးသွေးမှုန့် တစ်ဆရောပါက ယမ်းနှစ်လေးဟုလည်းကောင်း၊ ယမ်းစိမ်းလေးဆနှင့် မီးသွေးမှုန့် တစ်ဆရောပါက ယမ်းလေးလေးဟုလည်းကောင်းခေါ်ကြသည်။ ယမ်းစိမ်းကိုးဆနှင့် မီးသွေးမှုန့်တစ်ဆရောသည်အထိ အမျိုးမျိုး ယမ်းစပ်ကြသည်။ ယမ်းစပ်သည်ကို တချို့က ယမ်းဖြတ် သည်ဟုလည်းခေါ်ကြသည်။ ယမ်းစပ်ကျွမ်းကျင်ပုံပေါ်မူတည်ကာ တစ်ခုနှင့်တစ်ခုသည် အဝေး ရောက်သည့် ဒုံးအကွာအဝေး ကွာခြားသွားသည်။

ဒုံးပြုလုပ်မည့် သံပြောင်းငယ်၏ ထိပ်ကို ပိတ်ထားရသည်။ ထိုထိပ်ပိတ်ထားသည်ကို ပအိုဝ်းတိုင်းရင်းသားတို့က ကတူ ဟုခေါ်ကြသည်။ ထိပ်တွင် ရွှံ့ကောင်းကောင်းကို နယ်၍ ထည့်ထားသည်။ ထို့နောက် ဒုံးထဲ မီးသွေးမှုန့်ရောစပ်ထားသော ယမ်းကို ရိုက်သွင်းရသည်။ ယမ်းကို

ရိုက်သွင်းရာတွင် ရေအနည်းငယ် ရော၍ ရိုက်သွင်းရသည်။ ရေမထည့်ပါက မီးလောင်တတ်သည်။ အချို့က ယမ်းစေးစေရန် ယမ်းကို ငှက်ပျောရည်၊ ထမင်းရည်တို့ဖြင့် ထည့်လေ့ရှိသည်။ ယမ်းရိုက်သွင်းသည့် အလုပ်ပြီးပါက နောက်ပိတ်ကို 'ဟမ်းဖော့' ခေါ် မြေစေးဖြင့် ပိတ်ရသည်။ ထိုမြေစေးပေါ်တွင် သံပြားပါးပါးကို ကပ်၍ ပိတ်ရသည်။ ဒုံးအငယ်များတွင် သံပြားပိတ်ရန် မလိုပေ။

ယမ်းများကို ရိုက်သွင်းပြီးသောအခါ မြေစေးဖြင့်ပိတ်ထားသည့် နောက်ပိတ်မှနေ၍ အူကြောင်းဟုခေါ်သည့် လမ်းကြောင်းကို သံချောင်းဖြင့် လိုအပ်သလို ထိပ်အထိ ခြစ်ဖောက်ပေးရသည်။ ၄င်းကို ပအိုဝ်းတို့က ခရဲမေ(မီးချဲ့သည်)ဟု ခေါ်သည်။အူကြောင်းကို ဖောက်ပေးခြင်းမှာ မီးအလွယ်တကူ လောင်ကျွမ်းနိုင်ရေးအတွက် (မေဆာ) မီးစာပေါ် စနက်တံထည့်ရန်ဖြစ်သည်။ အူကြောင်းကို ဖောက်ရာတွင် အဝကျယ်ပြီး ထိပ်သို့ တဖြေးဖြေး ကျဉ်းသွားသည်။ အူကြောင်းကို ခြစ်ရာတွင် ထိပ်ကျဉ်းလေ ဒုံးပိုပြေးလေဖြစ်သည်။ သို့သော်လည်း အူကြောင်းထိပ်ကျဉ်းလွန်းပါက မီးထွက်လမ်းကြောင်းကျဉ်း၍ ဒုံးကွဲတတ်သည်။ မီးစာခေါ် စနက်တံကို ရှမ်းစက္ကူတွင် ယမ်းမှုံထည့်၍ လိပ်ပြီး အဆစ်ဖောက်ထားသော ကျူရိုး(သို့မဟုတ်) ဝါးပိုင်းအတွင်းသို့ ထိုးထည့်ရသည်။

ဒုံးတက်သည့်အခါ ပဲ့သဘောအဖြစ်ဒုံးကို ထိန်းရန် အမြီးလိုသည်။ အမြီးကို ဝါးဖြင့်ပြုလုပ်ရသည်။ ထိုအမြီးကို ပအိုဝ်းတို့က အတာဟုခေါ်သည်။ ဒုံးအမြီးကို ဒုံးအလေးချိန်နှင့် ချိန်ဆရသည်။ ရှေးအခါက ယမ်းပိဿာချိန် (၃၀)၊(၆၀)ခန့် လေးသော ဒုံးကြီးများ ပြုလုပ်ရာတွင် ဒုံး၏ အလေးချိန်နှင့် ညီမျှစေရန် ဒုံးအမြီးလုပ်သည့်ဝါးကို အဆစ်ဖောက်ကာ သဲများလောင်းထည့်ရသည်

ယခုအခါ ဒုံးကို ယမ်းပိဿာချိန် (၁၅)မှ (၃၀)ပိဿာပြုလုပ်ကြသည်။ မီးဒုံးပြောင်း၏ အချင်းဝက်မှာ (၁/၂လက်မ)မှ (၄လက်မ)အထိ ရှိကြသည်။ မီးဒုံး၏အရှည်မှာ(၇ပေ)၊(၈ပေ)အထိရှိသည်။ ဒုံးတွင်းသို့ ရိုက်သွင်းခြင်း၊ စနက်တံခေါ် မီးစာပြုလုပ်ခြင်း ပြီးသောအခါ ဒုံးကို နှီးဖြင့်ရစ်ပတ်ပြီး ဆေးသုတ်လိမ်း အလှခြယ်ကြသည်။ ပြိုင်ပွဲဝင် ဒုံးပြုလုပ်ရာတွင် အချို့က ယမ်းပိဿာချိန် ကန့်သတ်ထားပြီး အချို့က ကန့်သတ်မှု မထားပေ။

မီးဒုံးအမျိုးအစား များစွာရှိသည်။ ယမ်းတစ်ဆင့်ပြီး တစ်ဆင့်လောင်သည့် 'ပစ်ဖယောင်' မီးဒုံး၊ မေဆံခေါ် မီးဒုံးအငယ်စား၊ အဝေးသွားပြိုင်မီးဒုံး၊ အသံထွက်မီးဒုံးစသည်ဖြင့် မီးဒုံးအမျိုးအစား ကွာခြားသည်။

မီးရှူးပွဲတော်သည် (၂)ရက်ကြာမြင့်သည်။ ပထမရက် မီးရှူးလွှတ်သည့်နံနက်တွင်

ပအိုဝ်းရွာသားများသည် လှူဘွယ်ပစ္စည်းများကို ပြင်ဆင်ကာ ဘုန်းကြီးကျောင်း တက်ကြသည်။ တောင်စောင့်နတ်ကို ပူဇော်ပသကြသည်။ ထိုနေ့တွင် ရွာသူ ရွာသားအားလုံး ရွာလုံးကျွတ် ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းတက်ရသည်။ ဘုန်းကြီးအား လှူဘွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးတရားနာကြသည်။

တရားနာပြီး နေ့ဆွမ်းကပ်ပြီး မွန်းလွဲပိုင်းတစ်နာရီလောက်တွင် မီးဒုံးလွှတ်စင်ရှိသည့် ရွာထိပ်ရှိ ဘုရားစေတီသို့ မီးဒုံးများထမ်းကာ အိုးစည် ဗုံမောင်းတီးကာ စီတန်း၍ သွားကြသည်။ ပအိုဝ်းအမျိုးသားများက ပျော်ရွှင်စွာ ကကြရာ တချို့ပအိုဝ်းအမျိုးသမီးများပါ ပါဝင်ကကြသည်။ စေတီကို သုံးကြိမ်လှည့်ပတ် ပူဇော်ပြီးသည့်အခါ ရှို့လွှတ်ရန်အတွက် ဖြောင့်အောင်လုပ်ထားသောဝါးဖြင့် ဒုံးကို အမြီးတပ်ရ၏။ အမြီးတပ်ရာတွင် သွပ်ကြိုးဖြင့် တင်းအောင် ရစ်ပတ်ချည်နှောင်ရသည်။ မချည်နှောင်ပါက ဒုံးသည် သွားချင်ရာ သွားတတ်သဖြင့် တင်းကြပ်အောင်ချည်ရသည်။

ဒုံးကို အမြီးတပ် ချည်နှောင်ပြီးသောအခါ စေတီတစ်ပတ် ပြန်ပတ်ကြသေးသည်။ ထို့နောက် ဒုံးပစ်သည့် လွှတ်စင်သို့ မိမိတို့အဖွဲ့အလိုက် အိုးစည် ဗုံမောင်းတီးကာ ကခုန်၍ ဒုံးကို ထမ်းသွားကြသည်။ ဒုံးပစ်လွှတ်စင်ကို ပအိုဝ်းတို့က 'လုဖိုင်ကဲန်း'(မီးစင်) ဟုခေါ်သည်။မီးစင်သည် ဝါးဖြင့်တည်ဆောက်ထားပြီး အမြင့်ပေ(၂၀)ခန့်ရှိသည်။ ပြိုင်ပွဲမစမီ အခမ်းအနားဖွင့်လှစ်သည့်အနေဖြင့် ဘုန်းကြီးကျောင်းသားများ၏ မီးရှူး(သို့မဟုတ်) အိမ်ရှင်ရွာမှ မီးရှူးက စတင်လွှတ်တင်ပြီး အခမ်းအနား ဖွင့်လှစ်ကြသည်။ ထို့နောက် ပြိုင်ပွဲဝင်မည့်မီးရှူးများက အလှည့်ကြ လွှတ်တင်ကြသည်။ မီးရှူးလွှတ်မည့်သူသည် မီးရှူးကို စင်ပေါ်တွင် စနစ်တကျ ချိန်သားကိုက်အောင် ပြင်ဆင်ပြီးပါက စနက်တံကို မီးရှို့လိုက်သည်။ စနက်တံအား မီးကူးနေစဉ် မီးရှူးလွှတ်သူသည် မိမိတို့၏ မီးရှူးအဖွဲ့ အမည်ကို ပရိတ်သတ်အား ကြေငြာလိုက်သည်။ အဝေးဆုံးရောက်သော မီးရှူးသည် အနိုင်ရသော မီးရှူးဖြစ်သည်။ အကယ်၍ မီးရှူးတစ်လုံးနှင့်တစ်လုံး တူညီသော အကွာအဝေးသို့ ရောက်နေပါက မီးရှူးအခွံပို၍ အဝေးရောက်သောအလုံးက အနိုင်ရသည်ဟု သတ်မှတ်ကြသည်။ ဒုံးများသည်(၃)မိုင်မှ (၆)မိုင်အထိ ရောက်သည်။ ဒုံးဝင်ပြိုင်သော ရွာများသည် ဒုံးမလွှတ်ခင် ဆုကြေးငွေကို ထည့်ရသည်။ ထိုဝင်ပြိုင်သော ရွာများ၏ ဆုကြေးငွေကို စုကာ အနိုင်ရသော ဒုံးအဖွဲ့အား ဆုပေးကြသည်။

မီးရှူးလွှတ်ပြိုင်ပွဲ ပြီးသွားသောအခါ အောင်နိုင်သော မီးရှူးအဖွဲ့သားများသည် မိမိတို့ အောင်မြင်မှုအတွက် ပျော်ရွှင်သော သဘောဖြင့် ရွာထဲတွင် တစ်ညလုံး တစ်အိမ်ပြီးတစ်အိမ် မီးဆုခံ ထွက်ကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့၏ ပွယ်လုဖိုင်(မီးရှူးပွဲ)သည် ကြီးသည်၊ ငယ်သည်၊ ချမ်းသာသည်၊

ဆင်းရဲသည် မခွဲခြားဘဲ လူမျိုး၊ ဘာသာ၊ အသက်၊ အရွယ်မရွေး ပျော်နိုင်သော ပျော်ကြသော ပွဲဖြစ်သည်။ ပျော်ပွဲရွှင်ပွဲအသွင်ဖြစ်နေသော်လည်း ဘုရားကို ပူဇော်သည့် နှစ်သစ်ကူးပွဲတော်၊ ဘာသာရေး ဦးတည်ချက်ကား ပျောက်ပျက်မသွားပေ။ တစ်ရွာနှင့်တစ်ရွာ ငြင်းခုံ ခိုက်ရန်ဖြစ်ပွားခြင်းမရှိဘဲ ချစ်ခင်ရင်းနှီးမှုကို ရစေသည်။

ထို့ကြောင့် ပအိုဝ်းရိုးရာ မီးရှူးလွှတ်ပွဲတော်သည် ပအိုဝ်းတိုင်းရင်းသားတို့၏ ငြိမ်းချမ်းသာယာသော ဓလေ့ထုံးစံများနှင့် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သော ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးနှင့် စိတ်လှုပ်ရှား တက်ကြွဖွယ်ရာ အကောင်းဆုံးဖြစ်သည့် ဘာသာရေးပွဲတော် တစ်ခုပင် ဖြစ်ပါသည်။

**(ဂ) စာပေ၊ တေးဂီတနှင့် အကအခုန်**

**(၁) စာပေ**

ပအိုဝ်းတိုင်းရင်းသားတို့သည် ရှေးကထဲကပင် ကိုယ်ပိုင်စာပေရှိသော တိုင်းရင်းသားဖြစ်သည်။ ရှေးပအိုဝ်းစာပေတွင် လောကုတ္တရာစာပေများသာ အများဆုံးဖြစ်သည်။ သို့သော် လောကီဆိုင်ရာကျမ်းများ၊ ဗေဒင်၊ နက္ခတ်၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအကြောင်းများကိုလည်း ပအိုဝ်းစာပေတွင် တွေ့ရသည်။

စာပေကို ပအိုဝ်းတိုင်းရင်းသား ဘာသာစကားဖြင့် လိခ်လယ့်(လိတ်လုဲင့်)ဟု ခေါ်သည်။ လိခ်သည် အရေးအသားအက္ခရာ၊ လယ်(လုဲင့်)သည် ပညာဟူ၍ အဓိပ္ပါယ်ရသည်။ ထို့ကြောင့် လိခ်လယ့်သည် စာပေပညာဟု အဓိပ္ပါယ်ရသည်။ ပအိုဝ်းသမိုင်းသုတေသီများ၏ အဆိုအရ ပျူစာအရေးအသား အက္ခရာမှ ပအိုဝ်းစာအရေးအသားအက္ခရာသို့ တိုးတက်ပြောင်းလဲ လာခဲ့သည်ဟု သိရသည်။ ဦးခွန်ရာမ၏ ပအိုဝ်းအမျိုးသားစာပေသမိုင်း(ပထမပိုင်း)စာမျက်နှာ(၁၀၂)အရ ပျူစာသည် ပုဂံခေတ်ပျက်သုဉ်းချိန် A.D (၁၃)ရာစုတွင် တိမ်ကောခဲ့သည်။ ပအိုဝ်းစာအဖြစ် ပြန်လည်ရှင်သန်လာသည့်အချိန်မှာမူ A.D (၁၄)ရာစုမှ (၁၈)ရာစုအချိန်အထိဖြစ်ပြီး နှစ်ပေါင်း (၅၀၀)ကျော်မျှ အချိန်ယူခဲ့သည်။ ပအိုဝ်းစာပေ ပြန်လည်ဆန်းသစ်လာသည့်အချိန်ကာလသည် ခရစ်သက္ကရာဇ် A.D(၁၈)ရာစု အကုန်တွင် စတင်သည်ဟု သိရပါသည်။

ပအိုဝ်းစာပေအဖြစ် ပြန်လည်ဖြစ်ထွန်းလာသည့် ဒေသများမှာ မိုင်းပျိုး၊ နောင်ဟိုင်း၊ ဆောင်းပြောင်းနှင့် ပင်ပွဲဒေသတို့ဖြစ်သည်။ ထိုဒေသများတွင် ပအိုဝ်းစာပေ ပေါ်ထွန်းခဲ့သော ကာလကို

ရှေးခေတ်ဟောင်းစာပေကဏ္ဍဟူ၍လည်းကောင်း၊ ယခုမျက်မှောက်ခေတ်ကာလကိုမျက်မှောက်စာပေခေတ်ဟူ၍လည်းကောင်း၊ ပအိုဝ်းသမိုင်းသုတေသီတို့က သတ်မှတ်ကြသည်။

၁၉၉၇-ခု ဩဂုတ်လ(၁၃)ရက်နေ့စွဲထုတ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုသမိုင်းစာစောင်အရ ပအိုဝ်းစာပေခေတ်ကို (၃)ပိုင်းခွဲနိုင်ကြောင်းသိရသည်။ ပအိုဝ်းစာပေ ပထမခေတ်သည် သာသနာသက္ကရာဇ်(၃၅၀)ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့ပြီး သာသနာသက္ကရာဇ်(၁၆၁၁)ခု၊ ကောဇာသက္ကရာဇ်(၄၁၉)ခု၊ ခရစ်သက္ကရာဇ်(၁၀၅၇)ခုတွင် ပုဂံအနော်ရထာမင်းက ပအိုဝ်းမနုဟာမင်းအုပ်စိုးနေသော သုဝဏ္ဏဘူမိသထုံပြည်ကို သိမ်းပိုက်ခဲ့ပြီးနောက်တွင် တဖြည်းဖြည်းတိမ်မြုပ်ပျောက်ကွယ်ခဲ့ပါသည်။

ပအိုဝ်းစာပေ ဒုတိယခေတ်သည် သာသနာသက္ကရာဇ် (၂၃၅၅)ခု ကောဇာသက္ကရာဇ် (၁၁၇၃)ခု၊ ခရစ်သက္ကရာဇ် (၁၈၁၁)ခု၊ နတ်တော်လဆန်း(၄)ရက် ကြာသာပတေးနေ့တွင် ပအိုဝ်းဆရာတော်တစ်ပါးဖြစ်သော မိုင်းပျိုးဆရာတော်က ပအိုဝ်းစာပေကို ဒုတိယအကြိမ်ပြန်လည်တီထွင်ပြီး ရှေးဦးစွာ ဝေဿန္တရာဇာတ်တော်ကို ပအိုဝ်းဘာသာဖြင့် ၇လုံးပိုဒ်လင်္ကာဖြင့် စတင်ရေးသားခဲ့သဖြင့် ဒုတိယအကြိမ် ပအိုဝ်းစာပေ ပြန်လည်ပေါ်ပေါက် ထွန်းကားလာခဲ့သည်။

မိုင်းပျိုးဆရာတော် အစပျိုးခဲ့သော စာပေမျိုးစေ့ကို ဆက်လက်မြေတောင် မြှောက်ပေးသူမှာ ဆီဆိုင်မြို့အနီးရှိသော နောင်ဟိုင်းရွာမှ နောင်ဟိုင်းဆရာတော် ဖြစ်သည်။ နောင်ဟိုင်းဆရာတော်သည် ပအိုဝ်းဘာသာဖြင့် ဘာသာရေးဆိုင်ရာ လောကုတ္တရာစာပေများကို အရေးများခဲ့သည်။ ဆရာတော်တို့၏ ကြိုးစားအားထုတ်မှုကြောင့် ပအိုဝ်းတိုင်းရင်းသား အတော်များများ ပအိုဝ်းစာကို တတ်မြောက်လာကြသည်။ နောင်ဟိုင်းဆရာတော်၏ တပည့်ဖြစ်သည့် ဆောင်းပလောင်းဆရာတော်သည်လည်း နောင်ဟိုင်းဆရာတော်နည်းတူ ပအိုဝ်းစာပေများကို ရေးသားပြုစုခဲ့သည်။ ဘန်းပုံရွာမှ ဘန်းပုံဆရာတော်သည်လည်း ပအိုဝ်းစာပေများကို ရေးသားပြုစုပျိုးထောင်ခဲ့သည်။

ပအိုဝ်းစာပေ၏ ဖခင်တစ်ဦးဟု ဆိုနိုင်သော ပအိုဝ်းစာဟောဆရာ'မော်ပုညလုံး'သည် စာဟောခြင်းဖြင့်လည်းကောင်း၊ စာရေးခြင်းဖြင့်လည်းကောင်း ပအိုဝ်းစာပေဆက်လက်ပြန့်ပွားအောင် ကြိုးစားခဲ့သည်။ ထိုအချိန်မှစ၍ ပအိုဝ်းတိုင်းရင်းသားတို့သည် ပအိုဝ်းစာကို ကောင်းစွာလက်ခံသုံးစွဲခဲ့ကြသည်။

သာသနာသက္ကရာဇ်(၂၄၉၁)ခု၊ ကောဇာသက္ကရာဇ် (၁၃၀၉)ခု၊ ခရစ်သက္ကရာဇ်

(၁၉၄၈)ခု၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ထီသိမ်ဆက်ာတော် ဦးသုနန္ဒက မိုင်းပျိုးဆရာတော် ရေးသားတီထွင်ခဲ့သော ပအိုဝ်းစာပေထဲတွင် လိုအပ်လျှက်ရှိနေသေးသော သင်္ကေတနှင့် စာလုံးအချို့ကို ထပ်မံဖြည့်စွက်ခဲ့သည်။ ထိုအချိန်မှစ၍ ပအိုဝ်းစာပေ တတိယခေတ် ထွန်းကားလာခဲ့သည်။

ပအိုဝ်းစာပေရေးမှုတွင် ရှမ်းပြည်မူ(တောင်ကြီး)နှင့် အလံတရာမူ(သထုံကြီး)ဟူ၍ စာမူ(၂)မျိုးကွဲသည်ကို တွေ့ရသည်။ ရှမ်းပြည်မူ(တောင်ကြီး)မူတွင် ဗျည်း(၃၃)လုံး၊ သရ(၁၂)လုံးရှိပြီး အလံတရာမူ(သထုံကြီး)စာမူတွင် ဗျည်း(၃၃)လုံး၊ သရ(၁၆)လုံးရှိသည်။ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားများသည် ရှမ်းပြည်မူ(တောင်ကြီး)မူဖြင့်သာ စာပေရေးသားကြသည်။

ပအိုဝ်းဗျည်း(၃၃)လုံးမှာ

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဖ | ဠ | အံ | |

ရှမ်းပြည်(တောင်ကြီး)မူ သရ(၁၂)လုံးမှာ

အ အာ အိ အီ အု အူ အေ အဲ အော်

အို အယ်(အဲုင်) အဝ်(အောဝ်)

တို့ဖြစ်ကြသည်။

| မြန်မာစာဖြင့် | ပအိုဝ်းစာဖြင့် |
|---|---|
| ဖိနပ် | ခါင်းဖါး |
| မောင်း | မောင်းမွူး |
| ကျောင်း | ကျောင့် |
| ရေ | ထီ |
| အိမ် | လမ်း |

ပအိုဝ်းတိုင်းရင်းသားတို့သည် စာပေရေးသားရာတွင် စကားပြေအရေးအသားနည်းပြီး လင်္ကာအရေးအသားများသည်။ စကားပြောရာတွင်လည်း လင်္ကာညှပ်၍ ပြောတတ်ကြသည် ပအိုဝ်းတိုင်းရင်းသားတို့တွင် ဝေါင်းတွိုင်(စကားပုံ)၊ ဝေါင်းတတ်(စကားထာ)၊ ပုံပြင်၊ ဝေါင်းတွယ် (လင်္ကာ) များ ပြောဆိုသုံးနှုန်းကြသည်။

ရှင်ပြုပွဲများ၊ ဥပုသ်ဆွမ်းပွဲများတွင် ပအိုဝ်းအပျိုလူပျိုတို့သည် တဖက်နှင့်တဖက် အပြိုင် ဝေါင်းတွယ်များ ယှဉ်ပြိုင်ပြောကြသည်။လူပျိုလှည့်ရာတွင်လည်း ဝေါင်းတွယ်များဖြင့် ပြောဆိုကြသည်။

## (၂) တေးဂီတနှင့်အကအခုန်


ပအိုဝ်းတိုင်းရင်းသားတို့တွင် ရိုးရာတေးဂီတ တူရိယာများ၊ သီချင်းများ၊ အကများ ရှိကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ တူရိယာပစ္စည်းများစွာရှိပါသည်။ ယင်းတို့အနက် မောင်းမွှုံး ခေါ် မောင်းကြီး၊ မောင်းလောင်ခေါ် မောင်းဆိုင်း၊ ထုံရောပဲ(ရှမ်းအိုးစည်) ထုံထွန်းအိုးစည်တို့မှာ ထင်ရှားသည်။


၁။ 'ထုံထွန်း' (ထုံထွိုင်း)ခေါ် ရှေးကျသော တူရိယာတစ်မျိုးသည် ယခုခေတ်တွင် အသုံးပြုခြင်း နည်းပါးသည်။ အဝကျယ်၍ အရှည်အားဖြင့် (၄)ပေခန့်ရှိသည်။ ထုံထွန်းနှင့် အတူတွဲဖက်၍တီးရသော တူရိယာများမှာ အချင်း(၂၄)လက်မခန့်ရှိသော မောင်းအကြီးဆုံးတစ်လုံးနှင့် ၎င်းထက်အစဉ် အလိုက်ငယ် သော မောင်း(၄)လုံး (သို့မဟုတ်) (၆)လုံး(သို့မဟုတ်) (၈)လုံးထိပါဝင်သည် မောင်းအရေ အတွက်သည် အမြဲတမ်း'မ'ဂဏန်း ဖြစ်သည်။ ဝါးလက်ခုပ်တစ်ခု၊ စည်းတစုံ၊ လင်းကွင်းတစုံတို့နှင့် အတူ တွဲဖက်တီးကြသည်။ မီးကျီလွှတ်ပွဲ၊ အလှူပွဲ၊ ရှင်ပြုပွဲများတွင် တီးကြသည်။ ထုံထွန်းအကမှာ ပျောက်ကွယ် လုဖြစ်နေပြီ ဖြစ်သည်။

၂။ 'မောင်းမွှုံး' ခေါ် မောင်းကြီးနှင့် မောင်းလောင်ခေါ် မောင်းဆိုင်းတို့ကို ရှင်ပြုပွဲ၊ ဝါကျွတ်ပွဲ၊ ပဥ္စင်းခံပွဲများတွင် တီးမှုတ်ကခုန်ကြသည်။ 'မောင်းမွှုံး' ခေါ် မောင်းကြီးသည် ပတ်လည်အဝန်း (၄)ပေခွဲကျော်ရှိသော မောင်းအကြီးတစ်လုံးနှင့် ၎င်းမောင်းထက် အစဉ်လိုက်ငယ်သောမောင်း(၆)လုံး (သို့မဟုတ်) (၈)လုံးအထိပါသည်။ ယင်းနှင့်အတူ ပတ်မကဲသို့ နှစ်ဘက်တီး၍ရသော ဗုံကြီးတစ်လုံး၊ လင်းကွင်းကြီးတစ်စုံနှင့် စည်းတစ်စုံပါ တွဲဖက်တီးရသည်။ သိုင်းအက ကရာတွင်လည်း ဤတူရိယာကို အသုံးပြုလေ့ရှိသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏တူရိယာပစ္စည်းများ







၃။ 'ထုံမေးချား' (ထုံမေးဆွာ) ခေါ် ဗုံရှည်သည် တစ်ဘက်တီးရသော အဝကျယ်သည့် အိုးစည်ရှည် တစ်မျိုးဖြစ်သည်။(၇)ပေမှ (၈)ပေ (၉)ပေ အထိ ရှိတတ်သည်။ ဗုံရှည်နှင့်အတူ မောင်းများကြီးစဉ်ငယ်လိုက် (၇)လုံးမှ (၉)လုံးအထိ လင်းကွင်းတစ်စုံနှင့် စည်းတစ်စုံတို့ဖြစ်သည်။ မီးကျည်လွှတ်ပွဲ၊ ရာသီပွဲ၊ အလှူပွဲများ ကျင်းပရာတွင် ဒုတ်သိုင်း၊ ဒါးသိုင်း၊ လက်သိုင်းအကများကပြရာတွင် ဗုံရှည်ကို အသုံးပြုကြသည်။

၄။ 'ခါယာ'ခေါ် လက်ဆွဲဗာဂျာကို အမျိုးသားများ လူပျိုလှည့်ရာတွင် တီးလေ့ရှိကြသည်။

၅။ 'တိန်းဖဂွီးဆွံလီး(တိန်းဖြီသွံလီး) (သို့မဟုတ်)တင်' ခေါ် မယ်ဒလင်သည် သစ်သားကို ထွင်း၍ ကြိုးသုံး ချောင်းတပ်ထားသည်။ လူပျို လူရွယ်များ ညအပျိုလှည့်ရာတွင် တီးကြသည်။


၆။ တိန်းဗင်ဂျို(တိန်းဘင်ဂျို)သည် ဗင်ဂျိုပုံစံနှင့်ဆင်ပြီး တီးမှုတ်ပုံကွာခြားသည်။ ညအချိန် လူပျိုလှည့်ရာတွင် တီးကြသည်။

၇။ 'ပီးပလွီး(ပီးပလွီး)' သည် ဝါးဖြင့်ပြုလုပ်ထားသော တူရိယာတစ်မျိုးဖြစ်ကာမြန်မာပလွေနှင့် ဆင်တူသော်လည်း အသံချင်းကွာခြားသည်။ နွားကျောင်းချိန်၊ ယာတောဆင်းချိန်၊ အားလပ်ချိန်တို့တွင် အမျိုးသားများ မှုတ်လေ့ရှိကြသည်။


ထိုတူရိယာများအပြင် 'တကွာဝါး'(တကွာဝါး)နှင့်'တကွာပဆီး'(တကွာပသီး)တို့မှာ ပါးစပ်ဖြင့်မှုတ်ရသော ပအိုဝ်းတူရိယာများဖြစ်သည်။ တကွာဝါးသည် ဝါးဖြင့်ပြုလုပ်၍ 'တကွာပဆီး'သည် သံခွေကောက်နှင့် ကြေးဝါးတပ်ထားသော တူရိယာဖြစ်သည်။ တရော်(တရော်)ဟူသော တူရိယာသည် မြန်မာတယောသံနှင့် တူပြီး သစ်သားဖြင့်သေသပ်စွာ ပြုလုပ်၍ သံမဏိကြိုး(၄)ကြိုးမှ (၅)ကြိုး၊ (၆)ကြိုးအထိရှိသည်။ ပီးပထုံး(ပီးပထုံး)၊ တောင်းလစ်(တောင်းလစ်)တို့သည် တဆစ်ဝါးခေါ် ဝါးရှည်ဖြင့် ပြုလုပ်ကြသည်။

ပီးပထုံး(ပီးပထုံး)၏ ထိပ်အစွန်းပိုင်းတွင် ဗူးသီးခြောက်တပ်ထားကာ မြန်မာ့နှဲပုံစံနှင့် တူသည်။ တောင်းလစ်(တောင်လစ်)သည် ထိပ်နှစ်ဘက်ဖွင့်ပိတ်နိုင်ပြီး ဝါးအလယ်တွင် မှုတ်ရန် အပေါက် ဖောက်ထားသည်။ ထိုပအိုဝ်းတူရိယာများအနက် အချို့သည် ကွယ်ပျောက်လုဖြစ်နေပြီ ဖြစ်သည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ မောင်းဆိုင်းအကသည် အလွန်ထင်ရှားသည်။မောင်းဆိုင်း တီးသောအခါ အမျိုးသားများက သိုင်းကွက်နင်း၍ ကလေ့ရှိသလို ရိုးရိုးအကလည်း ကလေ့ရှိသည်။ ရိုးရိုးအကဆိုသည်မှာ အမျိုးသားတို့မှာ ခြေနှင့်လက်နှစ်မျိုးစလုံး အသုံးများပြီး ကခုန်သလို၊ အမျိုးသမီး များမှာမူ ခြေထက် လက်ကို ပို၍ အသုံးများသည်။ လက်ခြေကွေးမြောက်ပုံများမှာ အကွက်ကျဲလင့်ကစား



ပအိုဝ်းအမျိုးသမီးတို့၏ယိမ်းအက



ပအိုဝ်းအမျိုးသားတို့၏ သိုင်းအက

ဖြေးဖြေးမှန်မှန်ဖြင့်ပင် လှုပ်ရှားကူးပြောင်းလျက်ရှိသည်။ မောင်းဆိုင်းတီးပုံ အပြောင်းအလဲကို လိုက်၍ အကမှာ အနေအမြန် (၂)မျိုးရှိပေသည်။

ထုံထွန်းအိုးစည်တီးသည့်အခါတွင် အမျိုးသားရောအမျိုးသမီးပါ ဒူးတစ်ဘက်ညွှတ်ပြီး လက်ကလေးမြှောက်ကာ မြှောက်ကာနှင့် ကလေ့ရှိကြ၏။ ဤအကမှာ ရိုးရိုးနှင့် တစ်မျိုးယဉ်သည့် အခြားကချင်သည့် မည်သူမဆို ဝင်ရောက်၍ ကနိုင်လေသည်။

မောင်းကြီးအကတွင် အမျိုးသားကြီးများက ကခုန်လေ့ရှိပြီး များသောအားဖြင့် မိရိုးဖလာပွဲလမ်းသဘင်များ ဖြစ်ကြသည့် ဝါကျွတ်ပွဲ၊ ရှင်လောင်းပွဲများတွင် ကခုန်လေ့ရှိကြသည်။

ပအိုဝ်းအမျိုးသမီးတို့သည် များသောအားဖြင့် ယိမ်းအကတွင် ပါဝင်ဆင်နွှဲလေ့ရှိသည်။ တခါတရံမှသာ အမျိုးသားများယိမ်းအကကို ကကြသည်။ ဒုတ်သိုင်း၊ ဒါးသိုင်းနှင့် လက်သိုင်းအက ကရာတွင်သာ အမျိုးသားများ ကလေ့ရှိသည်။ ခက်ခဲသော သိုင်းအကမျိုးတို့ကိုသာအကကျွမ်းကျင်သူက တဆင့် သင်ကြားပေးလေ့ရှိသည်။

ပအိုဝ်းတို့၏ ကကြိုးကကွက်များသည် မြန်မာတို့၏ ကကြိုးကကွက်များကဲ့သို့ မများပြား ရှုပ်ထွေးခြင်းမရှိပေ။ တစ်ဦးကနေသည်ကို တစ်ဦးက လေ့လာကြည့်ရှုရင်းဖြင့် တတ်မြောက်သည်သာ များ၏။ ကခုန်မှုအတွက် အထူးတလည် သင်ကြားပြသပေးခြင်းမရှိချေ။

ပအိုဝ်းတေးသီချင်းများသည် အများအားဖြင့်သဘာဝအလှ၊ မိန်းကလေးတို့၏ အလှများကို ဖွဲ့နွဲ့ထားရုံသာမက ဆိုဆုံးမသော အကြောင်းအချက်များ ကလေးတို့အား ချော့ပုံများနှင့် ရှင်လောင်းများကို ဖွဲ့နွဲ့ထားလေ့ရှိကြသည်။ လူပျိုလှည့်ချိန်အမျိုးသားနှင့် အမျိုးသမီးအချေ အတင်ဆိုသောတေးများ၊ မော်အေးရာတွင်ဆိုလေ့ရှိသော နိပါတ်တော်လာ ဇာတ်တော်တို့ကို ဖွဲ့နွဲ့ ထားသော တေးသီချင်းများလည်း ရှိပေသည်။ ပအိုဝ်းတိုင်းရင်းသားတို့၏ သီချင်းမှာ အများအားဖြင့် ငေါင်းတွယ်ခေါ် လင်္ကာများ ဖြစ်ကြသည်။

ယခုအခါတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် ခေတ်မှီတိုးတက်လာသည်နှင့်အမျိုးရာတေးဂီတအပြင် ခေတ်ပေါ်တေးဂီတများကို ရောစပ်သီဆိုလာကြသည်။ 'ခွန်သာဒွန်း'သည် ပအိုဝ်းဂီတစာဆိုအဖြစ် ကျော်ကြားပြီး 'ခွန်ပေါရန်း'သည် ခေတ်ပေါ်တေးဂီတဆိုသူအဖြစ် ထင်ရှားကျော်ကြားသည်။

(ဃ) ပညာရေး

ပအိုဝ်းတိုင်းရင်းသားတို့သည် ရှေးယခင်က ပဒေသရာဇ်တို့၏ ကြီးစိုးအုပ်ချုပ်မှုကို ခံခဲ့ရသဖြင့် ပဒေသရာဇ်တို့သည် ပအိုဝ်းတိုင်းရင်းသားများကို ပညာသင်ကြားရန် အခြေအနေ မပေးခဲ့ပေ။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့တွင် စာပေပညာတတ်ကျွမ်းသူ နည်းသည်။ ထို့ပြင် မိရိုးဖလာ ရိုးရာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသဖြင့် ကလေးငယ်များ အရွယ်ရောက်လာလျှင် ကျောင်းသို့ ပညာသင်ကြားရန် ပို့ရမည့်အစား မိမိတို့၏ ခြံစိုက်ပျိုးရေးကို ကူညီခိုင်းသည်က များသည်။

ယောက်ျားလေးများ(၅)နှစ်၊ (၆)နှစ်အရွယ်ရောက်သောအခါ၌သာရှိ ဘုန်းကြီးကျောင်းတွင် အပ်နှံကြသည်။ ဘုန်းကြီးများက ယောက်ျားလေးများကို စာသင်ကြရသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာကို အထူးသက်ဝင် ယုံကြည်ကြသူများပီပီ လောကီပညာရေးထက် လောကုတ္တရာစာပေကို အထူး လိုက်စားသင်ယူကြသည်ကို တွေ့ရသည်။

ပဒေသရာဇ်အုပ်စိုးမှု အောက်မှ လွတ်မြောက်လာသောအခါ ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်၏ ဦးစီးဆောင်ရွက်မှုဖြင့် ကျေးလက်ဒေသတွင် ပညာရေးကို တိုးချဲ့ခဲ့ရာ တိုးတက်မှု ရှိလာသည်။ အစိုးရနှင့်ပညာရေးဌာနက အားပေးမှု၊ လိုအပ်သမျှ တတ်နိုင်သလို အကူအညီပေးမှုကြောင့် တောင်ပေါ် ဒေသရှိ ပအိုဝ်းကျေးလက်ပြည်သူတို့သည် ပညာရေးကို လိုက်စားလာ ကြသည်။ ပညာသင်ကြားမှု များလာကြသည်။

မျက်မှောက်ခေတ်ကာလတွင် ပညာမတတ်လျှင် အစစအရာရာနစ်နာဆုံးရှုံးကြောင်း ပအိုဝ်းမိဘတိုင်းက သိရှိနားလည်လာကြသည်။ ထို့ကြောင့်သားသမီးတို့၏ ပညာရေးကို အားပေးလာကြသည်။ ကျောင်းမရှိသောနေရာဒေသတွင် နေထိုင်ကြသော မိဘများသည် မိမိတို့၏ သားသမီးများကို ကျောင်း ရှိသော နေရာဒေသသို့ ပို့၍ ပညာသင်ကြားလာကြသည်။ အစိုးရကျောင်းမ ရှိသော နေရာဒေသ တွင်လည်း ကိုယ်ထူကိုယ်ထကျောင်းများ၊ လူထုကျောင်းများကို ဖွင့်လှစ်၍ မိမိတို့ သားသမီးများကို ပညာသင်ကြားစေသည်။

ကျောက်တလုံးဒေသသည် ဘက်စုံဖွံ့ဖြိုးတိုးတက်သော ဒေသဖြစ်သည့်အလျောက် ပညာရေးကဏ္ဍတွင်လည်း ခေတ်မီတိုးတက်ပြီး အောင်မြင်မှုရှိသည်ကို တွေ့ရသည်။ ကျောက်တလုံး ဒေသကို (၁၉၉၁-၉၂)ခုနှစ် ဘဏ္ဍာစာရင်းအရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီမှ ဘဏ္ဍာငွေများ ချမှတ်ပေးခဲ့သည်။ ထို့ကြောင့် (နှစ်ဆယ့်ငါးသိန်း

၇သောင်း)တန်ဘိုးရှိသော အလယ်တန်းအဆင့်မြင့်ကျောင်းကြီးကို (၂၇-၃-၉၂)ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ထို့အပြင် (၁၉၉၄-၉၅)ခုနှစ် ဘဏ္ဍာစာရင်းအရ (လေးသိန်းရှစ်သောင်း ငါးထောင်) တန်ဘိုးရှိသော အထက်တန်းအဆင့်မြင့်ကျောင်းကြီးကို တိုးချဲ့ဆောက်လုပ်ပြီး (၆. ၈. ၉၅)ခုတွင် ဖွင့်လှစ်နိုင်ခဲ့သည်။

(၁၉၉၆-၉၇)ခုနှစ် ပညာသင်နှစ်စာရင်းအရ ကျောက်တလုံးအထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီးနှင့် အတူ ဆရာ/ဆရာမ(၂၅)ယောက်နှင့် ရုံးဝန်ထမ်း(၅)ယောက်ရှိသည်။ သူငယ်တန်းမှ ဒသမတန်းထိ ကျောင်းသားဦးရေ(၆၈၀)ယောက်ရှိသည်။ အဝေးဒေသမှ လာရောက်ပညာသင်သူများအတွက်နေရန် မိန်းကလေးဘော်ဒါဆောင်၊ ယောက်ျားလေးဘော်ဒါဆောင် ရှိသည်။ ဒေသခံပအိုဝ်းတိုင်းရင်းသားများ၏ ပံ့ပိုးကူညီမှု၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်တို့၏ ပံ့ပိုးမှုဖြင့် အဆောင်နေကျောင်းသူ ကျောင်းသားများကို နေရေးထိုင်ရေးအပြင် စားသောက်ရေးပါ စီစဉ်နိုင်ခဲ့သည်။

ကျောက်တလုံးဒေသအထက်တန်းကျောင်း၏ ထူးခြားချက်မှာ ကျောင်းဝတ်စုံပင်ဖြစ်သည်။ အထက်တန်းကျောင်းသူ ကျောင်းသားများမှအပ မူလတန်း၊ အလယ်တန်းကျောင်းသူ ကျောင်းသားများသည် မိမိတို့၏ တိုင်းရင်းသားဝတ်စုံ ဖြစ်သော ပအိုဝ်းဝတ်စုံကို ကျောင်းဝတ်စုံအဖြစ် ဝတ်ဆင်

ကြသည်။ ငယ်ရွယ်စဉ် ကလေးဘဝထဲကပင် မိမိတို့တိုင်းရင်းသားဝတ်စုံကို အမြတ်တနိုးတန်ဘိုးထား ဝတ်ဆင်ကြသည်မှာ အခြားမည်သည့် ပအိုဝ်းဒေသများနှင့်မှမတူဘဲ ကွာခြားလှပါသည်။

# အခန်း ၆။
# အုပ်ချုပ်ရေး

## (က) အုပ်ချုပ်ပုံစနစ်များ

ပအိုဝ်းတိုင်းရင်းသားတို့သည် နိုင်ငံရေး၊ အုပ်ချုပ်ရေးထက် မိမိတို့၏ ဝမ်းစာရေးကို ပို၍ ဦးစားပေးကြသည်။ သက်ဆိုင်ရာ ဥပဒေဘောင်အတွင်း အေးဆေးစွာလုပ်ကိုင်နေထိုင် စားသောက်ကြသည်။ မကောင်းမှုဒုစရိုက်များကို လူမကြိုက်၊ နတ်မကြိုက်၊ ဘုရားမကြိုက်သဖြင့် ပအိုဝ်းတိုင်းရင်းသားတို့သည် ဒုစရိုက်ကို ကျူးလွန်မိမှာ အလွန်ရွံမုန်းကြသည်။ ဝမ်းစာရေးနှင့် ပတ်သက်လျှင်လည်း ရသမျှနှင့်သာ တင်းတိမ်ရောင့်ရဲကြသည်။ ရှေးပဒေသရာဇ်ခေတ်တွင် ရှမ်းပြည်ဒေသများကို စော်ဘွားများက အုပ်ချုပ်ကြသည်။ များသောအားဖြင့် စော်ဘွားများသည် ရှမ်းတိုင်းရင်းသားများ ဖြစ်ကြသည်။ ဟိုပုန်းနယ်နှင့် ဆီဆိုင်နယ်တွင်သာ ပအိုဝ်းစော်ဘွားများ အုပ်ချုပ်ခဲ့ကြသည်။

<u>စော်ဘွားခေတ်အုပ်ချုပ်ပုံအဆင့်ဆင့်မှာ</u>

စော်ဘွား (ကျမိုင်း)

အမတ်ချုပ်

မူးမတ်များ (တရားရေးအမတ်၊ရာဇဝတ်အမတ်၊ အခွန်တော်အမတ်)

အတိုင်ပင်ခံ

မြို့စားကြီး

ရိုးရိုးမြို့စား | အထူးမြို့စား

ရွှေခွန်မှူး | ငွေခွန်မှူး

ဟိန်

ထမုံ

ကျော့

မြို့စားကြီးတွင် ရိုးရိုးမြို့စားနှင့် အထူးမြို့စားဟူ၍ (၂)မျိုးရှိသည်။ ရိုးရိုးမြို့စားမှာ ဉာဏ်ပညာနှင့်ပြည့်စုံသူကို ခန့်အပ်တာဝန်ပေးထားသည်။ အထူးမြို့စားမှာ စော်ဘွားကြီးတို့၏ ဆွေတော်မျိုးတော်တို့ကို ခန့်အပ်ထားသော ရာထူးဖြစ်သည်။ ယင်းနှစ်မျိုးနှစ်စားမှာ ရာထူးအဆင့် အတန်းနှင့် အခွင့်အာဏာချင်း တူညီကြသည်။ သို့သော် အဆောင်အယောင်တွင် ကွာခြားသည်။

ရှေးခေတ်ချိန်ခါတွင် ရှမ်းပြည်နယ်၊ အထူးသဖြင့် တောင်ကြီးခရိုင်အတွင်း အာဏာရှိပြီး အာဏာသုံးနိုင်သူများမှာ ဟိန်မှ အထက်စော်ဘွားအထိဖြစ်သည်။ ယင်းအဆင့်ရှိသူတို့မှာ ဘဏ္ဍာရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစသော အာဏာသုံးရပ်လုံးပိုင်ဆိုင်ကြသော ပဒေသရာဇ်များ ဖြစ်ကြသည်။ စော်ဘွားများသည် မှုခင်းများကို ဟိန်မှ စော်ဘွားကြား ရာထူးအဆင့်အတန်းရှိသော သူတို့၏ စစ်ဆေးမှုကို ကြည့်ကာ ပြစ်ဒဏ်ပေးလေ့ရှိသည်။ တရားစီရင်ထုံးများမရှိဘဲ ဘေးဘိုးစဉ်ဆက် ကျင့်သုံးသည့် ထုံးတမ်းဥပဒေများဖြင့်သာ စီရင်ကြသည်။ ဥပဒေမှာလည်း စာပေဖြင့်မှတ်တမ်း တင်ထားခြင်း မရှိပေ။

'မြို့စား'နှင် ငွေခွန်မှူး'တို့ကား ပဒေသရာဇ်အငယ်စားများ ဖြစ်သည်။ မြို့စားများမှာ အရပ်ရပ်မှုခင်းအားလုံးကို တရားစီရင်ခွင့်ရှိသည်။ အခွန်အတုတ် ခန့်ခွဲ ကောက်ခံခွင့်ရှိသည်။

'ဟိန်'၏အဓိပ္ပါယ်မှာ တစ်ထောင်ဖြစ်သည်။ ဘုရင်သို့ လက်နက်ကိုင်တပ်သား တစ်ထောင်ပေးရသော အဆင့်ရှိသူဖြစ်၍ ဟိန်ဟုခေါ်ခြင်း ဖြစ်သည်။ 'ဟိန်'မှာ သူကြီးအထက် အုပ်ချုပ်သူဟူ၍လည်းကောင်း၊ သူကြီးအကြီးစား ဟူ၍လည်းကောင်း ဆိုနိုင်သည်။ တနည်းအားဖြင့် ရွာသူကြီးချုပ်ဟု ဆိုလိုသည်။ 'ထမုံ' ဆိုသည်မှာ သူကြီးဖြစ်၍ 'ကျော့'မှာ ဆယ်အိမ်ခေါင်း ဖြစ်သည်။ ၄င်းရာထူးများကို စော်ဘွားများက ခန့်ထားသဖြင့် စော်ဘွားများ စိတ်တိုင်းကျ ညွှန်ကြားချက်တို့နှင့်အညီ လိုက်နာ ဆောင်ရွက်ကြရသည်။ ဟိန်၊ ထမုံနှင့် ကျော့တို့သည် နယ်အရာရှိများဖြစ်၍ အထူးသဖြင့် ကျေးလက်တောရွာဒေသများအပေါ်တွင် အာဏာရှိကြပေသည်။

ကျေးရွာအာဏာပိုင်များမှာ ထမုံနှင့်ကျော့တို့ဖြစ်သည်။ ထမုံသည် ဟိန်၏လက်အောက်ခံ သူကြီးဖြစ်သည်။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာကို ပိုင်သည်။ ကျော့မှာ ဆယ်အိမ်ခေါင်းဖြစ်ပြီး ထမုံ၏ လက်အောက်ခံဖြစ်သည်။ ကြီးမားသောရာဇဝတ်မှုကြီးများမှတစ်ပါး အခြားရပ်ရွာ တရားမ အမှုခင်းများကို ဖြေရှင်းဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ ထမုံတို့မှာ များသောအားဖြင့် စော်ဘွား(သို့မဟုတ်) မြို့စား၏ ဆွေမျိုးမကင်းသူများ ဖြစ်သည်။ (သို့မဟုတ်) စော်ဘွား၊ မြို့စားတို့၏ လူယုံတော်များ ဖြစ်ကြသည်။

ထမုံနှင့်ကျော့ဟူသော ကျေးရွာအာဏာပိုင်တို့၏ စီးပွားရေး အဆင့်အတန်းမှာ ကျေးရွာလူထုနှင့် ခြားနားမှု မရှိဘဲ တောင်ယာလယ်လုပ် လုပ်ကိုင် စားကြသူများဖြစ်သည်။ ကျေးရွာအာဏာပိုင်များသည် ဆွေစဉ်မျိုးဆက် ဆက်ခံနိုင်ခွင့်မရှိဘဲ အထက်အာဏာပိုင်များ သဘောကျခန့်ထားသူများသာ ဖြစ်သည်။ ထမုံနှင့်ကျော့တို့သည်၊ စင်စစ်အားဖြင့် ကျေးရွာလူထုတို့၏ အတိုင်ပင်ခံလူကြီးများလောက်သာ ဖြစ်သည်။

ဟိန်မှာ အောက်ပိုင်းရှိ ကျေးရွာအာဏာပိုင် ထမုံ၊ ကျော့တို့နှင့် အထက်ပဒေသရာဇ်ကြီးငယ် စော်ဘွား၊ မြို့စား၊ ငွေခွန်မှူးတို့ အကြားဆက်သွယ် ပေးရသော ကြားလူဖြစ်သည်။ ဟိန်မှ အထက်စော်ဘွားအထိ အာဏာပိုင်အချင်းချင်းတို့ ဆက်ဆံရေးမှာ ရာထူးရာခံအလိုက် ခွဲခြားမှုရှိပြီး ဆင့်ကဲ ဆင့်ကဲ ရှိသေ ကြသည်။ ဟိန်မှအထက် စော်ဘွားအထိ အာဏာပိုင်များအား ကျေးရွာလူထုက သက်ဦးဆံပိုင် အရှင်သခင်များအဖြစ် ဆက်ဆံကြရသည်။

ထို့နောက် နိုင်ငံတော်အစိုးရ လက်ထက်တွင် တောင်ကြီးခရိုင်သာမက ရှမ်းပြည်နယ်တစ်ခုလုံးတွင် ကျင့်သုံးလျှက်ရှိသော စော်ဘွားအုပ်ချုပ်ရေးစနစ်သည် လက်တွေ့သဘောနှင့် မဟပ်စပ်သောကြောင့် လူထုက ထိုစော်ဘွားအုပ်ချုပ်ရေးစနစ်ကို ပယ်ဖျက်စေလိုသည်။ စော်ဘွားများကလည်း ပြည်သူလူထုနှင့် လက်တွဲပြီး ရှမ်းပြည်အကျိုး၊ ပြည်ထောင်စုအကျိုးတို့ကို ဆောင်ရွက်ရန်လိုလားကြသဖြင့် အာဏာစွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ရှမ်းပြည်နယ်ရှိ စော်ဘွား(၃၃ )ဦးတို့သည် မိမိတို့၏ အုပ်ချုပ်မှုနှင့် စီမံပိုင်ခွင့် အာဏာများကို စွန့်လွှတ်ရန် (၁၉၅၉)ခုနှစ် ဧပြီလ(၂၇)ရက်နေ့တွင် သဘောတူစာချုပ် ချုပ်ကြသည်။ ထိုစာချုပ်ကို ရှမ်းပြည်နယ်အစိုးရလက်သို့ လွှဲပြောင်းပေးခဲ့သည်။

ထိုသဘောတူစာချုပ်ကို တော်လှန်ရေးအစိုးရလက်ထက် (၁၉၅၉)ခု ဧပြီလ(၂၇)ရက်နေ့မှ စတင်အာဏာတည်ကြောင်း တရားရေးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည်။ ထိုအချိန်မှစ၍ ရှမ်းပြည်နယ်တွင် ပဒေသရာဇ်စနစ်သည် ချုပ်ငြိမ်းသွားခဲ့သည်။

စော်ဘွားများ အာဏာစွန့်ပြီးနောက် ရှမ်းပြည်နယ်တွင် အုပ်ချုပ်ရေးစနစ်များကို မြန်မာပြည်မကဲ့သို့ မြို့ပိုင်၊ တိုက်သူကြီး၊ ရွာသူကြီး၊ ဆယ်အိမ်မှူးတို့ဖြင့် အုပ်ချုပ်ခဲ့သည်။ ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင်လည်း မြို့နယ်စုံ အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့နှင့် ရပ်ကွက်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဟူ၍ ဖွဲ့စည်းအုပ်ချုပ်လျှက် ရှိသည်။ ထိုအဖွဲ့အစည်း အဆင့်ဆင့်တို့သည်လည်း မိမိတို့၏ လုပ်ငန်း တာဝန်များကို တရားဥပဒေနှင့်အညီ တပြေးညီတိတိကျကျ မြန်မြန်ဆန်ဆန် ဆောင်ရွက် ပေးလျှက် ရှိနေပါသည်။

## (ခ) တရားစီရင်ရေး

ပအိုဝ်းတိုင်းရင်းသားတို့သည် အေးချမ်းစွာ အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ကြ၍ အမှုအခင်းဟူ၍ ကြီးကျယ်စွာ ပြုလုပ်လေ့ မရှိပေ။ အများအားဖြင့် အမှုကိစ္စများဖြစ်ပေါ်လာလျှင် ရပ်ရွာသူကြီး၊ ရွာအကြီးအကဲ၏ အဆုံးအဖြတ်ဖြင့်သာ ဆုံးဖြတ်ကြသည်။ ရွာသူကြီးများ စေ့စပ်ပေးရုံမျှနှင့် ပြေလည်သွားတတ်ကြသည်။ ပအိုဝ်းဒေသတွင် ဖြစ်ပွားလေ့ရှိသော လူမှုထုံးတမ်းစော်ကားမှု၊ ဖောက်ဖျက်မှုများတွင် ရွာသူကြီးများသည် အပြစ်ပေးရန်ထက် ပြုပြင်ရန်သာ အားသန်ကြသည်။

စီမံခန့်ခွဲအုပ်ချုပ်နိုင်သူ၊ သမာသမတ်ရှိ၍ နာယကဂုဏ်(၆)ပါးနှင့် ပြည့်စုံသူကို ရွာသူကြီးအဖြစ် ရပ်ရွာလူထုက ရွေးချယ်တင်မြှောက်ကြသည်။ ရွာသူကြီး (ဗြာဖျားတုံ)သည် သားစဉ်မြေးဆက် ဆက်ခံခွင့် မရှိပေ။ ရပ်ရွာကသဘောကျလျှင် ကျသလိုတင်မြှောက်ပြီး သဘောမကျလျှင် ပြန်ဖြုတ်ချခွင့် ရှိသည်။

ရပ်ရွာလူကြီးက အမှုကို တရားစီရင်ရာတွင် ကြီး**သော**အမှုကို ငယ်စေ၊ ငယ်သောအမှုကို ပပျောက်စေဟူသောနည်းဖြင့် ရပ်ရွာထဲတွင် ပြီးစီးပပျောက်အောင် ဖြေရှင်းပေးတတ်ကြသည်။ အမှုကိစ္စအများစုသည် ရပ်ရွာလူကြီးများ စေ့စပ်ပေးရုံနှင့် ပြေလည်သွားတတ်သည်။ မပြေလည်သော အမှုအချို့လောက်သာ အထက်အာဏာပိုင်များသို့ အဆင့်ဆင့်လွှဲပြောင်းပေးပို့ရသည်။ တရားမမှုဖြစ်သော အမွေမှု၊ လင်ကွာမယားကွာမှု စသည်တို့ကိုလည်း အလားတူ ရွာသူကြီးတို့က ဆုံးဖြတ်ပေးကြသည်။ ရပ်ရွာတွင် ဆိုးသွမ်းနေသူ၊ ပြစ်မှုဒုစရိုက်ကျူးလွန်သူတို့အား ရပ်ရွာလူကြီးက ခေါ်ယူဆုံးမကြသည်။ ဆုံးမသြဝါဒစကားကို မလိုက်နာသူတို့အား ရွာနှင်ဒဏ်ပေးသည်။ ထိုသူတို့ ဝန်ချတောင်းပန်ပြီး ဆုံးမစကားကို လိုက်နာပါမည်ဟု ဂတိပေးမှသာ ရွာတွင် ပြန်လည်နေခွင့်ပေးသည်။

ပအိုဝ်းတိုင်းရင်းသားတို့တွင် လောင်းကစားမှုနှင့် အရက်သေစာ သောက်စားမူးယစ်မှုမှ ဖြစ်ပွားသော ရာဇဝတ်ပြစ်မှုများသာ များသည်။ မြေယာကို အဓိကတန်ဘိုးထား လုပ်ကိုင်စားသောက်ကြသဖြင့် မြေယာလုမှုများ ဖြစ်ပေါ်တတ်သည်။ သို့သော် အလွန်နည်းသည်။ အမွေလုမှု၊ လင်ကွာမယားကွာမှု၊ အမျိုးသမီးနှင့်ပတ်သက်သော အမှုအခင်းများ လွန်စွာနည်းပါးသည်။ အများဆုံးဖြစ်တတ်သော အမှုများမှာ ခြံကျူးကျော်မှု၊ အရက်မူးယစ်သောက်စားမှု၊ ဆဲဆိုမှု၊ ရိုက်မှုနှင့် ကျွဲ၊ နွားခိုးမှုများသာ ဖြစ်သည်။

တခါတလေ တစ်စုံတစ်ယောက်က အမှတ်မထင် ပြစ်မှုကျူးလွန်ခဲ့လျှင် ကျူးလွန်

သည့်အခြေအနေကို ချင့်ချိန်တွက်ဆကာ ရွာသူကြီးက လျော်ကြေးပေးခြင်းဖြင့် ကြေအေးစေသည်။ ပထမဆုံးအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက လျော်ကြေးပေးစေပြီး ပညာပေး ဆုံးမစကား ပြောကြားခြင်း ပြုပေသည်။ ထိုလျော်ကြေးကို ကျူးလွန်သူကိုယ်တိုင်က ပေးနိုင်စွမ်းမရှိခဲ့လျှင် ကျူးလွန်သူ၏ ဆွေမျိုးများက ပေးရန်တာဝန်ရှိလေသည်။ အခြားရွာနှင့်အမှုဖြစ်ပွားပြီး လျော်ကြေးကို ကျူးလွန်သူကိုယ်တိုင်က မပေးနိုင်သည့်အပြင် ဆွေမျိုးများကပါ မပေးလျော်နိုင်ပါက ကျူးလွန်သူနေထိုင်သော ကျေးရွာက ပေးလျော်ပေးရသည်။ ပထမဆုံးအကြိမ် ကျူးလွန်မှုအတွက် ဆွေမျိုးနှင့်ကျေးရွာနေလူများက ကျူးလွန်သူအား နောင်တွင် ထိုအပြစ်မှုမျိုး နောက်ထပ် မကျူးလွန်တော့ပါကြောင်း ဝန်ခံစေ၍ ပေးလျော်ပေးလေ့ ရှိကြသည်။

ခိုးမှုများကို တရားစီရင်ရာတွင် ပြစ်မှုကျူးလွန်သူ ကဝန်ခံလျှင် ၎င်းခိုးယူထားသော ဥစ္စာ ပစ္စည်း၊ ကျွဲ၊ နွားတို့ကို ပစ္စည်းရှင်အား ပြန်လည်ပေးဆပ်စေသည်။ ခိုးယူထားသော ပစ္စည်းကို ပြန်လည်မပေးနိုင်ပါက ထိုပစ္စည်းနှင့် တန်ဘိုးတူသော လျော်ကြေးကို ပေးစေသည်။ ထိုခိုးမှု ကျူးလွန်သူ သည် ပထမဦးဆုံးအကြိမ် ကျူးလွန်မိခြင်းဖြစ်လျှင် ပညာပေး ပြောဆိုဆုံးမသည်။

ပြစ်မှုသုံးလေးကြိမ်ကျူးလွန်သူတို့အား အများဆုံးအပြစ်ပေးရာတွင် လုပ်အားပေး ရသော အပြစ်ဒဏ်ပင် ဖြစ်သည်။ လုပ်အားပေးရသော အပြစ်ဒဏ်ဆိုသည်မှာ ဘုရားသွားလမ်း၊ ရပ်ရွာသွားလမ်းတို့ကို မြက်ရှင်းရခြင်း၊ သဲခင်းရခြင်း၊ ရေကန်သန့်ရှင်းရန် အမှိုက်ဆယ်ရခြင်း စသော အများအကျိုးရှိစေသော အလုပ်များကိုလုပ်ရခြင်းဖြစ်သည်။ ဤအပြစ်ပေးနည်းသည် ပြစ်မှုကျူးလွန် သူအား ပညာပေးရာရောက်ပြီးအများပြည်သူတို့ အကျိုးရှိစေသော နည်းဖြစ်သည်။ လမ်းများကိုသဲခင်းခြင်း၊ မြက်ပေါက်ခြင်းပြုနေစဉ် လမ်းပေါ်ဖြတ်လျှောက်သွားသူတိုင်းက ဤလူသည် ပြစ်မှုကျူးလွန်သူဟူ၍ ပြစ်တင်ရှုတ်ချကြလေသည်။ ပြစ်မှုကျူးလွန်သူသည် အရှက်ရကာ နောင်တ တရားရစေသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် အရှက်ကြီးသူများဖြစ်၍ ဤအပြစ်ဒဏ်ကို ကြောက်ရွံ့ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် အကျင့်စာရိတ္တပျက်ပြားပြီး ပြစ်မှုများကို တစ်ကြိမ်ပြီး တစ်ကြိမ်ဆက်တိုက် ကျူးလွန်နေသူများ၊ အပြစ်တစ်ခုတစ်ရာကို နှစ်ကြိမ်သုံးကြိမ်ဆက်တိုက် ကျူးလွန် နေသူတို့အား အပြစ်ပေးပုံ နောက်ထပ်တစ်မျိုးမှာ 'ယားလမ်းငန်း' ခေါ် အိမ်ခေါင်စတိ ဖျက်ခြင်းဖြစ်သည်။ အိမ်ခေါင်မိုးကို ဖျက်သည်ဆိုသည်မှာ ခေါင်မိုးတစ်ခုလုံး ဖျက်ခြင်းမျိုးမဟုတ်ဘဲ အိမ်၏ တစ်စိတ်တစ်ပိုင်း၊

သက်ကယ်နှစ်ချပ်၊ သုံးချပ်ကို ခွာယူ ဖယ်လှပ် ထားခြင်းပင်ဖြစ်သည်။ မိုးတွင်းကာလအချိန်တွင်မူ အိမ်ခေါင်မိုးက သက်ကယ်ချပ်ကို မခွာယူဘဲ မိုးလွတ်သော အမိုးအကာဘေးမှ သက်ကယ်အချို့သာ ဖယ်လှပ်ထားကြသည်။

ထိုပြစ်ဒဏ်ကို ပအိုဝ်းတိုင်းရင်းသားတိုင်းက ကြောက်ရွံ့ကြသည်။ အိမ်နံဘေးမှ ဖြတ်သွားသူတိုင်းသည် အိမ်ခေါင်မိုး လွတ်နေသည်ကို ကြည့်ပြီး ပြစ်တင်ရှုံ့ချကြသည်။ ဤသည်ကို ပအိုဝ်းတိုင်းရင်းသားတို့ကကြောက်ရွံ့ကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ပင်ကိုယ်က ယဉ်ကျေး သိမ်မွေ့ပြီး အရှက်ကြီးသော တိုင်းရင်းသားများ ဖြစ်သည့်အတွက် အပြစ်ဒဏ်ခံရသည့်အပြင် ပတ်ဝန်း ကျင်က ရှုတ်ချကြမည်ကို ရှက်ကြောက်ကြသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့သည် အပြစ်ပေး မခံရအောင် ၊ အမှားအယွင်းမရှိအောင်၊ ပြစ်မှုမကျူးလွန်မိအောင်နေထိုင်ကြသည်။

တခါတလေ ပအိုဝ်းတိုင်းရင်းသားတို့သည် အိမ်ခေါင်စတိဖျက်ခြင်းထက် ပိုမိုထိ ရောက်သော 'ဝိုင်းပယ်ခြင်း(သို့မဟုတ်)အကြဉ်ခံရခြင်း' ဆိုသော အပြစ်ပေးခြင်းကိုလည်း ကျင့်သုံး ကြသည်။

ထိုသို့ ဝိုင်းပယ်ခြင်း၊ အကြဉ်ခံရခြင်းဆိုသော အပြစ်ဒဏ်မှာ တစ်ရွာလုံးရှိ ရွာသူ ရွာသား၊ လူအများစုက ပြစ်မှုကျူးလွန်သူအား စကားမပြောဘဲနေခြင်း၊ အပြစ်ကျူးလွန်သူ၏အိမ်သို့ မသွားခြင်း၊ အပြစ်ကျူးလွန်သူတို့ကလည်း မိမိတို့၏အိမ်အတွင်းသို့ လူအဝင်အထွက် လက်မခံရခြင်း၊ သာရေး နာရေး၊ ဘာသာရေးပွဲလမ်းသဘင်တို့တွင် အပြစ်ကျူးလွန်သူအား လူရာသွင်း၍ ဖိတ်ကြားခြင်းမပြုဘဲ ချန်လှပ်ထားခြင်းတို့ဖြစ်ပြီး အပြစ်ကျူးလွန်သူကို သီးသန့်နေစေသည်။ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့ တိုင်းရင်းသားအချင်းချင်း၊ အိမ်နီးနားချင်း၊ ရွာသူရွာသားအချင်းချင်း၊ အမြဲအတူတကွ ချစ်ချစ်ခင်ခင်၊ စည်းလုံးညီညွတ်စွာနေတတ်သော တိုင်းရင်းသား ဖြစ်သည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူကို ဝိုင်းကြဉ် ထားခြင်းဖြင့် အပြစ်ပေးခံရသူသည် မနေတတ် မထိုင်တတ်ဖြစ်ကာ အလွန် စိတ်ဆင်းရဲ ဒုက္ခရောက် ရသည်။

အပြစ်ပေးခံရသူသည် တဖြေးဖြေးစိတ်ထိခိုက်လာသည်။ မိမိပြုလုပ်မိသော အမှု အတွက် နောင်တရလာသည်။ ထိုသို့သော အမှားကို ထပ်မံကျူးလွန်မိမည်ကို စိုးရိမ်ပြီး မိမိကိုယ်ကို ထိန်းသိမ်းကာ နေတတ်လာသည်။ မှားမိသော အမှားအတွက် ရပ်ရွာလူကြီးထံ ဝန်ချတောင်းပန်ကာ လမ်းမှန်ရောက်လာရန် လူကြီးများက ဖေးမကူညီကြသည်။ ထိုသို့ အပြစ်ဒဏ်ပေးသော်လည်း

အပြစ်ကျူးလွန်သူသည် ပြုပြင်ပြောင်းလဲခြင်း မရှိဘဲ ဆက်ကာဆက်ကာ ထပ်မံ၍ ကျူးလွန်နေပါက ထိုသူအား ရှာနှင်ဒဏ်ပေးလေ့ရှိကြသည်။ သို့သော် ပအိုဝ်းတိုင်းရင်းသားတို့သည် ရှာနှင်ဒဏ်ခံရသူ အလွန်နည်းသည်။ တစ်ကြိမ်တစ်ခါလောက် အပြစ်ကျူးလွန်မိပြီး အပြစ်ပေးခံရသည်နှင့် ကောင်းမွန်အောင် ပြစ်မှုထပ်မကျူးလွန်မိအောင် နေထိုင်လာကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ အပြစ်ပေးပုံမှာ ပြစ်မှုကျူးလွန်သူများကို မိမိတို့၏ အမှားကို မြင်ပြီး နောင်တရကာ လူကောင်းတစ်ယောက် အဖြစ်သို့ရောက်လာစေရန် ထိထိမိမိပညာပေး၍ ပြုပြင်သောနည်းစနစ်ပင်ဖြစ်သည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ရိုးရာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ပြီး မိမိတို့၏ ဘဝကို အေးအေးချမ်းချမ်း တည်ဆောက်လိုကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံအတိုင်း အပြစ်ပေးနည်းသည်လည်း အပြစ်ကျူးလွန်သူကို နောင်တရစေပြီး လမ်းမှန်ရောက်စေသည်။ ထို့အပြင် ပြစ်မှုမကျူးလွန်သေးသော အခြားသူများကိုလည်း ပြစ်မှုစတင် မကျူးလွန်မိစေရန် ကြိုတင်ဟန့်တားရာ ရောက်သော အပြစ်ပေးနည်း ဖြစ်သည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့နှင့် ရိုးရာအပြစ်ပေးနည်း တို့သည် တရားမျှတပြီး လိုက်လျောညီထွေမှုရှိသောကြောင့် ဆက်လက်ကျင့်သုံးသွားသင့်သော နည်းစနစ်ကောင်းပင် ဖြစ်သည်။

# နိဂုံး

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ ကျောက်တလုံးဒေသအတွင်းရှိ ပအိုဝ်းရွာများအနက် ကောင်ဝိန်ရွာ၊ လိင်တန်းရွာ၊ ထီလုံရွာ၊ နောင်လုံရွာ၊ တပူယွေးရွာနှင့် ဒုံအုံ (ဝါးတော)ရွာနေ ပအိုဝ်းတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို အခန်း(၆)ခန်း ခွဲခြား၍လေ့လာ ခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်လျှက်ရှိကြသော တိုင်းရင်းသားများသည် တိဗက် မြန်မာ၊ မွန် ခမာနှင့် ထိုင်းတရုတ်အနွယ်လူမျိုးကြီးသုံးမျိုးမှ ပေါက်ဖွားဆင်းသက်လာကြပါသည်။ ပအိုဝ်းတိုင်းရင်းသားတို့၏ နောက်ခံသမိုင်းကြောင်းကို လေ့လာကြည့်သော် တိဗက် မြန်မာတွင် ပါဝင် သည်ဟု ယူဆကြသည်။

ကျောက်တလုံးဒေသရှိ ပအိုဝ်းရွာများသည် အများအားဖြင့် ရွာလုံးကျွတ် ပအိုဝ်း တိုင်းရင်းသားများသာ နေထိုင်ကြသည်။ ရွာအနည်းငယ်သာ ပအိုဝ်းတိုင်းရင်းသား (၉၀)ရာခိုင်နှုန်းနှင့် မြန်မာ၊ အင်းသား၊ လီဆူးတိုင်းရင်းသားတို့နေထိုင်ကြကြောင်းတွေ့ရသည်။ ယခင်ကထက် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်လာသော်လည်း ပအိုဝ်းတစ်ရွာနှင့်တစ်ရွာ သွားလာရခက်ခဲနေသေးသည်။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ အိမ်ဆောက်ပုံပြောင်းလဲလာသော်လည်း ရိုးရာအခန်းဖွဲ့သော ပုံစံများကိုမူ ယနေ့တိုင် အသုံးပြုလျှက်ရှိသည်ကို တွေ့နိုင်ပါသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ စိတ်နေသဘောထားမှာ ရိုးသားဖြူစင်၍ ပွင့်လင်းမှုရှိကြ သည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ပြီး ဘာသာရေးအလွန်ကြည်ညိုကိုင်းရှိုင်းကြသည်။အသက်အရွယ်ကြီးသူကို ရိုသေကိုင်းရှိုင်းကာ ထိုသူ၏ဦးဆောင်မှုအောက်တွင် တသွေမတိမ်းလိုက်နာကြသူများ သိမ်မွေ့သူများ ဖြစ်ကြသည်။ ထို့ပြင် ပအိုဝ်းတိုင်းရင်းသားတို့၏ မိသားစုဖွဲ့စည်းပုံကို လေ့လာကြည့်သော် အခြေခံမိသားစု ပုံစံကို တွေ့ရသည်။ ထို့အပြင် မိခင်ဖခင်နှင့်အတူ လက်ထပ်ပြီးသော မိသားစု၊ လက်ထပ်ပြီး သားသမီးမိသားစု၊ လက်မထပ်ရသေးသော သားသမီးများ၊ မြေးများ၊ အဘိုးအဘွားများ၊ စသဖြင့် စုပေါင်း နေထိုင်ကြသော တိုးချဲ့မိသားစု ပုံစံကိုလည်း တွေ့ရသည်။

ဆွေမျိုးတော်စပ်ပုံစနစ်ကို လေ့လာကြည့်သော် ဖခင်ဘက်မှ ဆွေမျိုးများနှင့် မိခင်ဘက်မှ ဆွေမျိုးများကို တန်းတူဆက်ဆံကြသည်။ တစ်ဦးချင်းကိစ္စများတွင်ဖြစ်စေ၊ ဆွေမျိုးတစ်စုလုံးအတွက် ပြုလုပ်ဆောင်ရွက်သော ကိစ္စများတွင်ဖြစ်စေ ဆွေမျိုးများသာမက အိမ်နီးနားချင်းများကပါ လူအင်အားဖြင့်လည်းကောင်း၊ အစားအစာ၊ လက်ဆောင်ပစ္စည်းများဖြင့်လည်းကောင်း အပေးအယူ အပြန်အလှန် ကူညီကြပြီး စည်းလုံးညီညွတ်မှုရှိကြောင်း လေ့လာသိရှိရပါသည်။

အမွေဆက်ခံခြင်းနှင့်ပတ်သက်၍ ယောကျ်ားလေး၊ မိန်းကလေးဟူ၍ ခွဲခြားမှုမရှိသော်လည်း မိဘများနှင့် အတူတူနေသူ သားထွေးသမီးထွေးတို့က ပိုမို အမွေခံစားခွင့် ရှိကြသည်။ မွေးစားသားသမီးတို့သည်လည်း ပစ္စည်းအမွေဆက်ခံနိုင်ကြောင်း လေ့လာသိရှိရပါသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ အပျို လူပျိုဘဝသည် လွတ်လပ်မှုရှိကြသော်လည်း တစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့ကြသည်။ အရှက်အကြောက်ကြီးပြီး ဣန္ဒြေရှိစွာ နေထိုင်ကြသည်ကို တွေ့ရသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် အေးချမ်းရိုးသားသော တိုင်းရင်းသားများ ဖြစ်၍ ပတ်ဝန်းကျင်က ကဲ့ရဲ့ပစ်တင်မည်ကို ကြောက်ကာ သွားလာမှု၊ တစ်ဦးနှင့်တစ်ဦး ဆက်ဆံမှုတို့တွင် စောင့်ထိန်းကြကြောင်းတွေ့ရသည်။ လူကြီးမိဘတို့၏ လမ်းညွှန်မှုအောက်မှ နေပြီး မိမိတို့၏ ဘဝကြင်ဖော်ကို ရွေးချယ်တတ်ကြကြောင်း တွေ့ရသည်။

လက်ထပ်ထိမ်းမြားခြင်းတွင် ပအိုဝ်းတိုင်းရင်းသားတို့သည် လိင်ကွဲမောင်နှမမွေး ဝမ်းကွဲမောင်နှမများ လက်ထပ်နိုင်ပြီး လိင်တူမောင်နှမမွေး ဝမ်းကွဲမောင်နှမများ လက်ထပ်ခွင့် မရှိပေ။ ဖအေတူ မအေကွဲ မောင်နှမများ၊ အမေတူဖအေကွဲ မောင်နှမများ လက်ထပ်ခွင့် မရှိပေ။ လိင်ကွဲမောင်နှမမွေး ဝမ်းကွဲမောင်နှမများ လက်ထပ်ခြင်းဟူသော ဓလေ့ထုံးစံတွင် အချို့ပအိုဝ်းတိုင်းရင်းသားတို့သည် အစ်ကို၏သားနှင့် ညီမ၏သမီး၊ အစ်မ၏သမီးနှင့် မောင်၏သားတို့ကို အိမ်ထောင်ပြုခွင့်မပေးဘဲ အစ်ကို၏သမီးနှင့် နှမ၏သား၊ အစ်မ၏သားနှင့် မောင်၏သမီးတို့ကို အိမ်ထောင်ဖက်ပြုခွင့်ပေးကြ၏။ ပအိုဝ်းတိုင်းရင်းသားတို့သည် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးလျှက်ရှိကြသဖြင့် အိမ်ထောင်ရေးဖောက်ပြန်မှုများ လျော့နည်းကာ မိသားစုဘဝ ချမ်းမြေ့ကြသည်။

မီးဖွားခြင်းတွင် ဆောင်ရန်နှင့်ရှောင်ရန်များကို ရှေးအခါမှစ၍ ယခုအချိန်ထိ ကျင့်သုံးနေဆဲဖြစ်ကြောင်း တွေ့ရပါသည်။ အရပ်လက်သည်ဖြင့် မွေးဖွားသည်ကိုလည်း တွေ့နေရဆဲပင်ဖြစ်ပါသည်။ တိုက်နယ်ဆေးရုံတည်ဆောက်ပြီး ဖြစ်သဖြင့် ဆေးရုံတွင် လာရောက်မွေးဖွားကြသည်ကိုလည်း တွေ့ရသည်။ နာမကျန်းဖြစ်သောအခါ ဆေးရုံတွင်လာရောက်ကုသသလို ဗေဒင်မေးကာ ယကြာချေတတ်ကြောင်းလည်း သိရသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ စီးပွားရေးကိုလေ့လာကြည့်သော် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက စီးပွားဖြစ်လုပ်ကိုင်ကြသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် လက်ကူလက်စားလိုက်စနစ်ဖြင့် ဝိုင်းဝန်းကူညီလုပ်ကိုင်ကြသည်ကို တွေ့ရသည့်အပြင် အခစားဖြင့်လုပ်အားကူညီလုပ်ကိုင်ကြသည်ကို တွေ့ရသည်။ ရှေးအခါက ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့၏ရိုးရာဂျပ်ခုတ်ထည်ဖြင့် ဝတ်ဆင်ရာမှ ယခုအခါ ယက်ပြီးသား အထည်များကိုသာ ဝတ်ဆင်လာကြသဖြင့် ရိုးရာဂျပ်ခုတ်လုပ်ငန်း မှေးမှိန်သွားသည်ကို တွေ့ရသည်။ ကျောက်တလုံးရှိ ပအိုဝ်းတိုင်းရင်းသားတို့၏ စီးပွားရေးသည် တန်းမြင့်စိုက်ပျိုးရေးပေါ်[၁] မူတည်သော တန်းမြင့်ကုန်ထုတ်လုပ်သော စီးပွားရေးစနစ်[၂] ကျင့်သုံးနေသည်ကို တွေ့ရသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ ဘာသာရေးကို လေ့လာကြည့်သော် ဗုဒ္ဓဘာသာကို ရာခိုင်နှုန်းပြည့်ကိုးကွယ်ကြပြီး ဘာသာရေးအလွန်ကိုင်းရှိုင်းသော တိုင်းရင်းသားများဖြစ်ကြောင်း တွေ့ရသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ရိုးရာဓလေ့နှင့်စာပေကို ဆက်လက်ထိန်းသိမ်းထားသည့်အပြင် ပြန့်ပွားအောင် ပအိုဝ်းစာပေများကို သင်ကြားပေးနေသည်ကို တွေ့ရသဖြင့် မိမိတို့၏တိုင်းရင်းသားကို ချစ်ခင်မြတ်နိုးကြောင်း၊ မိမိတို့တိုင်းရင်းသား၏ ယဉ်ကျေးမှုကို ထိန်းသိမ်းကြောင်း သက်သေခံနေပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ် ကျောက်တလုံးဒေသရှိ ပအိုဝ်းတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို သုံးသပ်တင်ပြရမည်ဆိုပါက ပအိုဝ်းတိုင်းရင်းသားတို့၏ ရှေးရိုးရာဓလေ့ထုံးစံမပျက်စီးစေဘဲ ထိုဓလေ့ထုံးစံများကို ခေတ်နှင့်အညီလိုက်လျောညီထွေဖြစ်အောင်ကျင့်သုံးနေသည်ကို တွေ့ရသည်။ နိမ့်ကျသော လူမှုစီးပွားရေးဘဝမှ တိုးတက်သော လူမှုစီးပွားရေးဘဝသို့ ဦးတည်နေသည်ကို တွေ့ရသည်။ ထိုသို့ဦးတည်ရာတွင် ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်စေဘဲ ပိုမိုတိုးတက်ခေတ်မီစေသဖြင့် ပအိုဝ်းတိုင်းရင်းသားတို့သည် မိမိတို့၏ တိုင်းရင်းသားများကို မိမိတို့လွန်စွာ ချစ်မြတ်နိုးသော တိုင်းရင်းသားများဖြစ်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

---

၁။ Advanced Agriculture

၂။ Advanced Food Producing Economic System

# ကျမ်းကိုးစာရင်း


| | | | |
|---|---|---|---|
| ၁။ | အေးမြင့် (မ) | တောင်ကြီးခရိုင်မှပအိုဝ်းအမျိုးသမီးတို့၏ ဘဝအခြေမှန်စာတမ်း | ၁၉၆၉-ခုနှစ် ဇူလိုင်လ၃ရက် |
| ၂။ | ခွန်နွယ်၊ မောင်(အင်းလေး) | ပအိုဝ်း | ၁၉၉၂-ခနှစ် |
| ၃။ | ကြော့မွန်ခိုင်၊ မ | ဇရပ်ကြီးဒေသပအိုဝ်းတိုင်းရင်းသားတို့၏ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဓလေ့ထုံးစံများ | ၁၉၈၇-ခုနှစ် |
| ၄။ | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ | ရှမ်း | ၁၉၆၈-ခုနှစ် ဇန္နဝါရီလ ပထမအကြိမ် |
| ၅။ | မောင်သောင်း၊ ခွန် | ရှမ်းပြည်တောင်ပိုင်း ပအိုဝ်းတိုင်းရင်းသားများ၏ လူမှုပထဝီဝင်စာတမ်း | ၁၉၇၃-၇၄ခုနှစ် |
| ၆။ | မင်းနိုင်၊ ဦး ပြည်ထောင်စုယဉ်ကျေးမှုဌာန | ဒို့သွေး-ဒို့သား တိုင်းရင်းဘွား | |
| ၇။ | ဖေမောင်တင်၊ ဦး | ဘာသာလောကကျမ်း | ၁၉၆၄-ခု |
| ၈။ | မင်းနိုင်၊ ဦး | ပြည်ထောင်စုအကပဒေသာ | ၁၉၅၉-ခု ဇန္နဝါရီလ |
| ၉။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် | ပအိုဝ်းအမျိုးသားတို့၏ဂုဏ်အင်္ဂါရပ်များ | ၁၉၉၂-ခု စက်တင်ဘာ |
| ၁၀။ | စံထွန်းအောင်၊ ဦး | ပြည်ထောင်စုကျေးလက်ပျော်ရွှင်မှုများ | ၁၉၆၈-ခုနှစ် |
| ၁၁။ | ခွန်နွယ်၊ မောင်(အင်းလေး) | စိမ်းမြညို့ရွက်၊ သနပ်ဖက် | ၁၉၇၆-ခု |
| ၁၂။ | ဝဏ္ဏသောင်း၊ ဦး | ပအိုဝ်းလူမျိုးများခေတ်သမိုင်းစဉ် | |
| ၁၃။ | ရာမ၊ ခွန် | ပအိုဝ်းအမျိုးသား စာပေသမိုင်း | ၁၉၉၁-ခု ဇူလိုင်လ ၁၀ရက် (ပထမပိုင်း) |

## ကျမ်းကိုးစာရင်း


| | | |
|---|---|---|
| ၁၄။ ရာမ၊ ခွန် | သံလွင်မြစ်ကိုဆန်၍ | ၁၉၈၅-ခုနှစ် ဒီဇင်ဘာလ ၁၄ရက် |
| ၁၅။ ပအိုဝ်းသမိုင်းသုတေသန | ပအိုဝ်းလူမျိုးတို့၏နောက်ခံသမိုင်း | |
| ၁၆။ ပ. အ. မ. ဖ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ | ညီလာခံသို့တင်သွင်းမည့် ဗဟိုအလုပ် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ | ၁၉၈၉-ခု နိုဝင်ဘာလ |
| ၁၇။ ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီ | ပအိုဝ်းယဉ်ကျေးမှုမဂ္ဂဇင်း | ၁၉၇၂-၇၃ခုနှစ် |
| ၁၈။ ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီ | ပအိုဝ်းယဉ်ကျေးမှုမဂ္ဂဇင်း | ၁၉၇၃-၇၄ခုနှစ် |
| ၁၉။ ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီ | ပအိုဝ်းယဉ်ကျေးမှုမဂ္ဂဇင်း | ၁၉၇၇-၇၈ခုနှစ် |
| ၂၀။ ပအိုဝ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီ (တက္ကသိုလ်များ၊ မန္တလေး) | ပအိုဝ်းမဂ္ဂဇင်း | ၁၉၈၅ ခုနှစ် |
| ၂၁။ ဗညားဗုက်၊ ခွန် နှင့် ဝိဇ္ဇာနွယ်၊ ခွန် | ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ် | ၁၉၉၁-ခုနှစ် |
| ၂၂။ မြင့်လွင်၊ ကမ္ဘောဇ | သိကောင်းဘွယ်ရာရှမ်းပြည်မှာ | |
| ၂၃။ ဘသန်း၊ ဦး | ကျောင်းသုံးမြန်မာရာဇဝင် | |
| ၂၄။ သန်းထွန်း၊ ဒေါက်တာ | ခေတ်ဟောင်း၊ မြန်မာရာဇဝင် | |
| ၂၅။ ခွန်နွယ်၊ မောင် (အင်းလေး) | ပအိုဝ်းသွေးချင်း ညီနောင်ရင်း | |
| ၂၆။ Raymond Firth | Elements of Social Organization | 1956 |
| ၂၇။ Ralph L. Beals, Harry Anthropology | An Introduction to Anthropology | 1966 |
| ၂၈။ Keesing | Cultural Anthropology | 1958 |
| ၂၉။ William Dunn Hackett | A Socialogical and Enthnographic Study of the Pa.O (Taungthw People) | September,1953 |


<u>တွေ့ဆုံဖြေကြားပေးသူများစာရင်း</u>

| | | |
|---|---|---|
| ၁။ | ဦးအောင်ခမ်းထီ | ၆၂နှစ် |
| ၂။ | အရှင်ဂဏ္ဍဓဇ (ဦးစိုးလှခမ်း) | ၆၀နှစ် |
| ၃။ | ဦးကျောင်းအိန် | ၆၄နှစ် |
| ၄။ | ဦးခွန်ဝိဇ္ဇာ | ၆၂နှစ် |
| ၅။ | ဦးခဲ (ကျောက်တလုံး) | ၇၄နှစ် |
| ၆။ | ဦးခွန်ထွန်းလှိုင် (တောင်ကြီး) | ၇၀နှစ် |
| ၇။ | ဦးကျောင်းစိန် (ကျောက်တလုံး) | ၆၆နှစ် |
| ၈။ | မိုးပေါင်လမ်းပျို (ကျောက်တလုံး) | ၆၆နှစ် |
| ၉။ | ဦးကျောင်းမောင် | ၆၄နှစ် |
| ၁၀။ | မိုးတွမ် | ၆၃နှစ် |
| ၁၁။ | ဦးချစ် | ၆၂နှစ် |
| ၁၂။ | ဦးခွန်ဝင်းလှိုင် | ၆၀နှစ် |
| ၁၃။ | ဦးခွန်သန်းမောင် | ၆၀နှစ် |
| ၁၄။ | ဦးဖို | ၅၈နှစ် |
| ၁၅။ | ဒေါ်နန်းဒိုး | ၅၈နှစ် |
| ၁၆။ | ဦးခွန်ဟိတ် | ၅၈နှစ် |
| ၁၇။ | ဦးသိန်း | ၅၈နှစ် |
| ၁၈။ | ဦးဂုဏ္ဏဟိန်း | ၅၇နှစ် |
| ၁၉။ | ဒေါ်နန်းဗို | ၅၄နှစ် |
| ၂၀။ | ဒေါ်မိုးမူ | ၅၂နှစ် |
| ၂၁။ | ဦးလွန်းမောင် | ၅၀နှစ် |
| ၂၂။ | ဦးမောင်ငွေ (နောင်ခဲ၊ မော်ဆရာ) | ၄၉နှစ် |
| ၂၃။ | ဦးခွန်စိန်ဝင်း (မောင်ခွန်နွယ်၊ အင်းလေး) | ၄၉နှစ် |
| ၂၄။ | ဦးခွန်ရာမ | ၄၉နှစ် |
| ၂၅။ | ဦးညွှန့်မောင် | ၄၇နှစ် |

## တွေ့ဆုံဖြေကြားပေးသူများစာရင်း

| | | |
|---|---|---|
| ၂၆။ | ဦးအိန္ဒာ | ၄၅နှစ် |
| ၂၇။ | ဦးမောင်စီ (နောင်ခဲ) | ၄၂နှစ် |
| ၂၈။ | ဦးသော | ၄၂နှစ် |
| ၂၉။ | ဒေါ်မိုးအောင် | ၄၂နှစ် |
| ၃၀။ | ဦးမောင်ယုံ (နောင်ခဲ) | ၃၈နှစ် |
| ၃၁။ | ဦးခွန်ငွေတိုး | ၃၈နှစ် |
| ၃၂။ | ဦးမောင် | ၃၇နှစ် |
| ၃၃။ | ဒေါ်နန်းတွမ် | ၃၇နှစ် |
| ၃၄။ | နန်းခမ်းဗွာ | ၃၆နှစ် |
| ၃၅။ | ဦးအေးဖေ | ၃၅နှစ် |
| ၃၆။ | ဒေါ်နန်းတုတ် | ၃၂နှစ် |
| ၃၇။ | မောင်ခွန်ညွန့် | ၃၁နှစ် |
| ၃၈။ | ဦးခွန်ကျော်ဝင်း | ၃၀နှစ် |
| ၃၉။ | ဦးခွန်အောင်ဝင်း | ၂၉နှစ် |
| ၄၀။ | ဦးခွန်မင်းကျော် | ၂၉နှစ် |
| ၄၁။ | နန်းအောင် | ၂၈နှစ် |
| ၄၂။ | နန်းစုတ် | ၂၄နှစ် |
| ၄၃။ | မောင်ရွှေစိုး | ၂၁နှစ် |
| ၄၄။ | မောင်ကျော် | ၁၈နှစ် |




တောင်ကြီးမြို့နယ်
စကေး တလက္မ = ၂မိုင်
တောင်ကြီး
ဖာမွန်း
ထီပေါင်း
နန်းစီး
ဟိုပုံးမြို့နယ်
နောင်ကား
အသုံးတော်
နောင်ပစ်
နားဟိုး
နောင်ခွဲ
ညောင်ရွှေမြို့နယ်
ဆီဆိုင်မြို့နယ်
ကျောက်တလုံး
ကက္ကူ
ညွှန်ပြချက်
မြို့နယ်အခြား
အုပ်စုအခြား
ကားလမ်း
ရထားလမ်း
ချောင်းမြောင်း
ကျေးရွာ